# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့။ Sunday, 1 August 2021 ၁၀၄၅၂


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနိုပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနိုပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

လောကဝင်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၆)လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇူလိုင် ၃၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၆)လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်းအား ဩဂုတ် ၁ ရက် နံနက် ၉ နာရီတွင် MRTV၊ NRC၊ MITV၊ MWD HD၊ MWD Variety၊ MWD Documentry၊ Up to Date၊ One News၊ Channel-9၊ MNTV၊ Channel-7 ရုပ်သံလိုင်းများနှင့် မြန်မာ့အသံရေဒီယိုနှင့် FM အားလုံးတို့တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့်
ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်
(၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်)
(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

၁။ တပ်မတော်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဘက်ပေါင်းစုံမှ တိုးတက်ကောင်းမွန်လာစေရန် အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိပါသည်။ ထို့အပြင် နိုင်ငံတော်အတွက် ထာဝရငြိမ်းချမ်းရေးအောင်မြင်ပြီးဆုံးသည်အထိ ဆောင်ရွက်ရန်မှာ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်နိုင်ရေးတို့အတွက် တပ်မတော်အနေဖြင့် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ရပ်ဆိုင်းပေးလျက်ရှိသည်။

၂။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ထာဝရငြိမ်းချမ်းရေး အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆွေးနွေးနိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ချောမွေ့အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် လက်ရှိအချိန်တွင် မြန်မာနိုင်ငံအတွင်း မျိုးရိုးဗီဇပြောင်းလဲလာသော ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများပြားလာသဖြင့် ကူးစက်ခံရသူအရေအတွက်မှာ မြင့်တက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို အချိန်မီထိန်းချုပ် ကာကွယ်တားဆီးနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ကုသနိုင်ရေးအတွက် ကုလသမဂ္ဂ အပါအဝင်

စာမျက်နှာ ၃ ကော်လံ ၁ သို့

ကြေးမုံ ယနေ့ ဖတ်စရာ


**မြန်မာပြည်ရဲ့ နိုင်ငံရေး မိုးသက်လေပြင်းများ**

စာမျက်နှာ » ၆

**အကြမ်းဖက်သမားဟူသည် ကာလဒေသမရွေးပါ**

စာမျက်နှာ » ၁၀

**ကြမ္မာမှန်တိုင်းရောဂါလှိုင်းကြားက မိမိကိုယ်မိမိ ကာကွယ်ခြင်းသည်သာ အရေးကြီးဆုံးဖြစ်ပါသည်**

စာမျက်နှာ » ၁၆


## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ



နေပြည်တော် ဇူလိုင် ၃၁

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား အကျဉ်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

စစ်တွေမြို့၌ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

ဓာတ်ပုံ-တင်ထွန်း(ပြန်/ဆက်)

ကြေးမုံ

# ပြည်တွင်းရေးစွက်ဖက်မှုမှန်သမျှလက်မခံ

နေအိမ်တစ်အိမ်၏ အိမ်တွင်းရေးပြဿနာကို ထိုအိမ်တွင်းမိသားစုများကသာ ဖြေရှင်းရနိုင်မည်ဖြစ်သည်။ မိသားစုဟူသည် တစ်အိမ်တည်းအတူနေသူများဖြစ်၍ ကောင်းမွေဆိုးမွေတို့ကို အတူမျှဝေခံစားဖြေရှင်းကြရသည်။ အိမ်နီးချင်းကောင်း၊ မိတ်ကောင်း၊ ဆွေကောင်းများအနေဖြင့် ထိုအိမ်တွင်းရေးပြဿနာအခက်အခဲများနှင့်ပတ်သက်၍ ဖြစ်နိုင်သည်တို့ကိုသာ ပါဝင်ကူညီပေးကြသည်။ များသောအားဖြင့် သူတစ်ပါးအိမ်တွင်းရေးကို ပါဝင်စွက်ဖက်ခြင်းမရှိကြချေ။ သူတစ်ပါးအိမ်တွင်းရေးတွင် ပါဝင်စွက်ဖက်ကြသူတို့သည် ထိုအိမ်ထောင်စုကြီး ပြိုကွဲပျက်စီးစေရန် မရိုးမဖြောင့်သောသဘောဖြင့် လုပ်ကိုင်ခြင်းသာဖြစ်သည်။

မြန်မာနိုင်ငံ၏သမိုင်းဖြစ်စဉ်ကို ပြန်လည်စေ့ငုကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံအား နယ်ချဲ့ကျူးကျော်ခဲ့ကြသူတို့နှင့် အပေါင်းပါတို့ကသာ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ လွတ်လပ်ရေးမရမီက အဖြစ်အပျက်များ၊ လွတ်လပ်ရေးရပြီး အဖြစ်အပျက်များတွင် အဆိုပါနိုင်ငံကြီးများကသာ ဝင်ရောက်စွက်ဖက်နေကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ပြည်ထောင်စုကြီးတစ်ခုလုံးအား လွတ်လပ်ရေးမပေးရရေး၊ မတတ်သာ၍ လွတ်လပ်ရေးပေးရသော်လည်း တိုင်းရင်းသားပြည်သူအချင်းချင်း သွေးကွဲနေထိုင်ခြင်းကို ဖန်တီးပေးခဲ့သည်။ ထို့နောက်တွင်လည်း မြန်မာနိုင်ငံ၏ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းဖြင့် စည်းလုံးမှုပျက်ပြားအောင် ပြည်တွင်းပုဆိန်ရိုးများနှင့် တစိုက်မတ်မတ်လုပ်ကိုင်နေကြသည်။

မျက်မှောက်ကာလ မြန်မာ့နိုင်ငံရေးအပြောင်းအလဲတွင် ၎င်းတို့လိုရာပုံသွင်းဖန်တီးနိုင်ရေးအတွက် ပြည်တွင်းပုဆိန်ရိုးများကို အသုံးချ၍လည်းကောင်း၊ ပြောင်ပြောင်တင်းတင်းစွက်ဖက်၍လည်းကောင်း အမျိုးမျိုးအဖုံဖုံ ကြံစည်လုပ်ကိုင်နေကြသည်။ ဇူလိုင် ၂၉ ရက်က နယူးယောက်မြို့တွင် ပြုလုပ်ခဲ့သည့် ဗြိတိန်နိုင်ငံက ကမကထပြုလုပ်သော မြန်မာနိုင်ငံဆိုင်ရာ အလွတ်သဘောအစည်းအဝေးတွင် မတူကွဲပြားသောအသိုက်အဝန်းများ ပါဝင်ရမည့်အစား ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်၍ လုပ်ကြံဖန်တီးထားသည့် တစ်ဖက်သတ်လိုရာဆွဲပြောကြားသော သတင်းအချက်အလက်များဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။ မြေပြင်အခြေအနေများကို ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်နိုင်ခြင်းမရှိသူများအား ပါဝင်ရှင်းလင်းတင်ပြစေခြင်းဖြင့် နိုင်ငံတကာအသိုက်အဝန်းမှ အထင်အမြင်လွဲမှားစေရန် စီစဉ်ခဲ့သည်ကို တွေ့ရသည်။

အစည်းအဝေးတွင် ဖိတ်ကြားသူအားလုံးနှင့် တက်ကြွလှုပ်ရှားသူများကိုလည်း အဟန့်အတားမရှိ ပါဝင်ခွင့်ပေးခဲ့သည်။ ပါဝင်တက်ရောက်သူများတွင် ပြည်ပြေး NUG အကြမ်းဖက်အဖွဲ့မှ ကိုယ်စားလှယ်များနှင့် ရာထူးမှ ထုတ်ပယ်ထားခြင်းခံထားရသော နိုင်ငံတော်သစ္စာဖောက်မှုဖြင့် တရားရင်ဆိုင်နေရသူတို့လည်း ပါဝင်သည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါအစည်းအဝေးတွင် ၎င်းတို့၏ပါဝင်တက်ရောက်မှုနှင့် ဆွေးနွေးပြောကြားချက်များကို မည်သို့မျှလက်မခံဘဲ ဇူလိုင် ၃၀ ရက်နေ့က ပြင်းထန်စွာ ကန့်ကွက်ပယ်ချခဲ့သည်။ အမှန်တကယ် လူသားချင်းစာနာထောက်ထားသည်ဆိုလျှင် နိုင်ငံရေးအာဏာထက် ယနေ့ကြုံတွေ့နေရသော ဘေးဒုက္ခအခက်အခဲအမျိုးမျိုးကို ကူညီဆောင်ရွက်ပေးရန်သာရှိသည်။ လူသားများအရေးကို ရှေးရှုမထားဘဲ နိုင်ငံနှင့်ပြည်သူများ ပျက်စီးဒုက္ခရောက်စေနိုင်မည့် ဖိအားပေးမှု၊ တွန်းအားပေးမှု၊ မြှောက်ထိုးပင့်ကော်ပြုလုပ်နေခြင်းများသည် မရိုးမဖြောင့်သော သဘောထားလုပ်ဆောင်ချက်များသာဖြစ်သည်။ ထိုအစည်းအဝေးမတိုင်မီ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူက အလားတူအခြေအမြစ်မရှိသော အချက်အလက်များပါဝင်သည့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးအခြေအနေကို ချောမွေ့စွာပြောင်းလဲနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေစဉ် တစ်ဖက်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်ရန် ယခုနှစ်မကုန်မီ လူဦးရေ၏ အနည်းဆုံး ၅၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရောဂါကူးစက်ပြန့်ပွားမှုကို ထိရောက်လျင်မြန်စွာထိန်းချုပ်နိုင်ရေး၊ ကာကွယ်ရေးနှင့် ကုသရေးတို့အတွက် တပ်မတော်ဘက်က ယမန်နှစ် မေ ၁၀ ရက်မှ ယခုနှစ် ဇူလိုင်ကုန်အထိ အပစ်အခတ်ရပ်စဲပေးထားသည်။ ဇန်နဝါရီ ၂၇ ရက်မှ ဇူလိုင် ၂၁ ရက်အထိ ဝန်ထမ်းများကို ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။ နိုင်ငံတစ်ဝန်း ဦးတည်အုပ်စု ၁၂ စုကို ဦးစားပေးကာ ကာကွယ်ဆေးထိုးမည့်အစီအစဉ်ကို ဆောင်ရွက်လျက်ရှိသည်။ ကပ်ရောဂါတိုက်ဖျက်ရေးအတွက် ပူးပေါင်းပါဝင်လိုသူများကို ဖိတ်ခေါ်တံခါးဖွင့်ပေးထားသည်။ တပ်မတော်က ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ကမ္ဘာ့ကပ်ရောဂါဆိုးကြီးဖြစ်သည့် ကိုဗစ်-၁၉ ရောဂါပိုးကို ထိန်းချုပ်တားဆီးနိုင်ရန် ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာပြည်သူ၊ ပြည်သားများ လက်တွဲတွန်းလှန်နေချိန်တွင် လူသားချင်းစာနာစိတ်မထားဘဲ လူတစ်စုတစ်ဖွဲ့ အာဏာပြန်လည်ရရှိရေးအတွက် မမှန်ကန်သောနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်မှုများ၊ အိမ်တွင်းရေး၊ ပြည်တွင်းရေး မိသားစုအချင်းချင်း စိတ်ဝမ်းကွဲပြားစေရန်နှင့် သံသယများ၊ အမုန်းတရားများ ဖြစ်ပေါ်စေရန် ဖန်တီးမှုများကို မည်သို့မျှလက်မခံ။ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်သည့်လုပ်ရပ်မှန်သမျှကို မြန်မာနိုင်ငံက ပြင်းထန်စွာရှုတ်ချပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မန္တလေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာကေသီသင်ကို အဆင့်မြင့်ပညာဦးစီးဌာန၊ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၃၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဇူလိုင် ၃၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ၁၁၇ ခုမှ Enoxaparin 40 Injection အခု ၅၀၀၊ Enoparin 60 Injection ၂၀၀၀၊ Flow Meter ၁၃၄၀၊ Inhalation Head Set ခုနစ်ခု၊ Meorbac 1 G Injection ၁၀၀၀၊ Oximeter ၂၇၄၇၆ ခု၊ Oxygen Bag ၁၈ ခု၊ Oxygen Concentrator ၇၄၄၈ ခု၊ Oygen Inhalator ၃၂၀၊ Oxygen Mask ၂၅၁၇၊ Oxygen Regulator ၃၂၂၃ ခု၊ Oxygen Tube ၁၀၈၁၀၊ PPE (Level–3) ၅၀၀၀၊ Ramdivir 100 Lyphilized ၃၂၀၀၊ Rencor IV Infusion (Remdesivir 100 mg 20 ml) ၆၃၀၀၊ Remdigen 100 IV Infusion ၅၅၀၀၊ Spare part For Oxygen Cncentrator ၈၆၄၂ ခု၊ Test Kit ၁၅၉၀၀၊ Thermometer ၈၀၊ Vistraim 40000 IU 0.4 ml Injection ၅၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ ကိုဗစ်-၁၉ ကာကွယ် ကုသဆေးနှင့် အခြားဆေးမျိုးစုံ တစ်မျိုး ၇၁၀၀ ကီလိုဂရမ်၊ နယ်စပ် (မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ ၊ ကန်ပိုက်တီး) တွင် ကုမ္ပဏီ ၄၄ ခုမှ Disposable Face Mask ၂၈၀၂၇ ကီလိုဂရမ်၊ Liquid Oxygen ၄ ဒသမ ၈ ကုဗမီတာ၊ ပိုးသတ်ဆေး အလုံး ၂၆၀၀၊ ရော်ဘာလက်အိတ်/ဖိနပ်စွပ်အိတ် အစုံ ၄၀၀၀၊ Liquid Oxygen ၁၉၅၅ တန်၊ Oxygen Face Mask ၆၅၀၊ Flow Meter ၃၀၀၊ Oxygen Cylinder ၄၁၃၈ ခု၊ Oxygen Concentrator ၂၄၂၄ ခု၊ Oximeter ၁၄၅၀၊ Oxygen Plant တစ်ခု၊ PPE Gown ၃၈၈၀၀၊ Liquid Oxygen Storage Tank ခြောက်ခု၊ Regulator ၅၁၆ ခု၊ မျက်နှာကာ ၁၅၀၀၊ လက်သန့်ဂျယ်လ် ၅၀၀၊ အကာကွယ်မျက်မှန် ၂၀၀၊ အလောင်းထုပ်ပိုးအိတ် ၂၀၀၊ လျှပ်စစ်ဆေးဖျန်းပုံး ၁၀ ခု၊ ဗီတာမင်စီ ၅၀၀၊ ခွဲစိတ်ခန်းသုံး Mask ၂၀၃၅၀၊ Lanhua Qingwen Capsule ပုံး ၂၀၊ Disposable CAB ၃၇၁၂ ကီလိုဂရမ်၊ Isolation Gown ၁၄၀၀ ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျလက်ဆေးစို့

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | – | ဦးစိုးစိုးနိုင် | **အငယ်တန်း** | – | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | – | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | – | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **သုတေသန** | – | ဒေါ်ဇင်မာဝင့် |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **စာပြင်** | – | ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **ဘာသာပြန်** | – | ဦးနိုင်လင်းကြည်၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့်** | – | ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **ဒီဇိုင်း** | | |
| **အကြီးတန်း** | – | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | **အီးမေးလ်နှင့် အွန်လိုင်း** | – | ဒေါ်အေးအေးသင်း |
| **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း | | | |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## လူသားတစ်ယောက်အနေနဲ့ ရသင့်ရထိုက်တဲ့ဟာတွေကို ပေးလို့ရအောင် ဆောင်ရွက်ပေး

**လူနာတွေကလည်း အာဟာရရှိဖို့ လိုပါတယ်။ ကိုဗစ်နဲ့ပတ်သက်ပြီး ခံနိုင်ရည်ရှိအောင် အာဟာရရှိအောင် ဆောင်ရွက်ပေးဖို့လိုတယ်။ စားနိုင်တဲ့ လူနာတွေရှိသလို မစားနိုင်တဲ့ လူနာတွေရှိမယ်။ မျက်ခြည်မပြတ်ကြည့်ဖို့ လိုပါတယ်။ ဆင်းရဲချမ်းသာ မဟုတ်ပါဘူး။ ဆင်းရဲလို့ မလုပ်နိုင်ဘူး၊ မကျွေးနိုင်ဘူး၊ မစားနိုင်ဘူးဆိုတာ မဖြစ်ပါစေနဲ့။ အားလုံးကို ကျွန်တော်တို့က လူသားတစ်ယောက်အနေနဲ့ ရသင့်ရထိုက်တဲ့ဟာတွေကို ပေးလို့ရအောင် ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ ပြောလိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
၁၈-၇-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

**✻ ရှေ့ဖုံးမှ**

နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းရှိလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏လုံခြုံရေးနှင့် အုပ်ချုပ်ရေး ယန္တရားများအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ဩဂုတ် ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ထပ်မံတိုးမြှင့်ရပ်ဆိုင်းပေးသွားမည်ဖြစ်သည်။

၃။ တပ်မတော်က စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ ထပ်မံတိုးမြှင့်ရပ်စဲပေးထားသည့်ကာလများအတွင်း သက်ဆိုင်ရာအဖွဲ့အစည်းများ အားလုံးက ညှိနှိုင်းဆွေးနွေးမှုများဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်း ထုတ်ပြန်အပ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

# စေတနာ့ဝန်ထမ်းများ/ပရဟိတအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပွဲများမှ တင်ပြချက်များနှင့်ပတ်သက်၍ နိုင်ငံတော်မှပံ့ပိုးကူညီပေးမည့် အစီအစဉ်များကို သိရှိနိုင်ရေး ထပ်ဆင့်မျှဝေရှင်းလင်းခြင်း အစီအစဉ်ကျင်းပ

**နေပြည်တော် ဇူလိုင် ၃၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ စေတနာ့ဝန်ထမ်းများ/ပရဟိတအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပွဲများမှ တင်ပြချက်များနှင့်ပတ်သက်၍ နိုင်ငံတော်မှ ပံ့ပိုးကူညီပေးမည့်အစီအစဉ်များ သိရှိနိုင်ရေး ထပ်ဆင့်မျှဝေရှင်းလင်းခြင်းအစီအစဉ်ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် Online ဖြင့် ကျင်းပသည်။

**ကျခံသုံးစွဲခွင့်ပြုပေး**

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ချထားရေးဝန်ကြီးဌာန အနေဖြင့် စေတနာ့ဝန်ထမ်းများ၊ ပရဟိတအသင်းများနှင့် တွေ့ဆုံဆွေးနွေး၍ ဆွေးနွေးတင်ပြချက်မှတ်တမ်းများကို ဇူလိုင် ၃၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အရေးပေါ်ကော်မတီ၏ အစည်းအဝေးတွင် အခက်အခဲများ/လိုအပ်ချက်များအား တင်ပြဆွေးနွေးခဲ့ကြောင်း၊ လက်ရှိကာလအထိ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ စေတနာ့ဝန်ထမ်းစုစုပေါင်း ၁၈၀၈၀ အတွက် စားသောက်စရိတ်ငွေကျပ် ၂၂၅၅ ဒသမ ၈၈ သန်းနှင့် ပရဟိတအဖွဲ့အစည်းပေါင်း ၁၆၃၁ ဖွဲ့၏ စက်သုံးဆီလိုအပ်ချက်အတွက် ငွေကျပ် ၁၇၆၄ သန်းကို ကျခံသုံးစွဲခွင့်ပြုပေးခဲ့ကြောင်း၊ ဇူလိုင် ၂၆ ရက်တွင် စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများ အတွက် ၄၀၁၉ ဒသမ ၈၉၅ သန်း ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ယခုတတိယလှိုင်းတွင် ကုသရေးစင်တာများ၊ ကန့်သတ်စောင့်ကြည့်ရေးစင်တာများ၌ ထားရှိသူများကို တစ်ဦးလျှင် စားစရိတ် ၄၅၀၀ ကျပ်နှုန်း ကျွေးမွေးရန် ခွင့်ပြုခဲ့ကြောင်း၊ ဇူလိုင် ၃၀ ရက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အရေးပေါ်ကော်မတီ၏အစည်းအဝေးတွင်လည်း တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီများ အနေဖြင့် ဒေသအလိုက်ဖြည့်ဆည်းမှုပေးရန် ညွှန်ကြားပြီးဖြစ်ကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း စေတနာ့ဝန်ထမ်းသင်တန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူနာတင်ယာဉ်များ စိစစ်ရေးကတ်ပြားများ ထုတ်ပေးရန်ကိစ္စ၊ သွားလာရေးတွင် လုံခြုံရေးစိစစ်ခွင့်ပြုပေးရန်ကိစ္စ၊ စေတနာ့ဝန်ထမ်းကတ်များ ပြုလုပ်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ စေတနာ့ဝန်ထမ်း/ပရဟိတအဖွဲ့များ ဗဟိုကြီးကြပ်ကွပ်ကဲရေးဌာနများ၊ Recovery Center များ၊ ဖွင့်လှစ်ရေးကိစ္စအား တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်ရန်စီစဉ်လျက်ရှိကြောင်း၊ အရေးပေါ်လူနာတင်ယာဉ်များပေါ်တွင် အောက်ဆီဂျင်အိုး တပ်ဆင်ထားရန် လူနာတင်ယာဉ်များကို မြို့နယ်အလိုက် စီစဉ်ထားရန်ညွှန်ကြားပြီးဖြစ်ကြောင်း၊ လိုအပ်ချက်များဖြစ်သော ကျန်းမာရေးသုံးအကာအကွယ်ပစ္စည်းများ၊ သတင်းအချက်အလက်များအား ကွန်ရက်ချိတ်ဆက်ဆောင်ရွက်နိုင်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမှာစကားပြောကြားသည်။

**တင်ပြဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသော နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လူမှုဝန်ထမ်းဦးစီးမှူးများ၊ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက မိမိတို့လုပ်ဆောင်နေသော နယ်ပယ်ကဏ္ဍအသီးသီး၏ နယ်မြေအခြေအနေ အခက်အခဲ၊ လိုအပ်ချက်များ၊ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ဘေးကိုသာမက သဘာဝဘေးများလည်းကြုံတွေ့နေကြရသည့်အချိန်ဖြစ်၍ မိမိတို့တိုင်းပြည်နှင့်လူမျိုးအတွက် အစိုးရနှင့်ပြည်သူ ပူးပေါင်းလက်တွဲပြီး ကိုဗစ်-၁၉ ရောဂါကိုတိုက်ထုတ်ကြရန်လိုအပ်ကြောင်း၊ တက်ရောက်လာသူများက တက်တက်ကြွကြွပါဝင်ဆွေးနွေးပေးကြလို့ တစ်ဦးချင်းစီတိုင်းကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## လားရှိုးမြို့ရှိ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေး ခရိုင်အဆင့်လုပ်ငန်းကော်မတီသို့ အောက်ဆီဂျင်အိုးများ လှူဒါန်း

**နေပြည်တော် ဇူလိုင် ၃၁**

ကွမ်းလုံတံတားသစ် တည်ဆောက်ရေးစီမံကိန်းကို တာဝန်ယူဆောင်ရွက်လျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunan Sunny Road & Bridge Co.,Ltd မှ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနသို့ ပေးအပ်လှူဒါန်းသည့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၅၀ နှင့် Flow Meter ၁၅ ခုကို ဇူလိုင် ၂၇ ရက်တွင် ချင်းရွှေဟော်နယ်စပ်ဂိတ်၌ လက်ခံရရှိခဲ့သည်။

အဆိုပါ လက်ခံရရှိခဲ့သော လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးအလုံး ၅၀ အနက် ၂၅ လုံးကို လားရှိုးခရိုင်အတွင်း ကိုဗစ်-၁၉ ကူးစက် ရောဂါ ကာကွယ် ထိန်းချုပ် တားဆီးကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဇူလိုင် ၂၈ ရက်တွင် ရှမ်းပြည်နယ် လားရှိုးမြို့ရှိ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ကုသရေးခရိုင်အဆင့် လုပ်ငန်းကော်မတီသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခုနစ်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ်ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့၊ ည မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၇၆၁၈၁ ဦးနှင့် အတွင်းလူနာပေါင်း ၈၀၇၁၈ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

ယင်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၈၄၀၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၆၉၁၁ ဦး စုစုပေါင်း ၁၉၇၅၁ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။

ထို့ပြင် ကလေးမီးဖွားလူနာ ၆၆၃၈ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၉၂၆၉ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၅၉၀၇ ဦးကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍမြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**တောင်ကြီး ဇူလိုင် ၃၁**

ရှမ်းပြည်နယ် ကိုဗစ် - ၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများသည် ယနေ့နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။



**ပြောကြား**

ရှမ်းပြည်နယ် ကိုဗစ် - ၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ကိုဗစ် - ၁၉ ရောဂါနှင့် ပတ်သက်၍ တတိယလှိုင်းဖြစ်ပွားမှုတွင် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များ၌ ဇွန် ၁ ရက်မှစတင်၍ ရောဂါပိုးကူးစက်ပျံ့နှံ့မှုသည် ယနေ့ထိ ပိုးကူးစက်သူ ၁၆၁၅၃ ဦးအထိ ကူးစက်ပြန့်ပွားခဲ့ပြီး ရောဂါပိုးကင်းစင်သူ ၉၁၅၇ ဦး၊ သေဆုံးသူ ၄၆၉ ဦးရှိပြီး ကျန်ရှိသည့် ရောဂါပိုးမတွေ့ အတည်ပြုသူ ၆၅၁၇ ဦးကို သက်ဆိုင်ရာမြို့နယ်ရှိ ကုသရေးဆေးရုံ၊ ကုသရေးစင်တာ၊ ကန့်သတ်စောင့်ကြည့်ရေးစင်တာများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူလျက်ရှိကြောင်း၊ ဇူလိုင် ၃၀ ရက်အတွင်း စာရင်းအရ ကူးစက်မှု လျော့နည်းကျဆင်းလာသည့် အနေအထားများ ပြန်လည်တွေ့ရှိရကြောင်း၊ ရှမ်းပြည်နယ်အတွင်း လောက်ကိုင်၊ လားရှိုး၊ မူဆယ်၊ တာချီလိတ်၊ နောင်ချို၊ သီပေါ၊ တောင်ကြီး၊ ညောင်ရွှေ၊ ရပ်စောက်မြို့များကို Stay At Home အစီအစဉ်ဖြင့် ထုတ်ပြန်ကြေညာပြီး ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကလောနှင့် အောင်ပန်းမြို့နယ်ကို ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဇူလိုင် ၂၈ ရက်မှစတင်၍ ပြည်သူများနေအိမ်ထဲတွင် နေထိုင်ရေး (Stay At Home) အစီအစဉ် ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်း ပိုးတွေ့လူနာများ ပြင်းထန်ပါက ကျန်းမာရေး စောင့်ရှောက်မှုပေးသည့် လိုအပ်သောအောက်ဆီဂျင်ပမာဏ လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တို့ပူးပေါင်းပြီး အောက်ဆီဂျင်ထုတ်သည့်စက်များ တပ်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်နေရာတွင် ဇူလိုင် ၃၀ ရက်၌ လောက်ကိုင်နှင့် ရှမ်း ပြည်နယ်တောင်ပိုင်းရှိ လွိုင်လင်ခရိုင် နမ့်စန်မြို့တွင် တပ်ဆင်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်က Stay At Home ကိစ္စရပ်များ၊ ကိုဗစ်-၁၉ ရောဂါပိုးလျော့နည်းကျဆင်းမှုနှင့် ကာကွယ်ဆေးထိုးနှံနေမှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ရှမ်းပြည်နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအတွင်းရေးမှူး ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး လှဦး၊ တွဲဖက်အတွင်းရေးမှူး ဦးနေလင်းနှင့် အစည်းအဝေး တက်ရောက်လာသူများက အထွေထွေဆွေးနွေး တင်ပြကြရာ ရှမ်းပြည်နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း**
**(တောင်ကြီး)**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လေးသောင်းဝန်းကျင် ထပ်မံထိုးနှံပေးပြီးဖြစ်

**နေပြည်တော် ဇူလိုင် ၃၁**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရေးလုပ်ငန်းကို မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၆ ရက်မှ ၃၀ ရက်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လေးသောင်းဝန်းကျင် ထပ်မံထိုးနှံပေးပြီးဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

"မနေ့ကရရှိတဲ့ ကိန်းဂဏန်းအချက်အလက်တွေအရဆိုရင် အသက် ၆၅ နှစ်အထက် လူဦးရေ နှစ်သောင်းကျော်၊ အခြားလူအုပ်စုတွေထဲက ဆိုရင် စေတနာ့ဝန်ထမ်း နှစ်ထောင်ကျော်၊ နိုင်ငံ့ဝန်ထမ်း လေးထောင်ကျော်နဲ့ အကျဉ်းသား၊ အချုပ်သား သုံးထောင်ကျော်လောက် ထိုးနှံပေးပြီး မနေ့ကအထိ လူဦးရေ လေးသောင်းနီးပါး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်မံထိုးနှံပေးပြီးဖြစ်ပါတယ်"ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ကံကောင်းက ပြောသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ရောဂါကြောင့်သေဆုံးမှုကို လျှော့ချရန်၊ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို တားဆီးရန်နှင့် ကိုဗစ် -၁၉ ရောဂါဖြစ်ပွားမှုကြောင့် နိုင်ငံ့စီးပွားရေးထိခိုက်မှုကို လျှော့ချပြီး နိုင်ငံ့စီးပွားရေးလုပ်ငန်းများကို ပြန်လည်ထူထောင်ရန် ရည်ရွယ်ချက်များဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရေးလုပ်ငန်းများကို မြန်မာတစ်နိုင်ငံလုံးတွင် အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ကာကွယ်ဆေးထိုးနှံပြီးစီးမှုအနေဖြင့် လူဦးရေ၏ ၁ ဒသမ ၇ သန်းကျော်ကို ကာကွယ်ဆေးထိုးနှံပေးထားပြီး ပြည်သူလူထုအားလုံးကို ရာနှုန်းပြည့်ထိုးနှံနိုင်ရေးအတွက် ကာကွယ်ဆေးများကို လှူဒါန်းရရှိမှုများ၊ မှာယူမှုများဖြင့် အဆက်မပြတ်တင်သွင်းဆောင်ရွက်လျက်ရှိသည်။

ယခုလက်ရှိတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက လှူဒါန်းထားသည့် Sinopharm ကာကွယ်ဆေး နှစ်သန်း၊ မြန်မာနိုင်ငံက ဝယ်ယူထားသည့် Sinovac ကာကွယ်ဆေး နှစ်သန်းအနက် ရောက်ရှိပြီးဖြစ်သည့် တစ်သန်း စုစုပေါင်းကာကွယ်ဆေး သုံးသန်းကို လူဦးရေ သုံးသန်းအား ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထက်လျှံ**

## ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှုများအား ကြည့်ရှုအားပေး

**ဘားအံ ဇူလိုင် ၃၁**

ကရင်ပြည်နယ် ဘားအံမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို သတ်မှတ်စုရပ်နေရာများတွင် ထိုးနှံပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကာကွယ်ဆေး ထိုးနှံပေးနေမှုများအား သွားရောက်ကြည့်ရှု အားပေးခဲ့ကြသည်။



**ထောက်ပံ့ပေးအပ်**

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် အိန္ဒူ တိုက်နယ်ဆေးရုံတွင် အသက် ၆၅ နှစ်အထက်ရှိ အဘိုးအဘွားများအား လိုအပ်သည့် ကျန်းမာရေး စစ်ဆေးမှုများ ဆောင်ရွက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ပြီး အဘိုး အဘွားများအား အာဟာရဖြည့်စွက်စာအဖြစ် ကြက်ဥများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ထုံးအိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် လာရောက်နေကြသည့် အသက် ၆၅ နှစ်အထက် အဘိုး အဘွားများ၊ ကာကွယ်ဆေး ထိုးနှံပေးနေမှုများ၊ ကာကွယ်ဆေးထိုးနှံပြီး ခေတ္တစောင့်ဆိုင်းနေကြသည့် အဘိုး အဘွားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စွက်စာ ကြက်ဥများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံသို့ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်ခံအား တိုးမြှင့်ပေးသော Vitamin D3 ဆေးရည်များ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်းချုပ် ကရင်ပြည်နယ် အသင်းဥက္ကဋ္ဌ ဦးစောလင်းဘိုဘိုနှင့် တာဝန်ရှိသူများက Vitamin D3 ဆေးရည်များ ပေးအပ်လှူဒါန်းရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ (၁၄/၂၀၂၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပရာ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက ကာကွယ်ဆေးထိုးစာရင်းများကို သက်ဆိုင်ရာ မြို့နယ်တုံ့ပြန်ရေးကော်မတီများသို့ ပေးပို့ကြရန်နှင့် စေတနာရှင်များကိုလည်း ဦးစားပေးစာရင်းတွင် ထည့်သွင်းထိုးနှံပေးကြရမည်ဖြစ်ကြောင်း၊ ဦးစားပေးအုပ်စုအလိုက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အချိန်မီထိုးနှံပေးနိုင်ရေး ဝိုင်းဝန်းကြပ်မတ်ပေးရန်လိုကြောင်း၊ အခက်အခဲရှိပါက တင်ပြ ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှုအခြေအနေ၊ ရေကြီးရေလျှံမှုဖြစ်စဉ်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေမှုအခြေအနေများကိုဆွေးနွေးတင်ပြခဲ့ကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ (COVID-19 Vaccination Fund)သို့ လှူဒါန်းနိုင်ရန် အသိပေးကြေညာချက်

၁။ ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူနိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ (COVID-19 Vaccination Fund)ကို မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)တွင် အောက်ပါအတိုင်း ဖွင့်လှစ်ထားပါသည်-

(က) **ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ(နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012)။**
၎င်းစာရင်းတွင် နိုင်ငံတော်မှ မတည်ရန်ပုံငွေ ကျပ် ၃၃၈ ဘီလီယံခန့်နှင့်ညီမျှသော အမေရိကန်ဒေါ်လာ သန်း ၂၅၀ ကို ထည့်သွင်းထားပါသည်။

(ခ) **ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ(မြန်မာကျပ်ငွေစာရင်းအမှတ် OA 013733)။**
၎င်းစာရင်းတွင် နိုင်ငံတော်မှမတည်ရန်ပုံငွေ ကျပ် သန်း ၁,၀၀၀ ကို ထည့်သွင်းထားပါသည်။

၂။ သို့ဖြစ်ပါ၍ ကာကွယ်ဆေးဝယ်ယူရေးအတွက် ပြည်တွင်း/ပြည်ပမှ ပါဝင်လှူဒါန်းလိုကြသော ပြည်သူများ၊ အဖွဲ့အစည်းများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)ရှိ ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012)သို့ မည်သည့် နိုင်ငံခြားငွေအမျိုးအစားကိုမဆို ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (မြန်မာကျပ်ငွေစာရင်းအမှတ် OA 013733)သို့ မြန်မာကျပ်ငွေဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ လှူဒါန်းသူများအနေဖြင့် ပြည်တွင်းနေရာဒေသအသီးသီးရှိ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် အခြားပြည်တွင်းပုဂ္ဂလိကဘဏ်အသီးသီးတို့တွင် အထက် အပိုဒ် ၁ (က)နှင့် (ခ)ပါ ငွေစာရင်းအမှတ်များကို ဖော်ပြလှူဒါန်းနိုင်ပါသည်။

၄။ အလှူရှင်စာရင်းကို မှတ်တမ်းထားရှိနိုင်ရန်အတွက် လှူဒါန်းသူများအနေဖြင့် အလှူရှင်အမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာတို့ကို ပြည့်စုံစွာဖော်ပြပေးပါရန်နှင့် အလှူငွေများထည့်သွင်းပြီးပါက email: treasury05@365mopf.gov.mm, treasury10@365mopf.gov.mm သို့ အလှူငွေပေးသွင်းထားသည့် အထောက်အထားများကို ပေးပို့စေလိုပါသည်။

၅။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းမေးမြန်းလှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | ၀၆၇-၃၄၁၀၁၅၆ |
| ငွေတိုက်ဦးစီးဌာန | ၀၉-၄၅၀၄၅၅၂၃၇ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၆၇-၃၄၁၀၁၅၈ |
| ငွေတိုက်ဦးစီးဌာန | ၀၉-၂၅၄၅၅၈၄၂၄ |

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများအား ပြည်ပမှတင်သွင်းနိုင်ရေး ရုံးပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၃၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်း ထိန်းချုပ်နိုင်ရေးအတွက် ကုသရေးဆိုင်ရာဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြည်ပမှတင်သွင်းခွင့်အတွက် သွင်းကုန်လိုင်စင်လျှောက်ထားခြင်းမှ ယာယီကင်းလွတ်ခွင့်ပြုပေးခြင်းနှင့် နယ်စပ်ဒေသများမှ တင်သွင်းရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများ ရုံးပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ရုံးပိတ်ရက်ကာလအတွင်း အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှထုတ်ပြန်ထားသည့်အသိပေးကြေညာချက်များ၊ တာဝန်ရှိသူများ ညှိနှိုင်းထားသည့် SOP များနှင့်အညီ လွယ်ကူမြန်ဆန်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Oxygen Concentrator ၄၇၇၈ ခု၊ Test Kit ၁၅၉၀၀တို့အပါအဝင် မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည် (Bowserယာဉ် နှစ်စီးဖြင့်) တန် ၄၀၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၁၁ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၉၈၇၂ ခု၊ Oxygen Plant နှစ်ခု၊ နှာခေါင်းစည်း (Mask) ၁၄၁ တန်တင်သွင်းနိုင်ခဲ့သည်။ အဆိုပါပစ္စည်းများကို ကုမ္ပဏီ ၃၆ ခုမှ ယာဉ်စီးရေ ၅၇ စီးဖြင့် တင်သွင်းလာခြင်းဖြစ်ကြောင်း သိရသည်။





တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုစတင်မြင့်တက်လာသည့် ဇူလိုင် ၁၂ ရက်မှ ယနေ့အထိ ယာဉ်စီးရေ ၇၄၉ စီးဖြင့် အောက်ဆီဂျင်အရည် (Bowserယာဉ်ဖြင့်) ၇၂၇ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၅၆၇ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၁၁၄ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၆၉၁၄၆ ခု၊ Test Kit ၃၂၂၈၇၈ ခု၊ နှာခေါင်းစည်း(Mask) ၁၁၀၄ တန်၊ Oxygen Plant ရှစ်ခု၊ Oxygen Generator ၁၁ ခု၊ ဆေးရုံသုံး အောက်ဆီဂျင်ဖြည့်စက် လေးခု တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာကုန်သွယ်ရေးစခန်းများမှ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

### ❂ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့၊ ကျောက်မဲမြို့နှင့် မန်တုံမြို့တို့ရှိ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူစုစုပေါင်း ၂၁၉ ဦးလည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ အေးသာယာမြို့၊ ရွှေညောင်မြို့၊ ကလောမြို့၊ ရပ်စောက်မြို့၊ ညောင်ရွှေမြို့၊ ဖယ်ခုံမြို့နယ်များရှိ အသက် ၆၅ နှစ်နှင့်အထက် သံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၃၂၆၆ ဦးကိုလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ မိုင်းဖြတ်မြို့၊ မိုင်းဆတ်မြို့၊ မိုင်းတုံမြို့၊ မိုင်းခတ်မြို့၊ မိုင်းယန်းမြို့၊ မိုင်းပျဉ်းမြို့နှင့် တုံတာမြို့များရှိ ပြည်သူစုစုပေါင်း ၁၇၅၇ ဦးကိုလည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ သထုံမြို့၊ ကျိုက်ထိုမြို့၊ ဘီးလင်းမြို့၊ သံဖြူဇရပ်မြို့နှင့် ကရင်ပြည်နယ် ဘားအံမြို့၊ လှိုင်းဘွဲ့မြို့၊ ကြာအင်းဆိပ်ကြီးမြို့၊ မြဝတီမြို့များရှိ အသက်(၆၅) နှစ်နှင့်အထက် သံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၈၂၀၀ ကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၊ ထားဝယ်မြို့နယ်၊ မြိတ်မြို့နယ်၊ တနင်္သာရီမြို့နယ်၊ ဘုတ်ပြင်းမြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့ရှိ အသက် ၆၅ နှစ်နှင့်အထက် သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၃၉၆ ဦးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်များရှိ အသက် ၆၅ နှစ်နှင့်အထက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၅၀၀ တို့ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မအူပင်ခရိုင်၊ မြောင်းမြခရိုင်၊ လပွတ္တာခရိုင်နှင့် ဖျာပုံခရိုင်များရှိ အသက် ၆၅ နှစ်နှင့်အထက် သံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၆၆၃၇ ဦးတို့ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ၂၈ မြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူစုစုပေါင်း ၇၃၇၁ ဦးတို့ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ ကေတုမတီမြို့၊ အုတ်တွင်းမြို့၊ ဖြူးမြို့၊ ထန်းတပင်မြို့၊ ညောင်လေးပင်မြို့၊ ဒိုက်ဦးမြို့၊ ပဲခူးမြို့၊ ဝေါမြို့၊ ကျောက်ကြီးမြို့၊ ပန်းတောင်းမြို့၊ ထုံးဘိုမြို့၊ ဥဿျစ်ပင်မြို့၊ သာယာဝတီမြို့၊ လက်ပံတန်းမြို့၊ နတ်တလင်းမြို့၊ ကြို့ပင်ကောက်မြို့၊ မင်းလှမြို့၊ အုတ်ဖိုမြို့၊ ဇီးကုန်းမြို့၊ မိုးညိုမြို့နှင့် ပေါင်းတည်မြို့များရှိ အသက် ၆၅ နှစ်နှင့်အထက် သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၈၆၅၀ တို့ကိုလည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်အတူ ပူးပေါင်းကာ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာပြည်ရဲ့ နိုင်ငံရေးမိုးသက်လေပြင်းများ

မန်းငြိမ်းမောင်

ရေးသရောအခါ ပြည်မြန်မာဝယ် ဒီစကားလေးနဲ့ စလိုက်ချင်ပါတယ်။

မြန်မာပြည်ဟာ လွတ်လပ်ရေးနဲ့အတူ နိုင်ငံရေးမိုးသက်လေပြင်းတွေက တွဲပြီးပါလာတယ်။ လွတ်လပ်ရေးရခါစ ၁၉၄၈–၁၉၄၉ အချိန်ကဆိုရင် နိုင်ငံရေးမိုးသက်လေပြင်းတင်မကဘူး။ နိုင်ငံရေးမုန်တိုင်းတွေပါ ကြမ်းကြမ်းတမ်းတမ်း တိုက်ခတ်တာခံခဲ့ရတယ်။ နိုင်ငံရေးလေပြည်လေညင်းတွေကတော့ ခဏတစ်ဖြုတ်တာ တိုတောင်းတဲ့ကာလလေးတွေမှာပဲ တိုက်ခတ်ခြင်းကို ခံခဲ့ရတယ်။

### မှုဝေချင်တဲ့ဆန္ဒတွေ ပေါ်လာ

စာရေးသူကိုယ်တိုင် နိုင်ငံရေးမိုးသက်လေပြင်းထဲမှာ နှစ်ပေါင်း ၅၀ ကျော်ကြာ ဖြတ်သန်းလျှောက်လှမ်းခဲ့ရတဲ့ အတွေ့အကြုံအချို့ကို ပြန်လည်ပြီးတော့ မှုဝေချင်တဲ့ဆန္ဒတွေ ပေါ်လာပါတယ်။ အထူးသဖြင့်တော့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ကစပြီးတော့ မြန်မာပြည်ရဲ့ နိုင်ငံရေးအချိုးအကွေ့တစ်ခုကို ရောက်ရှိလာတဲ့အချိန်မှာတော့ မြန်မာပြည်ရဲ့ နိုင်ငံရေးမိုးသက်လေပြင်းတွေဟာ ပိုမိုပြင်းထန်ကြမ်းတမ်းစွာ တိုက်ခတ်လာပြန်တယ်။

ဒီဖြစ်စဉ်တွေ အပေါ်မှာကြည့်ပြီးတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော်က ကိုယ်တိုင်ကြုံတွေ့ခဲ့ရတဲ့အဖြစ်အပျက်တချို့ကို ပြန်ပြီးမြင်ယောင်လာတယ်။ ၁၉၇၀ ပြည့်နှစ်ဝန်းကျင်တစ်ဝိုက်မှာ ဝန်ကြီးချုပ်ဟောင်းဦးနုဟာ တိုင်းရင်းသားဒေသတွေကို ထွက်သွားပြီးတော့ ပါလီမန်ဒီမိုကရေစီပါတီကို တည်ထောင်ပြီး အာဏာပြန်ရရှိရေးအတွက် လက်နက်ကိုင်တိုက်ပွဲကို ဆင်နွှဲခဲ့ပါတယ်။ ဝန်ကြီးချုပ်ဟောင်းဦးနုရဲ့ ပါလီမန်ဒီမိုကရေစီပါတီဟာ ခေါင်းဆောင်မှုအပိုင်းမှာ အတော်အားကောင်းခဲ့ပါတယ်။

ဦးနုနဲ့အတူ ရဲဘော်သုံးကျိပ်ဝင်တွေဖြစ်ကြတဲ့ ဗိုလ်မှူးအောင်၊ ဗိုလ်လက်ျာ၊ ဗိုလ်စကြာ၊ ဗိုလ်ရန်နိုင်၊ ရဲဘော်သုံးကျိပ်ဝင်လေးဦး၊ လေတပ်ဦးစီးချုပ်ဟောင်း တီကလစ်၊ လွတ်လပ်ရေးရခါစ တပ်မတော် ဒု–ကာကွယ်ရေးဦးစီးချုပ်ဟောင်း စောကြာဒိုး စတဲ့ပုဂ္ဂိုလ်ကြီးတွေ ပါဝင်ခဲ့ကြပါတယ်။ တိုင်းပြည်ကို နိုင်ငံရေးအရရော၊ စစ်ရေးအရရော ခေါင်းဆောင်ခဲ့တဲ့၊ အတွေ့အကြုံကြီးမားကြတဲ့ပုဂ္ဂိုလ်တွေ ပါဝင်ခဲ့ကြပါတယ်။

ပါလီမန်ဒီမိုကရေစီပါတီဟာ နိုင်ငံရေးအရှိန်အဝါ အတော်လေးကြီးမားခဲ့ပါတယ်။ အင်အားလည်း တောင့်တင်းခဲ့ပါတယ်။ အနောက်နိုင်ငံက အကူအညီတွေလည်း အတော်ရခဲ့ပါတယ်။ ပါလီမန်ဒီမိုကရေစီပါတီကို အတိုကောက်(PDP) လို့ အခေါ်များပါတယ်။

PDP တပ်ဖွဲ့မှာ လက်နက်တပ်ဆင်မှုမှာ အတော့်ကိုခေတ်မီပါတယ်။ ဗီယက်နမ်စစ်ပွဲက အရှိန်ပြင်းနေတဲ့အချိန်ဖြစ်တဲ့အတွက် လက်နက်တွေဟာ အလွယ်တကူဝယ်ယူတပ်ဆင်လို့ရပါတယ်။ တိုင်းရင်းသားတပ်ဖွဲ့တွေမှာ ဒုတိယကမ္ဘာစစ်လက်ကျန် ဘရင်းဂန်း၊ စတင်းဂန်း၊ ကာဘိုင်၊ ရိုင်ဖယ်တွေပဲ ကိုင်ဆောင်နေရတဲ့အချိန်မှာ PDP တပ်ဖွဲ့တွေက M – 16 မောင်းပြန်ချေမှုန်းရေးရိုင်ဖယ်၊ HK – 33 မောင်းပြန်ချေမှုန်းရေးရိုင်ဖယ်၊ M – 79 ဂရင်းနစ်လောင်ချာ၊ M – 72 တစ်လုံးထိုးတင့်ဖျက်လောင်ချာတွေ တပ်ဆင်ပြီးတော့ တိုက်ပွဲဝင်ခဲ့ပါတယ်။ PDP ပါတီမှာ ဘဏ္ဍာရေးဘယ်လောက်ကြွယ်ဝလဲဆိုရင် ဦးနုရုပ်ပုံပါတဲ့ ရွှေဒင်္ဂါးပြားတွေ ရိုက်နှိပ်ပြီးတော့ ထုတ်ဝေခဲ့ပါတယ်။

ရှေ့တန်းက PDP တပ်မှူးတွေဟာ ဘေးလွယ်အိတ်ထဲမှာ ရွှေဒင်္ဂါးပြားထည့်ပြီးတော့ မော်မော်ကြွားကြွားနဲ့ သုံးစွဲခဲ့ပါတယ်။ တိုက်ပွဲဖြစ်လို့ရှိရင် PDP တပ်က တပ်သားတွေဟာ M– 16 တို့ HK – 33 တို့ မောင်းပြန်ရိုင်ဖယ်တွေကို အတွဲလိုက် ဖောခြင်းသောခြင်းပစ်ပြီးတော့ ကျည်ကုန်ရင် ကျည်ပေါက်ကိုဖြုတ်ပြီး လွှင့်ပစ်လိုက်တာပဲ။ အဲဒီလောက်ထိ မော်ကြွားခဲ့တာပါ။ နိုင်ငံရေးအရ တိုင်းရင်းသားတွေနဲ့ မဟာမိတ်ဖွဲ့နိုင်ခဲ့ပါတယ်။ (တညလ) လို့ခေါ်တဲ့ တပ်ပေါင်းစုကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

**ပုဂ္ဂိုလ်ရေးအရှိန်အဝါသြဇာရှိတဲ့ ပုဂ္ဂိုလ်တွေက ဦးဆောင်ဖွဲ့စည်းခဲ့တဲ့ အဖွဲ့အစည်းတွေတောင် ရေရှည်မှာ မရပ်တည်နိုင်ခဲ့ပါဘူး။ နိုင်ငံရေးသြဇာ၊ ပုဂ္ဂိုလ်ရေးသြဇာမရှိတဲ့လူတွေနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့ CRPH၊ NUG၊ PDF အဖွဲ့ဟာ အာဏာရယူရေးတစ်ခုတည်းကလွဲလို့ နိုင်ငံရေးရည်မှန်းချက်လည်းမရှိ၊ နိုင်ငံရေးလမ်းစဉ်လည်းမရှိတဲ့ ဒီလိုအဖွဲ့မျိုးဟာ မကြာတော့တဲ့အချိန်မှာ ကျေပြုန်းပျက်စီးသွားမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါပဲ။**

### သဘောထားကွဲလွဲ

ဒီတပ်ပေါင်းစုမှာ ပါလီမန်ဒီမိုကရေစီပါတီ၊ KNU ကရင်အမျိုးသားအစည်းအရုံး၊ MNSP မွန်ပြည်သစ်ပါတီ၊ ချင်းအမျိုးသားဦးစီးအဖွဲ့ ပါဝင်ခဲ့ပါတယ်။ ဦးနုခေါင်းဆောင်တဲ့ ပါလီမန်ဒီမိုကရေစီပါတီဟာ နိုင်ငံရေးအရရော စစ်ရေးအရပါ အရှိန်အဝါရှိခဲ့ပါတယ်။ ဒါပေမဲ့လို့ အဖွဲ့အစည်းအတွင်းမှာ နိုင်ငံရေးအမြင်မတူမှုတွေရော တိုင်းရင်းသားတွေနဲ့ အမျိုးသားရေးအခန်းတွေမှာ သဘောထားကွဲလွဲမှုတွေကြောင့် ရေရှည်မှာ သွားလို့မရပါဘူး။

နောက်ဆုံးမှာတော့ ဦးနုဟာ အဖွဲ့အစည်းကို စွန့်ခွာပြီးတော့ အိန္ဒိယကိုထွက်ခွာသွားခဲ့ပါတယ်။ PDP ကို နောက်ဆက်ခံတဲ့ ခေါင်းဆောင်တွေကလည်း တိုင်းရင်းသားတွေနဲ့ ပဋိပက္ခဖြစ်ပြီးတော့ အဖွဲ့အစည်းဟာ အားနည်းလာပါတယ်။ နောက်ဆုံးမှာ ဗိုလ်ချုပ်ကြီးနေဝင်းက လွတ်ငြိမ်းချမ်းသာခွင့်ထုတ်ပြန်ပြီးတော့ စကားတစ်ခွန်းကို ပြောခဲ့ပါတယ်။ “ကိုယ့်အိမ်ပေါ်က စိတ်အခန့်မသင့်လို့ စိတ်ဆိုးပြီးဆင်းသွားတဲ့ ညီအစ်ကိုတွေကို ပြန်လည်ပြီးတော့ နွေးနွေးထွေးထွေးနဲ့ ကြိုဆိုကြရမယ်” ဆိုတဲ့စကားကြောင့် ဦးနုနဲ့တကွ ရဲဘော်သုံးကျိပ်ဝင်တွေဟာ ပြန်လာခဲ့ကြပါတယ်။ မကြာပါဘူး။ ပါလီမန်ဒီမိုကရေစီပါတီဟာ တိုင်းရင်းသားတွေနဲ့ လက်နက်ကိုင်ပဋိပက္ခဖြစ်ပြီးတော့ ဇာတ်ခေါင်းကွဲပြီး ဇာတ်သိမ်းခဲ့ပါတယ်။

### ပြည်သူတွေရဲ့ ထောက်ခံမှုကို ရရှိခဲ့

ဒုတိယဇာတ်လမ်းကတော့ ၁၉၈၈ ခုနှစ် အထွေထွေလူထုအုံကြွမှု ပြိုကွဲပြီးတော့ တိုင်းရင်းသားဒေသကို ကျောင်းသားလူငယ်တွေအပါအဝင် လူတန်းစားအလွှာအသီးသီးက အင်အားစုတွေ တိုင်းရင်းသားဒေသတွေကို တစ်သောင်းနီးပါးလောက် ရောက်ရှိခဲ့ပါတယ်။ ၈၈ ခုနှစ် လူထုအရေးတော်ပုံဟာ ကျောင်းသားလူငယ်တွေက ခေါင်းဆောင်ပြီးတော့ ရဟန်းသံဃာတော်တွေ၊ အလွှာစုံက လူထုလူတန်းစားတွေနဲ့ တပ်မတော်သားအချို့ပါ ပါဝင်ခဲ့ပါတယ်။ ပြည်သူတွေရဲ့ ထောက်ခံမှုကိုလည်း ကြီးမားစွာ ရရှိခဲ့ပါတယ်။ နိုင်ငံရေးအရလည်း တိုင်းရင်းသားတွေနဲ့ မဟာမိတ်ဖွဲ့နိုင်ခဲ့ပါတယ်။ (မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ်) ဆိုတဲ့အဖွဲ့ (၂၁)ဖွဲ့ပါတဲ့ တပ်ပေါင်းစုကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ဒီအဖွဲ့ကို (DAB) ဆိုပြီးတော့ လူသိများခဲ့ပါတယ်။

တိုင်းရင်းသားဒေသတွေကို ရောက်ရှိလာတဲ့ ကျောင်းသားလူငယ်တွေကို တိုင်းရင်းသားခေါင်းဆောင်တွေက ကမကထပြုပြီး (မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး–ABSDF) ကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ တိုင်းရင်းသားတွေရဲ့ နိုင်ငံရေးအရ စစ်ရေးအရ ထောက်ခံမှုအပြည့်အဝရရှိခဲ့ပါတယ်။ ရုပ်ဝတ္ထုအရ စစ်လက်နက်တွေလည်း ပံ့ပိုးတပ်ဆင်ပေးခဲ့ပါတယ်။ ABSDF ကျောင်းသားတပ်ဦးဟာ တိုင်းရင်းသားတွေနဲ့ လက်တွဲပြီးတော့ လက်နက်ကိုင်တိုက်ပွဲဝင်နိုင်ခဲ့ပါတယ်။ နိုင်ငံရေးသြဇာ၊ စစ်ရေးသြဇာလည်း ရှိခဲ့ပါတယ်။ ဒီနေ့ကာလမှာတော့ ကျောင်းသားတပ်ဦးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကျော်ကာလတုန်းကလို အားကောင်းမောင်းသန်သိပ်မလှုပ်ရှားနိုင်တော့ပါဘူး။

### နေစရာတောင် ရှိမှာမဟုတ်

ပြည်တွင်းကနေထွက်ခွာပြီးတော့ တိုင်းရင်းသားဒေသတွေမှာ အခြေပြုခဲ့တဲ့ ဦးနုခေါင်းဆောင်တဲ့ ပါလီမန်ဒီမိုကရေစီပါတီ၊ ဦးမိုးသီးဇွန်၊ ဦးနိုင်အောင်၊ လက်ရှိ ဦးသံခဲ ခေါင်းဆောင်တဲ့ ABSDF အဖွဲ့ ဒီအဖွဲ့နှစ်ဖွဲ့နဲ့ ယခုလက်ရှိ မတရားအသင်း အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားတဲ့ CRPH၊ NUG၊ PDF အဖွဲ့ကို နှိုင်းယှဉ်ကြည့်ရင် ဒီအဖွဲ့မှာပါတဲ့ ပုဂ္ဂိုလ်တွေဟာ တိုင်းသိပြည်သိ အရှိန်အဝါသြဇာရှိတဲ့ပုဂ္ဂိုလ်တွေ တစ်ယောက်မှ မပါပါဘူး။ ယခုလက်ရှိလုပ်ဆောင်မှုတွေကလည်း ပြည်သူကို ရန်သူလိုသဘောထားပြီးတော့ တိုက်ခိုက်သတ်ဖြတ်မှု၊ အကြမ်းဖက်မှု၊ ဖျက်ဆီးမှုတွေဟာ ရေရှည်မှာ ဘယ်လိုနည်းနဲ့မှ ရပ်တည်လို့မရနိုင်ပါဘူး။ တိုင်းရင်းသားတွေရဲ့အသိအမှတ်ပြုမှု၊ ထောက်ခံမှုလည်း အပြည့်အဝမရရှိပါဘူး။ အကျိုးစီးပွားအပေါ်မှာသာ ဟန်ဆောင်နေကြတာပါ။ အချိန်တန်ရင် ဒီအကြမ်းဖက်အဖွဲ့တွေဟာ နေစရာတောင် ရှိမှာမဟုတ်ပါဘူး။

ပုဂ္ဂိုလ်ရေးအရှိန်အဝါသြဇာရှိတဲ့ ပုဂ္ဂိုလ်တွေက ဦးဆောင်ဖွဲ့စည်းခဲ့တဲ့ အဖွဲ့အစည်းတွေတောင် ရေရှည်မှာ မရပ်တည်နိုင်ခဲ့ပါဘူး။ နိုင်ငံရေးသြဇာ၊ ပုဂ္ဂိုလ်ရေးသြဇာမရှိတဲ့လူတွေနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့ CRPH၊ NUG၊ PDF အဖွဲ့ဟာ အာဏာရယူရေးတစ်ခုတည်းကလွဲလို့ နိုင်ငံရေးရည်မှန်းချက်လည်းမရှိ၊ နိုင်ငံရေးလမ်းစဉ်လည်းမရှိတဲ့ ဒီလိုအဖွဲ့မျိုးဟာ မကြာတော့တဲ့အချိန်မှာ ကျေပြုန်းပျက်စီးသွားမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါပဲ။

စာရေးသူဟာ ဒီဆောင်းပါးကို ရေးရင်းနဲ့ အတိတ်ရဲ့သမိုင်းတစ်ပိုင်းတစ်စက ခေါင်းထဲကို ဝင်လာပါတယ်။ ဟိုး …လွန်ခဲ့တဲ့နှစ်ပေါင်းခြောက်ဆယ်ကျော် ကျွန်တော်တို့ကျောင်းသားလူငယ်ဘဝက အလွန်ခေတ်စားခဲ့တဲ့ အဆိုတော်ကြီး မေလှမြိုင်ရဲ့ သီချင်းတစ်ပုဒ်ရဲ့ အပိုင်းအစလေးက ခေါင်းထဲကို ဝင်လာပါတယ်။

“မောင်လေး မောင်လေး ရှောင်မပြေးနဲ့ ရောရာနောက်လိုက် အမြှောက်ကြိုက် ကလေးရယ် လူမမည်မောင်လေးရယ် အစစ အထင်သေးလို့ မမရင်လေးလှုပါတယ်”

ဒီသီချင်းလေးဟာ ဒီနေ့ခေတ် ကျွန်တော်တို့မြေအရွယ်လောက်ပဲရှိတဲ့ GZ ဆိုတဲ့လူငယ်လေးတွေကို ရည်ညွှန်းပြီးဆိုရင်လည်း မှန်ကန်ခေတ်မီနေတုန်းပါပဲ။ ။

**ပြည်တွင်းကနေထွက်ခွာပြီးတော့ တိုင်းရင်းသားဒေသတွေမှာ အခြေပြုခဲ့တဲ့ ဦးနုခေါင်းဆောင်တဲ့ ပါလီမန်ဒီမိုကရေစီပါတီ၊ ဦးမိုးသီးဇွန်၊ ဦးနိုင်အောင်၊ လက်ရှိ ဦးသံခဲ ခေါင်းဆောင်တဲ့ ABSDF အဖွဲ့ ဒီအဖွဲ့နှစ်ဖွဲ့နဲ့ ယခုလက်ရှိ မတရားအသင်း အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားတဲ့ CRPH၊ NUG၊ PDF အဖွဲ့ကို နှိုင်းယှဉ်ကြည့်ရင် ဒီအဖွဲ့မှာပါတဲ့ ပုဂ္ဂိုလ်တွေဟာ တိုင်းသိပြည်သိ အရှိန်အဝါသြဇာရှိတဲ့ ပုဂ္ဂိုလ်တွေ တစ်ယောက်မှ မပါပါဘူး။ ယခုလက်ရှိလုပ်ဆောင်မှုတွေကလည်း ပြည်သူကို ရန်သူလိုသဘောထားပြီးတော့ တိုက်ခိုက်သတ်ဖြတ်မှု၊ အကြမ်းဖက်မှု၊ ဖျက်ဆီးမှုတွေဟာ ရေရှည်မှာ ဘယ်လိုနည်းနဲ့မှ ရပ်တည်လို့မရနိုင်ပါ။**

# ဇူလိုင် ၃၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၄,၇၂၅ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃၁-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၃၀-၇-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၃၁-၇-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၃,၇၉၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄,၇၂၅) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၃,၁၅၉,၄၄၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၂၉၉,၁၈၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၃,၈၃၅)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၂၀၉,၅၁၂)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃၉၂)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၉,၃၃၄) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့်သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၃၁-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၅၁၂) ခု | (၁၈၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇) ခု | (၆) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၄၆) ခု | (၂၀၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၇၉) ခု | (၁၈၅) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၉) ခု | (၃) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၄၃) ခု | (၂၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၉၃) ခု | (၈၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၀၆၇) ခု | (၈၈၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၃၆၃) ခု | (၃,၁၄၇) ဦး |
| စုစုပေါင်း | (၁၃,၇၉၉) ခု | (၄,၇၂၅) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၅၆၈၈၅၀၆ | ၂၉၆၅၂၀၃၈ | ၆၂၉၀၆၄ |
| ၂။ | အိန္ဒိယ | ၃၁၆၁၃၉၉၃ | ၃၀၇၈၁၂၆၃ | ၄၂၃၈၄၂ |
| ၃။ | ဘရာဇီး | ၁၉၈၈၀၂၇၃ | ၁၈၅၉၅၃၈၀ | ၅၅၅၅၁၂ |
| ၄။ | ရုရှား | ၆၂၆၅၈၇၃ | ၅၆၀၈၆၁၉ | ၁၅၈၅၆၃ |
| ၅။ | ပြင်သစ် | ၆၁၀၃၅၄၈ | ၅၆၉၆၅၅၉ | ၁၁၁၈၂၄ |
| ၆။ | ဗြိတိန် | ၅၈၃၀၇၇၄ | ၄၄၉၈၀၈၉ | ၁၂၉၅၈၃ |
| ၇။ | တူရကီ | ၅၇၀၄၇၁၃ | ၅၄၄၉၂၅၃ | ၅၁၂၅၃ |
| ၈။ | အာဂျင်တီးနား | ၄၉၁၉၄၀၈ | ၄၅၅၇၀၃၇ | ၁၀၅၅၈၆ |
| ၉။ | ကိုလံဘီယာ | ၄၇၇၆၂၉၁ | ၄၅၆၇၇၀၁ | ၁၂၀၄၃၂ |
| ၁၀။ | စပိန် | ၄၄၄၇၀၄၄ | ၃၇၁၁၂၀၀ | ၈၁၄၈၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၃၄၀၉၆၅၈ | ၂၇၇၀၀၉၂ | ၉၄၁၁၉ |
| ၂။ | ဖိလစ်ပိုင် | ၁၅၈၈၉၆၅ | ၁၅၀၀၁၈၉ | ၂၇၈၈၉ |
| ၃။ | မလေးရှား | ၁၁၁၃၂၇၂ | ၉၁၄၆၃၉ | ၉၀၂၄ |
| ၄။ | ထိုင်း | ၅၉၇၂၈၇ | ၃၉၁၉၂၀ | ၄၈၅၇ |
| ၅။ | မြန်မာ | ၂၉၉၁၈၅ | ၂၀၉၅၁၂ | ၉၃၃၄ |
| ၆။ | ဗီယက်နမ် | ၁၄၁၁၂၂ | ၃၅၄၈၄ | ၁၁၆၁ |
| ၇။ | ကမ္ဘောဒီးယား | ၇၇၂၄၃ | ၆၉၉၉၆ | ၁၃၉၇ |
| ၈။ | စင်ကာပူ | ၆၄၉၈၁ | ၆၂၇၃၃ | ၃၇ |
| ၉။ | လာအို | ၆၂၉၉ | ၂၈၀၄ | ၇ |
| ၁၀။ | ဘရူနိုင်း | ၃၃၇ | ၂၈၀ | ၃ |


# မိမိကိုယ်တိုင်က ရောဂါဖြန့်ဖြူးသူမဖြစ်ပါစေနဲ့




မိမိကိုယ်တိုင်က ရောဂါပိုးဖြန့်ဖြူးသူ မဖြစ်ပါစေနှင့်။
ရောဂါပိုးဖြန့်ဖြူးမိတဲ့သူမဖြစ်ပါစေနဲ့။ စည်းကမ်းတွေကို လိုက်နာတာက သင်ကိုယ်တိုင်အပြင် အခြားသူများကိုလည်း ရောဂါကူးစက်မယ့် အန္တရာယ်ကနေ ကာကွယ်ပြီးသားဖြစ်မှာပါ။ သင့်မှာ COVID-19 ရောဂါလက္ခဏာတွေ ရှိနေတယ်ဆိုရင် အခြားသူတွေ မကူးစက်အောင် အိမ်မှာပဲ တတ်နိုင်သမျှနေပါ။ ကိုဗစ်ကို အတူတိုက်ထုတ်ကြပါစို့။



ကြေးမုံ
ဩဂုတ် ၁၊ ၂၀၁၂

# စွယ်စုံရစာပေပညာရှင် ပင်ကိုရေးစာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း

ရွှေကျော်(စာပေဗိမာန်)



(ယမန်နေ့မှအဆက်)

ဆရာကြီးရေးသားခဲ့သော ဂန္ထဝင်မြောက်စာအုပ်များ အနက်မှ –

**နီရဲသော ဗိုလ်ဥတ္တမ**

ထိုစာအုပ်သည် ၁၈၈၅ ခုနှစ်အလွန်တွင် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး အတွက် သမိုင်းတွင် ထင်ရှားသည့် ဗိုလ်ဥတ္တမ အကြောင်း ဖွဲ့ဆိုထားသော်လည်း အခြားသော ဇာတ်ကောင်များစွာအကြောင်း ကဏ္ဍအလိုက် ဝေဝေဆာဆာ ဖွဲ့ဆိုထားသည်။ ခုနှစ်သက္ကရာဇ် ပြည့်စုံစွာ နေရာဒေသအတိအကျဖြင့် သမိုင်းနောက်ခံ လက်နက်ကိုင်ကျူးကျော်စစ်ပွဲများအကြောင်း ရေးဖွဲ့ထားသည်။ နီရဲသောဗိုလ်ဥတ္တမဆိုသည့်အတိုင်း နောက်ဆုံးအချိန်အထိ ကျူးကျော်စစ်ကို အညံ့မခံ အသက်ပေးကာ အဆုံးစီရင်ခဲ့သည်ကို ဖတ်ရှုရသော အခါ မျိုးချစ်စိတ်ဓာတ်ပြင်းထန်လာကာ မခံမရပ်နိုင်ဖြစ်လာအောင်ပင် ဇာတ်လမ်းရေးဖွဲ့ထားသည်။ ဤဝတ္ထုသည် ၁၉၇၀ ပြည့်နှစ် အောက်တိုဘာလတွင် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့်ဝတ္ထုဖြစ်သည်။

**ဂဠုန်ဆရာစံ**

ဤဝတ္ထုကို ရေးသားရာတွင် အပင်ပန်းဆုံးဖြစ်သည်ဟု ဆရာကြီးက မှတ်ချက်ပြုထားသည့်အတိုင်း ဖတ်ရှုရသည့် ကျွန်ုပ်တို့စာဖတ်သူများအတွက် များစွာ အကျိုးကျေးဇူးများလှပါသည်။ နယ်ချဲ့တော်လှန်ရေးကြီးကို စတင်အုတ်မြစ်ချပြီး မီးမောင်းထိုးပေးခဲ့သော လယ်သမားသူပုန်တော်လှန်ရေးကြီး၏ နယ်ချဲ့ခေါင်းဆောင်ကြီး ဆရာစံနှင့် ၎င်း၏ရဲဘော်ရဲဘက်များအကြောင်းကို ခရေစေ့တွင်းကျ သိရှိခဲ့ရသည်။ တစ်မျိုးသားလုံး၏ ဝံသာနုစိတ်ဓာတ်၊ မတရားညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခံရမှုများ၊ သူ့ကျွန်ဘဝက လွတ်မြောက်အောင် အသက်ပေး၍ တိုက်ပွဲဝင်ခဲ့သူများကို ကွင်းကွင်းကွက်ကွက် သရုပ်ကိုပါ မြင်တွေ့ဖတ်ရှုရသောအခါ အလွန်ပင် မျက်ရည်မဆည်နိုင်ဖြစ်ခဲ့ရသည်။ ထို့ပြင် နောက်ခံသမိုင်း၊ နေရာဒေသ အသေးစိတ်တို့ကို ပြည့်စုံစွာ ရေးဖွဲ့ထားသဖြင့် နောင်လာနောက်သား စာဖတ်ပရိသတ်များအတွက် များစွာအကျိုးကျေးဇူးဖြစ်စေပါသည်။ နယ်ချဲ့ကျူးကျော်မှုကို ရွံမုန်းစက်ဆုပ်ကာ တောင်ပေါ်မြေပြန့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၏ အရေးပါပုံကို မျက်ဝါးထင်ထင်တွေ့ရှိရပြီး မျိုးချစ်စိတ် ထက်သန်စေပါသည်။

**ကိုဆေးရိုးဝတ္ထုတို (၁၁) တွဲ**

ပုဂံပုံနှိပ်တိုက်၏ နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ထုတ်ဝေခဲ့သော ဆရာကြီး၏ ကိုဆေးရိုး အတွဲ-၁ မှ ၁၁ အထိ ဝတ္ထုတိုပေါင်းချုပ်စာအုပ်တွင် ဆရာကြီး မှတ်ချက်ပြုထားသည်မှာ ‘ဤမျှလောက်များပြားသော ဝတ္ထုတိုများကို ရေးခဲ့သူမှာ မိမိမှဟုတ်ပါလေစဟု ကိုယ့်ကိုယ်ကိုယ် အံ့ဩရမိကြောင်း’ ရေးသားထားသည်။ ဆရာကြီးသည် အများနှင့်မတူ တစ်မူထူးခြားသည်မှာ စဉ်ဆက်မပြတ် မြောက်မြားသော စာပေအမျိုးအစားစုံလင်စွာကို ရေးသားနိုင်သူဖြစ်သည်။ ထို့ပြင် ထိုကဲ့သို့များပြားသော ကိုဆေးရိုးဝတ္ထုတိုများကို သန္ဓေတည်ခဲ့ရာနေရာဖြစ်သော သွေးသောက် မဂ္ဂဇင်းကို ကျေးဇူးတင်ကြောင်း ပြောကြားထားပြီး ပုဂံစာအုပ်တိုက်က ပထမတွဲမှ ဧကဒသမတွဲအထိ ထုတ်ဝေပြီးသော အတွဲအားလုံးကိုစုပေါင်း၍ ကိုဆေးရိုးပေါင်းချုပ်ကြီးကို နှစ်ပတ်လည်အထူးထုတ်အဖြစ် ၂၀၀၉ ခုနှစ်တွင် တစုတစည်းတည်း ထုတ်ဝေခဲ့ခြင်းကိုလည်း ကျေးဇူးတင်ကြောင်းပြောကြားထားသည်ကို ဖတ်ရှုမှတ်သားရပါသည်။ ထိုဝတ္ထုတွဲကြီးတွင် မြန်မာလူမျိုးတို့၏ မှန်ကန်ကောင်းမွန်သော ဓလေ့ထုံးစံများ မပျောက်ပျက်အောင်၊ အညာဒေသ၏ လူမှုဘဝတို့ကို သရုပ်မှန်ပေါ်လွင်အောင် ဇာတ်ကောင်အမည်များမှအစ ပြောစကားများပါမကျန် ဇာတ်ကောင်များ၏စရိုက်များကို ကွက်ကွက်ကွင်းကွင်း သရုပ်ဖော်ထားပြီး ခေတ်နှင့်လျော်ညီအောင် ပုံဖော်ထားသည်။

**နေမင်းတစ်ထောင် ဝတ္ထုရှည် (၈) တွဲ**


အတွဲ (၁) မှ အတွဲ (၈) အထိ ထိုဝတ္ထုရှည်ကြီးမှာ ကုန်းဘောင်မင်းဆက် ဆဋ္ဌမမင်း (ပုဂံမင်း) လက်ထက်မှ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအထိ သမိုင်းကြောင်း တစ်လျှောက်လုံး ရေးသားထားသည်။ သမိုင်းဝင် ဝတ္ထုရှည်ကြီး ဖြစ်သည်။ မည်မျှသက်တမ်းကြာသည်ဆိုသော် နှစ်ပေါင်းရာကျော်ကြာမြင့်သည်။ ပဒေသရာဇ်မင်းငါးဆက်ခေတ်၊ ကျွန်ခေတ်၊ စစ်အတွင်း ဖက်ဆစ်ခေတ်၊ လွတ်လပ်ရေးခေတ်၊ ပြည်တွင်းစစ်ခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တို့ကို ဖြတ်သန်းရေးသားထားရာ အမျိုးသားစိတ် အမျိုးသားအားမာန်ကို အဖေမှသား၊ သားမှမြေး၊ မြေးမှမြစ်၊ မြစ်မှတီအထိ လက်ဆင့်ကမ်းနိုင်ကြောင်း စာဖတ်ပရိသတ်အနေဖြင့် ခံစားသိရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် စာရေးသူ၏ အမှာစာပါအတိုင်း ‘မြန်မာ့စာပေအပိုင်းတွင် ဤဝတ္ထုရှည်ကြီးသည် ဆရာမကြီး (ဒေါ်) ဒဂုန်ခင်ခင်လေး၏ ‘စာဆိုတော်’ ဝတ္ထု ပြီးလျှင် ဒုတိယအရှည်ဆုံး မြန်မာဝတ္ထုရှည်ဟူ၍ သတ်မှတ်လျှင် ရနိုင်၏လား’ ဟု ဆိုထားပါသည်။


စာရေးသူ ဆရာကြီးသည် နေမင်းတစ်ထောင် ဝတ္ထုကြီးကို ၁၉၉၃ ခုနှစ်တွင် စတင်ရေးသားခဲ့ရာ ၁၂ နှစ်တာကာလကြာ ၂၀၀၅ ခုနှစ်တွင် အပြီးသတ်ခဲ့သည်ဟု မှတ်သားရသည်။ ပုဂံပုံနှိပ်တိုက်မှ ထုတ်ဝေသော ပေါင်းချုပ်စာအုပ်၏ နိဂုံးချုပ်အမှာစာ၌ ဆရာကြီးက ‘စည်းလုံးခြင်း၊ ချစ်ခင်ညီညွတ်ခြင်းတို့သည် အေးမြသာယာသော သုခချမ်းသာကိုပေးသည်နှင့်အမျှ စည်းလုံးမှုပျက်ပြားခြင်း၊ မချစ်ခင်မညီညွတ်ခြင်းတို့သည် ဆိုးရွားလှ၏၊ ပူလောင်လှ၏၊ နေမင်းတစ်ထောင်၏အပူအလျှံထက်ပင်ဆိုးရွားပြင်းထန်၏ဟု ပြောလိုသောကြောင့် ဤဝတ္ထုကြီးကို “နေမင်းတစ်ထောင်” ဟု အမည်ပေးခဲ့ကြောင်း’ ပြောကြားထားသည်။


ဆရာကြီးထီလာစစ်သူကလည်း ‘ဤဝတ္ထုကြီးသည် မြန်မာနိုင်ငံသို့ ကျူးကျော်စော်ကား နယ်ချဲ့သူများအား တိုက်ခိုက်ရေး၊ နယ်ချဲ့သမားများနှင့် နယ်ချဲ့စနစ်ကို ဆန့်ကျင်တွန်းလှန်ရေး၊ ဖက်ဆစ်ကို ဆန့်ကျင်ရေး၊ နိုင်ငံတော်လွတ်လပ်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ အမျိုးသားလွတ်မြောက်ရေး အရေးတော်ပုံကြီးအကြောင်းတို့ကို ရည်ရွယ်ချက်ချမှတ်၍ တို့တာဝန်အရေးသုံးပါး၏ အဓိပ္ပာယ်အနှစ်သာရကို သမိုင်းနောက်ခံဖြစ်ရပ်များနှင့် ဖော်ကျူးဖွဲ့နွဲ့ထားသော ပင်ကိုရေးဝတ္ထုရှည်ကြီးပင် ဖြစ်သည်။ ဤဝတ္ထုရှည်ကြီးသည် စာပေအဆင့်အတန်းမြင့်မားလှသည့် ဝတ္ထုကြီးများထဲတွင် စာရင်းဝင်ဝတ္ထုရှည်ကြီး တစ်ပုဒ်လည်းဖြစ်သည်’ ဟု ရဲရဲဝံ့ဝံ့ မှတ်ချက်ပြုကြောင်း ဖတ်ရှုရပါသည်။

ထို့ပြင် ‘ဆရာကြီး၏ကိုဆေးရိုးဝတ္ထုတိုများသည် စာရေးဆရာကြီးမောင်ထင်၏ ကိုဒေါင်းဝတ္ထုများ၊ ဘဝတ္ထု၊ စာရေးဆရာကြီး သော်တာဆွေ၏ ဘဝဇာတ်အကြောင်းဝတ္ထုများ၊ စာရေးဆရာကြီး ကြယ်နီ၏ တံငါဝတ္ထုများကဲ့သို့ သရုပ်မှန်စာပေအမျိုးအစား (ဒိဋ္ဌဓမ္မ) ၌ ပါဝင်ရပ်တည်နေကြောင်း၊ ဆရာကြီး၏ ကြီးပြင်းရှင်သန်လာရသောဘဝ၊ မွေးဖွားနေထိုင်ရာ ကျေးရွာလူထုလောကတို့ကို စုတ်ချက်နိုင်နိုင်ဖြင့် ဘဝသရုပ်ဖော်ပန်းချီကားချပ်များကို ရေးခြယ်မှုန်းနိုင်စွမ်းရှိလေရာ ဘဝဝတ္ထုများ သရုပ်ဖော်ပုံ၊ သရုပ်သကန်တင်ပြပုံများမှာ ပြင်သစ်စာရေးဆရာကြီး မိုပါဆွန်း၏ အရေးအသား အဖွဲ့အနွဲ့နှင့် ဆင်ဆင်တူကြောင်း၊ ၁၉၆၀ ပြည့်လွန်နှစ်များနှင့် ၁၉၇၀ ပြည့်လွန်နှစ်များက ပညာရေးတက္ကသိုလ်များသို့ မတက်ရောက်ခင် မြန်မာစာပေ ကျွမ်းကျင်တတ်မြောက်မှုဖြင့် စာပေတံခွန် စိုက်ထူခဲ့ကြရာတွင် ဆရာကြီးတင့်စန်း၊ ဆရာကြီး ဦးသော်ဇင်၊ ဆရာကြီး လင်းယုန်သစ်လွင်၊ ဆရာကြီးငွေလင်း၊ ဆရာကြီး ရန်ကုန်ဘဆွေ၊ ဆရာကြီးဒွေးမောင်၊ ဆရာကြီး ပါရဂူတို့နှင့်အတူ ဆရာကြီး ဆင်ဖြူကျွန်း အောင်သိန်းလည်း ပါဝင်ကြောင်း၊ အဆိုပါ ပညာရေးတက္ကသိုလ်များ၌ မတက်ရောက်ဘဲ ဘဝတက္ကသိုလ်ကြီး၌ အတွေ့အကြုံများသင်ယူ၍ မြန်မာပင်ကိုအတွေးအမြင်၊ အယူအဆများကို ဦးနှောက်ထဲ၌ မြန်မာဝတ္ထုကြီးများ ရေးသားနိုင်ခြင်းကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ကြောင်း၊ ဆရာကြီး၏ ဦးနှောက်ထဲ၌ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အတွေးအခေါ်၊ မြန်မာအယူအဆ၊ မြန်မာစရိုက်၊ မြန်မာဓလေ့ထုံးစံတို့ဖြင့် ပြည့်လျှမ်းလျက်ရှိပြီး နှစ်ပေါင်း (၇၀) ကြာ မြန်မာစာပေလောက၌ ရပ်တည်နေနိုင်သူဖြစ်ကြောင်း’ ဆရာကြီးထီလာစစ်သူ၏ နေမင်းတစ်ထောင်ဝတ္ထုရှည်ကြီးအပေါ် ခံစားသုံးသပ်တင်ပြရာတွင် ဆရာကြီး ဆင်ဖြူကျွန်း အောင်သိန်းအကြောင်း ပြည့်စုံစွာ ချီးမွမ်းထောမနာပြုထားသည်ကို ကောက်နုတ်မှတ်သားရပါသည်။

**စာမျက်နှာ ၉ သို့** ☆






# ရန်ကုန်တိုင်းဒေသကြီး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ မြို့နယ်အလိုက် အချိုးကျဖြန့်ဝေပေးမည်

**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကာကွယ်ဆေးထိုးနှံမည့်အစီအစဉ်ကို ဩဂုတ်လဆန်းပိုင်း၌ စတင်ဆောင်ရွက်သွားမည်ဖြစ်ရာ မြို့နယ်များမှပြုစုထားသည့် လူဦးရေစာရင်းအပေါ်မူတည်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ဩဂုတ် ၂ ရက်မှစတင်ကာ မြို့နယ်အလိုက် အချိုးကျဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမင်းက ပြောသည်။

"ရရှိတဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ခွဲတမ်း နှစ်သန်းထဲမှာ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအတွက် ပထမအသုတ်ခွဲတမ်းရရှိတဲ့ ကာကွယ်ဆေးအရေအတွက်က သုံးသိန်းဆိုတော့ ကာကွယ်ဆေး နှစ်သန်းထဲက ၁၅ ရာခိုင်နှုန်းကို ရရှိထားတာ ဖြစ်ပါတယ်။ သက်ဆိုင်ရာမြို့နယ်တွေက ပြုစုထားတဲ့ လူဦးရေစာရင်းအပေါ် မူတည်ပြီး လာရောက်ထုတ်ယူတဲ့ မြို့နယ်အလိုက်ကို ခုလာမယ့် တနင်္လာနေ့ကနေ စတင်ပြီး အချိုးကျဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးဖို့ စုရပ်နေရာတွေကိုလည်း သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ကနေ သတ်မှတ်ပေးထားမှာဖြစ်ပါတယ်။ ခွဲတမ်းရရှိထားတဲ့ ကာကွယ်ဆေးတွေ အဆင်သင့်ရှိနေပါပြီ။ တနင်္လာနေ့ စတင်ဖြန့်ဝေပေးမယ် ဆိုပေမယ့် အချို့မြို့နယ်တွေက တနင်္ဂနွေနေ့ကတည်းက လာရောက်ထုတ်ယူတယ်ဆိုရင် ဖြန့်ဝေပေးမှာလည်း ဖြစ်ပါတယ်" ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမင်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ပေါင်း ၄၅ မြို့နယ်မှ အသက် ၆၅ နှစ်အထက်မိဘပြည်သူများ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများတွင် ရှေ့တန်းမှတာဝန်ထမ်းဆောင်နေကြသည့် ကာကွယ်ဆေးမထိုးရသေးသော ကျန်းမာရေးဝန်ထမ်းများနှင့် ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်နေသော ကာကွယ်ဆေး မထိုးရသေးသည့် စေတနာ့ဝန်ထမ်းများအား ကဏ္ဍအလိုက် ဦးစားပေး စတင်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ် စတင်သည့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မင်္ဂလာဒုံမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့၌ ဆေးထိုးရန် ကျန်ရှိနေသေးသော ကျန်းမာရေးဝန်ထမ်းများ၊ ကိုဗစ်ကုသရေးစင်တာများတွင် လုပ်အားပေးနေသည့် စေတနာ့ဝန်ထမ်းများနှင့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား ဇူလိုင် ၃၀ ရက်က ကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီး ယနေ့တွင်လည်း သန်လျင်မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့ရှိ ကျန်းမာရေးဝန်ထမ်းများ၊ ကိုဗစ်ကုသရေးစင်တာများတွင် လုပ်အားပေးနေသည့် စေတနာ့ဝန်ထမ်းများနှင့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။



ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးစဉ်။

**ပွင့်သစ္စာ**

# ကျောက်တန်းမြို့နယ်တွင် အိမ်သုံးဆေးဝါးများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အစီအစဉ်ဖြင့် ဝယ်ရင်းဈေးနှုန်းများအတိုင်း ဖြန့်ဖြူးရောင်းချပေး

**ကျောက်တန်း ဇူလိုင် ၃၁**

ယခုကာလတွင် ဖြစ်ပေါ်နေသောအခြေအနေများအရ ဆေးဆိုင်များပိတ်ထားခြင်း၊ အိမ်သုံးဆေးဝါးများ ဝယ်ယူ၍မရခြင်း၊ ဈေးနှုန်းများအဆမတန် ကြီးမြင့်ခြင်းများကြောင့် ပြည်သူများ ဆေးဝါးများဝယ်ယူရန် အခက်အခဲဖြစ်ပေါ်နေမှုများကို အထိုက်အလျောက် ဖြေရှင်းပေးနိုင်ရန်အတွက် ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆေးဝါးကုမ္ပဏီများနှင့်ချိတ်ဆက်ကာ အိမ်သုံးဆေးဝါးများ ဝယ်ယူပြီး ဝယ်ရင်းဈေးနှုန်းအတိုင်း ကျောက်တန်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပြည်သူများထံသို့ ယမန်နေ့က စတင်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ကျောက်တန်းမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၄ အုပ်စုရှိ ဒေသခံပြည်သူများ လိုအပ်လျက်ရှိသော အိမ်သုံးဆေးဝါးများဖြစ်သည့် Vitamin C (100 mg) တစ်ပြားလျှင် ငါးကျပ်၊ Vitamin D3 (25 mcg) တစ်လုံးလျှင် ငွေကျပ် ၇၀၊ Omega -3 (1000 mg)တစ်လုံးလျှင် ၉၅ ကျပ်၊ Paracetamol (500 mg) တစ်ပြားလျှင် ငွေကျပ် ၃၀ နှုန်း (ဝယ်ရင်းဈေးနှုန်း)ဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ အခုလိုကာလမှာ ဆေးဝါးဝယ်ယူဖို့ အခက်အခဲရှိနေတဲ့ ပြည်သူတွေကို အထိုက်အလျောက် ဖြေရှင်းပေးတဲ့အနေနဲ့ နောက်တစ်ခုက ကုသိုလ်ဖြစ်အနေနဲ့ပါ အခုလိုစီစဉ်လိုက်ခြင်း ဖြစ်ပါတယ်"ဟု မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းခန့်အောင်က ပြောသည်။

"ကျွန်မတို့အနေနဲ့ ဒီကာလမှာ ဆေးတွေဝယ်ရတာ အခက်အခဲရှိပါတယ်။ ငွေရှိရင်တောင် ဝယ်လို့မရတဲ့ အခြေအနေတွေလည်း ရှိပါတယ်။ တာဝန်ရှိလူကြီးတွေက အခုလိုစီစဉ်ပေးတော့ ဝမ်းသာပါတယ်။ ကျေးဇူးလည်း တင်ပါတယ်"ဟု ကုလားတန်းကျေးရွာမှ ပြည်သူတစ်ဦးက ပြောသည်။

အဆိုပါ အိမ်သုံးဆေးဝါးများဖြန့်ဖြူးရာတွင် Vitamin C(100 mg) ပြား ၂၇၀၀၀၊ Vitamin D3(25 mcg) အလုံး ၂၁၀၀၊ Omega-3 (1000 mg) အလုံး ၃၆၀၀၊ Paracetamol (500 mg) ပြား ၃၀၀၀၀ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**ကျောက်တန်း(ပြန်/ဆက်)**

☆ စာမျက်နှာ ၈ မှ

**မျိုးဆက်သစ်လူငယ်များအတွက် အမွေ**

အမှောင်ခွင်း၍ အလင်းဆောင်အံ့ (Light, where Darkness was) ဟူသည့် ဆောင်ပုဒ်ဖြင့် တည်ထောင်ခဲ့သော စာပေဗိမာန်ကြီး၏ စာတည်းဌာနတွင် ကျွန်မသည် အယ်ဒီတာအဖြစ် ကျရာကဏ္ဍမှ ထမ်းဆောင်ခွင့်ရသဖြင့် ဂုဏ်ယူဝမ်းမြောက်မိသည့်အပြင် ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်းကဲ့သို့ စာပေပညာရှင်ကြီးသည် စာရေးသားခြင်းသာမက မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များတွင် အယ်ဒီတာတာဝန်ကို ထမ်းဆောင်ခဲ့ကြောင်းသိရှိရ၍ မိမိ၏အသက်မွေးဝမ်းကျောင်းအလုပ်ကို ပို၍ ဂုဏ်ယူအားတက်လျက် စိတ်ဓာတ်ခွန်အားများ ဆတက်တိုးပွားလာခဲ့သည်။ ထို့ကြောင့် ဆရာကြီး ကွယ်လွန်ခြင်းမှာ စာပေလောကအတွက်သာမက မိမိကဲ့သို့ စာပေလေ့လာသူ လူငယ်လက်သစ်များအတွက်ပါ ဆုံးရှုံးနစ်နာမှုကြီးဖြစ်ခဲ့ကာ စွယ်စုံရပညာရှင်ဆရာကြီးထံ ရှိခိုးပူဇော်ခွင့်၊ ကိုယ်တိုင်တွေ့ဆုံခွင့်နှင့် ဆိုဆုံးမနာယူခွင့် မရရှိကြတော့ပေ။ သို့သော် ဆရာကြီးကို စံနမူနာယူ၍ ကြိုးစားရမည်ဖြစ်ပါသည်။

ဆရာကြီး၏ တန်ဖိုးအနဂ္ဃထိုက်တန်သော ရသစုံစာပေဟင်းလေးအိုးကြီးထဲမှ မြောက်မြားစွာသော အတတ်ပညာ၊ အသိပညာ၊ ဘာသာရေးဆိုင်ရာဗဟုသုတများ၊ အတွေးအခေါ်များသာမက မြန်မာ့သမိုင်းကြောင်းအရပ်ရပ်ကို နောက်ခံသမိုင်းအခိုင်အမာ ဖတ်ရှုမှတ်သားနိုင်သည့်အပြင် ဆရာကြီး လက်ဆင့်ကမ်းအမွေထားခဲ့သော သမိုင်းနောက်ခံ ရသဝတ္ထုများကို ဖတ်ရှုပြီး မျိုးချစ်စိတ် ဇာတိသွေးဇာတိမာန် ထက်သန်လာစေခဲ့ပါသည်။

အမျိုးသားစာပေ တစ်သက်တာဆုရှင် ဆရာကြီးသည် ထိုကဲ့သို့ ဝံသာနုစိတ်ကို အခြေတည်သော

## ဆရာကြီး၏ တန်ဖိုးအနဂ္ဃထိုက်တန်သော ရသစုံစာပေဟင်းလေးအိုးကြီးထဲမှ မြောက်မြားစွာသော အတတ်ပညာ၊ အသိပညာ၊ ဘာသာရေးဆိုင်ရာဗဟုသုတများ၊ အတွေးအခေါ်များသာမက မြန်မာ့သမိုင်းကြောင်းအရပ်ရပ်ကို နောက်ခံသမိုင်းအခိုင်အမာ ဖတ်ရှုမှတ်သားနိုင်သည့်အပြင် ဆရာကြီး လက်ဆင့်ကမ်းအမွေထားခဲ့သော သမိုင်းနောက်ခံ ရသဝတ္ထုများကို ဖတ်ရှုပြီး မျိုးချစ်စိတ် ဇာတိသွေးဇာတိမာန် ထက်သန်လာစေခဲ့။

မျိုးချစ်စိတ်ထက်သန်စေသည့် နိုင်ငံရေးစာပေများ၊ မိဘမေတ္တာဖော်ကျူးသည့် ဝတ္ထုတိုများ၊ ဗုဒ္ဓစာပေများ၊ ဓလေ့ထုံးတမ်းစဉ်လာများအကြောင်း ရေးဖွဲ့ထားသောစာပေများ၊ သရော်စာပေများ၊ လူငယ်ဘဝဇာတ်ကြောင်းများ၊ ဇာတိသွေးဇာတိမာန် တက်ကြွစေသောစာပေများ၊ ဂန္ထဝင်မြောက်ပင်ကိုရေးဝတ္ထုများနှင့် အညာဒေသနောက်ခံစာပေများ၊ ရိုးရာပုံပြင်များ စသည် စသည်တို့ကို ကဗျာ၊ ဆောင်းပါး၊ စကားပြေ၊ ပြဇာတ်၊ ဝတ္ထုတို၊ ဝတ္ထုရှည်တို့ဖြင့် စုံလင်စွာ ခြယ်မှုန်းရေးသားခဲ့သည့်နည်းတူ ၄-၇-၁၉၇၀ ရက်ထုတ် ရွှေသွေးဂျာနယ် အတွဲ-၂၊ အမှတ် ၂၇ တွင်လည်း ကလေးသူငယ်များ ငယ်ရွယ်စဉ်ကပင် မျိုးချစ်စိတ်ထက်သန်စေရန်အတွက် ပန်းချီ ဆရာဦးအေးတင် သရုပ်ဖော်ထားသော ဂဠုန် ဆရာစံ ဇာတ်လမ်းကာတွန်းကို ရေးဖွဲ့ခဲ့သည်။ ကလေးငယ်များ ငယ်စဉ်ကတည်းက စာဖတ်သည့်အလေ့အကျင့်ရလာစေရန်၊ ရသအတွေးများဖြင့် စိတ်ခွန်အားရရှိပြီး နှလုံးသားလေးများ ပြည့်ဝနူးညံ့လာစေရန်အတွက် ပုံပြင်များ၊ ဒဏ္ဍာရီများ စသည့် ကလေးစာပေများကို မပြတ်မလပ် ရေးသားခဲ့သည်။ ဂန္ထဝင်မြန်မာ့ရိုးရာဒဏ္ဍာရီများ၊ မြန်မာ့ရိုးရာပုံပြင်စာအုပ်များကို ဖတ်ရှု၍ မြန်မာ့ဓလေ့ရိုးရာများကိုလည်း မပျောက်ပျက်အောင် လက်ဆင့်ကမ်းပေးထားသည်။ ထို့ပြင် ကလောင်သွေးသူများ လေ့လာနိုင်ရန်အတွက် 'စာရေးနည်းလမ်းညွှန်' (ကလောင်စုံ) စာအုပ်တွင် လမ်းညွှန်များ ပို့ချပေးထားသည်ကို ဖတ်ရှုရပါသည်။ အရွယ်သုံးပါးစလုံးအတွက် စာပေအမျိုးအစားစုံ ရေးသားခဲ့သည်။ ဆရာကြီးသည် ထိုထိုသော စာပေမျိုးစုံ၊ လူနေမှုဘဝသရုပ်များ၊ သမိုင်းကြောင်းများကို ပိုင်နိုင်စွာ စုတ်ချက်ပီပီ ရေးသားနိုင်သည့် တစ်ဦးတည်းသော စွယ်စုံရစာရေးဆရာကြီး ဖြစ်ပေသည်။ ထို့ကြောင့် ကျွန်မသည် ဆရာကြီးအကြောင်းကို ရေးသားရန် မည်သို့ပင် မချင့်မရဲဖြစ်စေခဲ့ကာမူ ရေးသားခွင့်ရသည့်အတွက် အစဉ်မမေ့ ဂုဏ်ယူမဆုံးဖြစ်ရပါသည်။

**ကျေးဇူးပြုခွင့်ရခြင်း**

ယခုအခါ စာပေဗိမာန်ထုတ် စာကောင်းစာမွန်များကို ပြန်လည်ထုတ်ဝေရန် အစီအစဉ်ဖြင့် ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း၏ ကျေးလက်ရိုးရာမြန်မာမှုဓလေ့များစာအုပ်၊ ဆရာကြီး ပါဝင်ရေးသားထားသည့် ရိုးရာပုံပြင် စာပေစာတမ်းများ စာအုပ်နှင့် ဝတ္ထုတိုစာတမ်းများစာအုပ်တို့ကို ပြန်လည်ရိုက်နှိပ်ထုတ်ဝေကာ ဆရာကြီး၏ပညာအမွေကို လက်ဆင့်ကမ်းဝေမျှလျက် စာပေဗိမာန်မိသားစုက ဦးထိပ်ပန်ဆင် ကန်တော့လိုက်ရပါသည်။ ဆရာကြီးကို ကိုယ်တိုင်ကိုယ်ကျ ဂါရဝပြုခွင့်မရ လိုက်သော်လည်း ဆရာကြီး၏ အနုပညာစာပေ အမွေများကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုရေးသားလိုက်ရပါတော့သည်။ ။

**ရည်ညွှန်းကိုးကား**

၁။ မြန်မာစာပေအဘိဓာန် (မလိခ)
၂။ ကိုဆေးရိုးကို ဖန်တီးသူ၊ ဘဝသရုပ်ဖော် သက်တော်ရှည်စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း၊ စံတော်ချိန်သတင်းစာ၊ (၄-၇-၂၀၂၁) (ဆရာမောင်ခေတ်ထွန်း)
၃။ မြန်မာဝတ္ထုအညွှန်း (မလိခ)
၄။ စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း (၁၉၂၈-၂၀၂၁)၊ မြန်မာ့အလင်းသတင်းစာ (၁၆-၇-၂၀၂၁)
၅။ နှစ်ဆယ်ရာစု မြန်မာစာရေးဆရာများနှင့် စာစုစာရင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၀၀၃)
၆။ ၁၉၉၀၊ ၁၉၉၆၊ ၂၀၀၅ ခုနှစ်များအတွက် အမျိုးသားစာပေဆု လက်ကမ်းစာအုပ်များ
၇။ ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း ရေးသားခဲ့သော စာအုပ်များ
၈။ ဆရာ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၏ ကျွန်တော်နှင့် စာရေးဆရာများ၊ လူမှုကွန်ရက်စာမျက်နှာ (ကနောင်စက်မှုစီးပွားဂျာနယ်)
၉။ မှတ်တမ်းဓာတ်ပုံများကို အင်တာနက်စာမျက်နှာမှ အသုံးပြုထားခြင်းဖြစ်ပါသည်။

# အကြမ်းဖက်သမားဟူသည် ကာလဒေသမရွေးပါ

ပြည်ထောင်စုသားတစ်ဦး

၂၀၂၀ တိုကျို အိုလံပစ်အားကစားပွဲတော်ကြီးကို ဂျပန်နိုင်ငံက ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဆိုးကြီး ကြားထဲက မဖြစ်မနေကျင်းပနေပါတယ်။ ဂျပန်နိုင်ငံက အိုလံပစ်ပွဲတော်ကြီးကို လက်ခံကျင်းပတာ ယခုအကြိမ်အားဖြင့်ဆို နှစ်ကြိမ်မြောက်ရှိနေပါပြီ။

ပထမအကြိမ်ကို ၁၉၆၄ ခုနှစ်က ဂျပန်နိုင်ငံ တိုကျိုမြို့တော်မှာပဲ ပထမဦးဆုံး လက်ခံကျင်းပခဲ့ပြီး ထိုစဉ်က မြန်မာနိုင်ငံက လက်ဝှေ့၊ အလေးမ၊ ရေကူး၊ တာဝေးအပြေး၊ လမ်းလျှောက်နှင့် သေနတ်ပစ်ပြိုင်ပွဲတွေမှာ မြန်မာအားကစားအဖွဲ့ဝင် ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ယခုအကြိမ်မှာတော့ အားကစားသမားနှစ်ဦးပဲ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။

အားကစားသမားအရေအတွက် နည်းတာ၊ များတာက အကြောင်းမဟုတ်ပါဘူး။ ကမ္ဘာ့မိသားစုဝင်တွေအားလုံးနီးနီး ပါဝင်ဆင်နွှဲကြတဲ့ အိုလံပစ်အားကစားပွဲတော်ကြီးကို ကမ္ဘာ့မိသားစုစာရင်းဝင်တစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံကလည်း ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကြားထဲကနေ မဖြစ်မနေ ပါဝင်ဆင်နွှဲခဲ့ခြင်း ဖြစ်ပါတယ်။

အိုလံပစ်ဆိုတဲ့အမည်ဟာ ရှေးနှစ်ပေါင်း ၂၇၀၀ ကျော်ခန့်က ဂရိနိုင်ငံ အိုလံပီယာမြို့မှာ ဂရိလူမျိုးတို့ လေးနှစ်တစ်ကြိမ်ကျင်းပသောပွဲမှ အစပြုပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါတယ်။

ရှေးအထက်ကျော်ကာရီက ဂရိလူမျိုးတို့ဟာ စိတ်ဓာတ်ရွှင်လန်းတက်ကြွစေရန် ကိုယ်လက်ကျန်းမာသွက်လက်ရမယ်လို့ ယုံကြည်ကြသူများ ဖြစ်ပါတယ်။ သို့ကြောင့်မို့ သူတို့ဟာ ကစား ခုန်စားကို နှစ်နှစ်ခြိုက်ခြိုက် အလေးထားကြတယ်။ တပျော်တပါးကျင်းပတဲ့ စားသောက်ပွဲကြီးတွေ၊ နတ်ပူဇော်ပွဲတွေ၊ ယုတ်စွအဆုံး ဈာပနအခမ်းအနားတွေမှာတောင် ကစားခုန်စားပွဲကို ကျင်းပကြတယ်။ အထူးသဖြင့် ဇု(Zeus)နတ်မင်းကြီးအား ပူဇော်ပသ ဂုဏ်ပြုထောပနာတဲ့ကစားပွဲကို မပျက်မကွက် ကျင်းပကြတယ်။ ထိုကစားခုန်စားပွဲတော်ကား တစ်နည်းအားဖြင့် အိုလံပစ်ပွဲတော်ပဲဖြစ်တယ်။ ဂရိပုံပြင်တစ်ခုမှာတော့ နတ်မင်းကြီးဇုရဲ့သားတော်ဟာကျူလီလူသန်ကြီးနဲ့ အိုလံပစ်ပွဲတော် အစပြုခြင်းက ဆက်စပ်နေတယ်လို့ ဆိုတယ်။

အိုလံပစ်ပွဲတော်ရဲ့ မာရသွန်အပြေးပြိုင်ပွဲကလည်း သမိုင်းအစဉ်အလာ ကြီးမားခဲ့တယ်။ ခရစ်မပေါ်မီအနှစ် ၄၉၀ ခန့်က စစ်အောင်ပွဲသတင်းကို အေသင်မြို့သူ မြို့သားများ အမြန်ဆုံးသိရှိစေရန် ၂၆ မိုင်ခရီးအား မရပ်မနားအပြေးသွားပြီး သတင်းပါးရင်း အမောဆို့သေဆုံးသွားရှာတဲ့ အိုလံပစ်ချန်ပီယံကြီး ဖေးဒစ်ပီးဒိ (Phedippides) ကို ဂုဏ်ပြုတဲ့အနေနဲ့ ခေတ်သစ်အိုလံပစ်ပွဲတော်မှာ ထည့်သွင်းကျင်းပပေးခဲ့ခြင်း ဖြစ်တယ်။

ပထမအကြိမ်အိုလံပစ်ပွဲတော်ကို ၁၈၉၆ ခုနှစ် မတ် ၂၅ ရက်မှာ မူလအိုလံပစ်ပွဲများ ကျင်းပရာ ဂရိနိုင်ငံ အေသင်မြို့၌ စတင်ကျင်းပခဲ့တယ်။ ပြင်သစ်နိုင်ငံသား ဗဲရွန်ပီယဲကူဗာတင်ရဲ့ ကြိုးပမ်းစွမ်းဆောင်နိုင်မှုကြောင့် နှစ်ပေါင်း ၁၅၀၀ ကျော်တိုင်တိုင် တိမ်မြုပ်ပျောက်ကွယ်နေခဲ့တဲ့ အိုလံပစ်ပွဲတော်ဟာ ပြန်လည်ပေါ်ထွန်းခွင့်ရခဲ့ခြင်း ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီကိုလည်း ၁၈၉၄ ခုနှစ် ဇွန် ၂၃ ရက်မှာ စတင်ထူထောင်နိုင်ခဲ့ပြီး ခေတ်သစ်အိုလံပစ်စည်းမျဉ်းတွေ ပြဋ္ဌာန်းနိုင်ခဲ့တယ်။

အဖြူခံအပေါ်မှာ အပြာရောင်၊ အဝါရောင်၊ အနက်ရောင်၊ အစိမ်းရောင်နဲ့ အနီရောင်စက်ဝိုင်းကွင်း ငါးကွင်းဆက်ပါ အိုလံပစ်အလံကိုလည်း ရေးဆွဲသတ်မှတ်ခဲ့ကြတယ်။ စက်ဝိုင်း ငါးကွင်းဆက်နေခြင်းရဲ့ သဘောလက္ခဏာကတော့ တိုက်ကြီး ငါးတိုက်ရဲ့ စည်းလုံး ညီညွတ်မှုပြယုဂ်ကို ရည်ရွယ်ပြသခြင်း ဖြစ်တယ်။

ခေတ်သစ်အိုလံပစ်ပွဲတော်ကို ဖော်ဆောင်သူ ကူဗာတင်က "အိုလံပစ်ပွဲတော် ကျင်းပပေးခြင်းအားဖြင့် ငြိမ်းချမ်းရေးကို ရှေးရှုနိုင်စေတယ်။ ကမ္ဘာကြီးငြိမ်းချမ်းမှုရရှိအောင် ဆောင်ရွက်နိုင်ပေတယ်"လို့ ဆိုခဲ့တယ်။

သို့ဆိုလင့်ကစား ငြိမ်းချမ်းရေးကို ရှေးရှုပြီး ခေတ်သစ်အိုလံပစ်ပွဲတော် ကျင်းပနိုင်ရေးအတွက် စွမ်းဆောင်ကြိုးပမ်းခဲ့တဲ့ ကူဗာတင်ရဲ့ အတွေးအခေါ် အယူအဆဟာ ၁၉၇၂ ခုနှစ် ဂျာမနီနိုင်ငံ၌ ကျင်းပတဲ့ မြူးနစ်အိုလံပစ် အားကစားပွဲတော် ကျင်းပဆဲအချိန်မှာတော့ ညစ်ထေးသွားခဲ့ရတယ်။

ဂျာမနီပြည်သူတွေနဲ့ ကမ္ဘာ့မိသားစုအဖွဲ့ဝင်တွေ ခင်မင်ရင်းနှီးမှုအပြည့်ဖြင့် ငြိမ်းချမ်းရေးကို ရှေးရှုကျင်းပနေတဲ့ အိုလံပစ်ပွဲတော် ၁၁ ရက်မြောက်နေ့မှာ ပါလက်စတိုင်းအကြမ်းဖက်သမား ရှစ်ဦးရဲ့လက်ချက်ကြောင့် မြူးနစ်အိုလံပစ်ပွဲတော်ဟာ သွေးစွန်းသွားခဲ့ရတယ်။

၁၉၇၂ ခုနှစ် စက်တင်ဘာ ၅ ရက် အရုဏ်မတက်မီအချိန်မှာ သူတို့ဟာ မြူးနစ်အိုလံပစ်အားကစားရွာထဲကို ဝင်ရောက်လာကြတယ်။ အားကစားပစ္စည်းများ ထည့်ထားတဲ့ အိတ်ထဲမှာ စက်သေနတ်များနဲ့ လက်ပစ်ဗုံးတွေကို ဝှက်ပြီး ယူဆောင်လာခဲ့ကြတယ်။ ပါလက်စတိုင်းအကြမ်းဖက်သမားရှစ်ဦးဟာ အစ္စရေးအားကစားသမားတွေ နေထိုင်ရာ ဒုတိယထပ်ရှိအခန်းသို့ တက်သွားပြီး တံခါးခေါက်လိုက်ကြတယ်။

စက်သေနတ်ပစ်သံတွေနဲ့အတူ အသက် ၃၃ နှစ်ရှိ သုံးလသားကလေးငယ်ရဲ့ဖခင် အားကစားသမား ဝိန်းဘတ်ဟာ လဲကျသေဆုံးခဲ့ပြီး ရိုမာနိုဟာ ပြင်းထန်စွာ ဒဏ်ရာရသွားခဲ့တယ်။ နပန်းနဲ့ အလေးမအဖွဲ့က လူသန်ကြီးများဟာ ပြတင်းပေါက်တံခါးကိုဖျက်ပြီး ထွက်ပြေးနိုင်ခဲ့ကြလို့ အားကစားသမားအချို့ လွတ်မြောက်သွားခဲ့ကြပေမယ့် ကျန်အားကစားအဖွဲ့ဝင် ကိုးဦးကတော့ အကြမ်းဖက်သမားတွေရဲ့ဖမ်းဆီးမှုကို ခံလိုက်ရတယ်။

ချက်ချင်းဆိုသလို အကြမ်းဖက်သမားပြောက်ကျားတွေဟာ ရာဇသံတစ်ရပ်ကို ထုတ်ပြန်ခဲ့ကြတယ်။ သူတို့တောင်းဆိုချက်က အစ္စရေးတို့ လက်ထဲမှာ အကျဉ်းကျနေတဲ့ ပါလက်စတိုင်း ပြောက်ကျား ၂၀၀ ကို လွှတ်ပေးရန်နဲ့ သူတို့ကို လုံခြုံစွာ ပြန်လည်ပို့ပေးရန် ဖြစ်တယ်။

ထိုစဉ်က ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ (အနောက်ဂျာမနီ)ဝန်ကြီးချုပ် ဝီလီဘရန့်ဟာ ဘွန်းမြို့ကနေ မြူးနစ်သို့ ချက်ချင်းရောက်လာပြီး အဖမ်းခံရသူတွေ လွှတ်မြောက်ရေးအတွက် နိုင်ငံရေးအရ ဖြေရှင်းရန် အားထုတ်ခဲ့တယ်။ သို့ပေမယ့် ပါလက်စတိုင်း အကြမ်းဖက်သမားတွေက ကမ်းလှမ်းချက်ဟာ တိကျတဲ့သတ်မှတ်ချက် မရှိဘူးဆိုပြီး ချက်ချင်းငြင်းပယ်လိုက်တယ်။ သို့ကလိုကြောင့် ဂျာမနီအစိုးရတာဝန်ရှိသူတွေဟာ ဓားစာခံတွေ ပြန်လည်လွှတ်မြောက်ရေးအတွက် ကယ်ဆယ်ရေးအစီအစဉ်တွေကို စီစဉ်ဆောင်ရွက်ခဲ့ကြရတယ်။

သူတို့ရဲ့အစီအစဉ်က အကြမ်းဖက်သမားပြောက်ကျားတွေနဲ့ အဖမ်းခံအားကစားသမားတွေကို လေယာဉ်ကွင်းတစ်ခုသို့ ရဟတ်ယာဉ်နဲ့ ပို့သန်းစေပြီးနောက် လေယာဉ်ကွင်းမှနေ၍ ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ဖို့ ဖြစ်တယ်။ အကြမ်းဖက်သမားတွေ ရဟတ်ယာဉ်တွေပေါ်မှ ဆင်းပြီး ဂျက်လေယာဉ်သို့အကူးမှာ သေနတ်တွေနဲ့ ပစ်ခတ်တိုက်ခိုက်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။

ရဟတ်ယာဉ် သုံးစင်း လေယာဉ်ကွင်းသို့ ဆင်းသက်လာပါပြီ။ ပထမနှစ်စင်းမှာ အားကစားသမားတွေနဲ့ အကြမ်းဖက်သမားတွေ စီးနင်းလာတယ်။ နောက်တစ်စင်းမှာ စေ့စပ်ဆွေးနွေးသူတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေ ပါဝင်တယ်။ လက်ဖြောင့်သေနတ်သမား ငါးဦးက ရဟတ်ယာဉ်တွေ ဆင်းသက်နေရာနဲ့ ကိုက် ၁၅၀ ကွာတဲ့ မျှော်စင်အပေါ်မှာ အဆင်သင့်နေရာယူပြင်ဆင်ထားတယ်။

လက်ဖြောင့်သေနတ်သမားတွေဟာ အကြမ်းဖက်သမား လေးဦး မြေပြင်သို့ ရောက်ရှိချိန်မှာ စတင်ပစ်ခတ်ကြတယ်။ အကြမ်းဖက်သမား နှစ်ဦးကိုပဲ ပစ်သတ်နိုင်ပြီး ကျန်တစ်ဦးက ဒဏ်ရာရရှိသွားတယ်။ သေနတ်သံတွေ ခေတ္တတိတ်ဆိတ်သွားတယ်။ တစ်ခဏအတွင်းမှာပဲ သေနတ်သံတွေ ပြန်ထွက်ပေါ်လာပြီး အားကစားသမားအချို့ ထိခိုက်သေဆုံးသွားခဲ့ကြတယ်။ အားကစားသမား လေးဦးကတော့ ရဟတ်ယာဉ်အတွင်းကို အကြမ်းဖက်သမားတစ်ဦး ပစ်သွင်းလိုက်တဲ့ လက်ပစ်ဗုံးဒဏ်ကြောင့် မီးလောင် သေဆုံးသွားခဲ့ရှာတယ်။ ရဲတပ်ဖွဲ့ဝင်တွေဟာ အကြမ်းဖက်သမား ငါးဦးကို အသေပစ်ခတ်ရရှိပြီး သုံးဦးကို ဖမ်းဆီးရမိခဲ့တယ်။

၁၉ နာရီကြာ မြူးနစ်အိုလံပစ်အကြမ်းဖက်မှုဖြစ်စဉ်အပြီးမှာတော့ စုစုပေါင်း လူ ၁၇ ဦး သေဆုံးခဲ့ရတယ်။ အစ္စရေးအားကစားသမား ၁၁ ဦး၊ ပါလက်စတိုင်းအကြမ်းဖက်သမား ငါးဦးနဲ့ ဂျာမန်ရဲတပ်ဖွဲ့ဝင်တစ်ဦးတို့ပဲ ဖြစ်ပါတယ်။

အဆိုပါစိတ်မချမ်းမြေ့ဖွယ်ရာ မြူးနစ်အိုလံပစ်အကြမ်းဖက်မှုဖြစ်စဉ်ကို တစ်ကမ္ဘာလုံးက ရုပ်မြင်သံကြားကတစ်ဆင့် စောင့်ကြည့်ခဲ့ကြရတယ်။ ရဲတပ်ဖွဲ့ဝင်တွေက ကယ်ဆယ်ဖို့ ကြိုးပမ်းမှုတွေ၊ အဖမ်းခံရသူတွေ လွှတ်မြောက်သွားပြီဟူသည့် ဂျာမန်အာဏာပိုင်တို့၏ ကနဦးမရေမရာ ကြေညာခဲ့မှုတွေ၊ ထို့နောက်မှာ ဓားစာခံအားလုံး သေဆုံးသွားခဲ့ပြီဆိုသည့် ရင်နာဖွယ်သတင်းကို ကြားသိရတဲ့ အဆုံးဝယ် လူအားလုံး တုန်လှုပ်ချောက်ချားသွားခဲ့ကြတယ်။

အသက်ဆုံးရှုံးခဲ့ကြရတဲ့ အစ္စရေးအားကစားသမားများကို အစ္စရေးနိုင်ငံတော်အလံ ဖုံးလွှမ်းထားတဲ့ ခေါင်းတွေထဲထည့်ကာ တဲလ်အဗစ်မြို့သို့ ပြန်လည်သယ်ဆောင်သွားခဲ့ပါတယ်။ အကြမ်းဖက်သမားတွေရဲ့လက်ချက်ကြောင့် သေဆုံးသွားခဲ့ရရှာတဲ့ အားကစားသမားတွေထဲမှာ အိုဟိုင်းအိုမှာ မွေးဖွားခဲ့ပြီး မြူးနစ်အိုလံပစ်တွင် အစ္စရေးအားကစားအဖွဲ့ဝင်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ဖို့ လွန်ခဲ့တဲ့နှစ်ကမှ အစ္စရေးသို့ပြန်လာတဲ့ အသက် ၂၆ နှစ်အရွယ်ရှိ ဒေးဗစ်ဘားဂျား၊ လစ်ဗျားနိုင်ငံမှာမွေးဖွားခဲ့တဲ့ ရိုမာနို၊ ရိုမေးနီးယားမှာ မွေးဖွားခဲ့တဲ့ ဓားသိုင်းနည်းပြဆရာ အန်ဒရီစပစ်ဇာနဲ့ ဂုတ်ဖရမ်း၊ အားကစားသမားတွေထဲမှာ အသက်အငယ်ဆုံး အသက် ၁၈ နှစ်သာရှိသေးတဲ့ မတ်စလာဗင်တို့လည်း ပါဝင်သွားကြတယ်။

မတ်စလာဗင်ဟာ ဆိုဗီယက်ယူနီယံမှ လွန်ခဲ့တဲ့သုံးလကြာက ပြောင်းရွှေ့လာသူ ဖြစ်ပါတယ်။ **"ကျုပ်တို့အားလုံး အစ္စရေးကိုပြန်လာဖို့ သူကခေါ်တယ်။ ကျွန်တော့်တိုင်းပြည်ဖြစ်တဲ့ အစ္စရေးပြည်ရဲ့ဂုဏ်ကို မြှင့်တင်ပေးချင်တယ်လို့ သူအမြဲပြောပြခဲ့တယ်"**လို့ မတ်ရဲ့အဘိုးက ဆိုပါတယ်။

အစ္စရေးကျောင်းသားတစ်ဦးဖြစ်သူ အက်ရှာမာရှိယာက **"ပါလက်စတိုင်း အကြမ်းဖက်သမားတွေရဲ့ အကြမ်းဖက်တိုက်ခိုက်မှု မခံရအောင် ကျွန်တော်တို့ အမြဲမပြတ် သတိထားလေ့ရှိပါတယ်။ ဒါပေမဲ့ လွတ်လွတ်လပ်လပ် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကမ္ဘာ့နိုင်ငံအသီးသီးက လာရောက်ယှဉ်ပြိုင်ကြတဲ့ ဒီလိုပွဲမျိုးမှာ အခုလိုလုပ်လိမ့်မယ်လို့တော့ မထင်မိခဲ့ဘူး"**လို့ မချိတင်ကဲပြောကြားခဲ့ပါတယ်။

အကြမ်းဖက်သမားတို့ရဲ့ အကြံပက်စက်တဲ့ လုပ်ရပ်ကို အက်ရှာမာရှိယာ ထိုသို့မထင်မှတ်ခဲ့သလို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်မှာလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပင့်ဆောင်ပြီး ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူအတွင်း အပူဇော်ခံထားရှိတဲ့ ဗုဒ္ဓမြတ်စွယ်တော်ကို အကြမ်းဖက်သမားတွေက ဗုံးဖောက်ခွဲခဲ့တဲ့အတွက် အပြစ်မဲ့သူအချို့ ထိခိုက်သေဆုံးခဲ့ကြရတဲ့ မယုံနိုင်စရာ အကြမ်းဖက်မှုဖြစ်စဉ်တစ်ခု မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့ဖူးတယ်။

ပစ္စုပ္ပန် ကိုဗစ်-၁၉ ကပ်ရောဂါဘေးကြီးနဲ့ အများပြည်သူများ ရင်ဆိုင်ကြုံတွေ့နေဆဲအချိန်မှာလည်း အကြမ်းဖက်သမားတွေဟာ ဒေသအချို့မှာ အပြစ်မဲ့ပြည်သူတွေ၊ ရပ်မိရပ်ဖတွေကို ချောင်းမြောင်းလုပ်ကြံသတ်ဖြတ်နေကြဆဲပါ။ ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးအတွက် အများပြည်သူတွေကို နှာခေါင်းစည်းတွေ လိုက်လံဝေငှပေးနေတဲ့ အမျိုးသမီးတစ်ဦးကိုပင် သူလျှို၊ ဒလန်ဟု မဟုတ်တမ်းတရားစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ပါတယ်။ အကြမ်းဖက်သမားဟူသည် ကာလဒေသမရွေးပါတကား။ ။

**ကိုးကား - စိုးမြိုင်၏ အာရာဖတ်နှင့် ပါလက်စတိုင်း လွတ်မြောက်ရေးလှုပ်ရှားမှု။**

**ပစ္စုပ္ပန် ကိုဗစ်-၁၉ ကပ်ရောဂါဘေးကြီးနဲ့ အများပြည်သူများ ရင်ဆိုင်ကြုံတွေ့နေဆဲအချိန်မှာလည်း အကြမ်းဖက်သမားတွေဟာ ဒေသအချို့မှာ အပြစ်မဲ့ပြည်သူတွေ၊ ရပ်မိရပ်ဖတွေကို ချောင်းမြောင်းလုပ်ကြံသတ်ဖြတ်နေကြဆဲပါ။ ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးအတွက် အများပြည်သူတွေကို နှာခေါင်းစည်းတွေ လိုက်လံဝေငှပေးနေတဲ့ အမျိုးသမီးတစ်ဦးကိုပင် သူလျှို၊ ဒလန်ဟု မဟုတ်တမ်းတရား စွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ပါတယ်။ အကြမ်းဖက်သမားဟူသည် ကာလဒေသ မရွေးပါတကား**

# ကိုဗစ်မဖြစ်အောင် မိမိကိုယ်ကို ကာကွယ်ဖို့လိုသလို မိမိ မိသားစု၊ မိမိရပ်ကွက်၊ မိမိတို့ကျေးရွာ၊ မိမိတို့ပတ်ဝန်းကျင်ကို ကိုဗစ်ရောဂါမကူးစက်အောင် မိမိတို့ကစ ကာကွယ်ပေးကြပါလို့ ပြောကြားလိုပါတယ်

ဒေါက်တာသော်တာထက်

**စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမောင်စိုးနှင့် စစ်ကိုင်းခရိုင် ကျန်းမာရေးဦးစီးဌာန ဒုတိယခရိုင်ကျန်းမာရေးမှူး ဒေါက်တာသော်တာထက်တို့အား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသပေးနေမှုအခြေအနေများနှင့်ပတ်သက်၍ ဇူလိုင် ၂၈ ရက်တွင် တွေ့ဆုံမေးမြန်းထားပါသည်။**



ဦးကျော်စွာမောင်စိုး



ဒေါက်တာသော်တာထက်

**ဦးကျော်စွာမောင်စိုး**
**ဥက္ကဋ္ဌ၊ စစ်ကိုင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ**

**မေး။** ။ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးအတွက် ဆရာတို့ ကော်မတီက ဆောင်ရွက်နေတာတွေနဲ့ပတ်သက်ပြီး သိချင်ပါတယ်။

**ဖြေ။** ။ စစ်ကိုင်းမြို့နယ်ဟာ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ အဓိကဝင်ပေါက်ဖြစ်သလို မန္တလေးတိုင်းဒေသကြီးနဲ့လည်း ဆက်စပ်သွားလာနေတဲ့မြို့ဖြစ်တဲ့အတွက် ရောင်းဝယ်ဖောက်ကားမှု၊ ကူးလူးသွားလာမှု များပြားတာဖြစ်တဲ့အတွက် ရောဂါကူးစက်မှုများပြားပါတယ်။ ဒါကြောင့် စစ်ကိုင်းမြို့အဝင် ဧရာဝတီတံတား (ရတနာပုံ)ထိပ်မှာ ကိုဗစ် -၁၉ ရောဂါစစ်ဆေးရေးဂိတ်ထားရှိပြီး ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနဲ့ ကျန်းမာရေးစစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။

**မေး။** ။ စစ်ကိုင်းမြို့အဝင်မှာ လူတိုင်းကို စစ်ပေးတာလား၊ ဘာနဲ့စစ်ဆေးပေးတာလည်း သိပါရစေ။

**ဖြေ။** ။ စစ်ကိုင်းမြို့အဝင်ဂိတ် ဖြတ်လာသူတွေမှာ မြို့တွင်းက ပြည်သူတွေကိုတော့ နယ်ကျော်ကတ်တွေ ထုတ်ထားပေးတာရှိပါတယ်။ နယ်ကျော်ကတ်ပါမှသာ ဝင်ခွင့်ပြုတာဖြစ်ပါတယ်။ အခြားဒေသက ခရီးသွားပြည်သူတွေလာရောက်ရင် အများပြည်သူအကျိုးကို ရှေးရှုပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကိုယ်အပူချိန်တိုင်းတာခြင်း လုပ်ငန်းလမ်းညွှန်အတိုင်းဆောင်ရွက်ပြီး အပူချိန်မြင့်တက်လာပါကလည်းကောင်း၊ သံသယလက္ခဏာများတွေ့ရှိရပါကလည်းကောင်း လက်ချောင်းထိပ်တွင် Pluse Oximeters ဖြင့် သွေးတွင်းအောက်ဆီဂျင်တိုင်းတာခြင်းကို ဆောင်ရွက်ပါတယ်။

အောက်ဆီဂျင် ၉၂ ရာခိုင်နှုန်းအောက်ကျဆင်းနေရင်တော့ ခေတ္တနားနေစေပြီး ပြန်တိုင်းပါတယ်။ ၉၂ ရာခိုင်နှုန်းအောက်ဆက်ကျနေမယ်ဆိုရင်တော့ စစ်ကိုင်းမြို့ နှစ် (၇၀၀) ကွင်းကို သွားရောက်စေပြီး RDT နဲ့ စစ်ဆေးဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဆေးစစ်ကုန်ကျစရိတ်ကိုတော့ သတ်မှတ်နှုန်းထားအတိုင်း ကာယကံရှင်က ပေးဆောင်ရမှာဖြစ်ပါတယ်။ နောက်ကုန်တင်ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေကိုလည်း ကျန်းမာရေးဌာနက သုံးရက်အတွင်းထုတ်ထားပေးတဲ့ ထောက်ခံစာပါမှသာ ဖြတ်သန်းသွားလာခွင့်ပြုထားပါတယ်။ Stay Home မြို့နယ်တွေက လာသူတွေကိုတော့ ဖြတ်သန်းသွားလာခွင့်မပြုထားပါဘူး။ မဖြစ်မနေသွားမယ်၊ လာမယ်ဆိုရင်လည်း သက်ဆိုင်ရာ Quarantine Center တွေမှာ ၁၀ ရက် နေခိုင်းပါတယ်။

**မေး။** ။ ကိုဗစ် -၁၉ ရောဂါ ပိုးတွေ့လူနာနဲ့ သံသယလူနာတွေကို ထားရှိဖို့ ဆောင်ရွက်နေတဲ့အခြေအနေကိုလည်း ပြောပြပေးပါ။

**ဖြေ။** ။ စစ်ကိုင်းမြို့နယ်မှာ တတိယလှိုင်းအနေနဲ့ ၂၇-၅-၂၀၂၁ ရက်နေ့မှာ ဆေးရုံတက်ရောက်လူနာကနေတစ်ဆင့် တွေ့ရှိခဲ့တာဖြစ်ပါတယ်။ တွေ့ရှိပြီးနောက်မှာတော့ လူနာစောင့်နဲ့ ဆက်စပ်လူတွေအားလုံးကို စစ်ဆေးခဲ့ရာမှာ ပိုးကူးစက်မှုတွေ စတင်ဖြစ်ပေါ်နေတာကို တွေ့ရှိခဲ့ရတာဖြစ်ပါတယ်။ မြို့နယ်အတွင်းမှာ ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံကနေ ပြန်ရောက်လာသူတွေနဲ့ မြို့တွင်းက သံသယလူနာတွေကို CBFQ ထားနိုင်ဖို့ စစ်ကိုင်းမြို့ နှစ်(၇၀၀) အားကစားကွင်းအတွင်းက အားကစားရုံတွေမှာ စီစဉ်ထားပါတယ်။ လူဦးရေ ၁၀၀ ခန့် ဝင်ဆံ့ပါတယ်။ နှစ် (၇၀၀)ကွင်းကို မလာရောက်နိုင်တဲ့ ကျေးရွာကပြည်သူတွေအတွက် ကျေးလက်ကျန်းမာရေးဌာနတွေနဲ့ ညှိနှိုင်းပြီး ကျေးရွာအုပ်စု ၆၀ မှာ လူဦးရေ ၂၀ နဲ့ ၃၀ ကြား ဝင်ဆံ့နိုင်တဲ့ Quarantine Center တွေကို စီစဉ်ဆောင်ရွက်ထားပါတယ်။ ပိုးတွေ့လူနာတွေကိုတော့ ခုတင်- ၂၀၀ ဆံ့ ဆေးရုံကြီးကို ပို့ဆောင်ပေးပါတယ်။

**မေး။** ။ ခုတင်- ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးမှာ Positive လူနာအရေအတွက် ဘယ်လောက်ထားနိုင်ပါသလဲ။

**ဖြေ။** ။ စစ်ကိုင်းမြို့ ခုတင်- ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးမှာတော့ Positive လူနာ ၆၅ ဦး ထားရှိနိုင်ပါတယ်။ စစ်ကိုင်းမြို့ ပညာရေးဒီဂရီကောလိပ်မှာ ၂၂၄ ခုတင်ဆံ့ ကိုဗစ် Main Treatment Center ကို ရေ၊ မီး၊ မိလ္လာ၊ ဆက်သွယ်ရန်ဖုန်း၊ လူနာတွေကို စောင့်ကြည့်နိုင်ဖို့ CCTV တွေ တပ်ဆင်ထားပါတယ်။ ဒ့ါအပြင် ဆားတောင်တိုက်နယ် ဆေးရုံမှာလည်း ခုတင်- ၅၀ ဆံ့နဲ့ နှစ် (၇၀၀) အားကစားကွင်းကြီးအတွင်းမှာလည်း ခုတင်-၄၀ ဆံ့ သီးခြားအဆောင်တွေ စီစဉ်ထားရှိပြီးဖြစ်ပါတယ်။

**မေး။** ။ ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့တဲ့ အခြေအနေနဲ့ ဆက်လက်ထိုးနှံပေးမယ့်အခြေအနေကိုလည်း ဖြေကြားပေးပါ။

**ဖြေ။** ။ စစ်ကိုင်းမြို့နယ်အတွင်းမှာ ကာကွယ်ဆေးနှစ်ကြိမ်ထိုးခဲ့ပြီးပါပြီ။ ပထမအကြိမ်က အိန္ဒိယနိုင်ငံကထုတ်လုပ်တဲ့ Covishield ဆေးတစ်မျိုးဖြစ်ပါတယ်။ ဒုတိယအကြိမ်ကတော့ တရုတ်နိုင်ငံထုတ် Sinopharm ဆေးမျိုးဖြစ်ပါတယ်။ စုစုပေါင်းလူဦးရေ ၈၈၆၅ ဦး ထိုးနှံပြီးပါပြီ။ ဦးစားပေးအနေနဲ့ နိုင်ငံ့ဝန်ထမ်းများ၊ မိသားစုဝင်များ၊ သံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးတွေကို ထိုးနှံပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့ ဩဂုတ် ၁ ရက်မှာ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီး ၁၉၀၀၀ ကျော်နဲ့ သံဃာတော်များကို ဦးစားပေးထိုးနှံပေးသွားမှာဖြစ်ပါတယ်။ ဆေးထိုးနှံပေးမည့် အချိန်နဲ့ နေရာကို ရပ်ကွက်အလိုက် အချိန်မီကြေညာပေးသွားမှာဖြစ်ပါတယ်။

**ဒေါက်တာ သော်တာထက်**
**ဒုတိယခရိုင်ကျန်းမာရေးမှူး**
**စစ်ကိုင်းခရိုင် ကျန်းမာရေးဦးစီးဌာန**

**မေး။** ။ ကိုဗစ်ရောဂါ ကာကွယ်ရေးနဲ့ပတ်သက်ပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့ မြို့နယ်အတွင်းဆောင်ရွက်နေတာတွေကို ပြောပြပေးစေလိုပါတယ်။

**ဖြေ။** ။ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့ -(၁) စစ်ကိုင်းမြို့အဝင်မှာ မြို့နယ်အဆင့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအဖွဲ့တွေနဲ့ပူးပေါင်းပြီး ရောဂါစစ်ဆေးဆောင်ရွက်နေပါတယ်။ (၂) ကိုဗစ်ပိုးတွေ့လူနာနဲ့ ထိစပ်မိတဲ့၊ ထိစပ်ခဲ့တဲ့ လူတွေကို ရှာဖွေတယ်။ Quarantine ထားရှိတာတွေ လုပ်ပါတယ်။ သူတို့ကို ကိုဗစ် - ၁၉ ရောဂါ စစ်ဆေးတာတွေ လုပ်ပါတယ်။ (၃) ပြည်ပနိုင်ငံက ဝင်ရောက်လာသူတွေကို နှစ်(၇၀၀) အားကစားကွင်းမှာရှိတဲ့ Quarantine Center တွေမှာ ထားရှိပြီးတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါစစ်ဆေးတာတွေ လုပ်တယ်။ (၄) စစ်ကိုင်းမြို့နယ်မှာ နေထိုင်တဲ့ ကုမ္ပဏီယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေကို သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းပြီး တစ်ပတ်ကို နှစ်ကြိမ်(တနင်္လာ၊ ကြာသပတေးနေ့တွေမှာ) ရောဂါစစ်ဆေးတာတွေလုပ်တယ်။ ထောက်ခံချက်လုပ်ပေးတာတွေရှိပါတယ်။ (၅) အချုပ်သားတွေ၊ တရားခံအချုပ်သားတွေကိုလည်း ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးနေပါတယ်။

**မေး။** ။ လက်ရှိပိုးတွေ့လူနာတွေကို ဆောင်ရွက်ထားရှိမှုအခြေအနေ သိချင်ပါတယ်။

**ဖြေ။** ။ ပိုးတွေ့လူနာတွေကိုတော့ ခုတင်-၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးကို ပို့ပါတယ်။ နောက် စစ်ကိုင်းပညာရေးဒီဂရီကောလိပ်၊ ဆားတောင်တိုက်နယ်ဆေးရုံနဲ့ နှစ် (၇၀၀) ပြည်သူ့အားကစားကွင်းအတွင်းမှာရှိတဲ့ Main Treatment Center တွေမှာ ထားရှိဆောင်ရွက်ပါတယ်။ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကုသပေးလျက်ရှိပါတယ်။ ပိုးတွေ့လူနာများထဲမှ ရောဂါအခြေအနေဆိုးရွားသူများ၊ ရောဂါပြင်းထန်တဲ့ သက်ကြီးရွယ်အိုများနဲ့ အရေးကြီးစောင့်ရှောက်ဖို့လိုအပ်တဲ့လူနာများကို ခုတင်-၂၀၀ ဆံ့ ဆေးရုံကြီးမှာ ထားရှိကုသပေးပြီး ကျန်တဲ့ရောဂါအခြေအနေမပြင်းထန်တဲ့၊ အသက်ငယ်ရွယ်ပြီး ကိုယ်ခံအားကောင်းတဲ့ လူငယ်၊ လူရွယ်တွေကိုတော့ အခြား Treatment Center တွေမှာ ထားရှိကုသပေးပါတယ်။

**မေး။** ။ လူနာတွေအတွက် အောက်ဆီဂျင်လိုအပ်မှုတွေကို ဘယ်လိုစီမံဆောင်ရွက်ပေးနေပါသလဲ။

**ဖြေ။** ။ စစ်ကိုင်းမြို့နယ်မှာ အောက်ဆီဂျင်ဖြည့်ပေးနေတဲ့ ဆိုင်တစ်ဆိုင်ရှိပါတယ်။ နောက် ကြက်ခြေနီတပ်ဖွဲ့တွေနဲ့ သုခကာရီလူမှုရေးအသင်းအဖွဲ့တွေကလည်း လိုအပ်တဲ့ အောက်ဆီဂျင်တွေကို မန္တလေးမြို့မှာ သွားဖြည့်ပြီး ဆောင်ရွက်ပေးနေတာတွေရှိသလို ခုတင်-၂၀၀ ဆံ့ ဆေးရုံကြီးမှာလည်း Oxygen Plant ရှိပါတယ်။ အဲဒီကနေ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးအလုံး ၂၀ ထုတ်နိုင်ပါတယ်။ ဒီကနေထုတ်ပြီးတော့ အောက်ဆီဂျင်လိုအပ်သူတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။** ။ လက်ရှိ ပိုးတွေ့လူနာအခြေအနေနဲ့ ပြန်လည်ကျန်းမာလာမှု အခြေအနေကို သိပါရစေ။

**ဖြေ။** ။ တတိယလှိုင်းစဖြစ်ပြီး စစ်ကိုင်းမြို့နယ်မှာ ရောဂါပိုးစတင်တွေ့ရှိတဲ့ ၂၇-၅-၂၀၂၁ ရက်နေ့မှ ၂၈-၇-၂၀၂၁ ရက်နေ့ထိ ပိုးတွေ့လူနာစုစုပေါင်း ၁၁၄၉ ဦးရှိပါတယ်။ ရောဂါကင်းစင်ပြီး ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း ၄၄၂ ဦးရှိပါတယ်။ အခြားရောဂါအခံရှိပြီး အခြေအနေဆိုးတဲ့အတွက် သေဆုံးသူစုစုပေါင်း ၄၉ ဦး ရှိပါတယ်။

**မေး။** ။ ရောဂါသံသယရှိလာပြီဆိုရင်ဘယ်ကို ဆက်သွယ်ရမလဲ သိချင်ပါတယ်။

**ဖြေ။** ။ ဖျားနာလာမယ်၊ တုပ်ကွေးရာသီဖြစ်တဲ့အတွက် နှာစေး၊ ချောင်းဆိုး၊ အဖျားရောဂါ ကြာရှည်လာမယ်ဆိုရင် မိမိကိုယ်မိမိ ကိုဗစ်-၁၉ လို့ သံသယထားပြီး နေထိုင်သွားဖို့ လိုပါတယ်။ ရောဂါသံသယရှိလာပြီဆိုရင် သက်ဆိုင်ရာကိုသတင်းပို့ပြီး လာရောက်စစ်ဆေးလို့ရပါတယ်။ ကျေးရွာတွေမှာဆိုရင်လည်း သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေးဌာနတွေကို သတင်းပို့ပြီး စစ်ဆေးဆောင်ရွက်လို့ရပါတယ်။

**မေး။** ။ အခြားဖြည့်စွက် ပြောကြားလိုတာရှိရင် ပြောကြားပေးပါ။

**ဖြေ။** ။ ပြည်သူတွေအနေနဲ့ မိမိတို့ဘာသာ စစ်ဆေးပြီး ရောဂါဖြစ်ပေါ်လာပါကလည်း မိမိတို့အိမ်မှာပဲ အနည်းဆုံး ၁၇ ရက်တိတိ သီးသန့်နေထိုင်ဖို့အရေးကြီးပါတယ်။ ဒါမှသာ တခြားလူကိုမကူးစက်နိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုက သက်ဆိုင်ရာ ကျန်းမာရေးဌာနတွေကို အကြောင်းကြားပြီး ဆေးရုံတက်ရောက်ကုသဖို့လိုပါတယ်။ မိမိနဲ့ ထိစပ်တဲ့လူတွေကိုလည်း ဖော်ထုတ်ပေးဖို့လိုပါတယ်။ ဒါမှသာ ကိုဗစ် -၁၉ ရောဂါ ကူးစက်မှုကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ကျန်းမာရေးအသိ၊ သတိရှိကြဖို့ အရေးကြီးပါတယ်။ ကိုဗစ်မဖြစ်အောင် မိမိကိုယ်ကို ကာကွယ်ဖို့လိုသလို မိမိ မိသားစု၊ မိမိရပ်ကွက်၊ မိမိတို့ကျေးရွာ၊ မိမိတို့ပတ်ဝန်းကျင်ကို ကိုဗစ်ရောဂါ မကူးစက်အောင် မိမိတို့ကစ ကာကွယ်ပေးကြပါလို့ ပြောကြားလိုပါတယ်။

**တွေ့ဆုံမေးမြန်းသူ - အောင်အောင်ထွေး၊ ဟန်မျိုးကျော်**
**သတင်းဓာတ်ပုံ - ဇော်မြင့်နိုင်**

# ထိုင်းနိုင်ငံ၌ ခရီးသွားလုပ်ငန်းကို အောက်တိုဘာလအတွင်း ပြန်လည်စတင်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိ

**ဗန်ကောက် ဇူလိုင် ၃၁**

ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်လျက်ရှိသော်လည်း အောက်တိုဘာလအတွင်း နိုင်ငံ၏ခရီးသွားလုပ်ငန်းကို ပြန်လည်စတင်ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိကြောင်း ထိုင်းဒုတိယဝန်ကြီးချုပ် အာနုတင်ချာန်ဗီရာကူလ်က ယမန်နေ့တွင် ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသည့် နိုင်ငံခြားသားဧည့်သည်များအား ဖူးခက်ကမ်းခြေအပန်းဖြေစခန်းသို့ လာရောက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ထိုင်းဒုတိယဝန်ကြီးချုပ် အာနုတင်ချာန်ဗီရာကူလ်က ဆင်ဟွာသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောသည်။

ဗိုင်းရပ်စ်ကူးစက်မှုကို ထိန်းချုပ်ရန် ဖူးခက်ကမ်းခြေကို ဩဂုတ် ၃ ရက်မှ ၁၆ ရက်အထိ ယာယီပိတ်ထားကြောင်း သိရသည်။

ဗိုင်းရပ်စ်ကူးစက်မှုများ လျော့ကျရန် နိုင်ငံသားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ထိုးနှံမှုခံယူကြရန် ထိုင်းဒုတိယဝန်ကြီးချုပ် အာနုတင်ချာန်ဗီရာကူလ်က တိုက်တွန်းပြောကြားသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၉၁၂ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၉၇၂၈၇ ဦးရှိလာသည်။ အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၇၈ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူ ပေါင်း ၄၈၅၇ ဦးရှိလာသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**


ထိုင်းနိုင်ငံ ဖူးခက်ကမ်းခြေအား တွေ့ရစဉ်။

# Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ကမ္ဘောဒီးယားနိုင်ငံ ထပ်မံလက်ခံရရှိ

**ဖနောင်ပင် ဇူလိုင် ၃၁**

တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများတင်ဆောင်လာသည့် လေယာဉ်တစ်စင်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ မြို့တော် ဖနောင်ပင်သို့ ဇူလိုင် ၃၁ ရက်တွင် ထပ်မံရောက်ရှိလာခဲ့ခြင်းကြောင့် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို အရှိန်မြှင့်လုပ်ဆောင်မည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဖနောင်ပင် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ရောက်ရှိလာခြင်းကို ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ ယော့ခ်ဆမ်ဘက်သ်က ကြိုဆိုလက်ခံခဲ့ပြီး ယင်းကာကွယ်ဆေးများအား တရုတ်နိုင်ငံဆေးဝါးကုမ္ပဏီ Sinovac Biotech ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအဓိက အထောက်အပံ့ပေးသည့် နိုင်ငံဖြစ်ကြောင်း ယော့ခ်ဆမ်ဘက်သ်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ဇူလိုင် ၃၁ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၅၈ ဦးထပ်မံတွေ့ရှိခြင်းကြောင့် လက်ရှိတွင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၇၇၂၄၃ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၉၇ ဦးရှိလာကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၇၉၈ ဦး ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၆၉၉၉၆ ဦးအထိရှိလာကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**






# အာဂျင်တီးနားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၇၈၃ ဦးရှိ

**ဗျူနိုအေးရိစ် ဇူလိုင် ၃၁**

အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၇၈၃ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၉၁၉၄၀၈ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၇၄ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၀၅၅၈၆ ဦးရှိလာကြောင်း အာဂျင်တီးနားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အာဂျင်တီးနား ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၄၅၅၇၀၃၇ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာစုစုပေါင်း ၂၅၆၇၈၅ ဦးရှိကြောင်း သိရသည်။

အာဂျင်တီးနားနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ၃၁၇၈၄၁၃၉ လုံးအသုံးပြုပြီးဖြစ်ကြောင်း၊ လူဦးရေ ၂၄၉၁၉၀၅၃ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ် ထိုးနှံပြီးသူများဖြစ်ကြောင်းနှင့် ၆၈၆၅၀၈၆ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပြီးသူများဖြစ်ကြောင်း အာဂျင်တီးနားနိုင်ငံ ပြည်သူ့ကာကွယ်ဆေးထိုးနှံမှုစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

အာဂျင်တီးနားနိုင်ငံ၌ လက်ရှိတွင် နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည် မြင့်တက်လျက်ရှိခြင်းကြောင့် လူမှုဘဝခပ်ခွာခွာနေထိုင်ရေးစည်းမျဉ်းစည်းကမ်းများကို ဩဂုတ် ၆ ရက်အထိ တိုးမြှင့်ချမှတ်ထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# မလေးရှားနိုင်ငံ၌ ၁၇၇၈၆ ဦး ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရ

**ကွာလာလမ်ပူ ဇူလိုင် ၃၁**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၇၈၆ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါ ရောဂါကူးစက်ခံရသူပေါင်း ၁၁၁၃၂၇၂ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၆၅ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၉၀၂၄ ဦးရှိပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၁၇၁၈ ဦး ရောဂါမှ ပြန်လည်သက်သာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၉၁၄၆၃၉ ဦးရှိပြီဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၁၄၇ ဦး ထပ်မံတွေ့ရှိ

**မနီလာ ဇူလိုင် ၃၁**
ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၁၄၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၅၈၈၉၆၅ ဦးရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၆၇ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၇၈၈၉ ဦးရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၉၁၇၇ ဦး ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၁၅၀၀၁၈၉ ဦး ရှိလာသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း၌ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှု မြင့်မားလျက်ရှိကြောင်းနှင့် ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၁၆ ဦးရှိပြီး ရှစ်ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မနီလာမြို့၌ တင်းကျပ်သောဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းများကို ဩဂုတ် ၆ ရက်မှ ၂၀ ရက်အထိ ထပ်မံချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ လက်ရှိအချိန်အထိ ပြည်သူ ၁၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုပြုလုပ်ပြီးကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**





# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၁၆၄၉ ဦးရှိ

**နယူးဒေလီ ဇူလိုင် ၃၁**
အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၁၆၄၉ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၁၆၁၃၉၉၃ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၉၃ဦး ထပ်မံတွေ့ရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၂၃၈၁၀ ရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၃၇၂၉၁ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှပြန်လည်ကျန်းမာလာသူပေါင်း ၃၀၇၈၁၂၆၃ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာနက ပြောသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာ ၄၀၈၉၂၀ ရှိကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အာဖရိက၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၆ ဒသမ ၆၃ သန်းကျော်ရှိလာ

**အဒစ်အာဘာဘာ ဇူလိုင် ၃၁**
အာဖရိက၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၆၆၃၅၅၂ ဦး ရှိလာကြောင်း အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယနေ့ပြောသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၁၆၈၄၇၈ ဦးရှိပြီး ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း၅၈၁၃၅၄၀ ရှိကြောင်း သိရသည်။

အာဖရိကတိုက်ရှိ နိုင်ငံများအနက် တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီဂျစ်နှင့် အီသီယိုးပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုဒဏ်ကို ဆိုးရွားစွာခံစားနေရကြောင်း အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ဆိုသည်။

အာဖရိကတောင်ပိုင်းသည် ရောဂါကူးစက်မှု အများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ရောဂါကူးစက်မှု ဒုတိယအများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ရောဂါကူးစက်မှုအနည်းဆုံးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**





# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃ ဒသမ ၄ သန်းကျော်ရှိလာ

**ဂျကာတာ ဇူလိုင် ၃၁**
အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၇၂၈၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၄၀၉၆၅၈ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၈၀၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် သေဆုံးသူပေါင်း ၉၄၁၁၉ ဦး ရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၃၁ ရက်တွင် ပြောကြားသည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၃၉၃၇၂ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၂၇၇၀၀၉၂ ဦးရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ဇူလိုင် ၃၁ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၂၀ ဒသမ ၅၃ သန်းရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ်ထိုးနှံပြီးသူ ၄၇ ဒသမ ၂၂ သန်းရှိကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
|---|---|---|---|
| | ၁၉၈၁၆၅၉၀၄ ဦး | ၄၂၂၇၇၆၁ ဦး | ၁၇၉၀၄၁၅၅၀ ဦး |

# မြစ်ကြီးနားမြို့၌ ငွေကျပ် နှစ်ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၃၄ ဒသမ ၁ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၃၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ငွေကျပ် နှစ်ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၃၄ ဒသမ ၁ ကီလိုဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃၀ ရက် မွန်းလွဲ ၂ နာရီခန့်တွင် မြစ်ကြီးနားမြို့ တပ်ကုန်း (အင်ဂျန်ဒုံ) တောင်ရပ်ကွက် လမ်းသွယ်(၂) လမ်းနေ ထွန်းငြိမ်းဝင်း(၂၇)နှစ်၏ နေအိမ်ကို သတင်းအရရှာဖွေရာ ၎င်းနှင့်အတူ ကျော်မျိုးထွန်း (၂၃)နှစ်နှင့် မိုးကျော်သူ(၃၄)နှစ်တို့ သုံးဦးအား တွေ့ရှိပြီး နေအိမ်ခြံဝင်းအတွင်း ရပ်တန့်ထားသည့် CANTER အမျိုးအစား ကွန်တိန်နာယာဉ်နှင့် WISH အမျိုးအစား မော်တော်ယာဉ်နှစ်စီးတို့ကို စစ်ဆေးရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ် နှစ်ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၃၄ ဒသမ ၁ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိသော ဘိန်းဖြူများအား ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်မှ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



ထွန်းငြိမ်းဝင်း၊ ကျော်မျိုးထွန်းနှင့် မိုးကျော်သူတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# မြောက်ဦးခရိုင်အတွင်း ကျေးလက်အိမ်ရာ တည်ဆောက်နေမှုနှင့် ရေပေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**စစ်တွေ ဇူလိုင် ၃၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် ပေါက်တော (မြောက်)ကျေးရွာတွင် ကျေးလက်အိမ်ရာ ၁၀ လုံးကို မျိုးမြတ်ဟိန်းကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိပြီး ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ပေါက်တော(မြောက်)ကျေးရွာတွင် ကျေးလက်အိမ်ရာ တည်ဆောက်ခြင်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၈၈ ဒသမ ၄၂ သန်းဖြင့် တည်ဆောက်နေခြင်းဖြစ်ပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေး သတ်မှတ်စံချိန်စံညွှန်းကိုက်ညီရေးအတွက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ)ဦးအောင်မြတ်ဦးနှင့် ဝန်ထမ်းများက ဇူလိုင် ၂၉ ရက်က ကွင်းဆင်းစစ်ဆေးခြင်းဖြစ်သည်။

အလားတူ ကျောက်တော်မြို့နယ် ရွာမပြင်ကျေးရွာတွင် အိမ်တိုင်ရာရောက် ကျေးလက်ရေပေးရေးလုပ်ငန်းကို ဇီးချောင်းဆည်မှ ရေပိုက်သွယ်တန်းခြင်း ၁၇ မိုင် ၂ ဖာလုံကို သွယ်တန်းဆောက်ရွက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ ၎င်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုငွေကျပ် ၂၃၆ ဒသမ ၅၉၉ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းပြီးစီးပါက ကျေးရွာအတွင်းရှိ အိမ်ခြေ ၈၅၀ ကျော်၊ လူဦးရေ ၄၀၀၀ ကျော်ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။

ကိုထွန်း

# မိုင်းပျဉ်းနှင့် ကျိုင်းတုံမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၃၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် မိုင်းပျဉ်းမြို့နယ် တုံတာမြို့ ဖာဝေါကျေးရွာအုပ်စု ပန်တားလေကျေးရွာရှိ အိုက်လဲ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀၀ ကို လည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၈ နာရီခွဲတွင် ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ဂျိုးဖြူကျေးရွာအနီး ကျိုင်းတုံ-တာချီလိတ် ကားလမ်းတွင် ကျလား မောင်းနှင်ပြီး ဝေးလေ လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁၀၀၊ ဘိန်း ၁ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား




**မူးယစ်ကိုပစ် ပန်းတိုင်းသစ် စိတ်သစ် လူသစ် ဘဝသစ်**

# ဆေးလိပ်၊ ကွမ်းယာ ရှောင်ကြဉ်ပါ

ဆေးလိပ်၊ ကွမ်းယာတွင် ပါဝင်သော ဆေးရွက်ကြီးသည် အောက်ပါရောဂါများကို ဖြစ်ပွားစေပါသည်။

-ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုး

-နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း

-အဆုတ်ပွရောဂါ၊ ပြင်းထန်သွေးတိုးရောဂါ

-ခြေပုပ်လက်ပုပ်ရောဂါ

-ပန်းသေ ပန်းညှိုးရောဂါ

အဆိုပါရောဂါများသည် ကိုယ်တိုင် ဆေးလိပ်သောက်သူသာမက သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရသူများကိုလည်း အလားတူ ဖြစ်ပွားစေသဖြင့် သတိပြုဆင်ခြင်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန



# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မြတောင်ကျောင်းတိုက်အတွင်း ဂက်စ်သေနတ်၊ လက်လုပ်မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၃၁**

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG နှင့် PDF အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားထိခိုက်စေရန် ရည်ရွယ်၍ လူငယ်များအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံတွင် အကြမ်းဖက်သင်တန်းများ တက်ရောက်စေပြီး တရားမဝင်ငွေကြေးထောက်ပံ့မှုများ ရယူကာ အများပြည်သူ သွားလာလှုပ်ရှားလျက်ရှိသည့်နေရာများအား မိုင်းထောင်တိုက်ခိုက်ခြင်း၊ အစိုးရအဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးခြင်း အစရှိသည့် အကြမ်းဖက်တိုက်ခိုက်ခြင်းများကို လူသားချင်းစာနာမှုမရှိဘဲ လုပ်ဆောင်လျက်ရှိသည်။

ထိုကဲ့သို့ လုပ်ဆောင်လျက်ရှိမှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဇူလိုင် ၂၉ ရက်တွင် တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ မဟာအောင်မြေမြို့နယ် မြတောင်ကျောင်းတိုက်အတွင်း ဝင်ရောက်ရှာဖွေခဲ့ရာ ဓမ္မဝါစက္ကဘောဇနသာလာ ငွေတာရီအုဋ္ဌ ကျောင်းနှင့် သာသနပါလ ရွှေဝါဝင်းကျောင်းတိုက်တို့၏ မြေအောက်ခန်းများအတွင်းမှ ဂက်စ်သေနတ်တစ်လက်၊ လက်လုပ်မိုင်းမျိုးစုံ ၂၄ လုံး၊ အင်ဂျင်နီယာသုံး ဦးထုပ် ၂၄ လုံးနှင့် ခါတ်ငွေ့ကာ Mask ၇၆ ခုနှင့် ဆက်စပ်ပစ္စည်း ၁၅ မျိုးတို့ကို အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသူ နေလဝင်း(ခ)နို့ဆီဗူးနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။



တရားခံ နေလဝင်း(ခ)နို့ဆီဗူးနှင့် သိမ်းဆည်းရမိခဲ့သည့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို တွေ့ရစဉ်။

တရားခံ နေလဝင်း(ခ)နို့ဆီဗူး၏ ထွက်ဆိုချက်အရ KNLA တပ်မဟာ(၇) နယ်မြေတွင် သင်တန်းတက်ရောက်ခဲ့ပြီး မန္တလေးမြို့ပေါ်ရှိလူငယ်များအား KIA၊ KNU နယ်မြေများ၌ သင်တန်းတက်ရောက်ရန် အတွက် စည်းရုံးပို့ဆောင်ခဲ့ကြောင်းနှင့် ရွှေဘို–ကျောက်မြောင်း ကားလမ်းဘေး၌ PDF သင်တန်းဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်ရန်နှင့် PDF သင်တန်းများ ဖွင့်ရန်အတွက် အမေရိကန်တွင် နေထိုင်သူ တေဘသားကြီးထံမှ ငွေကျပ်သိန်း ၂၀၊ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော CRPH ပြန်ကြားရေးအလယ်ပိုင်းတိုင်းတာဝန်ခံ ဖက်တီးထံမှ ငွေကျပ် ၂၄ သိန်း၊ နန်းရှေ့နေထိုင်သူ သီဟထံမှ ငွေကျပ် ၇ သိန်း ၅ သောင်း စုစုပေါင်း ငွေကျပ် ၅၁ သိန်းကို ထောက်ပံ့ရရှိခဲ့ကြောင်း သိရသည်။

အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော CRPH၊ NUG တို့၏ ခိုင်းစေမှုဖြင့် မန္တလေးမြို့အတွင်း ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်ရန် NLD ပါတီ ဗဟိုသုတေသန အဖွဲ့ဝင်ဟောင်းဖြစ်ပြီး အမေရိကန်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသူ အကြမ်းဖက်သမား မျိုးရန်နောင်သိမ်းသည် Signal Application မှတစ်ဆင့် နေလဝင်း(ခ)နို့ဆီဗူးအား အများပြည်သူများ ထိခိုက်စေရန် ရည်ရွယ်ချက်ဖြင့် ဧပြီလတွင် New Ocean Super Center အနီးရှိ ဘောလုံးကွင်းသစ်တွင်လည်းကောင်း၊ ၇၈ လမ်း၊ ၃၈ x ၃၉ လမ်းကြားရှိ ခန်းမရှေ့တွင်လည်းကောင်း၊ မန္တလေး–စစ်ကိုင်းသွားလမ်းမကြီးဘေး၌ လည်းကောင်း စုစုပေါင်း နေရာ သုံးနေရာ၌ ဖောက်ခွဲမှုပြုလုပ်ရန် စေခိုင်းခဲ့သောကြောင့် နေလဝင်း(ခ) နို့ဆီဗူးအနေဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် မျိုးရန်နောင်သိမ်းသည် နေလဝင်း (ခ) နို့ဆီဗူးအား ဇူလိုင် ၂၃ ရက်တွင် အစိုးရအဆောက်အအုံများ၊ ပြည်ခိုင်ဖြိုးရုံးများ၊ ပြည်သူ့ဆေးရုံများ၊ Quarantine Center များ၊ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပေးသည့်နေရာများနှင့် အများပြည်သူ အနားယူအပန်းဖြေနိုင်သော မနော်ရမန်ဥယျာဉ်ရှေ့ရှိ ပန်းဥယျာဉ်နေရာနှင့် မနော်ရမန် ကစားကွင်းတို့အား ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ရန် စေခိုင်းထားကြောင်း သို့သော် နေလဝင်း(ခ)နို့ဆီဗူးအနေဖြင့် လုံခြုံရေးအဖွဲ့များကြောင့် ဆောင်ရွက်နိုင်မှုမရှိသေးသဖြင့် ဇူလိုင် ၃၀ ရက်တွင် ဖောက်ခွဲမှုများ အပြီးဆောင်ရွက်ရန် ထပ်မံစေခိုင်းထားကြောင်း သိရသည်။ သို့သော် တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုကြောင့် ဖောက်ခွဲရေးပစ္စည်းများနှင့် ဖောက်ခွဲရေးသမားများ ပုန်းရှောင်ခိုအောင်းနေသော မြတောင်ကျောင်းတိုက်အား အချိန်မီဝင်ရောက်ရှာဖွေနိုင်ခဲ့သဖြင့် မျိုးရန်နောင်သိမ်း၏ အကြမ်းဖက်ဆောင်ရွက်မည့်အစီအမံအား ကြိုတင်တားဆီးနိုင်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG ၊ CRPH နှင့် အကြမ်းဖက်သမား မျိုးရန်နောင်သိမ်းတို့၏ လုပ်ဆောင်ချက်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်ပြားစေရန်နှင့် အပြစ်မဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အကျိုးစီးပွားအား ပျက်စီးစေရန် ပေါ်လွင်လာကြောင်း တွေ့ရှိရသဖြင့် အဆိုပါ အကြမ်းဖက်လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေး အတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**

# မြင်းခြံမြို့နယ်၌ အုပ်ချုပ်ရေးမှူးများ၊ လုံခြုံရေးတာဝန်ထမ်းဆောင်နေသူများ၊ အပြစ်မဲ့အရပ်သားပြည်သူများအား ပစ်ခတ်သတ်ဖြတ်ခဲ့သူများနှင့်ပတ်သက်ဆက်နွယ်သည့် တရားခံများအား လက်ပစ်ဗုံးများ၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃၁**

နိုင်ငံတော်က အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေညာထားသော NUG၊ CRPH စသည့် အကြမ်းဖက်အဖွဲ့အစည်းများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ထိခိုက်ပျက်ပြားစေရန်နှင့် ၎င်းတို့၏ ဝါဒဖြန့်စည်းရုံးမှုများကို မထောက်ခံသည့် ပြည်သူလူထုအား အကြောက်တရားလွှမ်းမိုးနေစေရန်ရည်ရွယ်၍ စာသင်ကျောင်းနှင့် ပညာရေးအဆောက်အအုံများကို မိုင်းများဖြင့် တိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ အပြစ်မဲ့လူပုဂ္ဂိုလ်များအား ဒလန်အဖြစ် စွပ်စွဲသတ်ဖြတ်ခြင်း၊ လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား လုပ်ကြံသတ်ဖြတ်ခြင်းများကို လူသားချင်းစာနာထောက်ထားမှုမရှိဘဲ လုပ်ဆောင်လျက်ရှိသည်။




ကျော်ရဲခန့်(ခ)ဘယ်ကျော်



မင်းမင်းလှိုင်



ဖြိုးဇော်ဦး(ခ)ဖြိုးဇော်



ရှိုင်းထက်(ခ)ငရှိုင်း

ထိုသို့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စုံစမ်းဖော်ထုတ်မှုများဆောင်ရွက်ကာ အကြမ်းဖက်သမားများ၏ လက်နက်၊ ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ဖော်ထုတ်သိမ်းဆည်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ်(၁၀)ရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ်ရှိ သရဝဏ်ခန်းမရှေ့သို့ အမျိုးသားနှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး လက်လုပ်ဗုံး တစ်လုံး ပစ်ပေါက်ထွက်ပြေးသွားကြောင်း သိရှိရသဖြင့် လုံခြုံရေးအဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့ရာ မြင်းခြံ–ညောင်ဦး ကားလမ်း ရွာစည်ကျေးရွာလမ်းဆုံ၌ တရားခံ **မင်းမင်းလှိုင် (၂၂)နှစ်**နှင့် **ကျော်ရဲခန့် (ခ) ဘယ်ကျော် (၂၁)နှစ်**တို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံ မင်းမင်းလှိုင်နှင့် ကျော်ရဲခန့်တို့၏ ထွက်ဆိုချက်အရ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်သူ **ဖြိုးဇော်ဦး (ခ) ဖြိုးဇော် (၂၀)နှစ်**အား တောင်သာမြို့နယ် ဖက်တောကျေးရွာအနီး ရှင်ပင်ဒေါ်နဲမိုးကောင်းကျောင်းအတွင်း၌ ၉ မမ ကျည် ၇၂ တောင့်၊ ပလတ်စတစ် လက်ပစ်ဗုံး တစ်လုံး၊ BA – ၉၁ လက်ပစ်ဗုံး တစ်လုံး၊ Shark အချိုရည်ဘူးခွံဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း တစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ထွက်ဆိုချက်အရ ဆက်စပ်တရားခံ **ရှိုင်းထက်(ခ)ငရှိုင်း (၂၃)နှစ်**အား မြင်းခြံမြို့နယ် ဆားခါးကျေးရွာအနီး၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် မြင်းခြံမြို့နယ်အတွင်း တရားမဝင်ဖွဲ့စည်းထားသော ZERO NINE အကြမ်းဖက်အဖွဲ့တွင် ပါဝင်သူများဖြစ်ပြီး ၎င်းအဖွဲ့တွင် အဖွဲ့ဝင် ၁၇ ဦးခန့်ရှိကြောင်း၊ အဆိုပါအဖွဲ့အား မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်မှ **ဉာဏဇင်းပန် (ဖမ်းဆီးရန်ကျန်)**နှင့် **ဆုမြတ်လင်း (ဖမ်းဆီးရန်ကျန်)**တို့မှ ဦးဆောင်လျက်ရှိကြောင်း၊ ၎င်းအဖွဲ့ဝင်များသည် မြင်းခြံမြို့နယ်အတွင်း ဖောက်ခွဲဖျက်ဆီးရေးနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှုများ ဆောင်ရွက်နေသည့်အဖွဲ့ဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရမိ တရားခံများသည် မြင်းခြံမြို့နယ်အတွင်း ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခုနစ်ကြိမ်ခန့်ပါဝင်ခဲ့ပြီး မေ ၂၇ ရက်တွင် ဆားခါးကျေးရွာ အစိုးရစက်မှုလက်မှုအထက်တန်းကျောင်း၌ လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်အား သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်း၊ ဇွန် ၁၈ ရက်တွင် အများပြည်သူများသွားလာရေး အဆင်ပြေစေရန် လမ်းကြောင်းရှင်းပေးနေသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အား ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်း၊ ဇွန် ၂၇ ရက်တွင် ရွာစည်ကျေးရွာအနီး မြင်းခြံ– ညောင်ဦး ကားလမ်းပေါ်၌ သဲဖြူကျေးရွာမှ အပြစ်မဲ့ပြည်သူ တစ်ဦးအား ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်း၊ ဇူလိုင် ၄ ရက်တွင် အမှတ်(၁၉)ရပ်ကွက်ရှိ အပြစ်မဲ့ပြည်သူ တစ်ဦးအား ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းများတွင် ပူးပေါင်းပါဝင်ကျူးလွန်ထားသူများဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရန် လုပ်ဆောင်မည့် တရားခံ လေးဦးအား ၉ မမကျည် ၇၂ တောင့်၊ ပလတ်စတစ်လက်ပစ်ဗုံး တစ်လုံး၊ BA–91 လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်မိုင်း တစ်လုံးတို့နှင့်အတူ ဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းတို့အား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။ **သတင်းစဉ်**

# ကြမ္မာမုန်တိုင်းရောဂါလှိုင်းကြားက မိမိကိုယ်မိမိ ကာကွယ်ခြင်းသည်သာ အရေးကြီးဆုံးဖြစ်ပါသည်

ဒေါက်တာမြတ်မိုး

ကိုဗစ်-၁၉ ရောဂါဆိုတာ အားလုံးသိတဲ့အတိုင်း အရေးကြုံလာရင် အလွန်ကို ထိန်းချုပ်ရခက်တဲ့ ရောဂါဆိုးကြီးတစ်ခုပါ။

ဘယ်ရောဂါပဲဖြစ်ဖြစ် ကိုယ်ကိုယ်တိုင် မထိန်းချုပ်နိုင်ရင်၊ မကာကွယ်နိုင်ရင် ဆိုးရွားတဲ့ နောက်ဆက်တွဲတွေ များစွာကို ရင်ဆိုင်ရနိုင်တယ်ဆိုတာ ယခု ကိုဗစ်-၁၉ က လက်တွေ့သက်သေပြနေပါပြီ။ အရေးအကြောင်းဆို ကိုယ့်ကိုယ်ကိုယ်ပဲ အရင်ကာကွယ်ရမှာမဟုတ်လား။ Positive ပြပြီး ဝေဒနာခံစားနေရသူအဖို့၊ ကိုယ့်မိသားစုထဲက ဖြစ်လာရင် ဘယ်လိုစီမံရမလဲ၊ ဆေးရုံသွားဖို့၊ ဆေးခန်းပြဖို့၊ ဆေးဝယ်ဖို့ကအစ အခက်အခဲတွေ ကြုံရတတ်ပါတယ်။

နိုင်ငံတော်အနေနဲ့က ထိန်းချုပ်ကုသရေးအစီအစဉ်တွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နေသော်လည်း ပြည်သူ့ဆေးရုံတွေ အားလုံးလောက်နီးပါး ကိုဗစ်လူနာတွေနဲ့ပဲ ပြည့်နေတော့ ပြည်သူတွေအနေနဲ့ ယာယီကုသရေးစင်တာတွေမှာပဲ Waiting list စောင့်ပြီးမှ ကုသရေးဆေးရုံတွေမှာ ဆက်လက်ကုသမှုခံယူရမယ့်အနေအထားဖြစ်ပါတယ်။ ဒီအခါမှာ လူနာဟာ ရောဂါအခြေအနေအရပဲဖြစ်ဖြစ် မိသားစုအနေအထားအရပဲဖြစ်ဖြစ် အိမ်မှာပဲ စောင့်ကုရတဲ့ အခြေအနေတွေရှိလာနိုင်ပါတယ်။ ဒီလို ကိုယ့်အိမ်မှာပဲ သီးခြားနေရတဲ့အခါ မိမိကိုယ်မိမိ ဘယ်လိုကာကွယ်စောင့်ရှောက်ကုသရမလဲ၊ ဒီရောဂါဆိုးကြီးကို ဘယ်လိုရင်ဆိုင်ကျော်လွှားနိုင်မလဲ ဆောင်ရန် ရှောင်ရန်လေးတွေကို စဉ်းစားရင်းနဲ့ပဲ အခုလို ရေးသားဖြစ်သွားတာပါ။

**သံသယဖြစ်လျှင် သီးခြားနေထိုင်ကာကွယ်ပါ**

အရေးကြီးတဲ့တစ်ချက်က ကိုဗစ်-၁၉ ကူးစက်ခံရသူနဲ့ ထိတွေ့ဖူးတယ်၊ အလွန် နီးနီးစပ်စပ်နေဖူးလို့ ကိုယ့်ကိုယ်ကိုယ် သံသယဖြစ်ပြီဆိုတာနဲ့ ကိုယ်နဲ့လည်း ထိတွေ့ဖူးခဲ့သူတွေကို ပြန်စိစစ်ရပါမယ်၊ ဗိုင်းရပ်စ်ပိုးသည် ကိုယ့်ဆီကတစ်ဆင့် တခြားသူတွေဆီ ကူးနိုင်တဲ့အခြေအနေကို အချိန်မီရပ်တန့်ဖို့ပဲဖြစ်ပါတယ်။ ပိုးရှိ / မရှိ Test စစ်ဖို့ စုံစမ်းရပါမယ်၊ Test စစ်ဖို့ မလွယ်ရင်တော့ ရုံးလည်းမသွား၊ ကျောင်းလည်းမသွား၊ လူစုလူဝေးရှိတဲ့နေရာ ဘယ်မှ မသွားတော့ဘဲ အိမ်မှာပဲ ၁၄ ရက်တော့ အနည်းဆုံးနေသင့်ပါပြီ။

ကိုယ့်အိမ်မိသားစုနဲ့လည်း ခပ်ခွာခွာနေရပါတော့မယ်။ အခုရင်ဆိုင်နေရတဲ့ ကိုဗစ် မျိုးကွဲတွေက ပြန့်တာ၊ ကူးတာအလွန်မြန်တော့ အတော်သတိထားပြီး ဝေးဝေးနေသင့်ပါတယ်။ အိမ်မှာနေရင်တော့ သံသယရှိသူအနေနဲ့ သီးခြားအခန်းနဲ့ မနေနိုင်ရင်














Face mask ကို အမြဲတပ်ထားတာ အကောင်းဆုံးပါပဲ။ အထူးသဖြင့် မိမိက ကာကွယ်ဆေးမထိုးရသေးသူ သို့မဟုတ် အပြည့်အဝ မထိုးရသေးသူဆိုရင်တော့ Mask ကို စနစ်တကျနဲ့ ဝတ်ဆင်ဖို့လိုပါတယ်။

လက်ကိုလည်း ဆပ်ပြာ၊ Hand gel တို့နဲ့ အမြဲလိုလို စနစ်တကျ ဆေးပေးနေရပါမယ်။ ကိုယ်နေတဲ့ အိမ်အခန်းကိုလည်း လေဝင်လေထွက်ကောင်းအောင် ပြတင်းတံခါးတွေ အမြဲဖွင့်ထားသင့်တယ်။ ဒါမှ ပြင်ပလေလည်းရပြီး လေမှာပါတဲ့ အောက်ဆီဂျင်ကို အပြည့်အဝ ရှူရှိုက်ရှုနိုင်မှာဖြစ်ပါတယ်။ ကိုယ်က သီးခြားအခန်းရှိလို့ ခုတင်တွေ ရှိရင်လည်း တစ်ခုနဲ့တစ်ခု အနည်းဆုံးတော့ တစ်မီတာ အကွာခန့် ခွာထားသင့်ပါတယ်။ အိမ်မှာ နေစဉ်တစ်လျှောက်လုံးတော့ ရောဂါလက္ခဏာတွေကို အမြဲစောင့်ကြည့်ပေါ့။ ရောဂါလက္ခဏာတွေကြည့်ပြီး မစိုးရိမ်ဖို့၊ ဖိစီးမှုမများဖို့တော့လိုပါတယ်။

**ဒီလိုနေရင်း ထိုင်ရင်း၊ စောင့်ကြည့်ရင်းကပဲ အန္တရာယ်များတဲ့ ရောဂါလက္ခဏာတစ်ခုခု တွေ့ကြုံခံစားလာရရင်တော့ ဥပမာ- အသက်ရှူရခက်တာ၊ မောတာ၊ စကားတောင် ကောင်းကောင်းမပြောနိုင်တော့တာ၊ မလှုပ်ရှားချင်တော့တာ၊ ဂဏာမငြိမ်ဖြစ်ပြီး ရင်ဘတ်က တောက်လျှောက်အောင့်လာတာမျိုးတွေ၊ အိပ်မရတာမျိုး၊ မိမိခန္ဓာအရေပြားက ဖြူဖတ်ဖြူရော်ဖြစ်လာရင်၊ လက်သည်းတွေ၊ နှုတ်ခမ်းတွေ ပြာနှမ်းနှမ်းဖြစ်လာရင် စသဖြင့် ဒီလိုလက္ခဏာတွေပြလာရင် ဆေးရုံမှာ ပြသကုသမှုခံယူဖို့ မနှောင့်နှေးသင့်တော့ပါဘူး။ ဒီအခါမှာ ကိုယ့်ရဲ့တိုင်ပင်ဖော်တိုင်ပင်ဘက် မိတ်ဆွေသူငယ်ချင်း၊ ကိုယ့်အပေါ်အကောင်းမြင် အားပေးတတ်သူရဲ့ နှစ်သိမ့်စကား အကြံပြုစကားတွေဟာ ကိုယ့်အတွက်တော့ အားဆေးတစ်ခွက်ဖြစ်တဲ့အတွက် မိမိရဲ့ အားပေးတတ်သူရဲ့ အကြံဉာဏ်တွေကိုလည်း ရယူသင့်တယ်လို့ဆိုချင်ပါတယ်။**

**ကိုဗစ်လူနာရှိနေက ဘယ်လိုကာကွယ်စောင့်ရှောက်ရမလဲ**

ဒီလိုပါပဲ၊ အိမ်မှာ ကိုဗစ်လက္ခဏာရှိနေသူ သို့မဟုတ် ကိုဗစ်အဖြေသိပြီးသူများအတွက် ဆောင်ရန်ရှောင်ရန်တွေ အရေးကြီးသလို သူတို့ကို ပြုစုပေးရသူကလည်း မိမိကိုယ်မိမိ ကာကွယ်ဖို့ အလွန်အရေးကြီးပါတယ်။ လူနာကို အနီးကပ်ပြုစုရသူကိုယ်တိုင်လူနာနဲ့အတူ Stay home နေရပါမယ်။ တစ်ခုပိုသွားတာက အနီးကပ် မပြုစုရသူအနေနဲ့ကတော့ လိုအပ်တဲ့ စားစရာသောက်စရာကို ဝယ်ခြမ်းနေရသူဆိုရင် အပြင်မှာ ပိုးဖြန့်မိသူမဖြစ်ဖို့ အထူးဂရုစိုက်ရပါမယ်။ သူ့အနေနဲ့ ပတ်ဝန်းကျင်အတွက် တာဝန်ရှိတယ်လို့ ခံယူရပါမယ်။

**မိသားစုထဲက တစ်ဦးဦးကို ပြုစုရတဲ့အဆင့်ရောက်ပြီဆိုတာနဲ့ အရေးကြီး စုဆောင်းထားရမှာက ဆေးဝါးတွေပါပဲ။ ဖျားနာအကိုက်အခဲ သက်သာတဲ့ဆေး၊ နှာစေးပျောက်တဲ့ဆေး၊ ကိုယ်ခံအားကောင်းတဲ့ ဆေးတွေ အနည်းဆုံးတော့ စီဗစ်စားဆေး၊ အားဆေး စသည်ဖြင့် ဆောင်ထားသင့်တဲ့ဆေးတွေကို မိသားစုဆရာဝန်တစ်ဦးဦးနဲ့ တိုင်ပင်ပြီး ဝယ်ယူစုဆောင်းထားသင့်ပါတယ်။ ဆေးဝါးအပြင် အောက်ဆီဂျင် တိုင်းစက်၊ အဖျားတိုင်း ကိရိယာ စသည်ဖြင့် တစ်ခုစီတော့ လိုအပ်ရင် သုံးနိုင်အောင် အိမ်မှာဆောင်ထားစေချင်ပါတယ်။ အမြဲတိုင်းနေဖို့တော့ မလိုပါဘူး။ အောက်ဆီဂျင် တိုင်းပုံတိုင်းနည်း၊ အောက်ဆီဂျင် ကျရင် ဘယ်လိုပုံစံအနေအထားနဲ့ နေရမလဲ၊ ဘယ်လိုမှောက်အိပ်သင့်သလဲ စတဲ့ နည်းလမ်းတွေ အားလုံး အင်တာနက်၊ လူမှုမီဒီယာတွေကတစ်ဆင့် အသေးစိတ် ရှာဖွေလေ့လာကြည့်လို့ရပါတယ်။**

**အိမ်မွေးတိရစ္ဆာန်ပါသတိထား**

နောက်အရေးကြီးတာတစ်ခုက မိမိအိမ်မှာ အိမ်မွေးတိရစ္ဆာန်တွေများ မွေးထားပါသလား၊ မွေးထားရင် ဂရုစိုက်ပေးပါ။ ပိုးရှိသူနဲ့ထိတွေ့တဲ့အခါ အိမ်မှာမွေးထားတဲ့ သတ္တဝါကတစ်ဆင့် ကူးစက်နိုင်ခြေရှိနေတဲ့အတွက်ဖြစ်ပါတယ်။ အိမ်မွေးတိရစ္ဆာန်နဲ့ မထိတွေ့မိစေဖို့ ရှောင်ရမှာဖြစ်သလို မလိုအပ်ဘဲ အိမ်လာညှော်သည်တွေ အဝင်အထွက်မရှိပါစေနဲ့လို့လည်း မှာချင်ပါတယ်။ နောက်တစ်ချက်က လူနာသုံးပြီး အသုံးအဆောင် ခွက်တွေ၊ ပန်းကန်တွေဆိုရင် လက်အိတ်ဝတ်ပြီး ဆပ်ပြာနဲ့ ရေနွေးနဲ့သာ ဆေးကြောသန့်စင်ပစ်ပါ။ ဆေးကြောပြီးလို့ မိမိလက်အိတ်ချွတ်ပြီးတာနဲ့လည်း ကိုယ့်လက်ကို ဆပ်ပြာရေနွေးနဲ့ ဆေးကြောပစ်ရပါမယ်။ လက်ဆေးရာမှာ အကောင်းဆုံးက ခဏခဏဆေးဖို့နဲ့ အယ်လ်ကိုဟော

**စာမျက်နှာ ၁၇ သို့** ❐

**မိသားစုထဲက တစ်ဦးဦးကို ပြုစုရတဲ့အဆင့်ရောက်ပြီဆိုတာနဲ့ အရေးကြီး စုဆောင်းထားရမှာက ဆေးဝါးတွေပါပဲ။ ဖျားနာအကိုက်အခဲ သက်သာတဲ့ဆေး၊ နှာစေးပျောက်တဲ့ဆေး၊ ကိုယ်ခံအားကောင်းတဲ့ ဆေးတွေ အနည်းဆုံးတော့ စီဗစ်စားဆေး၊ အားဆေး စသည်ဖြင့် ဆောင်ထားသင့်တဲ့ဆေးတွေကို မိသားစုဆရာဝန်တစ်ဦးဦးနဲ့ တိုင်ပင်ပြီး ဝယ်ယူစုဆောင်းထားသင့်ပါတယ်။ ဆေးဝါးအပြင် အောက်ဆီဂျင် တိုင်းစက်၊ အဖျားတိုင်းကိရိယာ စသည်ဖြင့် တစ်ခုစီတော့ လိုအပ်ရင် သုံးနိုင်အောင် အိမ်မှာဆောင်ထားစေချင်ပါတယ်။ အမြဲတိုင်းနေဖို့တော့ မလိုပါဘူး။ အောက်ဆီဂျင်တိုင်းပုံတိုင်းနည်း၊ အောက်ဆီဂျင်ကျရင် ဘယ်လိုပုံစံအနေအထားနဲ့ နေရမလဲ၊ ဘယ်လိုမှောက်အိပ်သင့်သလဲ စတဲ့ နည်းလမ်းတွေအားလုံး အင်တာနက်၊ လူမှုမီဒီယာတွေကတစ်ဆင့် အသေးစိတ် ရှာဖွေလေ့လာကြည့်လို့ရပါတယ်**







❒ စာမျက်နှာ ၁၆ မှ
အနည်းဆုံး ၆၀ ရာခိုင်နှုန်းပါတဲ့ လက်ဆေးဂျယ်လ်နဲ့ဆေးရင် မိမိလက်ကို ခြောက်သွေ့တဲ့အထိ ဆေးပါလို့ အကြံပြုပါရစေ။ အသုံးအဆောင်တွေကို အတူ မျှဝေသုံးစွဲဖို့တော့ လုံးဝစိတ်ကူးမရှိပါနဲ့။ ဒါဟာ ရှောင်ရမယ့် အဓိကအချက်များမှာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။

**နာတာရှည်ရောဂါသည်တွေရှိနေရင် ပိုဂရုစိုက်ပါ**

ဒီအချက်တွေဟာ အသက်အရွယ်ကြီးရင့်နေသူတွေ၊ ဆီးချို၊ နှလုံး၊ သွေးတိုး၊ ကင်ဆာ စတဲ့ နာတာရှည်ရောဂါသည်တွေမှာဆို အထူးဂရုစိုက်ရပါမယ်။ ဒီလို နာတာရှည်ရောဂါသည်တွေမှာ ကိုဗစ်အန္တရာယ်ဖြစ်နိုင်ခြေပိုများတဲ့အတွက် ဖြစ်ပါတယ်။ လိုအပ်ရင် ယခင်ပြသနေတဲ့ ဆရာဝန်တွေရဲ့ အကြံပြုချက်ကို ရယူသင့်ပါတယ်။ အထူးသဖြင့် မိမိကိုယ်တိုင်ရောအန္တရာယ်ဖြစ်နိုင်ခြေရှိသူတွေအတွက်ပါ စဉ်းစားပြီး Mask ကို အလေးထား အသုံးပြုဖို့ပါပဲ။ ဒ့ါအပြင် လိုအပ်ပါက Mask နှစ်ထပ်၊ Face shield မျက်နှာအကာနဲ့ Cap ခေါင်းစွပ်များကိုပါ အသုံးပြုကာကွယ်သင့်ပါတယ်။ဒီနေရာမှာ Mask ကို ဝတ်ဆင်ရာမှာ အချို့သူတွေအတွက်တော့ အကန့်အသတ်ရှိနိုင်ပါတယ်။ အထူးသဖြင့် အသက် ၂ နှစ်အောက် ကလေးငယ်တွေနဲ့ အသက်ရှူရခက်နေသူတွေ၊ တပ်ထားတဲ့ Mask ကို အကူအညီမပါဘဲ ပြန်ဖြုတ်ဖို့ အခက်အခဲရှိသူတွေအတွက်တော့ မတတ်ဘဲနေတာက ပိုသင့်ပါလိမ့်မယ်။

**မိမိနဲ့အတူနေအိမ်သားတွေကိုလည်း အမြဲသတိပေးကြပ်မတ်နေပါ**

အခြေအနေအရ မိမိအိမ်မှာပဲ သီးခြားနေရတဲ့ အခိုက်အတန့်မှာ လက်အိတ်ဝတ်ဖို့လည်း ဝန်မလေးပါနဲ့လို့ သတိပေးချင်ပါတယ်။ ရောဂါရှိသူ၊ သံသယဖြစ်ခံရသူရဲ့ အသုံးအဆောင်တွေကို ကိုင်တိုင်းလက်အိတ်ဝတ်သင့်ပါတယ်။ သူတို့ရဲ့ခန္ဓာကိုယ်က ထွက်တဲ့ အရည်တွေ၊ ချွဲ အန်ဖတ် စတဲ့ အညစ်အကြေးတွေနဲ့ မထိတွေ့မိအောင် ဂရုပြုကာကွယ်တဲ့အနေနဲ့ လက်အိတ်ဝတ်ရမှာပါ။ ဝတ်ပြီးလက်အိတ်တွေ၊ Mask တွေကိုတော့ သီးခြားအမှိုက်ပုံးထားပြီး စွန့်ပစ်သင့်ပါတယ်။

ပြီးရင်တော့ မိမိလက်ကို ပြန်လည်ဆေးကြောသန့်စင်ဖို့ မမေ့ပါနဲ့။ အန္တရာယ်ရှိတဲ့ပစ္စည်းတွေကို ကိုင်တွယ်သုံးစွဲပြီးတိုင်း မိမိမျက်စိ၊ နှာခေါင်း၊ ပါးစပ်စတဲ့ အစိတ်အပိုင်းတွေကို မကိုင်မိ မထိမိအောင် သတိထားဖို့လည်း လိုပါတယ်။ Mask တပ်တာ၊ လက်ဆေးတာ၊ ခပ်ခွာခွာနေရတဲ့ ကာကွယ်မှုတွေကို တခြားအိမ်သားတွေပါ လိုက်နာလုပ်ဆောင်အောင်လည်း သတိပေးပြောပြ ကြပ်မတ်ပေးနေရပါမယ်။ ကိုယ်ကတော့ တိတိကျကျ လိုက်နာပါရဲ့၊ တခြားမိမိအိမ်သားတွေက မလိုက်နာဘူးဆိုရင်လည်း ကာကွယ်မှုက မထိရောက်ပါဘူး။

**ထိတွေ့မှုများတဲ့မျက်နှာပြင်တွေ ပိုးသတ်ဖို့လည်း မမေ့ပါနဲ့**

နောက်ထပ် ကာကွယ်ရမယ့်အချက်က ကိုယ့်အိမ်ကြမ်းခင်းတွေ၊ လက်ကိုင်ဖုန်းတွေ၊ တံခါးတွေ၊ လက်ကိုင်လက်ရန်းတွေ၊ ဖုန်းတက်ဘလက်တွေ၊ ရီမုတ်တွေ စသဖြင့် ထိတွေ့မှုများတယ်၊ ညစ်ပတ်တယ်လို့ ထင်ရတဲ့နေရာတိုင်းကို ပိုးသတ်ဆေးရည်၊ ချေးချွတ်ဆေး တစ်မျိုးမျိုးနဲ့ ပက်ဖျန်းပြီး ပိုးသတ် ထားသင့်တယ်ဆိုတာပါပဲ။ ကိုယ့်အိမ်မှာ လူနာပဲ ဖြစ်ဖြစ်၊ သံသယပဲဖြစ်ဖြစ်ရှိနေပြီဆိုရင် သုံးတဲ့အသုံးအဆောင်တိုင်းမှာ ပိုးမွှားတွေ ကပ်ငြိနေနိုင်တယ်ဆိုတာ သိရှိထားပြီးဖြစ်ရပါမယ်။

ဘာကြောင့်လဲဆိုတော့ ချောင်းဆိုး၊ နှာချေ၊ စကားပြော၊ အထိအတွေ့ စသဖြင့် လှုပ်ရှားမှုတိုင်းက ကျလာတဲ့ ဗိုင်းရပ်စ်အမှုန်အမွှားတွေဟာ ကိုယ့်ဝန်းကျင်နဲ့ မိမိကိုင်တွယ်သုံးစွဲတဲ့ ပစ္စည်းတိုင်းမှာ ပျံ့နှံ့နေပြီးသားဖြစ်လို့ပါပဲ။ နေ့စဉ် ဒါမှမဟုတ် ကိုယ့်အိမ်ကို ဧည့်သည်လာပြီးတိုင်း ပက်ဖျန်းဆေးကြောထားသင့်ပါတယ်။ ပိုးသတ်ဆေးအမျိုးအစား တချို့ကိုတော့ နီးစပ်ရာကိုယ့်ဝန်းကျင်ဈေးကွက်မှာ အလွယ်တကူဝယ်လို့ရနိုင်ပါတယ်။ ဘာမှမရနိုင်ရင်တော့ ကိုယ်သုံးနေတဲ့ အယ်လ်ကိုဟောစပရေး၊ အရက်ပြန်နဲ့ပဲ သုံးလို့ရပါတယ်။ နောက်ဆုံး ဆပ်ပြာရေနွေးအသုံးပြုပြီးလည်း တိုက်ချွတ်ဆေးကြောသန့်စင်နိုင်ပါတယ်။ ရွေးချယ်ရမယ့် ပိုးသတ်ဆေးအမျိုးအစားအနေနဲ့တော့ အသုံးပြုမယ့် မျက်နှာပြင်နဲ့ သုံးတဲ့ပစ္စည်းအခြေအနေအပြင် ရောဂါကူးစက်ပျံ့နှံ့မှုနဲ့ အန္တရာယ်ရှိနိုင်မှု အခြေအနေတွေအပေါ် မူတည်ပါတယ်။ ဆေးချွတ်ရာမှာသုံးတဲ့ Bleaching အမှုန်နဲ့ အရည်အမျိုးအစား၊ Dettol ဒက်တောလ် စတဲ့ အမျိုးအစားတွေကတော့ အလွယ်တကူ လက်လှမ်းတမီ ဝယ်လို့ရနိုင်တဲ့ပစ္စည်းတွေပါပဲ။

**အသက်ရှူလေ့ကျင့်ခန်းကို သတိပြုလုပ်ဆောင်ပါ**

အခြေအနေအရ အောက်ဆီဂျင်နဲ့ ဆေးဝါးတွေကို ဘယ်လိုပဲအားကိုးနေရပါစေ၊ ဗိုင်းရပ်စ်ရဲ့ အဆုတ်အပေါ် သက်ရောက်မှုနည်းနိုင်သမျှ နည်းအောင်ရယ်၊ ဗိုင်းရပ်စ်ကြောင့် မိမိသွေးထဲမှာ ဆုံးရှုံးသွားရတဲ့ အောက်ဆီဂျင်ပြန်မြင့်တက်ဖို့နဲ့ ဒဏ်ထိထားတဲ့ အဆုတ်ပြန်လည်အားကောင်းလာအောင် အသက်ရှူလေ့ကျင့်ခန်းတစ်ခုခုတော့ ရောဂါမဖြစ်ခင်ကော ဖြစ်နေစဉ်မှာကော ဖြစ်ပြီး အချိန် လနဲ့ချီပြီးပါ အချိန်ယူလေ့ကျင့်ရပါမယ်။ ကိုဗစ်ဗိုင်းရပ်စ်ရဲ့ အဓိက တိုက်ခိုက်ခံရတဲ့အင်္ဂါတွေက အဓိက အသက်ရှူလမ်းကြောင်းနဲ့ အဆုတ်ပါ။ ဒါကြောင့် အဆုတ်နဲ့ အသက်ရှူစနစ်အားကောင်းအောင် အသက်ရှူလေ့ကျင့်ခန်းကို မပျက်မကွက်လုပ်ကြဖို့ အလေးအနက် တိုက်တွန်းပါရစေ။ ပါးစပ်ပိတ်ပြီး နှာခေါင်းနဲ့ လေကို ပြင်းပြင်းရှူသွင်းရှူထုတ်ရတဲ့ လေ့ကျင့်အားထုတ်မှုမျိုးကို သတိပြုလုပ်ဆောင်နေခြင်းဟာ အဆုတ်ရဲ့လုပ်ငန်းဆောင်တာကို အားကောင်းစေတဲ့အပြင် ဆုံးရှုံးသွားတဲ့ အောက်ဆီဂျင်ပမာဏကိုလည်း ပြန်လည်မြင့်တက်လာစေတဲ့အတွက် ခံစားနေရတဲ့ စိုးရိမ်စိတ်နဲ့အတူ မြင့်တက်နေတဲ့ စိတ်ဖိအားတွေလည်း လျော့ကျသွားပါတယ်။ လွန်ကဲနေတဲ့စိုးရိမ်စိတ်ကြောင့် ဖြစ်ရတဲ့ အိပ်လို့မရတဲ့ဝေဒနာလည်း ပပျောက်သွားမယ်လို့ ဆိုနိုင်ပါတယ်။

**အလွန်အရေးကြီးတဲ့ နောက်ဆုံးအချက်ကတော့ ဘာသာရေးကို ထက်ထက်သန်သန် အားထုတ်ဖို့ဖြစ်ပါတယ်။ ကိုဗစ်ထက် ကြောက်စရာကောင်းတာက မိမိရဲ့ ကြောက်စိတ်ပါပဲတဲ့။ Corona phobia လို့တောင် ခေါ်ပါတယ်။ ကြောက်ခြင်း၊ စိုးရိမ်ခြင်းဟာ မိမိရဲ့ ကိုယ်ခံအားကို ကျဆင်းစေပြီး အောက်ဆီဂျင်ပမာဏကိုပါ ကျသွားစေတတ်ပါတယ်။ ကြောက်စိတ်ကိုတွန်းလှန်ဖို့ တစ်ပါးသူရဲ့ အကြံဉာဏ်နဲ့ အကူအညီကို လိုအပ်သလို ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးရဲ့ ဓမ္မအစွမ်းသတ္တိကိုလည်း ရယူကျင့်ကြံအားထုတ်ဖို့ လိုပါတယ်**

**ကိုယ်ခံအားကောင်းအောင်နေထိုင်ပြုမူပါ**

နောက်ထပ်ပါးချင်တဲ့စကားက ကိုယ့်ကိုယ်ကိုယ် ခုခံအားကောင်းအောင် နေထိုင်ပြုမူလုပ်ရှားဖို့ပါ။ စိတ်ဓာတ်မကျပါနဲ့၊ မလိုအပ်ဘဲ အစိုးရိမ်မကြီးပါစေနဲ့။ အာဟာရပြည့်အောင်နေပါ။ လန်းဆန်းစိမ်းစိုတဲ့အသီးအရွက် များများစားပေးပြီး ခန္ဓာထဲ အရည်များများဝင်ပါစေ။ ပဲ၊ ပြောင်း၊ ဂျုံ အာလူးအကုန်စားလို့ရပါတယ်။ အသား၊ ငါး၊ နို့ ဘာမှမချန်ပါနဲ့။ ဒီအချိန်မှာ ကိုယ်ခံအားကောင်းစေတဲ့ အစားအစာတွေဆီ ပိုအာရုံရောက်ဖို့လိုပါတယ်။

လိမ္မော်သီး၊ စပျစ်သီး၊ ငှက်ပျောသီး၊ ပန်းသီး၊ မုန်လာဥ၊ မုန်လာရွက်၊ ပန်းမုန်လာ၊ ပန်းဂေါ်ဖီ၊ ချင်း၊ ကြက်သွန်ဖြူ/နီတို့ကတော့ ဒီအချိန်မှာ တကယ့်အားကိုးရတဲ့ အစားအစာတွေပါ။ အစာလည်းဆေး ဆေးလည်းအစာဆိုသလို ထိထိရောက်ရောက် စားသောက်စေချင်ပါတယ်။ အချိုသကြားကိုတော့ အကန့်အသတ်နဲ့ လျှော့သုံးစေလိုပါတယ်။ အချို့ဆေးဝါးတွေကတော့ ဆရာဝန်တွေရဲ့ ညွှန်ကြားချက်အရ တိတိကျကျ သုံးစွဲရမယ့်ဆေးတွေဖြစ်လို့ ရမ်းသမ်းမသုံးသင့်ပါဘူး။ အန္တရာယ်ရှိပါတယ်။ အောက်ဆီဂျင်လည်း ထိုနည်းတူပါပဲ။ လိုတာထက် ပိုသုံးမိရင် အန္တရာယ်ကြီးပါတယ်။ သတိထားသင့်တဲ့ အရာတွေပါ။

**ဘာသာတရားကိုလည်း လုံးဝမမေ့ပါနဲ့**

အလွန်အရေးကြီးတဲ့ နောက်ဆုံးအချက်ကတော့ ဘာသာရေးကို ထက်ထက်သန်သန် အားထုတ်ဖို့ဖြစ်ပါတယ်။ ကိုဗစ်ထက် ကြောက်စရာကောင်းတာက မိမိရဲ့ကြောက်စိတ်ပါပဲတဲ့။ Corona phobia လို့တောင် ခေါ်ပါတယ်။ ကြောက်ခြင်း၊ စိုးရိမ်ခြင်းဟာ မိမိရဲ့ကိုယ်ခံအားကို ကျဆင်းစေပြီး အောက်ဆီဂျင်ပမာဏကိုပါ ကျသွားစေတတ်ပါတယ်။ ကြောက်စိတ်ကိုတွန်းလှန်ဖို့ တစ်ပါးသူရဲ့ အကြံဉာဏ်နဲ့ အကူအညီကို လိုအပ်သလို ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးရဲ့ ဓမ္မအစွမ်းသတ္တိကိုလည်း ရယူကျင့်ကြံအားထုတ်ဖို့ လိုပါတယ်။


ဒါကြောင့် အိမ်မှာ နေ့စဉ် ပရိတ်ပဋ္ဌာန်း တရားတော်တွေကို ရွတ်ဖတ်နာယူပေးကြပါ။ မြင့်မြတ်သန့်ရှင်းတဲ့ သူတော်စင်ပုဂ္ဂိုလ်တွေရဲ့ ဓမ္မအကာအကွယ်ကို ရယူပြီး သူတော်ကောင်းတို့ရဲ့ တရားလမ်းညွှန်ချက်တွေကို သဒ္ဓါတရား ပြည့်ပြည့်ဝဝနဲ့ ရယူနိုင်တာဟာ ကိုယ့်အတွက် စိတ်ဓာတ်စွမ်းအားတွေ ရရှိသွားတာပဲဖြစ်လို့ ကိုယ်ကြုံရမယ့် ဒုက္ခဘေးက လွတ်မြောက်နိုင်ပါတယ်။ ကိုယ့်ရဲ့သဒ္ဓါတရားနဲ့ ကိုယ့်ရဲ့ယုံကြည်ချက်အပေါ်မှာတော့ မူတည်တာပေါ့လေ။ လူတိုင်းအပေါ် ကျရောက်လာတတ်တဲ့ လောကဓံကို ကိုယ်က ဘာခွက်နဲ့ခံမလဲဆိုတာမှာပဲ မူတည်ပါတယ်။ အရေးကြီးတာက ကိုယ့်ရဲ့ခံယူချက်ပါပဲလို့ ဆိုပါရစေ။

အထက်ပါအချက်အားလုံးဟာ အိမ်မှာပဲ သီးခြားနေရစဉ် နိစ္စဓူဝ လိုက်နာကျင့်ကြံ ဆောင်ရွက်သင့်တဲ့အချက်တွေပဲဖြစ်ပါတယ်။ မိမိကိုယ်တိုင် ဘက်ပေါင်းစုံကနေ ဟာကွက်ယိုကွက်မရှိအောင် စဉ်းစားပြီး ကာကွယ်နေရမယ့်သဘောပါပဲ။ ဒါမှလည်း ကိုဗစ်ရန်က အကောင်းဆုံး ပြန်လည်ရုန်းထွက်နိုးထနိုင်မှာဖြစ်ပါတယ်။ မဖြစ်ခင် မိမိကိုယ် မိမိ ကာကွယ်စောင့်ရှောက်ခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်သလို ကိုယ့်ကိုယ်ကိုယ် ကာကွယ်ထားမှသာလျှင် တခြားသူတွေအတွက်လည်း အကာအကွယ်ပြုရာ၊ စောင့်ရှောက်ပေးရာရောက်မှာ ဖြစ်ပါတယ်။ မိမိကိုယ်မိမိ ကာကွယ်ခြင်းသည်ပင် အများအတွက် အများနဲ့အတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည် မဟုတ်ပါလား။

“အားလုံးသော ဝေနေယျသတ္တဝါတွေ”

“သောက ဘေးကင်း ရန်ကွာဝေး၍ ကျန်းမာချမ်းသာကြပါစေ”

# ရန်ကုန်မြို့တွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများဆောင်ရွက်ခဲ့သော PDF အဖွဲ့ဝင်များနှင့် လမ်းမတော် ရွှေနန်းတော်ရွှေဆိုင် ဖောက်ခွဲလုယက်မှုတွင် ပါဝင်သူများ ဖော်ထုတ်ဖမ်းဆီးရရှိ



နေပြည်တော် ဇူလိုင် ၃၁

အကြမ်းဖက်အဖွဲ့များအဖြစ် ကြေညာထားသော CRPH၊ NUG အဖွဲ့များသည် မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကျရောက်နေသည့် ကာလများ၌ပင် ပြည်သူလူထုအပေါ် စာနာထောက်ထားမှုမရှိဘဲ တရားမဝင်အကြမ်းဖက်အဖွဲ့များ ဖွဲ့စည်း၍ အပြစ်မဲ့ပြည်သူများအား စွပ်စွဲသတ်ဖြတ်ခြင်း၊ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းဖြင့်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိသည့်အပြင် လုယက်မှုများကိုပါ ကျူးလွန်လျက်ရှိရာ ထိုသို့ တရားဥပဒေမဲ့လုပ်ရပ်များပြုလုပ်နေမှုကို ထပ်မံဖြစ်ပွားမှု မရှိစေရေးနှင့် ပြစ်မှုကျူးလွန်ခဲ့သူများကို ဖမ်းဆီးထိန်းသိမ်းနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

## ဖမ်းဆီးရမိ

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိရာတွင် အစွန်းရောက်လူငယ်များအနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG ၏ စေခိုင်းချက်အရ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အုပ်ချုပ်ရေးမှူးများအား အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရေးအတွက် ခင်ကျော်(UNRA)နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ချိတ်ဆက်၍ သင်တန်းတက်ရောက်လျက်ရှိကြောင်း သိရသဖြင့် ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၄ ရက်တွင် စမ်းချောင်းမြို့နယ်၌ စမ်းချောင်း PDF အဖွဲ့ဝင် **ကျော်ဇေယဟိန်း**(၃၂)နှစ်၊ **ဂျယ်ရီကောင်းထက်**(၂၉)နှစ်၊ **ပြည့်စုံသူ**(၃၀)နှစ်တို့ကိုလည်းကောင်း၊ **ဌာန်ကိုကို**(၂၁)နှစ်အား Hi Puppy Dog Spa ဆိုင်၌ Glock ပစ္စတိုတစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည်ရှစ်တောင့်နှင့်လည်းကောင်း၊ **သက်ကိုကိုထွေး**(၂၅)နှစ်နှင့် **ခိုင်ခိုင်ဝင်း**(၂၇)နှစ်တို့ကို သင်္ဃန်းကျွန်းမြို့နယ်၌လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ သက်ကိုကိုထွေး၏ထွက်ဆိုချက်အရ သင်္ဃန်းကျွန်းမြို့နယ်၌ **ထက်အောင်ဝင်း**(၃၀)နှစ်ကို ဖမ်းဆီးရမိခဲ့ပြီး မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄)ရပ်ကွက်၊ တိုက်(၂၂)၊ အခန်း(၁၀၁)ရှိ သက်ကိုကိုထွေး၏ နေအိမ်မှ လက်လုပ်မိုင်းမျိုးစုံ ၂၇ လုံး၊ လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ **အောင်ရဲဝင်း** (ဖမ်းဆီးရန်ကျန်)၏ နေအိမ်မှ MG လက်ပစ်ဗုံးနှစ်လုံး၊ ရှေ့ထွက်မိုင်း တစ်လုံး၊ ၉ မမကျည်အတောင့် ၂၀၊ လက်လုပ်မိုင်းမျိုးစုံ ၃၆ လုံးနှင့် လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ဇူလိုင် ၂၂ ရက်တွင် **ယဉ်လွဲ့လွဲ့သူ**(၂၂)နှစ်နှင့် **အိဖြူသန့်(ခ)Emilly**(၂၂)နှစ်တို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **ခိုင်ခိုင်ဝင်း**၏ ထွက်ဆိုချက်အရ ဇူလိုင် ၁၈ ရက်တွင် ဗဟန်းမြို့နယ်၌ **ဖြိုးမိုးသိန်**(၁၇နှစ်)ကိုလည်းကောင်း၊ လှိုင်မြို့နယ်၌ **တင်ထွဋ်(ခ) တင်ထွဋ်ပိုင်**(၃၁နှစ်)နှင့် **အောင်မင်းဦး**(၂၁နှစ်)တို့နှစ်ဦးကို ပစ္စတို တစ်လက်၊ ၎င်းကျည်အတောင့် ၃၀၊ ကျည်အိမ်နှစ်ခု၊ လက်လုပ်မိုင်းမျိုးစုံ ငါးလုံးနှင့် လက်လုပ်မိုင်းပြုလုပ်သည့် ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

## ထပ်မံဖမ်းဆီးရမိ

တရားခံ တင်ထွဋ်ပိုင်၏ ထွက်ဆိုချက်အရ ဇူလိုင် ၂၀ ရက်တွင် ဒဂုံဆိပ်ကမ်းမြို့နယ် (၈၅)ရပ်ကွက်၊ ဦးအုန်းလွင်လမ်းရှိ အပ်ချုပ်စက်ပစ္စည်းများ သိုလှောင်ထားသည့် ဂိုဒေါင်အား ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ **ကောင်းပြည့်စုံ**(၁၆)နှစ်၊ **အာကာမင်းထက်**(၂၂)နှစ်၊ **ထက်ကိုဦး**(၂၃)နှစ်တို့ကို လက်လုပ်သေနတ်တစ်လက်၊ ၉ မမကျည် ၂၃၈ တောင့်၊ ကျည်အိမ် သုံးခု၊ လက်လုပ်မိုင်းမျိုးစုံ ကိုးလုံးနှင့် လက်လုပ်သေနတ်ပြုလုပ်ရန် သေနတ်အစိတ်အပိုင်းမျိုးစုံနှင့် လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ဇူလိုင် ၂၁ ရက်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ **ဝင်းပပ(ခ)ရွှေဖြိုး**(၂၄)နှစ်ကိုလည်းကောင်း၊ သင်္ဃန်းကျွန်းမြို့နယ်၌ **ရဲရင့်ကျော်(ခ)ရဲရင့်**(၂၄နှစ်)နှင့် **ကျော်သီဟ**(၂၂)နှစ်တို့ကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ အိဖြူသန့်(ခ)Emilly၏ ထွက်ဆိုချက်အရ ဇူလိုင် ၂၃ ရက်တွင် **ခိုင်သဇင်ဦး**(၃၆)နှစ်အား မြောက်ဥက္ကလာပမြို့နယ် (ဈ)ဈေးအတွင်း၌ ပစ္စတိုတစ်လက်၊ ကျည်အိမ် တစ်ခု၊ ၉ မမ ကျည်အတောင့် ၂၀၊ MG1 လက်ပစ်ဗုံး သုံးလုံး၊ ၎င်းစနက်တံ သုံးခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး မင်္ဂလာဒုံမြို့နယ် အနန်းပင်ရပ်ကွက်ရှိ ၎င်း၏နေအိမ်မှ လက်လုပ်သေနတ်တစ်လက်၊ ကျည်မျိုးစုံ ၁၄၈ တောင့်နှင့် လက်လုပ်မိုင်းပြုလုပ်သည့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် **အိဇာနွေ(ခ)မအိ**(၃၈)နှစ်နှင့် **မြင့်မြတ်စု(ခ)မကိတ်**(၃၅)နှစ်ကိုလည်းကောင်း၊ တရားခံ ရဲရင့်ကျော်၏ ထွက်ဆိုချက်အရ **ဒေါ်စန်းကြည်**(၆၀)နှစ်ကို မြောက်ဥက္ကလာပမြို့နယ်၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဆက်စပ် ဖောက်ခွဲရေးသတင်းအရ ဇူလိုင် ၂၁ ရက်တွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်လမ်းဆုံ၌ **ထက်ဝေယံ**(၂၀)နှစ်ကို ဖမ်းဆီးရမိခဲ့ကာ ၎င်း၏ ထွက်ဆိုချက်အရ **ယဉ်ကျေး**(၂၀)နှစ်၊ **ချစ်ရင်ထူး**(၂၃)နှစ်၊ **အောင်ကိုဝင်း**(၄၁)နှစ်တို့ကို တိုက်ကြီးမြို့နယ် သပြုကျေးရွာအနီး၌ လက်လုပ်မိုင်းနှစ်လုံး၊ ပြုလုပ်ဆဲ လက်လုပ်မိုင်း ၈၅ လုံးနှင့် လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်တရားခံများဖြစ်သော **ထက်ဝေဦး**(၂၁)နှစ်၊ **အောင်ဇော်လွင်**(၂၂)နှစ်၊ **ထူးခန့်ထည်အောင်**(၂၀)နှစ်၊ **မင်းအောင်ခန့်**(၂၁)နှစ်နှင့် **အောင်သူရဦး**(၂၀)နှစ်တို့ကို တိုက်ကြီးမြို့နယ် ကွဲဘုတ်ကျေးရွာလမ်းဆုံ၌လည်းကောင်း၊ ဇူလိုင် ၂၃ ရက်တွင် ရီဝေထွန်း(၃၁)နှစ်ကို လက်ပစ်ဗုံး တစ်လုံး၊ ပြုလုပ်ဆဲ လက်လုပ်သေနတ် အစိတ်အပိုင်းမျိုးစုံတို့နှင့်အတူ စမ်းချောင်းမြို့နယ်၌လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

## ဖမ်းဆီးရမိ

တရားခံ အိဇာနွေ၏ ထွက်ဆိုချက်အရ ဇူလိုင် ၂၈ ရက်တွင် မရမ်းကုန်းမြို့နယ်၌ လျှန်တိုးမြင့်ဦး(၃၈)နှစ်ကိုလည်းကောင်း၊ တရားခံ ခိုင်သဇင်ဦး၏ ထွက်ဆိုချက်အရ ဇူလိုင် ၂၉ ရက်တွင် မင်္ဂလာဒုံမြို့နယ်၌ အေးမင်းထွန်း(ခ)ဖိုးလူး(၄၃)နှစ်ကိုလည်းကောင်း၊ အိဇာနွေ၏ ထွက်ဆိုချက်အရ ဥမ္မာအောင်(၄၀)နှစ်ကို ဗဟန်းမြို့နယ်၌လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖမ်းဆီးရမိ တရားခံများအနက် သက်ကိုကိုထွေး၊ ကျော်သီဟ၊ **ဇင်ယော်** (ဖမ်းဆီးရန်ကျန်)၊ အောင်ဇော်လွင်၊ ယဉ်ကျေး၊ ထက်ဝေဦး၊ မင်းအောင်ခန့်တို့သည် KNLA၊ တပ်မဟာ(၁)နယ်မြေ၌လည်းကောင်း၊ ကျော်ဇေယဟိန်း၊ ဂျယ်ရီကောင်းထက်၊ ပြည့်စုံသူ၊ **ကျော်ဇေယျာဝင်း**(ဖမ်းဆီးရန်ကျန်)တို့သည် KNLA၊ တပ်မဟာ(၇) နယ်မြေ၌လည်းကောင်း၊ ထက်ကိုဦး၊ အာကာမင်းထက်တို့သည် KNLA၊ တပ်မဟာ(၅) နယ်မြေ၌လည်းကောင်း၊ အောင်သူရဦးသည် လိုင်ဇာအနီး KIA စခန်း၌လည်းကောင်း၊ ထူးခန့်ထည်အောင်သည် TNLA နယ်မြေ၌လည်းကောင်း ဖောက်ခွဲရေးသင်တန်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့သော တရားခံများအနက် ကျော်ဇေယဟိန်းသည် ဇူလိုင် ၂ ရက်တွင် ပြည့်စုံသူ၊ **အလင်းသစ်** (ဖမ်းဆီးရန်ကျန်)အပါ ရှစ်ဦးနှင့်အတူ မြေနီကုန်းတံတား၊ ကြော်ငြာဆိုင်းဘုတ်အနီးတွင် လက်လုပ်မိုင်းဖောက်ခွဲခဲ့ကြောင်း သိရသည်။

## ချိန်ကိုက်ဗုံးများ ဖောက်ခွဲခဲ့

တရားခံ သက်ကိုကိုထွေးသည် ဇွန် ၁၀ ရက်တွင် သင်္ဃန်းကျွန်းမြို့နယ် ငမိုးရိပ်(၅)လမ်းထိပ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကိုလည်းကောင်း၊ ဇွန် ၁၇ ရက်တွင် ငမိုးရိပ်(၉)လမ်းရှိ အပြစ်မဲ့ပြည်သူတစ်ဦး၏ နေအိမ်အနီး၌လည်းကောင်း၊ ဇွန် ၂၃ ရက်တွင် ထက်အောင်ဝင်းနှင့်အတူ ငမိုးရိပ်(၆)လမ်းတွင် မြောင်းမြမုန့်ဟင်းခါးဆိုင်အနီးရှိ အပြစ်မဲ့ပြည်သူတစ်ဦး၏နေအိမ်ကိုလည်းကောင်း၊ ဇွန် ၂၆ ရက်တွင် ငမိုးရိပ်ရပ်ကွက်ရှိ အပြစ်မဲ့ပြည်သူတစ်ဦး၏ နေအိမ်ခြံဝင်းအနီး၌လည်းကောင်း၊ ဇူလိုင် ၆ ရက်တွင် စံပြ(၆)လမ်းရှိ အပြစ်မဲ့ပြည်သူတစ်ဦး၏ နေအိမ်ကိုလည်းကောင်း၊ ဇူလိုင် ၁၂ ရက်တွင် လေးထောင့်ကန်လမ်းမပေါ်ရှိ အေဝမ်းဆောက်လုပ်ရေး ပစ္စည်းဆိုင်အနီးတွင်လည်းကောင်း လက်လုပ်ရီမုမိုင်းနှင့် ချိန်ကိုက်ဗုံးများ ဖောက်ခွဲခဲ့ကြောင်း သိရသည်။

တရားခံ ဝင်းပပသည် မေ ၅ ရက်တွင် ဖမ်းဆီးရန် ကျန်တရားခံများဖြစ်သော **ရဲညီထက်**၏ ဦးဆောင်မှုဖြင့် **အောင်ကျော်မြင့်ဦး**၊ **ရန်နိုင်**၊ **အောင်မြင့်မြတ်**၊ **သန့်ဇင်**တို့နှင့်အတူ **ကိုဝိုင်း(ခ) နံ့ပါတ်ဖိုး**ထံမှ လက်လုပ်မိုင်းရယူပြီး ဒဂုံတက္ကသိုလ်ကျောင်းဝင်းအတွင်း ပြေးဆွဲသည့် YBS ယာဉ်ပေါ်တွင် ဖောက်ခွဲသည့်ဖြစ်စဉ်၌ ပါဝင်ခဲ့ကြောင်းနှင့် တရားခံ တင်ထွဋ်ပိုင်သည် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ရှိ အပ်ချုပ်စက်ပစ္စည်းများသိုလှောင်ထားသည့် ဂိုဒေါင်တွင် အာကာမင်းထက်၊ ကောင်းပြည့်စုံ၊ ထက်ကိုဦးတို့အား လက်လုပ်မိုင်းနှင့် လက်လုပ်သေနတ်များ လုပ်ဆောင်ရန် စေခိုင်းခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၉ သို့ ❍

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် တပ်မတော်(ရေ)အောက်ဆီဂျင်စက်ရုံများမှ အောက်ဆီဂျင်ထုတ်လုပ်ဖြန့်ဝေနိုင်ရေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၃၁

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော တပ်မတော် ဆေးရုံများ၊ ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများ၊ မြို့နယ် ပြည်သူ့ဆေးရုံများ၊ အရပ်ဘက်ပရဟိတ အဖွဲ့အစည်းများနှင့် အရေးပေါ်လူနာများအား လိုအပ်သော အောက်ဆီဂျင်ထောက်ပံ့ပေးနိုင်ရေး အတွက် တပ်မတော်(ရေ) ရေတပ်သင်္ဘောကျင်း ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ဌာနချုပ်များတွင် အောက်ဆီဂျင်စက်ရုံများ တည်ဆောက်တပ်ဆင် လျက်ရှိရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်အရ သန်လျင်မြို့နယ်ရှိ ရေတပ် သင်္ဘောကျင်းဌာနချုပ်(သီလဝါ)တွင် ယခုထပ်မံ အသစ်တပ်ဆင်လျက်ရှိသည့် KZO 100 Oxygen Plant မှ တစ်နာရီလျှင် ကုဗမီတာ ၁၀၀ နှုန်းဖြင့် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၄၀၀ အထိ ထပ်မံတိုးမြှင့်ထုတ်လုပ်၍ လည်းကောင်း၊ ဧည့ဝတီရေတပ်စခန်းဌာနချုပ် ကျောက်ဖြူမြို့နယ်ရှိ စစ်တောတွင် တပ်ဆင်လျက်ရှိသော အောက်ဆီဂျင် စက်ရုံမှ တစ်နာရီလျှင် ကုဗမီတာ ၅၀ နှုန်းဖြင့် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၂၀၀ ကို လည်းကောင်း၊ တနင်္သာရီရေတပ်စခန်းဌာနချုပ် ကျွန်းစုမြို့နယ်တွင် တပ်ဆင်လျက်ရှိသော အောက်ဆီဂျင်စက်ရုံမှ တစ်နာရီလျှင် ကုဗမီတာ ၃၀ နှုန်းဖြင့် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင် အိုးအလုံး ၁၂၀ တို့ကိုလည်းကောင်း အသီးသီးထုတ်လုပ် ပေးနိုင်မည်ဖြစ်ပြီး အဆိုပါအောက်ဆီဂျင်စက်ရုံများမှ သက်ဆိုင်ရာမြို့နယ်များရှိ တပ်မတော်ဆေးရုံများ၊ ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများ၊ မြို့နယ် ပြည်သူ့ဆေးရုံများ၊ အရပ်ဘက်ပရဟိတအဖွဲ့အစည်း များနှင့် အရေးပေါ်လူနာများသို့ ဖြန့်ဖြူးပေးသွားနိုင် မည်ဖြစ်ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများသို့ လှူဒါန်းမည့် ခုတင်(ကတ္တူချပ်ပုံး)များ သယ်ယူပို့ဆောင်ပေး

နေပြည်တော် ဇူလိုင် ၃၁

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော် ဆေးတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများက အင်တိုက် အားတိုက် ဆောင်ရွက်လျက်ရှိပြီး စေတနာရှင် အလှူ ရှင်များကလည်း ကိုဗစ်-၁၉ ရောဂါ လူနာများကုသ ရာတွင် အသုံးပြုရန် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသ ရေးဆိုင်ရာပစ္စည်းများနှင့် အောက်ဆီဂျင်အိုးများ၊ အောက်ဆီဂျင်ထုတ်သည့်စက်များကို သက်ဆိုင်ရာ ဆေးရုံများသို့ ပေးအပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ခတ်ခွဲအတည်ပြုပိုးတွေ့လူနာများ ကို ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ကော့သောင်းမြို့ရှိ စေတနာရှင် အလှူရှင်တစ်ဦး မှာယူထားသည့် လူနာ ခုတင်(ကတ္တူချပ်ပုံး)များကို ထိုင်းနိုင်ငံဘက်မှ ရေယာဉ်ဖြင့် ထိုင်း- မြန်မာ ကော့သောင်းနယ်စပ် ဆိပ်ကမ်းမှတစ်ဆင့် ကော့သောင်းမြို့သို့ ခုတင်အလုံး ၄၀၀ ထပ်မံရောက်ရှိခဲ့သည်။

အဆိုပါခုတင်များကို တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိကိုဗစ်-၁၉ ရောဂါကုသရေးအတွက် ကျန်းမာ ရေးဌာနများနှင့် ကိုဗစ်စင်တာများသို့ တပ်မတော် မော်တော်ယာဉ်များဖြင့် ဆက်လက်ကူညီပို့ဆောင် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❍ စာမျက်နှာ ၁၈ မှ

တရားခံ ခိုင်သဇင်ဦးသည် UAE နိုင်ငံတွင် နေထိုင်သူ ဖမ်းဆီးရန်ကျန် တရားခံ **အောင်နိုင်ဝင်း(ခ) ကိုအောင်**နှင့် **ဟန်သာမြင့်ဦး**တို့၏ ခိုင်းစေမှုဖြင့် ဇွန်လ တွင် အေးမင်းထွန်း(ခ) ဇူးလူးထံမှ Glock ပစ္စတိုနှစ် လက်၊ CZ ပစ္စတိုတစ်လက်၊ ကျည်မျိုးစုံ ၂၀၃ တောင့်၊ လက်ပစ်ဗုံးခြောက်လုံးတို့ကို လည်းကောင်း၊ **တိုးတိုး** (ဖမ်းဆီးရန်ကျန်)ထံမှ ဒီတိုနေတာ ၄၅ ခုကို လည်း ကောင်း ရရှိခဲ့ကြောင်း သိရသည်။

### ပေးအပ်ခဲ့

အဆိုပါ လက်နက်/ ခဲယမ်းနှင့် ဖောက်ခွဲရေး ပစ္စည်းများအနက်မှ Glock ပစ္စတိုတစ်လက်၊ ကျည် ၁၀ တောင့်အား ကျော်ဇောဟိန်းထံသို့လည်းကောင်း၊ Glock ပစ္စတိုတစ်လက်၊ ကျည် ၂၅ တောင့်အား အိဖြူသန့်(ခ) Emilly ထံသို့လည်းကောင်း၊ လက်ပစ် ဗုံးသုံးလုံးအား ရဲရင့်ကျော်ကိုလည်းကောင်း ပေးအပ် ခဲ့ပြီး ရဲရင့်ကျော်မှ လက်ပစ်ဗုံးများအား ဒေါ်စန်းကြည် ထံသို့ရောင်းချခဲ့ကြောင်း၊ ဒေါ်စန်းကြည်မှ **သိန်းထွန်း** (ဖမ်းဆီးရန်ကျန်)ထံ အဆင့်ဆင့်ပြန်လည်ရောင်းချ ခဲ့ကြောင်း၊ တရားခံ အာကာမင်းထက်သည် **ကိုဝိုင်း (ခ) နံပါတ်ဖိုး**(ဖမ်းဆီးရန်ကျန်)ထံမှ ရရှိသော ပစ္စတို နှစ်လက်၊ ကျည်အတောင့် ၃၀ တို့အား တင်ထွဋ်ပိုင်ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

တရားခံ ထက်ဝေယံသည် ဧပြီလ ဒုတိယပတ် တွင် ချစ်ရင်ထူး၏ ချိတ်ဆက်ပေးမှုဖြင့် တိုက်ကြီး မြို့နယ် သပြုကျေးရွာရှိ **အောင်နိုင်(ခ)နဂါး** (ဖမ်းဆီး ရန်ကျန်)ခြံအတွင်း ယာယီအဆောက်အအုံဆောက်လုပ် ၍ ချစ်ရင်ထူး၊ အောင်ဇော်လွင်၊ **ဖိုးဇော်**(ဖမ်းဆီးရန်ကျန်)၊ ယဉ်ကျေးတို့နှင့်အတူ နေထိုင်ခဲ့ပြီး မေလပထမပတ် မှစ၍ ဖမ်းဆီးရန်ကျန်သူများဖြစ်သည့် **သူသူဇင်၊ ထက်ထက်**တို့နှင့် လက်လုပ်ဗုံးများပြုလုပ်ခဲ့ကြောင်း သိရသည်။

ဇူလိုင် ၃ ရက်တွင် တရားခံ **ကျော်စိုး**(ဖမ်းဆီးရန် ကျန်)သည် သက်ကိုကိုထွေးနှင့် **အာကာ**(ဖမ်းဆီးရန် ကျန်)အား ရွှေနန်းတော်ရတနာရွှေဆိုင်များအား တစ်ချိန်တည်း ဖောက်ခွဲလုယက်မည့်အစီအစဉ်ကို ပြောကြားခဲ့ပြီး ဇူလိုင် ၈ ရက်တွင် ကျော်စိုးမှ သက်ကိုကိုထွေး၊ ထက်အောင်ဝင်း၊ **ဇင်ယော်၊ ဆုပိုပို အောင်(ခ)စာကလေး**၊ ခိုင်ခိုင်ဝင်းတို့အား ၎င်း၏ ယာဉ်ဖြင့် သွားရောက်ခေါ်ဆောင်ခဲ့ကြောင်း၊ ထို့နောက် သက်ကိုကိုထွေးအား ၂၃ လမ်း၊ ရွှေနန်းတော်ရွှေဆိုင် နှင့် ထက်အောင်ဝင်းအား ၁၉ လမ်းရှိ ရွှေနန်းတော် ရွှေဆိုင်တို့အား မွန်းလွဲပိုင်းတွင် တစ်ချိန်တည်း ဖောက်ခွဲ၍ ဝင်ရောက်လုယက်ရန် လက်လုပ်မိုင်းများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

တရားခံ ကျော်စိုးမှ လမ်းမတော်ရွှေဆိုင်အား ဖောက်ခွဲရန် ရွှေပေါက်ကံ PDF အဖွဲ့ဝင်များဖြစ်သည့် **ဇင်ယော်၊ ရဲလင်း၊ စိုင်းမင်းခန့်**တို့အား ဖောက်ခွဲရေး အဖွဲ့အဖြစ်စေခိုင်းခဲ့ပြီး စောင့်ကြည့်အဖွဲ့အား ဆုပိုပို အောင်(ခ)စာကလေး၊ မျိုးပပနှင့် အာကာတို့မှ ဆောင်ရွက်ရန်နှင့် ပန်တာမှ ဖောက်ခွဲပြီးပါက ရွှေထည် များအား ဝင်ရောက်လုယက်ရန် စီစဉ်ခဲ့ကြောင်း သိရသည်။

အကြမ်းဖက်အဖွဲ့များအနေဖြင့် ဖောက်ခွဲမှုများ အား တစ်ချိန်တည်း ဆောင်ရွက်ရန် စီစဉ်ထားသော် လည်း လက်ဝတ်ရတနာများအား ခွဲဝေခြင်းမပြုလုပ် လိုသဖြင့် လမ်းမတော်ရှိဆိုင်အား ဇင်ယော်ဦးဆောင် သည့်အဖွဲ့မှ သတ်မှတ်ချိန်ထက်စော၍ ဖောက်ခွဲခဲ့ သဖြင့် သက်ကိုကိုထွေးနှင့် ထက်အောင်ဝင်းတို့သည် ၎င်းတို့ ဖောက်ခွဲရမည့် ရွှေဆိုင်များအား ဖောက်ခွဲခြင်း မပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

### ဆက်သွယ်မှာယူခဲ့

ဇွန်လပထမပတ်ခန့်တွင် အောင်ဇော်လွင်၊ ယဉ်ကျေး၊ ချစ်ရင်ထူးနှင့် ထက်ဝေယံတို့မှ လက်လုပ် မိုင်း ၃၅ လုံးအား လက်ပံတန်း PDF အဖွဲ့ခေါင်းဆောင် **လူရှင်း**(ဖမ်းဆီးရန်ကျန်)ထံ ရောင်းချခဲ့ကြောင်း၊ ထက်ဝေယံသည် Nero geal ခြောက်တောင့်၊ ဒီတိုနေ တာ ၂၄ ခု၊ ကလိုရိုက်တစ်အိတ်အား စမ်းချောင်းမြို့ နယ်နေ **ရီဝေထွန်း**ထံမှရယူပြီး လက်လုပ်မိုင်းများ ထပ်မံပြုလုပ်နေဆဲဖြစ်ကြောင်း၊ ၎င်းတို့အဖွဲ့အား ဦးဆောင်သူ အောင်နိုင်(ခေါ်)နဂါးမှ လုံခြုံရေးအဖွဲ့များ နှင့် အဆောက်အအုံများအား အချိန်ကိုက်ဖောက်ခွဲနိုင် ရန် ချိန်ကိုက်မိုင်းနှစ်လုံးအား Emilly ထံ ဆက်သွယ်၍ မှာယူခဲ့ကြောင်း သိရသည်။

တရားခံ သျှန်တိုးမြင့်ဦးသည် အစ်ကိုဖြစ်သူ **ဟန်သာမြင့်ဦး**(ဖမ်းဆီးရန်ကျန်)၏ စေခိုင်းချက်အရ အမည်မသိ အမျိုးသမီးနှစ်ဦးထံမှ ငွေကျပ် ၂၈ သိန်းနှင့် ခိုင်သဇင်ဦးထံမှ ငွေကျပ် သိန်း ၆၀ စုစုပေါင်း ငွေကျပ် ၈၈ သိန်းခန့် လက်ခံရရှိခဲ့ပြီး ၎င်းငွေများအား ခိုင်သဇင်ဦးထံ လက်နက်/ ခဲယမ်းများ ရောင်းဝယ်မှု ပြုလုပ်ရန်နှင့် ကျန်ငွေများအား ဖောက်ခွဲရေးလုပ်ငန်း များတွင် သုံးစွဲထားရှိကြောင်း၊ လက်ကျန်ငွေ ၄၂ သိန်း အား ဂိုဒေါင်၌ ဝှက်ထားခဲ့ရာမှ သိမ်းဆည်းခံခဲ့ရ ကြောင်း သိရသည်။



မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၁၄)ရပ်ကွက် (၁၄)အိမ်ရာ တိုက်(၂၂)၊ အခန်း(၁၀၁)မှ သိမ်းဆည်းရမိခဲ့သည့် သက်သေခံပစ္စည်းများကို တွေ့ရစဉ်။

ဒဂုံမြို့နယ် ယောမင်းကြီးလမ်း အိုလံပစ်ဘား အပေါ်ထပ် တိုက်ခန်းတွင် လက်လုပ်မိုင်းများအား ပြုလုပ်၍ ရန်ကုန်မြို့အတွင်းရှိ အကြမ်းဖက်အဖွဲ့များ ထံသို့ ပြန်လည်ဖြန့်ဖြူးရန်ရည်ရွယ်၍ တရားမဝင် ဖွဲ့စည်းထားသည့် RRAT (Rangon Revolution Attack Team)အဖွဲ့မှ **မင်းစိုး(ခ)ကိုနစ်** (ဖမ်းဆီး ရန်ကျန်)၏ စည်းရုံးမှုကြောင့် အိဖြူသန့်(ခ) Emilly၊ ယဉ်လဲ့လဲ့သူ၊ အိဇာနွေနှင့် မြင့်မြတ်ဆုတို့ လေးဦးသည် RRAT အဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး ၎င်းတို့နှင့်အတူ နေထိုင် ခဲ့ကြောင်း၊ ၎င်းတိုက်ခန်းတွင် မင်းစိုး(ခ)ကိုနစ် (မေ ၁၈ ရက်တွင် တိုက်ခန်း၌ လက်လုပ်မိုင်းပြုလုပ်ရာမှ ပေါက်ကွဲခဲ့ပြီး ဒဏ်ရာရရှိခဲ့သူ)မှ ဦးဆောင်ကာ **ဒိုက်၊ ပြည့်ဖြိုးကျော်၊ စိုင်းသီဟ**၊ ယဉ်လဲ့လဲ့သူတို့သည် လက်လုပ်မိုင်းများရောင်းချခြင်းများ ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရား ဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက် အမှောင့်လုပ်ငန်းများလုပ်ဆောင်ရန်နှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရန် လုပ်ဆောင်မည့် ရန်ကုန်မြို့တွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ တွင် ပါဝင်သော စမ်းချောင်းမြို့နယ် PDF အဖွဲ့ဝင် ကျော်ဇောဟိန်းအပါ တရားခံလေးဦး၊ သဃ်န်းကျွန်း မြို့နယ် PDF အဖွဲ့ဝင် သက်ကိုကိုထွေးအပါ တရားခံ လေးဦး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် PDF အဖွဲ့ဝင် အာကာမင်းထက်အပါ တရားခံ လေးဦး၊ ရွှေပေါက်ကံ PDF အဖွဲ့ဝင် တင်ထွဋ်ပိုင်အပါ တရားခံသုံးဦး၊ တိုက်ကြီးမြို့နယ် PDF အဖွဲ့ဝင် ထက်ဝေယံအပါ တရားခံ ၁၀ ဦးနှင့် ဆက်စပ်တရားခံ ခြောက်ဦး စုစုပေါင်း တရားခံ ၃၅ ဦးတို့ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှင့်အတူ ပစ္စတိုသေနတ်သုံးလက်၊ လုပ်သေနတ် နှစ်လက်၊ ကျည်မျိုးစုံ ၄၆၄ တောင့်၊ ကျည်အိမ်ခုနစ်ခု၊ လက်လုပ်မိုင်းမျိုးစုံ ၇၉ လုံး၊ ပြုလုပ်ဆဲ လက်လုပ်မိုင်း ၈၅ လုံး၊ လက်ပစ်ဗုံးခြောက်လုံး၊ ရှေ့ထွက်မိုင်းတစ်လုံး၊ ဒီတိုနေတာ ၄၅ ခု၊ အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်း ရမိခဲ့သည်။

### သတင်းပေးတိုင်ကြားနိုင်

အထက်ပါဖမ်းဆီးရမိသူများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများ အား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခို ရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများ ရရှိပါက သက်ဆိုင်ရာသို့လျှို့ဝှက်စွာ သတင်းပေးတိုင် ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်း တည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်း ပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထား ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးဥတုနှင့် အဆုတ်ပွရောဂါ

## ကြည်လွင်မြင့် (မုဒြာ)

အဆုတ်ပွရောဂါသည် မိုးဥတုတွင် အဖြစ်များသော ရောဂါဖြစ်သည်။ အဆုတ်လေပြွန်များအတွင်း ရေငွေ့များဝင်ရာမှ ပြန်မထွက်နိုင်သောအခါ အအေးပတ်ပြီး အဆုတ်အအေးပတ်ရောဂါ ဖြစ်သည်။ ထို့နောက် အဆုတ်ပွရောဂါ၊ အဆုတ်ရောင်ရောဂါများ ဆက်၍ဖြစ်လာနိုင်သည်။

မိုးရေထဲသွားနေသူများသည် ရှူသွင်းသော လေတွင် ရေငွေ့များပါသဖြင့် ကြာလာသောအခါ အဆုတ်အတွင်းတွင် ပြန်မထွက်နိုင်သော ရေငွေ့ အမှုန်လေးများ စုမိလာသည်။ နှာချေခြင်းသည် ဖုန်နှင့်အမှုန်များဝင်မှမဟုတ် ရေငွေ့များ ပြန်ထွက်စေရန်အတွက်လည်း အဆုတ်အတွင်းမှ အမျှင်များက ခါထုတ်သဖြင့်လည်းဖြစ်နိုင်သည်။ အဆက်မပြတ်နှာချေနေခြင်းသည် အဆုတ်အတွင်း ရေငွေ့ များရှိနေခြင်း လက္ခဏာဖြစ်သည်။

မိုးရွာထဲမှ ပြန်လာသောအခါ ပရုတ်ဆီ အနည်းငယ်ကို ရေနွေးမတ်ခွက်တွင် ထည့်ဖျော်၍ အုပ်ထားပြီး ဖွင့်လိုက်သောအခါ ထွက်လာသည့် ပရုတ်ငွေ့ကို ရှူပေးခြင်းဖြင့် အဆုတ်အအေးပတ်ခြင်းကို ကာကွယ်နိုင်သည်။ သို့မဟုတ် ချင်းတက်တစ်တက်ကို ထုထောင်းပြီး ရေနွေးမတ်ခွက်တစ်လုံး ထဲထည့်ကာ သောက်ခြင်းဖြင့်လည်း အဆုတ် အအေးပတ်ခြင်းမှ ကာကွယ်နိုင်သည်။

အဆုတ်ရေဝိုင်းသည့်ရောဂါ၊ အဆုတ်ရေဝပ်သည့်ရောဂါကြောင့် အဆုတ်အတွင်းတွင် ပိုးများ ပေါက်ပွားပြီး အဆုတ်ရောင်ရောဂါ နာတာရှည် ဖြစ်လာနိုင်သည်။ တငွေ့ငွေ့ကိုယ်ပူ၍ ဖျားသော ရောဂါသည် အဆုတ်ရောင်ခြင်းကြောင့် ဖြစ်နိုင် သည်။ ပိုးကြောင့်ဖြစ်သော အဆုတ်ရောဂါ တော်တော်များများသည် အဆုတ်တွင် ရေဝပ်ရာမှ စတင်ဖြစ်လေ့ရှိသည်ကို တွေ့ရသည်။

အဆုတ်အတွင်း ရေငွေ့များနေသဖြင့် နှာချေ ခြင်း၊ ချောင်းဆိုးခြင်း အကြိမ်ရေများလာသော အခါ၊ ရက်ရှည်လာသောအခါ အဆုတ်နှင့် လေပြွန် အတွင်းမှ သွေးကြောငယ်လေးများပေါက်ပြီး သွေးပါလာသည်။ ချောင်းဆိုးသွေးပါရောဂါဟု ခေါ်သည်။ အခန်းအောင်းနေသူများ၊ နေရောင်ခြည် မရသည့်အခန်းတွင် အလုပ်ကိုထိုင်ပြီး ကြာရှည် လုပ်ရသူများတွင် ဤရောဂါဖြစ်လေ့ရှိသည်။

### နေရောင်ခြည်၏တန်ဖိုး

နေရောင်ခြည်၏တန်ဖိုးကို မိုးဥတုတွင် သိရ သည်။ ရက်ရှည်မိုးရွာ၍ စိုထိုင်းနေသောအဝတ်များ သည် နေရောင်ခြည်ဖြင့် ထိတွေ့သောအခါ အခြောက်မြန်သည်။ အိမ်တွင်းအရိပ်တွင် အခြောက်ခံသောအဝတ်များ၊ ပန်ကာလေဖြင့် အခြောက်ခံသောအဝတ်များမှာ အနံ့အသက် မကောင်းပေ။ နေရောင်ခြည်မှပေးသော ဥဏှ တေဇောအပူဓာတ်သည် ရောဂါပိုးတော်တော် များများကို သေစေနိုင်သောသတ္တိရှိသည်။ ဖြစ်နိုင် လျှင် ခြောက်သွေ့ပြီးအဝတ်ပင်ဖြစ်စေ နေရောင်ခြည် ထွက်လာသောအခါ ခေတ္တနေရောင်ပြပေးသင့်သည်။

အဝတ်အထည်များတွင် မှိုကပ်သောကြောင့်၊ မှိုစွဲခြင်းကြောင့် လူ၏အရေပြားတွင်လည်း ယားယံ ခြင်း၊ ညှင်းပေါက်ခြင်း၊ သနပွေး ခေါ် ပွေးကွက်ငယ် များပေါက်ခြင်း ဖြစ်လေ့ရှိသည်။ ရေချိုးသောအခါ ဆပ်ပြာရည်ကို ကုန်စင်အောင်မချိုးဘဲ အဝတ်အစား များတွင်လည်း ရေငွေ့များရှိနေခြင်းကြောင့် တစ်ကိုယ်လုံး အဖုအပိန့်များထွက်ပြီး ယားယံလာ သည်။ ကုတ်ဖဲ့ရာမှ ဝဲနှင်းခူအနာများဖြစ်သည်ကို တွေ့ရဖူးသည်။

မိုးများသောအရပ်တွင် နေရောင်ခြည် ထွက်သောအခါ အဝတ်အထည်များသာမက စောင်၊ အိပ်ရာခင်းများကိုပါ နေရောင်ခြည်ပြပေးသင့်သည်။ အိမ်ခန်းအတွင်းသို့ နေရောင်ခြည်ဝင်အောင် ပြတင်းပေါက်များ ဖွင့်ပေးခြင်းဖြင့် ရေငွေ့ဖြင့် ပေါက်ပွားမည့် ရောဂါများအန္တရာယ်မှလည်း ကာကွယ်နိုင်ပေသည်။ နေရောင်ခြည်မဝင်သော အခန်းများ၊ အဲကွန်းအလုံခန်းများတွင် နေထိုင်သူ များသည် မိုးဥတုတွင် အဆုတ်ပွရောဂါဖြစ်နိုင်သဖြင့် သတိပြုကြစေချင်သည်။

**မိုးများသောအရပ်တွင် နေရောင်ခြည်ထွက်သောအခါ အဝတ်အထည်များသာမက စောင်၊ အိပ်ရာခင်းများကိုပါ နေရောင်ခြည်ပြပေးသင့်သည်။ အိမ်ခန်းအတွင်းသို့ နေရောင်ခြည်ဝင်အောင် ပြတင်းပေါက်များ ဖွင့်ပေးခြင်းဖြင့် ရေငွေ့ဖြင့်ပေါက်ပွားမည့် ရောဂါများအန္တရာယ်မှလည်း ကာကွယ်နိုင်ပေသည်။ နေရောင်ခြည်မဝင်သော အခန်းများ၊ အဲကွန်းအလုံခန်းများတွင် နေထိုင်သူများသည် မိုးဥတုတွင် အဆုတ်ပွရောဂါဖြစ်နိုင်သဖြင့် သတိပြုကြစေချင်**

### မိုးဥတုမှာ စားသုံးသင့်သော ဓာတ်စာများ

မိုးဥတုတွင် ကျန်းမာရေးမကောင်းသဖြင့် အခန်းတွင်းအောင်းနေရသည့် လူကြီးများ၊ သက်ကြီး ရွယ်အိုများကို မိုးတိတ်ပြီး လေကောင်း၊ လေသန့် ရသည့်နေရာ၌ တစ်နာရီခန့် နေပူစာ လှုံပေးသင့် သည်။ လမ်းမလျှောက်နိုင်သူကို တွဲ၍သော် လည်းကောင်း၊ ဝှီးချဲဖြင့်သော်လည်းကောင်း နေရောင်ခြည်ပြပေးသင့်သည်။

လူကြီးများ အသက်အရွယ်ကြောင့် အဆုတ်ပွ လွယ်သည်။ ရေငွေ့များအောင်းပြီး နေရောင်ခြည် မဝင်သည့်အခန်းတွင် အနေကြာလျှင် အဆုတ်ပွ၊ အဆုတ်ရောင်၊ ချောင်းဆိုး၊ ရင်ကျပ်၊ တငွေ့ငွေ့ ကိုယ်ပူသော အဖျားရောဂါများ ဝင်လာနိုင်သည်။ နေရောင်မဝင်သောအခန်းတွင် ရောဂါပိုးမွှား ပေါက်ပွားလွယ်သည်ဟု ဆိုသည်။

အဆုတ်ရေငွေ့ဝင်၍ နှာချေခြင်း၊ ချောင်းဆိုး ခြင်း၊ အဆုတ်အအေးပတ်ခြင်းမှ ကာကွယ်နိုင်သော မီးဖိုချောင်သုံး အစားအစာမှာ ကြက်သွန်ဖြူဖြစ်သည်။ ကြက်သွန်ဖြူဥတစ်လုံးကို မီးဖုတ်၍ဖြစ်စေ၊ ဥအမြွှာ များကို သီတံဖြင့် တံစို့ထိုးမီးကင်၍ဖြစ်စေ နေ့စဉ် တစ်ဥ သို့မဟုတ် ခုနစ်မြွှာခန့် စားပေးလျှင် အဆုတ် အအေးပတ်ခြင်းမှ ကာကွယ်နိုင်သည်။ ငွေကုန် ကြေးကျမများ ပိုးသတ်ဆေးများလည်း မသောက်ရ သည့် သဘာဝကိုယ်ခံအားဓာတ်စာဖြစ်သည်။

အဆုတ်ပွ၍ဖျားလျှင် တငွေ့ငွေ့နှင့် ရက်ရှည် ပြီး အစားအသောက်မစားချင် ခံတွင်းပျက်သည့် ရောဂါပါ ဝင်လာတတ်သည်။ အဆုတ်သည် နှလုံးမှ ပေးပို့သော သွေးညစ်များကို ပြင်ပမှရှူသွင်းသည့်လေ နှင့် ထိတွေ့ပေးပြီး သွေးသစ်ဖြစ်အောင် သန့်စင် ပေးရာဌာနဖြစ်သဖြင့် ကျန်းမာရေးအတွက် အလွန် ပင်အရေးကြီးသည်။ အဆုတ်မကောင်းလျှင် သွေးလည်းမသန့်စင်နိုင်ပေ။ အလွန်အရေးကြီးသည့် ကိုယ်တွင်းအင်္ဂါဖြစ်သည်။

ကြက်သွန်နီသည်လည်း အအေးပတ်ခြင်းမှ ကာကွယ်ပေးသည့် အာနိသင်ရှိသည်။ ဟင်းချက်ရာ တွင် ကြက်သွန်နီပါသော်လည်း အပူပေးသဖြင့် ဥမှ ထွက်သော အခိုးအငွေ့အာနိသင် ပျက်သွားသည်။ အစိမ်းစားခြင်းဖြင့် စူးရှသောအခိုးအငွေ့ကို ရနိုင် သည်။

ကြက်သွန်နီတစ်ဥကို ပါးပါးလှီးပြီး ရှောက်ရည် သို့မဟုတ် သံပရာရည်ဆမ်းပြီး ထမင်းစားသည့် အခါတိုင်း စားသုံးပေးခြင်းဖြင့် ရောဂါပိုးများစွာကို ကာကွယ်နိုင်သည်။ ကြက်သွန်နီဥကို လှီးပြီးလျှင် ရေအကြိမ်ကြိမ်မဆေးဘဲ တစ်ကြိမ်ခန့်သာဆေးပြီး မွှန်သည့်အနံ့ကို ထိန်းထားသင့်သည်။

ကြက်သွန်နီသည် ဆီးကောင်းစေသဖြင့် မိုးရာသီတွင် ခြေထောက်ရေစို၍ ခြေအေးခြင်း၊ အပူငုပ်၍ဆီးပူခြင်း၊ ဆီးအောင့်ခြင်းများအတွက်ပါ ကာကွယ်ပေးနိုင်သည်။ ဆီးလမ်းကြောင်းနှင့် ကျောက်ကပ်အတွက်ပါကောင်းသော မီးဖိုချောင်မှ ဆေးစွမ်းကောင်းဖြစ်သည်။

### စားသုံးသင့်သော ဆေးဖက်ဝင်အစားအစာများ

မိုးရာသီတွင် အဓိကစားသင့်သည့် အရသာမှာ အခါးဟု ရှေးဓာတ်စာဆရာကြီးများက ဆိုသည်။ အပြင်တွင်အေးပြီး အအေးပတ်သဖြင့် ကိုယ်တွင်း ငုပ်နေသော အပူဓာတ် (ဥဏှ တေဇော)နှင့်တွဲလျက် ဖြစ်ပေါ်လာသော (ဥဏှာဝါယော) လေပူအထက်သို့ ကန်ခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းပူခြင်း၊ အဆုတ်အပူအောင်းခြင်းတို့ကို အခါးအရသာ စားပေးခြင်းဖြင့် သက်သာစေနိုင်သည်ဟု ဆိုသည်။ ခွေးတောက်ရွက်၊ ကြောင်လျှာသီး၊ ကြက်ဟင်းခါး သီးတို့ကို သင့်တင့်ရုံစားပေးခြင်းဖြင့် ကျန်းမာရေး အတွက် ကောင်းမွန်စေနိုင်သည်။

အအေးပတ်ဖျားခြင်းအတွက် မြန်မာဆေးတွင် ကွမ်းရွက်ပြုတ်ရည်သည်လည်း အလွန်ထိရောက် သည်။ အခိုးပွင့်ဆေး၊ အဖျားပြတ်ဆေး၊ အကိုက်အခဲ ပျောက်ဆေး မည်သည့်ဆေးကို သောက်သည် ဖြစ်စေ ကွမ်းရွက်ပြုတ်ရည်နှင့်သောက်လျှင် ပို၍ လျင်မြန်စွာ ဆေးအာနိသင် ထိရောက်သည်ကို တွေ့ရှိရသည်။ အခိုးငုပ်ခြင်းကို ပြန်လည် ကောင်းမွန်စေနိုင်သည့် “အာကာသဓာတ်” ကွမ်းရွက်တွင် ရှိသည်ဟု ရှေးဆရာကြီးများ အမိန့် ရှိသည်။

အအေးပတ်၍ ရောဂါဖြစ်ခြင်းနှင့် အဆုတ် အတွင်းပိုးဝင်၍ ရောဂါဖြစ်ခြင်းဟူ၍ နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးလုံးပင် အဆုတ်ဖျားဟူ၍ ခေါ်ရမည် ဖြစ်သည်။ အဆုတ်ဖျားဟူသည်မှာ အဆုတ်တွင် အခိုးငုပ်၍ ဖျားခြင်းဖြစ်သည်။ အခိုးပွင့်စေရန် အတွက် သင့်တော်သောဆေးကို ပေးခြင်းဖြင့် အဆုတ်အတွင်းသို့ လေဝင်လေထွက်မှန်ကန်ပြီး ကိုယ်ခံအားရရှိကာ ရက်အနည်းငယ်ကြာသောအခါ ပိုးလည်းသေသွားနိုင်သည်။ ထို့ကြောင့် ရက်အနည်း ငယ်ဖျားရုံဖြင့် စိတ်ဓာတ်ကျခြင်း မဖြစ်ဖို့လိုသည်။ အစားအသောက်ကို ပုံမှန်စား၍ ကိုယ်ခံအား ပြည့်အောင်သာ ဂရုစိုက်ပေးဖို့လိုသည်။ အခန်းတွင်း အောင်းမနေဘဲ လေကောင်းလေသန့်ရအောင် နေထိုင်ခြင်းဖြင့် အဆုတ်ကြောင့်ဖျားသော အဖျား များ ပြန်လည်ကောင်းမွန်လာနိုင်ကြောင်း တင်ပြ လိုက်ပါသည်။ ။

■

## ကွန်ကရစ်လမ်းခင်းခြင်းဖြင့် အကျဲကျေးရွာပြည်သူများ၏သွားလာရေး အဆင်ပြေ



မြစ်ကြီးနား ဇူလိုင် ၃၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အကျဲကျေးရွာ၌ ဧပြီ ၂၁ ရက်မှစတင်ကာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာ နှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဖြင့် ရွာတွင်းလမ်းကို ပြုပြင်ခဲ့ရာ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းကို ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေ ကျပ်သိန်း ၁၀၀ အပြင် ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် မေ ၂၉ ရက်အတွင်း အပြီးဆောင်ရွက်ခဲ့ပြီး လမ်းအရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေနှင့် ဒု ခြောက် လက်မရှိကြောင်း၊ ကွန်ကရစ်လမ်းခင်း အဆင့်မြှင့်တင်ပြုပြင်ပေးခြင်းဖြင့် အကျဲ ကျေးရွာရှိ အိမ်ခြေ ၂၁၀၊ လူဦးရေ ၁၃၀၀ ကျော်အတွက် သွားလာရေး ယခင်ထက် ပိုမိုအဆင်ပြေလျက်ရှိကြောင်း မြစ်ကြီးနား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ သိရသည်။ **ကြေးမုံ**

# နိုင်ငံ့ဝန်ထမ်းများ၊ သက်ကြီးရွယ်အိုများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး


ဝေါမြို့နယ်
စိုးမိုး(ပြန်/ဆက်)


ချမ်းမြသာစည်မြို့နယ်
မောင်အေးချမ်း


ကျောင်းကုန်းမြို့နယ်
ဝင်းကြိုင်(ပြန်/ဆက်)


ညောင်ရွှေမြို့နယ်
စိုင်းအယ်ဘဲ


လေးမျက်နှာမြို့နယ်
ကျော်ဟိန်း(ပြန်/ဆက်)


မိုင်းငေါ့မြို့နယ်
မိုင်းငေါ့(ပြန်/ဆက်)


ပိန်းဇလုပ်မြို့နယ်
ရန်အောင်ထွန်း(ပိန်းဇလုပ်)


မိုင်းရယ်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


ရွှေကူမြို့နယ်
မြို့နယ်(ပြန်/ဆက်)

## တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm နှင့် Sinovac ဆေးနှစ်မျိုးကို မြေပြင်အအေးလမ်းကြောင်း မော်တော်ယာဉ်များဖြင့် ပို့ဆောင်ဖြန့်ဖြူး

**နေပြည်တော် ဇူလိုင် ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှရောက်ရှိလာသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm နှင့် Sinovac ဆေးနှစ်မျိုးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မှ မြေပြင်ခရီးလမ်းကြောင်းဖြင့် ဖြန့်ဖြူးပေးခဲ့သည်။

ထိုသို့ဖြန့်ဖြူးပေးရာတွင် ရန်ကုန်တိုင်းဒေသကြီးသို့ ကာကွယ်ဆေးအလုံးပေါင်း ၄၄၀၀၀၊ မန္တလေးတိုင်းဒေသကြီးသို့ ကာကွယ်ဆေးအလုံးပေါင်း ၄၄၀၀၀၊ နေပြည်တော်ကောင်စီနယ်မြေအတွက် ကာကွယ်ဆေးအလုံးပေါင်း ၁၁၀၀၀၊ ပဲခူးတိုင်းဒေသကြီးသို့ ကာကွယ်ဆေးအလုံးပေါင်း ၁၂၀၀၀၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တောင်ကြီးသို့ကာကွယ်ဆေးအလုံးပေါင်း ၁၃၆၀၀ တို့ကို မြေပြင်ခရီးလမ်းကြောင်းမှ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

ထိုသို့ပေးပို့ဖြန့်ဖြူးပေးသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဦးတည်အုပ်စုလူဦးရေ၊ ဦးစားပေးအစီအစဉ်များနှင့်အညီ ပြည်သူများသို့အမြန်ဆုံးထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ရာယင်းအတွက် သတ်မှတ်အအေးလမ်းကြောင်းစံချိန်စံညွှန်းများ အတိုင်းအချိန်နှင့်တစ်ပြေးညီဖြန့်ဖြူးပေးခြင်းဖြစ်သည်။

အလားတူ ဝေးလံခက်ခဲသောဒေသများသို့ တပ်မတော်(လေ)ရှိ ပို့ဆောင်ရေးလေယာဉ်များနှင့် မြန်မာ့လေကြောင်းတို့၏ အကူအညီများရယူကာ လေကြောင်းခရီးများဖြင့်လည်း ဆက်လက်ဖြန့်ဖြူးပေးသွားမည်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



❖ **ကျောဖုံးမှ**

တပ်ကုန်းမြို့နယ်အတွက် အထက (၁) တပ်ကုန်း၊ ဇေယျာသီရိမြို့နယ်အတွက် အထက ပြည်စံအောင်၊ ပုဗ္ဗသီရိမြို့နယ်အတွက် အထက(၂၀) နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်အတွက် အထက(မင်းကုန်း)၊ ဒက္ခိဏခရိုင်အတွင်း လယ်ဝေးမြို့နယ်အတွက် အထက(၁)လယ်ဝေး၊ ပျဉ်းမနားမြို့နယ်အတွက် အထက(၃)ပျဉ်းမနား၊ ဇမ္ဗူသီရိမြို့နယ်အတွက် အထက (၇)နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွက် အထက(၁၈) နေပြည်တော်တို့တွင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုးနှံပေးမည့်ဆေးမှာ Sinopharm ဖြစ်ပြီး ပထမအရစ်ရရှိသည့် ဆေးအရေအတွက် ၃၈၀၀၀ အား မြို့နယ်အားလုံးသို့ ခွဲဝေထိုးနှံပေးသွားမည်ဖြစ်ကြောင်း နေပြည်တော်ကောင်စီမှ သိရသည်။

**နေပြည်တော်(ပြန်/ဆက်)**




## ကိုဗစ်ရောဂါကာကွယ်ဆေးထိုးပေးနေမှုနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ကျန်းမာရေးစစ်ဆေးရေးဂိတ် တည်ဆောက်ခြင်းလုပ်ငန်းများ ကြည့်ရှု

**ရေတာရှည် ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးထက်နှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းက ဆွာမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမသို့ရောက်ရှိခဲ့ပြီး အသက် ၆၅ နှစ်နှင့်အထက်ရှိသူများ၊ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား မြို့နယ်ကျန်းမာရေးဦးစီးဌာနက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကာကွယ်ဆေးထိုးပေးနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး ကိုဗစ်-၁၉ စည်းမျဉ်း စည်းကမ်းများကို အလေးထားလိုက်နာဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့သည် ရေနီမြို့နှင့် သရက်ကုန်းကျေးရွာ ရန်ကုန်-မန္တလေး ကားလမ်းဘေး၌ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ကိုဗစ်-၁၉ ရောဂါစစ်ဆေးရန် တည်ဆောက်လျက်ရှိသည့် အဆောက်အအုံကို ကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်ချက်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



○ **ထိုင်းနိုင်ငံမှ**

အဆိုပါ နေရပ်ပြန်များအား ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စနစ်တကျ ပြန်လည်ကြိုဆို လက်ခံပေးနိုင်ရေးအတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများအား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ကြိုတင်ပြင်ဆင်နေမှုများအား မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် တာဝန်ရှိသူများက ယနေ့နံနက် ၉ နာရီတွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား BCF ဇုန်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်**

## ထိုင်းနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံရပြီး လွတ်မြောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၆၁ ဦးအား နွေးထွေးစွာကြိုဆိုလက်ခံ

**တာချီလိတ် ဇူလိုင် ၃၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်ရှိ မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရေးတံတား(၂)တွင် ထိုင်းနိုင်ငံ၌ အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံခဲ့ရပြီး ပြန်လည်လွတ်မြောက်လာသည့် မြန်မာနိုင်ငံသားနေရပ်ပြန်ပြည်သူ ၆၁ ဦးကို ယနေ့နံနက် ၁၀ နာရီက တာချီလိတ်မြို့နယ်မှ တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုလက်ခံခဲ့ကြောင်းသိရသည်။

**စစ်ဆေးဆောင်ရွက်**

အဆိုပါ ထိုင်းနိုင်ငံ၌ အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံခဲ့ရပြီး ပြန်လည်လွတ်မြောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၆၁ ဦးမှာ အမျိုးသား ၃၀၊ အမျိုးသမီး ၃၁ ဦးတို့ဖြစ်ကြပြီး ၎င်းတို့အား တာချီလိတ်မြို့



ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီမှ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်-၁၉ရောဂါပိုး ရှိ၊ မရှိ Rapid Test Kit စနစ်ဖြင့် စစ်ဆေးဆောင်ရွက်ပေးခဲ့ရာ စစ်ဆေးချက်အဖြေအရ နေရပ်ပြန်ပြည်သူအားလုံးတွင် ကိုဗစ်-၁၉ ရောဂါပိုးမတွေ့ရှိ အဖြေထွက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ နေရပ်ပြန်ပြည်သူများအား ကျိုင်းတုံမြို့ ဝစီပိတ်ဆရာတော်ကြီး၏ ဦးဆောင်ကူညီစောင့်ရှောက်မှုဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် တာဝန်ရှိသူများ၊ အလှူရှင်ပြည်သူများက ၎င်းတို့အား သက်ဆိုင်ရာနေရပ်အသီးသီးသို့ ရောက်ရှိနိုင်ရေးအတွက် အခမဲ့မော်တော်ယာဉ်များ စီစဉ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ၊ တစ်ကိုယ်ရည်သုံးပစ္စည်းများ၊ ထောက်ပံ့ငွေများ လှူဒါန်းပေးခြင်းနှင့် နေရပ်ပြန်ပြည်သူများကို အားပေးစကားများ ပြောကြားခဲ့ကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးပြီး နွေးထွေးစွာကြိုဆိုလက်ခံခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

နှလုံးသားကို ဖြူစင်အောင်ထားပါ

# သင်တွေ့ကြုံနေရတဲ့ ပြဿနာတွေကို စိုးရိမ်ပူပန်လေ ပြဿနာက ပိုကြီးလာလေပါပဲ

ကျော်ကျော်လှိုင်

**မကောင်းတဲ့အချက်တွေကို စဉ်းစားတတ်တဲ့သူတွေက ပြောလေ့ရှိပါတယ်။ "ကျွန်တော်က အမှန်တရားကို ပြောတာ" တကယ်တော့ အမှန်တရားဆိုပြီးတော့ လူကိုကြည့်ပြီး ဖန်တီးယူတဲ့ "အဖန်တရား"သာ ဖြစ်ပါတယ်။ လူတွေနဲ့ ဆက်ဆံတဲ့အခါတိုင်း "အဖန်တရား"ကို မကြည့်ဘဲ ကောင်းတဲ့အချက်လေးတွေကို အာရုံစိုက်တန်ဖိုးထားပြီး ဆက်ဆံပါ။ ဆက်ဆံရေးတွေ ကောင်းလာပါလိမ့်မယ်။ လူချစ်လူခင်များလာပါလိမ့်မယ်။ စစချင်းတော့ ခက်ပါလိမ့်မယ်။ ကြိုးစားဆက်ဆံပါ။ ရေရှည်မှာ ကောင်းကျိုးသုခတွေ ရပါလိမ့်မယ်။**

## အောင်မြင်ရမယ်ဆိုတဲ့စိတ်ခါတ်

လေယာဉ်ပျံစီးတဲ့အကြောင်းကို စဉ်းစားကြည့်ပါ။ လေယာဉ်ပျံစီးနေရင်း အင်ဂျင်တစ်လုံးရပ်သွားပြီဆိုပါတော့။ လေယာဉ်ပျံမောင်းတဲ့ ကပ္ပတိန်က ခေါင်းအေးအေးနဲ့ "ခရီးသည်များခင်ဗျာ ကျွန်တော်တို့ အင်ဂျင်တစ်လုံး စက်ချို့ယွင်းသွားပါတယ်။ စိတ်ပူစရာမရှိပါ။ ကျန်တဲ့ အင်ဂျင်တစ်လုံးနဲ့ အနီးဆုံးလေယာဉ်ပျံကွင်းကို ဆင်းပါမယ်။ အင်ဂျင်တစ်လုံးတည်းနဲ့ ပျံတာကို ကျွန်တော်တို့ လေ့ကျင့်ထားပြီးသားပါ။ ခရီးသည်များ ခါးပတ်ပတ်ပြီး စိတ်အေးအေးနဲ့ထိုင်ပါ။ အခြေအနေကို အမြဲပြောပြနေပါမယ်"လို့ ပြောတာကိုပဲ ကျွန်တော်တို့ ကြားချင်မှာပါ။

ကပ္ပတိန်က လေယာဉ်မောင်း၊ လေယာဉ်မယ်တွေကို အလွန်ပဲ စိတ်လှုပ်ရှားတဲ့ပုံစံနဲ့ လေယာဉ်ပျံ အရေးပေါ်ဆင်းဖို့ ညွှန်ကြားနေပြီး ခရီးသည်တွေကိုတော့ အခြေအနေကို ရှင်းမပြတာကို ဘယ်သူမှ ကြိုက်ကြမှာ မဟုတ်ပါဘူး။ ဘယ်ကပ္ပတိန်က လေယာဉ်ပျံကို အန္တရာယ်ကင်းရှင်းအောင် အနီးဆုံးလေယာဉ်ပျံကွင်းဆီ ဆင်းနိုင်မယ်ဆိုတာ ထင်ရှားနေပါတယ်။

ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝတွေကို ပျံသန်းနေတဲ့ ကပ္ပတိန်တွေပါပဲ။ ကျွန်တော်တို့ နေ့စဉ်တွေ့ကြုံနေရတဲ့ အခက်အခဲ ပြဿနာတွေကို ဘယ်လိုပုံစံနဲ့ဖြေရှင်းရင် အောင်မြင်မှာလဲ။ ပထမကပ္ပတိန်လိုလား၊ ဒုတိယကပ္ပတိန်လိုလား။ အောင်မြင်ရမယ်ဆိုတဲ့စိတ်ခါတ်က အရေးကြီးပါတယ်။ အောင်မြင်ရမယ်ဆိုတဲ့ စိတ်ခါတ်တစ်ခုတည်းနဲ့တော့ သေချာပေါက်အောင်မြင်မယ်လို့ မပြောနိုင်ပေမယ့် အကောင်းဆုံးအခွင့်အရေးကိုတော့ ပေးပါတယ်။

မဖြစ်နိုင်တာတွေကိုပဲ တွေးနေရင်တော့ နောက်ဆုံးဖြစ်မလာတာနဲ့ဘဲ အဆုံးသတ်ရပါလိမ့်မယ်။ အောင်မြင်ရေးစိတ်ခါတ်ရှိသူတွေကတော့ ဖြစ်နိုင်တာကိုပဲ တွေးပါတယ်။ ဖြစ်နိုင်တာတွေ ပေါင်းစပ်လိုက်တဲ့အခါ အောင်မြင်မှုကို ရတာပါပဲ။

## အောင်မြင်မှုကို ဖြစ်စေသော မသိစိတ်

အောင်မြင်ရေးစိတ်ခါတ်အကြောင်းကို ပိုနားလည်ဖို့ မသိစိတ်ကို ရှင်းပြချင်ပါတယ်။ ဦးနှောက်ကို အပေါ်ပိုင်းနဲ့အောက်ပိုင်း နှစ်ပိုင်း ခွဲလိုက်ရင် အပေါ်ပိုင်းကသိစိတ်ဖြစ်ပြီး လက်ရှိစဉ်းစားတွေးခေါ် သိမြင်နေတာတွေနဲ့ ပြည့်နေပါတယ်။ အောက်ပိုင်းမသိစိတ်ကတော့ မွေးလာကတည်းက ပါလာတဲ့ အလိုအလျောက် လုပ်ရမယ့်အလုပ်တွေ ဥပမာ – အသက်ရှူနည်း၊ အစာချေဖျက်နည်းနဲ့ ကိုယ်သင်ကြားတတ်မြောက်ခဲ့တဲ့ လမ်းလျှောက်နည်း၊ စကားပြောနည်းတွေနဲ့ ပြည့်နေပါတယ်။

ကားမောင်းသင်တာကို စဉ်းစားကြည့်ပါ။ မီးပွိုင့်မှာ မီးနီကို မြင်ရင် အပေါ်ပိုင်း ဦးနှောက်က "လီဗာပေါ်က ခြေထောက်ကိုဖယ်ပြီး ဘရိတ်ပေါ်ကိုနင်းပါ"လို့ ညွှန်ကြားချက်ပေးပါတယ်။ ကားမောင်းသင်တာကြာလာတဲ့အခါ သို့မဟုတ် သိစိတ်ကို ထပ်တလဲလဲ လေ့ကျင့်ပေးတဲ့အခါ ဦးနှောက်ထဲမှာ စဉ်းစားစရာမလိုဘဲ မီးနီကိုမြင်တာနဲ့ ဘရိတ်အုပ်တဲ့မသိစိတ် ဖြစ်လာပါတယ်။ သိစိတ်နဲ့ ထပ်တလဲလဲ ပြုလုပ်တဲ့အလုပ်တွေကို အချိန်ကြာကြာလုပ်တဲ့အခါ မသိစိတ်က အလိုအလျောက် လုပ်တတ်လာပါတယ်။

ဥပမာ – လူတစ်ယောက်က ငါအလုပ်လုပ်တိုင်း အခက်အခဲနဲ့ တွေ့တယ်။ ငါဘယ်တော့မှ အောင်မြင်အောင်မလုပ်နိုင်ဘူးလို့ အမြဲ စဉ်းစားနေမယ်။ ဒီလို ခဏခဏဖြစ်နေရင်တော့ ကြာရင်မသိစိတ်က ကျဆုံးမှုကိုပဲ လုပ်ပါလိမ့်မယ်။

အောင်မြင်ရေးစိတ်ခါတ်ကို မသိစိတ်မှာ ပေါက်ဖွားနေဖို့ အရေးကြီးပါတယ်။ လူတစ်ယောက်ဟာ တစ်နေ့ကို အတွေး ၅၀၀၀၀ လောက်တွေးပါတယ်။ လူတော်တော်များများရဲ့ အတွေးတွေကတော့ မဖြစ်နိုင်တာတွေ၊ မကြိုက်တာတွေ၊ မလုပ်နိုင်တာတွေ များပါတယ်။ "ငါဝနေပြီ။ ကျွန်တော်မှတ်ဉာဏ်မကောင်းဘူး။ ကျွန်တော်လုပ်တိုင်း အခက်အခဲနဲ့တွေ့ရတယ်။ ဖြစ်မယ်မထင်ပါဘူး။ ရမယ်မထင်ပါဘူး" စသည်တို့ ဖြစ်ပါတယ်။

ဒီလို မဖြစ်နိုင်တာ၊ မလုပ်နိုင်တာ၊ မကြိုက်တာတွေတွေးရင် ကျွန်တော်တို့ရဲ့ မသိစိတ်က မလုပ်နိုင်တာ၊ မကြိုက်တာ၊ မဖြစ်နိုင်တာတွေပဲ ဖြစ်နေပါလိမ့်မယ်။ ဒီမသိစိတ်က ကျွန်တော်တို့ စဉ်းစားနေစရာတောင်မလိုဘဲ ကျွန်တော်တို့ရဲ့ ဘဝအောင်မြင်မှုတွေ၊ ကျန်းမာရေးတွေကို ထိခိုက်ပျက်စီးစေပါလိမ့်မယ်။

တချို့လူတွေဆို ဘာကြောင့် စီးပွားပျက်ပြီး ဘဝပျက်ရတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် နားမလည်အောင် ဖြစ်ကြပါတယ်။ သူတို့တွေဟာ မသိစိတ်မှာ ကျဆုံးမှုတွေဖြစ်လာအောင် သိစိတ်က ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့တာကို သတိမပြုမိပါဘူး။ ကျွန်တော်တို့ ကားမောင်းတတ်သွားတဲ့အခါ ကားပေါ်ကိုတက် စက်နှိုးပြီး မောင်းသွားတာပါပဲ။ မသိစိတ်က လုပ်တာပါ။ ကားကို ဘယ်လိုမောင်းမယ်ဆိုတာ စဉ်းစားနေဖို့ မလိုပါဘူး။ ဒီလိုပါပဲ။ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ "ချိန်းထားတဲ့အခါ အမြဲနောက်ကျတာ။ အလုပ်တစ်ခုကို ပြီးမြောက်အောင် မလုပ်နိုင်တာ။ ငွေကြေးနဲ့ပတ်သက်ရင် အမြဲငွေလိုနေတာ"တွေကို အလိုအလျောက်ဖြစ်အောင် ကိုယ်ပဲလုပ်တာပါ။ ဖြစ်လာတဲ့အခါကျတော့ ကံကိုပဲအပြစ်ပုံချကြပါတယ်။

ဝမ်းသာစရာအချက်ကတော့ မသိစိတ်က အလိုအလျောက်ဖြစ်စေတာတွေကိုနားလည်ရင် လူတိုင်းအောင်မြင်နိုင်ပါတယ်။ သင့်ရဲ့ အနာဂတ်က သင့်ရဲ့အတွေးတွေပါပဲ။ သင့်ရဲ့အတွေးတွေကို စည်းနဲ့ ကမ်းနဲ့တွေးရင် သင့်ရဲ့သိစိတ်က အလိုအလျောက် လုပ်နိုင်တဲ့ မသိစိတ်တွေကို ဖြစ်ပေါ်စေပါတယ်။ အချိန်တော့ ယူရပါလိမ့်မယ်။

စာဖတ်သူတို့လည်း ဒီစာဖတ်ရရင် အောင်မြင်ရေးစိတ်ကို မသိစိတ်မှာ ဖြစ်ပေါ်လာအောင် လုပ်မယ်လို့ ဆုံးဖြတ်ပါလိမ့်မယ်။ "ရာထူးတက်အောင်လုပ်မယ်၊ ဟန်းဖုန်းဝယ်မယ်၊ ကားဝယ်မယ်"လို့ တွေးပါတယ်။ ခဏကြာတော့ မေ့သွားပြီး တွေးနေကျ အတွေးပဲ ဝင်လာပါတယ်။ ငါးရက်လောက်နေတော့ "ဒါမဖြစ်နိုင်ပါဘူး" လို့ မပြောပါနဲ့။

စာဖတ်သူတို့ရဲ့ မဖြစ်နိုင်ဘူး၊ မလုပ်နိုင်ဘူး၊ မကြိုက်ဘူး အတွေး ၄၈၀၀၀ ကနေ တစ်နေ့ကို ၄၇၅၀၀ ပြောင်းရုံနဲ့ ထူးခြားမှုကို မတွေ့နိုင်ပါဘူး။

စိတ်ကို အင်အားကြီးမားအောင်လုပ်တာ ကိုယ်ခန္ဓာကို လုပ်ရတာထက် ခက်ပါတယ်။ အကြိမ် ၂၀ လောက် ဝိတ်မပြီး လက်မောင်းကြွက်သား ကြီးတာကို မှန်ထဲမှာချက်ချင်းမြင်ဖို့ မဖြစ်နိုင်ပါဘူး။

အောင်မြင်ရေးစိတ်ခါတ်ကို ၂၄ နာရီပဲ တွေးထားရုံနဲ့ ထူးခြားမှုကို မမြင်နိုင်ပါဘူး။ လအနည်းငယ်လောက် ဇွဲရှိရှိနဲ့ အောင်မြင်ရေးစိတ်ခါတ်ကို မွေးမြူထားရင်တော့ ဘဝမှာပြောင်းလဲမှုတွေကို တွေ့ရပါလိမ့်မယ်။ ကျွန်တော်တို့ရဲ့ အတွေးတွေမှန်နေဖို့ တစ်ဘဝလုံး လုပ်ရမှာပါ။ ခက်လည်းခက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တစ်ခါတလေကျရင် ကိုယ်ကအတွေးလွဲနေတာကို ကိုယ့်ဘာသာကိုယ် မသိလို့ပါ။

ကိုယ့်ရဲ့အတွေးတွေ မှန်၊ မမှန်ဆိုတာကို သိချင်ရင်တော့ ကိုယ့်ဘဝကိုယ်ဆန်းစစ်ပါ။ ကိုယ်လုပ်နေတဲ့အလုပ်မှာ ပျော်ရဲ့လား။ စိတ်ချမ်းသာရဲ့လား။ ကိုယ့်ရဲ့ချစ်သူ လက်တွဲဖော်ကို စိတ်ကျေနပ်ရဲ့လား။ ကိုယ့်မိတ်ဆွေ အပေါင်းအသင်းတွေနဲ့ တွေ့ရတဲ့အခါ ပျော်ရွှင်မှုရရဲ့လား။ ကျန်းမာရေးကောင်းရဲ့လား။ ဒီအချက်တွေဟာ ကိုယ်နေ့စဉ်တွေးနေတဲ့ အတွေးတွေရဲ့ ပုံရိပ်တွေပါပဲ။

ဘဝမှာ ကိုယ်မကြိုက်တာ၊ ကိုယ်မလိုချင်တာအတွက်တွေးပြီး စိတ်မပူပါနဲ့။ ပြောမနေပါနဲ့။ ကိုယ်မကြိုက်တာ၊ ကိုယ်မလိုချင်တာကို ဖြစ်လာမှာစိုးလို့တွေးနေရင် အဲဒီစွမ်းအင်ကြောင့် ကိုယ့်ဆီ ရောက်လာပါလိမ့်မယ်။ တွေးနေတဲ့စွမ်းအင်ကို ဖျောက်လိုက်ရင် ကိုယ်မကြိုက်တာတွေ။ ကိုယ်မလိုချင်တာတွေနဲ့ ဝေးသွားနိုင်ပါတယ်။ ဥပမာပြရရင် ငြင်းခုံတာကို စဉ်းစားကြည့်ပါ။ ကိုယ့်ဇနီးက ကိုယ့်ကို ရုံးကပြန်လာတဲ့အခါ အကြောင်းအရာတစ်ခုကို ငြင်းခုံဖို့ ကြိုးစားတယ်။ ကိုယ်ကငြင်းမနေဘဲ သဘောတူလိုက်တယ်။ ဇနီးသည်က ဘာလုပ်မလဲ။ သူတစ်ယောက်တည်းမှ ငြင်းခုံလို့မရတော့ ပါးစပ်ပိတ်သွားပါလိမ့်မယ်။

တစ်ခုခုကို စိုးရိမ်နေရင် သို့မဟုတ် အကြောင်းအရာတစ်ခုအတွက် ရှက်နေရင် သို့မဟုတ် တစ်ခုခုကို ကြောက်နေရင် လူတွေက ဒီအကြောင်းပဲ ပြောနေတာကို ကြားနေရပါလိမ့်မယ်။

စိတ်ထဲက စွဲလမ်းမနေဘဲ တကယ်ထုတ်ပစ်နိုင်ရင် နောက်လောကနိယာမတစ်ခုကိုလည်း နားလည်လာပါလိမ့်မယ်။

## အရေးမကြီးတာတွေကို လျစ်လျူရှုနိုင်ရင် စိတ်ချမ်းသာမှုကိုရမယ်

ကိုယ့်ကိုယ်ကိုယ် ကာကွယ်နေသမျှ လူတွေက ကိုယ့်ကို တိုက်ခိုက်နေကြမှာပါပဲ။ ဘာကြောင့်လဲ။ ကျွန်တော်တို့က ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ ယုံကြည်မှုနည်းနေတဲ့အခါ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ကြလို့ပါ။

ဥပမာ – သူငယ်ချင်းတစ်ယောက် ကိုယ့်ကိုတစ်ကိုယ်ကောင်း ဆန်တယ်လို့စွပ်စွဲရင် ကိုယ်ကတစ်ကိုယ်ကောင်းမဆန်ကြောင်း ပြန်ငြင်းခုံနေလို့ ပြီးတော့မှာ မဟုတ်ပါဘူး။ ကိုယ်က တစ်ကိုယ်ကောင်း မဆန်ရင် ရယ်နေလိုက်ပါ။ သူ့အပေါ်မှာ တစ်ကိုယ်ကောင်းဆန်မိရင် နောက်ပြုပြင်မယ့်အကြောင်း ကတိပေးလိုက်ပါ။

ဥပမာ– ရုံးမှာ လူတွေက ကိုယ့်အကြောင်း ပြောနေတယ်လို့ သူငယ်ချင်းတစ်ယောက်က လာပြောတယ်။ အများကပြောတာတွေ မဟုတ်မမှန်ကြောင်း စာတွေထုတ်မယ်။ ဖြေရှင်းမယ်ဆိုရင်တော့ မီးလောင်ရာ လေပင့်တာပါပဲ။ ကိုယ့်အကြောင်းကို ဘယ်သူက ဘာပြောတယ်လို့ ကွယ်ရာမှာပြောတာတွေကို နားမထောင်ပါနဲ့။ အရေးမစိုက်ပါနဲ့။ ကွယ်ရာမှာ ဘာပြောတယ်ဆိုတာ နားထောင်ရင် ပြောမယ့်လူတွေ အများကြီးရှိလာပါလိမ့်မယ်။ နားထောင်ရင် ပျော်ရွှင်မှုနဲ့ ဝေးရပါလိမ့်မယ်။

ကိုယ့်ကိုယ်ကိုယ် မကာကွယ်ရဘူးလို့ ပြောတာမဟုတ်ပါဘူး။ မလိုအပ်ဘဲ ပြန်ဖြေရှင်းမယ်၊ ငြင်းခုံမယ်၊ ဒေါသထွက်မယ်၊ စိတ်ဆိုးမယ်ဆိုရင် ပြဿနာကို ကြီးထွားအောင်လုပ်တာပဲ ဖြစ်ပါတယ်။ ဘဝမှာ ဘာမဟုတ်တဲ့အကြောင်းအရာတွေအတွက် ဖြေရှင်း၊ ငြင်းခုံမယ်ဆိုရင် ပိုမိုကြီးထွားလာဖို့ပဲ ဖြစ်ပါတယ်။ လျစ်လျူရှုလိုက်ပါ။

## ချစ်ရင် မှန်တယ်၊ မုန်းရင် မှားမယ်

ကိုမောင်မောင်နဲ့ စွဲလန်း သမီးရည်းစားဘဝနဲ့ ပထမဦးဆုံး ချိန်းတွေ့ကြပါတယ်။ ကိုမောင်မောင်က ပထမဦးဆုံး ချိန်းတွေ့တာမို့လို့ လူရောစိတ်ရော အကောင်းဆုံး ပြင်ဆင်ထားပါတယ်။ ကြေးအိုးစားကြတော့ ခေါက်ဆွဲဖတ်က ဖိတ်ပြီး စွဲလန်း ပေါင်ပေါ်ကျပါတယ်။ ကိုမောင်မောင်က ပျာပျာသလဲ Snow Towel မှာပြီး သုတ်ပေးပါတယ်။

စာမျက်နှာ ၂၄ သို့ ❍

○ စာမျက်နှာ ၂၃ မှ

စွဲလန်းက “ ကပျာကယာနဲ့ ထွက်လာတာ ဗီရိုသော့ဘယ်နားမှာ ကျလဲမသိဘူး” လို့ ပြောပါတယ်။ ကိုမောင်မောင်က “ကျွန်တော်လည်း ဖြစ်နေကျပဲ”လို့ နှစ်သိမ့်စကား ပြောပါတယ်။

သုံးနှစ်နေတော့ လက်ထပ်ပြီးတာ တစ်နှစ်မြောက် အထိမ်းအမှတ်အဖြစ် ညစာထွက်စားကြပါတယ်။ ထမင်းစားတော့ ဟင်းက စွဲလန်း ပေါင်ပေါ်ကျပါတယ်။ ကိုမောင်မောင်က “သပ်သပ်ရပ်ရပ် မစားတတ်ဘူးလား”လို့ ပြောပါတယ်။ စွဲလန်းက ဗီရိုသော့ ပျောက်သွားကြောင်း ပြောပါတယ်။ ကိုမောင်မောင်က “မင်းကလုပ်လိုက်ရင် ဒီလိုချည်းပဲ။ စည်းကမ်းကိုမရှိဘူး”လို့ ပြောပါတယ်။

ဒီလူပဲ၊ ဒီအခြေအနေပါပဲ၊ စိတ်ခံစားချက်ကတော့ ပြောင်းသွားပါပြီ။ ကျွန်တော်တို့ရဲ့ စိတ်ခံစားချက်တွေက အံ့သြဖို့ကောင်းပါတယ်။ ကျွန်တော်တို့ လူတစ်ယောက်ကို သဘောကျနေရင် သည်းညည်းခံနိုင်ကြပါတယ်။ သဘောမကျတော့ဘူးဆိုရင်တော့ အပြစ်ရှာပါတယ်။ တခြားလူတွေရဲ့ အပြုအမူက ကျွန်တော်တို့ သူ့အပေါ် ဘယ်လိုစိတ်ထားလဲ ဆုံးဖြတ်တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ စိတ်ခံစားချက်က ဆုံးဖြတ်တာပါ။

လူတော်တော်များများဟာ မှန်တာကောင်းတာကို မစဉ်းစားဘဲ၊ မှားနေတာ မကောင်းတာကိုဘဲ အချိန်ပေးစဉ်းစားတတ်ကြပါတယ်။ စွဲလန်းမှာ ကိုမောင်မောင်နဲ့ပတ်သက်ပြီး မကောင်းတာနဲ့ ကောင်းတာ ခွဲခြားထားတဲ့ စာရင်းနှစ်ခု ရှိပါတယ်။

စာရေးသူက မကောင်းတာတွေနဲ့ ပတ်သက်တဲ့စာရင်းကို “ဇနီးစာရင်း”လို့ နာမည်ပေးပြီး ကောင်းတာနဲ့ပတ်သက်တဲ့ စာရင်းကိုတော့ “မုဆိုးမစာရင်း”လို့ အမည်ပေးချင်ပါတယ်။

ကိုမောင်မောင်နဲ့နေရတဲ့ အချိန်တစ်လျှောက်လုံး စွဲလန်းက ကိုမောင်မောင်ရဲ့ မကောင်းတဲ့အကျင့်တွေနဲ့ပြည့်နေတဲ့ “ဇနီးစာရင်း” က အရာတွေကိုပဲအာရုံစိုက်ခဲ့ပါတယ်။ “ဝတ်ပြီးသားအင်္ကျီ ပုဆိုးတွေကို ကြမ်းပေါ် ပုံသွားတယ်။ တီဗွီကို အသံအကျယ်ကြီးဖွင့်ပြီး တီဗွီရှေ့မှာ အိပ်တယ်။ ထမင်းစားရင် စားပွဲတွေ ညစ်ပတ်တယ်”

တစ်နေ့ကျတော့ မမျှော်လင့်ဘဲ ကိုမောင်မောင် ယာဉ်တိုက်မှုဖြစ်ပြီး ကွယ်လွန်သွားပါတယ်။ စွဲလန်းက နေ့ချင်းညချင်းပဲ“မုဆိုးမစာရင်း” ကို ပြောင်းသွားပါတယ်။

“ကိုမောင်မောင်က သဘောကောင်းတယ်။ စွဲလန်းကိုလည်း ဂရုစိုက်တယ်။ အလုပ်ကြိုးစားတယ်။ အသောက်အစားကင်းတယ်”။

တကယ်တော့ စွဲလန်းက ကိုမောင်မောင်နဲ့ပတ်သက်တဲ့ စာရင်းနှစ်ခုကို ပြောင်းပြန်သုံးသင့်ပါတယ်။ စွဲလန်းမှ မဟုတ်ပါဘူး။ ကျွန်တော်တို့လည်း လူတွေရဲ့ကောင်းတဲ့ အချက်နဲ့ပတ်သက်တာတွေကိုပဲ စဉ်းစားသင့်ပါတယ်။ လူ့ဘဝဆိုတာ တိုတိုလေးပါ။ စိတ်ချမ်းသာမှုကိုလိုချင်ရင် လူတွေရဲ့ ကောင်းကွက်လေးတွေ စဉ်းစားပြီး လူတွေနဲ့ ဆက်ဆံပါ။

မကောင်းတဲ့ အချက်တွေကို စဉ်းစားတတ်တဲ့သူတွေက ပြောလေ့ရှိပါတယ်။ “ကျွန်တော်က အမှန်တရားကိုပြောတာ” တကယ်တော့ အမှန်တရားဆိုပြီးတော့ လူကို ကြည့်ပြီး ဖန်တီးယူတဲ့ “အဖန်တရား”သာ ဖြစ်ပါတယ်။ လူတွေနဲ့ ဆက်ဆံတဲ့အခါတိုင်း “အဖန်တရား”ကို မကြည့်ဘဲ ကောင်းတဲ့အချက်လေးတွေကို အာရုံစိုက်တန်ဖိုးထားပြီး ဆက်ဆံပါ။ ဆက်ဆံရေးတွေ ကောင်းလာပါလိမ့်မယ်။ လူချစ်လူခင်များလာပါလိမ့်မယ်။ စစချင်းတော့ ခက်ပါလိမ့်မယ်။ ကြိုးစားဆက်ဆံပါ။ ရေရှည်မှာ ကောင်းကျိုးသုခတွေ ရပါလိမ့်မယ်။

## ကျေးဇူးတရားနှင့်အောင်မြင်ခြင်း

ဘာသာတရားတိုင်းက ကျေးဇူးတရားကို သိတတ်ဖို့ သင်ကြပါတယ်။ ကျေးဇူးတင်တယ်၊ ကျေးဇူးတရားကို သိတယ်ဆိုတာ မင်္ဂလာတရား ၃၈ ပါးမှာလည်း ပါပါတယ်။ လူတွေကို ကျေးဇူးတင်တယ်လို့ ပြောဖို့၊ လိုအပ်တိုင်းပြောဖို့ ဝန်မလေးပါနဲ့။ မိမိလက်ရှိ အခြေအနေကို၊ လက်ရှိဘဝကို ကျေနပ်နေရင်၊ နှစ်သက်သဘောကျနေရင်၊ ကျေးဇူးတင်နေရင် စိတ်ကပျော်ရွှင်နေပါလိမ့်မယ်။ စိတ်က ပျော်ရွှင်နေရင်၊ လက်ရှိဘဝအခြေအနေကနေ ရှေ့ကိုတိုးတက်အောင်မြင်ဖို့ပဲ ဖြစ်ပါတယ်။

ကျေးဇူးတရားကို မသိတတ်သူကတော့ လူ့လောကအလယ်မှာ ကဲ့ရဲ့ရှုတ်ချခြင်းခံရမယ့်အပြင် အောင်မြင်မှုတွေ၊ စိတ်ချမ်းသာမှုတွေနဲ့လည်း ဝေးရပါလိမ့်မယ်။ လူတွေနဲ့ ဆက်ဆံတဲ့အခါမှာ ကျေးဇူးတရားကို မြင်တတ်ပြောတတ်အောင် လေ့ကျင့်ပါ။ မိမိကားကို မောင်းပေးတဲ့ ကားဒရိုင်ဘာကအစ အန္တရာယ်ကင်းအောင် ဂရုတစိုက်မောင်းတဲ့အတွက် ကားဒရိုင်ဘာကို ကျေးဇူးတင်စကားပြောပါ။ ဒီလိုပါပဲ ဘဝမှာ မိမိနဲ့ ဆက်ဆံနေရသူတိုင်းရဲ့ ကျေးဇူးတရားကို မြင်တတ်ရင် ကျေးဇူးတင်ကြောင်းပြောရင် အလွန်ချမ်းမြေ့ပျော်ရွှင် အောင်မြင်တဲ့ဘဝကို ပိုင်ဆိုင်ပါလိမ့်မယ်။ ။

(ဆရာကျော်ကျော်လှိုင်၏ “နှလုံးသားကို ဖြူစင်အောင်ထားပါ” စာအုပ်မှ “သင်တွေ့ကြုံနေရတဲ့ ပြဿနာတွေကို စိုးရိမ်ပူပန်လေ ပြဿနာက ပိုကြီးလာလေပါပဲ”ဆောင်းပါးကိုစာရေးသူ၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း)

## အနုပညာ

အေးပြည့် – ရေးသားသည်

# ကမ္ဘာတစ်ဝန်းမှ ပရိသတ်တွေက ဂျီဆူးရဲ့ အနုပညာခရီး ၁၀ နှစ်ပြည့်အထိမ်းအမှတ်ပြုလုပ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ဂျီဆူးဟာ ဝိုင်ဂျီအင်တာတိန်းမန့် အောက်မှာ လှုပ်ရှားနေတဲ့ Black Pink အမျိုးသမီးတေးဂီတအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် အနုပညာလှုပ်ရှားမှုတွေ စတင်လုပ်ဆောင်လာတာဖြစ်ပါတယ်။ လတ်တလောမှာ ဂျီဆူးအနေနဲ့ ဝိုင်ဂျီအင်တာတိန်းမန့်နဲ့ စတင်လက်တွဲခဲ့တာ ၁၀ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှာရှိကြတဲ့ ပရိသတ်တွေက အဆိုပါနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ ဂျီဆူးအတွက် ဆုတောင်းစကားတွေ၊ အမှတ်တရစကားတွေ ရေးသားဖော်ပြခဲ့ကြကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

၂၀၁၁ ခုနှစ် ဇူလိုင်လအတွင်း ဂျီဆူးဟာ ဝိုင်ဂျီအင်တာတိန်းမန့်ရဲ့ အသံစစ်ဆေးမှု အောင်မြင်ခဲ့ပြီးနောက် လေ့ကျင့်မှုတွေ စတင်ခံယူခဲ့တာ ဖြစ်ပါတယ်။ ဂျီဆူးအနေနဲ့ ဝိုင်ဂျီအင်တာတိန်းမန့်ရဲ့လက်အောက်မှာ စတင်လေ့ကျင့်ခဲ့တာဟာ လတ်တလောမှာ ဆယ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ Black Pink တေးဂီတအဖွဲ့နဲ့အတူ နိုင်ငံတကာအထိ အောင်မြင်မှုတွေရရှိနေပြီး တစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ်ပါ ပွဲဦးထွက်ခဲ့ပြီး ဖြစ်ပါတယ်။ ဒ့ါအပြင် ရုပ်ရှင်နယ်ပယ်ကိုလည်း ခြေချနိုင်ခဲ့ပြီး မင်းသမီးတစ်ဦးအဖြစ်ပါ အနုပညာလှုပ်ရှားမှုတွေ လုပ်ဆောင်နေပြီဖြစ်ပါတယ်။

ဂျီဆူးရဲ့ အနုပညာခရီး ၁၀ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပရိသတ်တွေက တွစ်တာပေါ်မှာ hashtags များကိုလည်း ရေးသားဖော်ပြခဲ့ကြရာ လက်ရှိမှာ တွစ်တာရဲ့ ရေပန်းအစားဆုံး နံပါတ်သုံးနဲ့ ငါးနေရာမှာ ရရှိနေကြောင်းလည်း သိရပါတယ်။ ဂျီဆူးဟာ လက်ရှိမှာ ကျော်ကြားတဲ့ ဖက်ရှင်အမှတ်တံဆိပ်တစ်ခုဖြစ်တဲ့ Dior ရဲ့ အမှတ်တံဆိပ် ကိုယ်စားလှယ်အဖြစ်လည်း ခန့်အပ်ခံထားရပါတယ်။ ဒ့ါအပြင် သူခေါင်းဆောင် ပါဝင်ထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် Snow Drop ကိုလည်း JTBC ရုပ်သံလိုင်းမှ ယခုနှစ်အတွင်း ထုတ်လွှင့် ပြသသွားမှာဖြစ်ကြောင်း သိရပါတယ်။






**✻ အောင်လအန်ဆန်မှ**

အောင်လအန်ဆန်သည် ၎င်းလက်လွှတ်ခဲ့ရသည့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ပြန်လည်ရယူနိုင်ရန် ရည်မှန်းနေသူဖြစ်ပြီး လက်ရှိချန်ပီယံဖြစ်သူ နယ်သာလန်နိုင်ငံသား ဒီရစ်ဒါကို စိန်မခေါ်မီ လီအန်ဒရိုနှင့် ထိုးသတ်ရခြင်းဖြစ်သည်။ ONE Championship ကလည်း အောင်လအန်ဆန်နှင့် လီအန်ဒရိုပွဲမှ အနိုင်ရသူကို မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲ ထိုးသတ်ခွင့်ပေးမည်ဖြစ်ကြောင်း ပွဲမတိုင်မီက ထုတ်ပြန်ထားပြီး ပြန်လည်အတည်ပြုရန်သာ ကျန်ရှိတော့သည်။ အောင်လအန်ဆန်သည် ၂၀၂၀ အောက်တိုဘာမှ ၂၀၂၂ ဧပြီလအတွင်း ကမ္ဘာ့ချန်ပီယံခါးပတ်နှစ်ခုစလုံး လက်လွှတ်ခဲ့ရပြီးနောက် အသက်အရွယ်အရ မစ်ဒယ်ဝိတ်တန်းပွဲစဉ်များသာ ထိုးသတ်ရန် ဆုံးဖြတ်ထားသူဖြစ်သည်။


**အဆင်သင့်ရှိ**

အောင်လအန်ဆန်သည် ဇူလိုင် ၃၀ ရက်က ထိုးသတ်သည့် လီအန်ဒရိုနှင့်ပွဲတွင်လည်း အကောင်းဆုံးထိုးသတ်ကာ ပထမအချီမှာပင် အလဲထိုးအနိုင်ရခဲ့သည်။ အောင်လအန်ဆန်သည် ယင်းပွဲအပြီးတွင် မစ်ဒယ်ဝိတ်တန်း၌ မိမိကြောက်ရွံ့နေသူမရှိကြောင်းနှင့် မည်သူကိုမဆို စိန်ခေါ်ထိုးသတ်နိုင်ကြောင်း၊ ONE Championship အနေဖြင့်လည်း ပွဲများထပ်မံစီစဉ်ပေးနိုင်ကြောင်း၊ ထိုးသတ်ရန်လည်း အဆင်သင့်ရှိကြောင်း၊ စိတ်ဝင်စားစရာပွဲကောင်းများ စီစဉ်ပေးစေလိုကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**သတင်း – ကိုညီလေး**

**ဓာတ်ပုံ – ONE Championship**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော ... ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးစီမံကိန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေး ...







[illegible]



[illegible]

[illegible]

[illegible]

[illegible]

## ဝမ်းနည်းကြေကွဲခြင်း
**ဦးမြင့်သိန်းထွန်း**
**အသက်(၆၀)**
**ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန**

ဦးမြင့်သိန်းထွန်း၊ ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနသည် ၃၀-၇-၂၀၂၁ ရက်တွင်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးအေးမြင့်မောင်-ဒေါ်မေသက်ထွန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးတိုးအောင်(ဒုညွှန်မှူး-ကကငွေ-ငြိမ်း)**
**အသက်(၇၈)နှစ်**

တေဇ(၂၃)မှ သူငယ်ချင်း မောင်မောင်အောင်၏ ဖခင်ဖြစ်သူ ဦးတိုးအောင် အသက်(၇၈)နှစ်သည် ၂၆-၇-၂၀၂၁(တနင်္လာနေ့) ညနေ ၄:၁၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၃)မှ သူငယ်ချင်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးမြင့်သိန်းထွန်း**
**အသက်(၆၀)**
**ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန**

ဦးမြင့်သိန်းထွန်း၊ ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနသည် ၃၀-၇-၂၀၂၁ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ **ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးမြင့်သိန်းထွန်း**
**အသက်(၆၀)**
**ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန**

ဦးမြင့်သိန်းထွန်း၊ ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနသည် ၃၀-၇-၂၀၂၁ ရက်တွင်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ သစ်တောဦးစီးဌာန**

## ကြေကွဲဝမ်းနည်းခြင်း

ဒုဗိုလ်မှူးကြီးဘမြင့် စစ်တက္ကသိုလ် အပတ်စဉ်(၅)မှ သူငယ်ချင်း ကွယ်လွန်သည့်အတွက် အပတ်စဉ်(၅) သူငယ်ချင်းများမှ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း သူငယ်ချင်း ကောင်းရာသုဂတိရောက်ပါစေ။

**အပတ်စဉ်(၅)မှသူငယ်ချင်းများ**

## ဦးအုန်းဖေ
**အသက်(၇၁)နှစ်**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ နန်းပန်ရပ်(၄)ကွက်၊ ကမ်းနားလမ်း၊ ဦးပိုင်အမှတ်(၁၇)၊ ကွင်းအမှတ်(၂၁)၊ မြေကွက်အမှတ်(၁၇၈)နေ (ဦးလှကျော်-ဒေါ်ကြည်အောင်)တို့၏သား၊ (ဦးလှဘော်-ဒေါ်ပို)တို့၏သားသမက်၊ ဒေါ်တင်တင်ဝင်း၏ ခင်ပွန်း၊ ဦးကျော်မောင်မောင်-ဒေါ်ဆုမွန် (Green Dynamics Co.,Ltd)၊ ဦးအောင်မြင့်မြတ်-Dr.ရွှန်းလဲ့မွန် (ခေတ်ပိုးမဒီပိုးထည်တိုက်)တို့၏ဖခင်၊ မအိမ့်ကြာဖြူမောင်၊ မယွန်းမြတ်ဟေသာ၊ မပိုးပန်းချီမောင်၊ မမြယွန်းပုဝါတို့၏ ချစ်လှစွာသော အဘိုးသည် ၃၁-၇-၂၀၂၁(စနေနေ့) နံနက် ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ရဟန်း ဒါယိကာမကြီး
**ဒေါ်တင်(ခ)ဂွက်ထော်**
**အသက် (၉၃)နှစ်**

ရန်ကုန်မြို့၊ ကမာကဆစ်မြို့နယ်နေ (ဦးတူးတူး-ဒေါ်လှကြည်)တို့၏သမီးကြီး၊ (ဦးတင်ညွှန့်)(ဟိုတယ်/ခရီး၊ ငြိမ်း)၏ဇနီး၊ (ဒေါ်စိန်လှိုင်)၊ (ဦးထွန်းရွှေ)၊ ဒေါ်စိန်မြိုင်၊(ဒေါ်သန်းစိန်)၊ ဦးတင်ဝင်းတို့၏ အစ်မကြီး၊ (ဒေါ်စန်းရီ)၊ ဦးလှမြင့်၊ ဒေါ်မြရီ၊ ဒေါ်မာမာတင်၊ ဦးမောင်မောင်တင်၊ ဒေါ်စိုးစိုးတင်၊ ဒေါ်ခိုင်ခိုင်တင်၊ ဒေါ်သန္တာတင်တို့၏ ကျေးဇူးရှင် မိခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၃၁-၇-၂၀၂၁ (စနေနေ့) နံနက် ၄နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရွှေတိဂုံရေကြည်တော်ဝတ်အသင်းကြီး၏နာယက ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)၏နာယက ညောင်တုန်းမြို့သုမဓမ္မာပရိယတ္တိစာပြန်ပွဲ အသင်းကြီး၏ဥက္ကဋ္ဌ
**ဆရာကြီး ဦးငွေတင်**
**အသက် (၈၇) နှစ်**
**အထက (၂) (ငြိမ်း)**

ညောင်တုန်းမြို့၊ ၁၈-လမ်းနေ ဆရာမကြီး ဒေါ်အမာကြည် (ညောင်တုန်းဆေးရုံ-ငြိမ်း)၏ ခင်ပွန်း၊ ဒေါက်တာ အောင်ကျော်ဦး (ပြည် ခုတင် ၅၀၀ ဆေးရုံ)-ဒေါ်စောဥမ္မာတင်(ရန်ကုန်မျက်စိဆေးရုံကြီး)၊ ဦးအောင်ဖုန်းဦး-ဒေါ်စောကလျာတင်၊ ဦးမျိုးမင်း-ဒေါ်စောစန္ဒာတင်၊ ဦးဇော်ထွန်း-ဒေါ်စောနန္ဒာတင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၃၁-၇-၂၀၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ညောင်တုန်းမြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ငြိမ်းချမ်းမြေသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ကြည်ကြည်ခင်(ဖျာပုံမြို့)**
**အသက်(၈၉)နှစ်**
**ရန်ကုန်တိုင်းပညာရေးမှူး(ငြိမ်း)**
**ဒေါ်ဆန်းရီ(ဖျာပုံမြို့)**
**အသက်(၈၅)နှစ်**
**အထွေထွေမန်နေဂျာ(စားသောက်ကုန်၊ ဂျုံလုပ်ငန်း)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၇၆၃)၊ မဟာဗန္ဓုလလမ်း၊ (၇)ရပ်ကွက်နေ(ဦးခင်-ဒေါ်ကြင်စိန်)တို့၏ သမီး၊ (ဒေါ်ညွှန့်ရီ)၊ (ဒေါ်လှမြင့်)၊ (ဦးကိုကိုကြီး)၊ (ဦးအောင်ကြည်)တို့၏ ညီမ၊ ဒေါ်သန်းအေး၊ (ဒေါ်တင်နု)၊ (ဦးထွန်းအောင်)-ဒေါ်ခင်ညွှန့်တို့၏ အစ်မကြီး၊ မယုယုခင် (PAL Co.)၊ မောင်ဝင်းကြိုင်-မခိုင်ခိုင်ထွန်း၊ မောင်ဇော်မင်းဦး (Y.R.T.A)-မခင်ခင်ထွန်း၊ မောင်သက်တင်-မမိုးမိုးတို့၏ ကြီးကြီး၊ မသင်းဟေကိုလွင်၊ မမေသက်တင်တို့၏ ဘွားဘွားသည် ၃၀-၇-၂၀၂၁ ရက် နံနက်တွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသန်းထွန်း
**[BE.Civil (1967-74)]**
**လ/ထ ဌာနမှူး(ငြိမ်း)၊ (ယာ/အုံ) (စစ်ဆေးရေး)**
**ရန်ကုန်မြို့တော်စည်ပင်**
**အသက် (၇၃)နှစ်**

အမှတ်(၄)၊ အောင်ဘောဂလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့နေ (ဦးကျော်ညွှန့်-ဒေါ်အုံးရင်)တို့၏သား (ဦးထွန်းကြည်)-ဒေါ်တင်မေ တို့၏ သားသမက်၊ ဒေါ်သီတာအေး၏ ချစ်လှစွာသော ခင်ပွန်း၊ သားသမီးခြောက်ယောက်၊ မြေးရှစ်ယောက်တို့၏အဘိုး ဦးသန်းထွန်းသည် ၂၈-၇-၂၀၂၁ရက် ညနေ ၆:၅၄ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂၉-၇-၂၀၂၁ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃-၈-၂၀၂၁(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားနာယူနိုင်ရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဓမ္မာရုံ၊ ကျောင်း၊ လမ်း ဒါယကာ**
**ဦးစောလွင်(BA.History)**
**အသက်(၄၈)နှစ်**

(ဦးမောင်လှိုင်၊ တိုင်းတရားသူကြီး-ငြိမ်း(ရန်ကုန်တိုင်း)-ဒေါ်သန့်သန့်ဇင် (လ/ထ ကထိကငြိမ်း၊ ရန်ကင်းပညာရေးကောလိပ်)တို့၏ ချစ်လှစွာသောသားငယ်၊ ဒေါက်တာ တင်ထွန်း(ညွှန်ကြားရေးမှူးချုပ်)ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန-ဒေါ်သန္တာအေးတို့၏ ညီ/မောင် ဦးစောလွင်သည် ၃၀-၇-၂၀၂၁ (သောကြာနေ့) နံနက် ၆:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်**
**အရာထမ်း၊ အမှုထမ်းများ၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်**

## ဒေါ်ခင်ခင်(တောင်ငူ၊ အုတ်ကျွတ်တန်း)
**အသက်(၉၀)**

တောင်ငူမြို့နေ (ဦးဘိုးမင်း-ဒေါ်နှင်း)တို့၏ သမီး၊ ပဲခူးမြို့နေ [ဗိုလ်မှူး မောင်လှ-ဒေါ်ညွှန့်ရီ(ခ)ဒေါ်ကျင်လှိုင်]တို့၏ ညီမ၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ တိုက်(၁၅၈/၁၆၈)၊ အခန်း(၃၁)နေ (ဒုတိယဗိုလ်မှူးကြီး အုန်းငွေ)၏ဇနီး၊ ဦးသိန်းဆွေ-ဒေါ်မြင့်မြင့်ကြည်၊ (ဦးစိုးနိုင်)-ဒေါ်ခင်သန်းမြင့်၊ ဦးစိုးမြင့်-ဒေါ်သစ်သစ်၊ ဦးတင်မျိုးလွင် - ဒေါ်ငွေငွေတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ် ၁၃ ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ခင်ခင်သည် ၂၈-၇-၂၀၂၁ (ဗုဒ္ဓဟူးနေ့) ည ၁၀:၁၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၉-၇-၂၀၂၁ ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတအရှင်ခေမာစာရ၏ ရဟန်းမယ်တော်
**ဒေါ်ကြည်ကြည်(ခ)ဒေါ်ကြည်ကြည်အေး**
**အသက် (၈၅)နှစ်**
**ဝဏ္ဏစာပေဖြန့်ချိရေး**
**လွတ်လပ်ရေးခေတ်၊ စိန်မေရီဒိုင်အိုစီဇင်**
**ဘော်ဒါကျောင်းသူဟောင်း**

ရန်ကုန်မြို့၊ (၅၇)လမ်း၊ တိုက်အမှတ်(၁၃၉/၁၄၁)(က)နေ (အငြိမ်းစားသမာဓိမြို့ဝန်မင်း ဦးချစ်-ဒေါ်ရွှေညွှန့်)တို့၏ သမီးကြီး၊ ဒေါ်လှလှ[ဒုညွှန်ကြားရေးမှူး(ငြိမ်း)၊ စာရင်းစစ်ချုပ်ရုံး(အချိန်ပိုင်းကထိကဟောင်း)၊ နိုင်ငံတော်အစိုးရစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း (ယခုလေ့/သုဌာနစု၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)၊ ယခင်ပြည်နယ်ဦးစီးဌာနမှူး၊ ကရင်ပြည်နယ်စာရင်းရုံး၊ ဘားအံမြို့၊ ယခင်တိုင်းဦးစီးဌာနမှူး၊ တနင်္သာရီတိုင်းစာရင်းရုံး၊ ထားဝယ်မြို့၊ ကုလသမဂ္ဂ UNV AUDITOR ဟောင်း၊ KAMPALA မြို့တော်၊ UGANDA နိုင်ငံ၊ ဒေါက်တာဦးစိန်ဝင်းခွဲစိတ်အထူးကုဆရာဝန်ကြီး၊ CONSULTANT SURGEON၊ ပါမောက္ခဟောင်း၊ မလေးရှားဆေးတက္ကသိုလ်၊ မာမာအေး(ခ)ထက်ထက်မိုးဦး BOSS၊ ဦးလှမြင့်(ဘဏ်မန်နေဂျာ၊ AGDဘဏ်)တို့၏ကျေးဇူးရှင်အစ်မကြီး ဒေါ်ကြည်ကြည်(ခ)ဒေါ်ကြည်ကြည်အေးသည် ၂၆-၇-၂၀၂၁ (တနင်္လာနေ့)တွင် ရန်ကုန်မြို့၊ အမှတ်(၃၁၀/ခ)၊ မြနန္ဒာလမ်း၊ ကျောက်ကုန်း(၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ပြည်တွင်း၊ ပြည်ပ ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း၊ လွတ်လပ်ရေးခေတ် စိန်မေရီ ဒိုင်အိုစီဇင်ဘော်ဒါကျောင်းသူဟောင်း သူငယ်ချင်းအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမောင်နှမတစ်စု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်စီ**
**အသက်(၇၈)နှစ်**

တေဇ(၂၃)မှ သူငယ်ချင်း အောင်ဖြိုး၏ မိခင်ဖြစ်သူ ဒေါ်ခင်စီ အသက်(၇၈)နှစ်သည် ၂၈-၇-၂၀၂၁(ဗုဒ္ဓဟူးနေ့) နံနက် ၅:၃၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၃)မှ သူငယ်ချင်းမိသားစုများ**

## သင့်
## သွေးဖြင့်
## အသက်ကယ်ပါ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဓမ္မာရုံ၊ ကျောင်း၊ လမ်း ဒါယကာ
## ဦးစောလွင်(BA.History)
## အသက်(၄၈)နှစ်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်း၏ ညီ ဦးစောလွင်(BA.History)သည် ၃၀-၇-၂၀၂၁ (သောကြာနေ့) နံနက် ၆:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာအေးအေးခင်၊ ပါမောက္ခချုပ်**
**ဒုတိယပါမောက္ခချုပ်နှင့် ဆရာ၊ဆရာမများ၊ဝန်ထမ်းများ**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်**

## ဦးမောင်မောင် (ဆောင်းဒါး)
**(ရက်ကန်းပညာရှင်) W.D.C**
## အသက်(၇၇)နှစ်

ဖျာပုံမြို့နယ်၊ ဗျိုင်းကဇီးကျေးရွာနေ (ဦးထွန်းမောင်-ဒေါ်အုန်းမြ) တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ဟိုင်ဆင်ဒူးဝါးလမ်း၊ အမှတ်(၁၂၈/က)နေ (ဦးဘကြားလေး-ဒေါ်ခင်ရွှေ) တို့၏သားသမက်၊ ဒေါ်ဝင်းဝင်းနွယ်(အထက်တန်းရှေ့နေ)[စိတ်မှူး/ဘဏ္ဍာ(ငြိမ်း) အထည်-၈]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ဇေယျ-ဒေါ်နွယ်နွယ်ဝင်း၊ ဦးမြင့်ဇော်ဦး-ဒေါ်အေးမမတို့ ၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၉-၇-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၂နာရီတွင် (၉၆)ပါးသောရောဂါဖြင့် နေအိမ်၌ ကွယ်လွန်သွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ယင်းနေ့တွင်ပင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးခင်မောင်ဦး
## အသက် (၇၆) နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ် (၃၄)၊ (၁၇) လမ်းနေ (ဦးကျင်စိန်-ဒေါ်ကျင်မြိုင်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ် (၁၁၅-၁၁၇)၊ အနော်ရထာလမ်း၊ အခန်း (၄၀၁)နေ ဒေါ်ခင်အေး၏ခင်ပွန်း၊ ဦးမောင်မောင်(ခ)ဦးအောင်ထင်ကျော်-ဒေါ်သန်းသန်းစိုး(ခေတ္တ-ထိုင်ဝမ်)၊ ဦးဝင်းမြင့်ဦး-ဒေါ်သန္တာခိုင် (ခေတ္တ-နယူးယောက်)၊ ဒေါက်တာဝင်းဝင်းခိုင် (Country Manager, NIPRO SALES THAILAND Co.,Ltd, Myanmar Representative office) တို့၏ မွေးသဖခင်ကျေးဇူးရှင် ကိုဝေလျှံထက်အောင်၊ ကိုဖြိုးဝေလျှံအောင်၊ မသက်သက်တို့၏ အဘိုး ဦးခင်မောင်ဦးသည် ၃၀-၇-၂၀၂၂ (သောကြာနေ့) ညနေ ၃:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၂၂ (စနေနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်သီတာနွယ်
## အသက်(၆၂)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်းနွယ်- ဒေါ်မိုင်ဝင်းနီ)တို့၏ သမီး၊ (ဦးအောင်သန်းဝင်း-ဒေါ်အေးသွင်) တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့ ၊ တိုက်(B)၊ အခန်း (905) Delta PlaZa ၊ အလယ်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်နေ ဒေါက်တာ ဦးကျော်ဇောဝင်း(ဝင်းပပသွားဆေးခန်း)၊ Perfect Dental Clinic) ၏ချစ်လှစွာသော ဇနီး၊ ဦးဇော်မျိုးသွင်(Posco International)-ဒေါ်Pinky ကျော်ဇောဝင်း၊ ဦးသီဟထွန်းနောင်(Great Home G.M)- ဒေါ် Ruby ကျော်ဇောဝင်းတို့၏ မွေးသမိခင်ကြီး၊ မောင် Micky ကျော်ဇောဝင်း၊ မအိမ့်သီရိရှိန်၊ မောင် Henry သွင်၊ မအိန္ဒြေဖြိုး၊ မသက်ထက်အောင်တို့၏ဘွားဘွားသည် ၃၀-၇-၂၀၂၂(သောကြာနေ့) ည ၁၀:၅၁ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၃၁-၇-၂၀၂၂ရက် နံနက် ၁၁:၃၀ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူး ဝင်းဆွေ(ငြိမ်း)
**တေဇ(၉)**
**GM(Eager Communications Group Co.,Ltd)**
## အသက်(၆၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ စီမံကိန်းအိမ်ရာ၊ တိုက်(A)၊ အခန်း(၃၀၂)နေ (ဗိုလ်မှူးလှထွန်း)-ဒေါ်လှသန်းတို့၏ သား၊ (ဦးမြဝင်း-ဒေါ်စိုးရှင်)တို့၏ သားသမက်၊ (ဦးတင်ဝင်း)-ဒေါ်မာလာအောင်၊ (ဗိုလ်မှူးသိန်းဆွေ-ဒေါ်မာရီ)၊ (ဦးအေးမင်း) - ဒေါ်သန်းယုဆွေ၊ ဦးအောင်လွင်-ဒေါ်ဝင်းမင်းသန်း၊ ဗိုလ်မှူးကြီး ဌေးဝင်း(ငြိမ်း)-ဒေါ်ဆုလှိုင်တို့၏ ညီ/အစ်ကို/မောင်၊ ဒေါ်မြင့်မြင့်ကြည်စိုး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အေးချမ်းဆွေ-မအိသော်တာဝင်း၊ ဗိုလ်ကြီး တင်ဝင်းဇော်-မငွေရည်ဆွေတို့၏ ချစ်လှစွာသော မွေးသဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး ဗိုလ်မှူးဝင်းဆွေ(ငြိမ်း) သည် ၃၁-၇-၂၀၂၂ (စနေနေ့) နံနက် ၆:၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဗိုလ်မှူး ဝင်းဆွေ(ငြိမ်း)
**တေဇ(၉)**
**GM(Eager Communications Group Co.,Ltd)**
## အသက်(၆၀)

တေဇ(၉)မှ ချစ်လှစွာသောသူငယ်ချင်း ဗိုလ်မှူးဝင်းဆွေ(ငြိမ်း)သည် ၃၁-၇-၂၀၂၂ (စနေနေ့) နံနက် ၆:၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သောမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၉) သူငယ်ချင်းများနှင့်မိသားစုဝင်များ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်မှ ပါမောက္ခ ဒေါက်တာသိင်္ဂီလှိုင် (ပါမောက္ခချုပ်-ငြိမ်း)၏ဖခင် ဦးညွန့်လှိုင် အသက်(၉၃)နှစ်သည် ၂၅-၇-၂၀၂၂(တနင်္လာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာဌေးဌေးတင်**
**ပါမောက္ခ/ဌာနမှူးများနှင့် ဆရာ/ဆရာမများ**
**ဝန်ထမ်းများ**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်**

---

**ဘုရား၊ စေတီ၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်စံရွှေမြ
## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၉၃)(ပ-ထပ်)၊ ဗညားဒလလမ်းနေ (ဦးမောင်ဘု-ဒေါ်ယု)တို့၏ သမီး၊ (ဦးမောင်စိန်ဦး)-ဒေါ်အေးနီ၊ (ဦးစံသာ-ဒေါ်ခင်မြင့်)၊ (ဦးစံကျော်-ဒေါ်ခင်လှ)၊ (ဒေါ်အေးမြ)တို့၏ ညီမ၊ (ဦးဘသိန်း-ဒေါ်မဝင်း)တို့၏ အစ်မ ဒေါ်စံရွှေမြသည် (၉၆)ပါးရောဂါဖြင့် ၂၆-၇-၂၀၂၂ ရက် ညနေ ၃:၅၆ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရှိနေသော ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ရှုကြည်
## အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့၊ ဈေးရပ်ကွက်၊ မုတ်သုံ (၂)လမ်းနေ (ဦးညွန့်ရွှေ)၏ ဇနီး၊ ဗိုလ်မှူးကြီး မြင့်ဦး(ငြိမ်း)-ဒေါ်လွေအေးအေးထွမ်း၊ ဦးလွင်ဦး-ဒေါ်သန်းသန်းဝင်း၊ ဦးအောင်ကျော်-ဒေါ်သန္တာဦးတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေး ခုနစ်ယောက်၊ မြစ် နှစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ရှုကြည်သည် ၃၀-၇-၂၀၂၂ ရက် နံနက် ၈:၃၀ နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ဌေး
## အသက်(၇၇)နှစ်

မုဒုံမြို့၊ မုဒုံကြီးရပ်နေ (ဦးမောင်ဟန်-ဒေါ်သောင်းရင်) တို့၏တတိယသမီး၊ ရန်ကုန်မြို့၊ အမှတ်- ၁၆၇/A၊ ၆-လွှာ၊ ဗားကရာလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ စမ်းချောင်းမြို့နယ်နေ ဉာဏ်ထွန်း(အရာခံဗိုလ်-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ကိုမျိုးမြင့်-ဒေါ်ချိုမာဦး၊ (မောင်ဇော်မင်းဦး)၊ ကိုအောင်ကျော်အေး-မသင်းသင်းဦး၊ (မောင်မင်းအောင်ထွန်း)၊ မခိုင်ခိုင်မွန်၊ ကိုတိုးတိုးအောင်- မလဲ့လဲ့ဌေး တို့၏ မွေးသမိခင်၊ မသိမ့်တင်ဇာ၊ မောင်မင်းပိုင်သန့်၊ မောင်ဟိန်းထက်အောင်၊ မောင်ဇေယျာထက်၊ မရွှန်းလဲ့ပီတိအိမ်တို့၏ ဘွားဘွားကြီး ဒေါ်ခင်ဌေးသည် ၃၁-၇-၂၀၂၂ ရက် နံနက် ၇:၀၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ဦး(ချောင်းဦး)
**ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)**
**D.S.A-10**
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**နိုင်ငံခြားရေးဝန်ကြီးဌာန**
## အသက်(၇၄)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နေ(ဦးဘခင်-ဒေါ်တော)တို့၏ သားလတ်၊ ရေဦးမြို့နေ(ဦးထွေး-ဒေါ်စပ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်နေ ဒေါ်မြတ်မြတ်ထွေး၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးနေလင်းအောင်- မစန္ဒာဦး၊ ဦးဇော်လင်းမြတ်- ဒေါ်ဇင်မာဦး၊ ဦးထွန်းအောင်စိုး- ဒေါ်ဥမ္မာဦး၊ ဦးပိုင်ဇေယျာ-ဒေါ်Hsu Yachun တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုး ဦးခင်မောင်ဦး ဒုတိယဗိုလ်မှူးကြီး (ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)နိုင်ငံခြားရေးဝန်ကြီးဌာနသည် ၃၁-၇-၂၀၂၂ (စနေနေ့) နံနက် ၆:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်နီနီဝင်း
## အသက် (၆၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၉၃)၊ ပထမထပ်၊ ဗညားဒလလမ်းနေ (ဦးမောင်စိန်ဦး)၊ ဒေါ်အေးနီတို့၏ သမီးကြီး၊ ဦးစိုးဝင်း (အင်ဂျင်နီယာချုပ်-လျှပ်စစ်၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(ငြိမ်း)-ဒေါ်ညွှန့်ညွှန့်ခင်(အလပြ-ငြိမ်း)တို့၏ညီမ၊ ဒေါ်အေးအေးဝင်း Queen Ladies'wear၏အစ်မ၊ ဦးမျိုးသန့် (K Maung Maung Mobile Service)-ဒေါ်ယမင်းအောင်၊ ကိုနေမျိုးအောင်၊ မမေသဇင်ခင်တို့၏အဒေါ်၊ မသန့်ယမင်းသူ၏အဘွားသည် ၃၀-၇-၂၀၂၂ရက်၊ မွန်းလွဲ ၁နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရှိနေသောရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးကျော်လင်းထွေး
## အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က)စံပြရပ်ကွက်၊ သပြေလမ်း၊ အမှတ်(၆)နေ ဦးအောင်ပန်-(ဒေါ်ဆွေဆွေမြင့်)တို့၏ သားသမက်၊ (ဦးအုန်းသန်း)-ဒေါ်ရှုကြွယ်တို့၏ သားထွေး၊ ဦးဇော်လင်းဦး-ဒေါ်သဲဖူးငုံ၊ ဦးသက်နိုင်ဦး-ဒေါ်အေးလင်းလတ်၊ ဦးအောင်ဆွေဦး(ညွှန်ကြားရေးမှူး၊ ကွန်ပျူတာမှတ်တမ်းဌာန၊ အခြေခံပညာဦးစီးဌာနရုံးချုပ်၊ နေပြည်တော်)၊ ဦးအောင်ဆွေလွင်(ဒု/ညွှန်မှူး၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံး၊ ရှမ်းပြည်နယ်)တို့၏ ညီ/မောင်၊ မလင်းရတီအောင်၊ မလင်းသရဖီအောင်တို့၏ ဖခင်၊ ဒေါ်သန္တာအောင်၏ ချစ်လှစွာသော ခင်ပွန်း ဦးကျော်လင်းထွေး အသက်(၄၅)နှစ် (တေဇ-၂၅)ကွင်းရုံ/စီမံ ဒါရိုက်တာ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၉-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပြီး ၃၀-၇-၂၀၂၂ ရက်တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း မိတ်ဆွေသူငယ်ချင်းများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
## ကြည်း-၉၆၆၄ ဒုတိယဗိုလ်မှူးကြီးဘမြင့် (ငြိမ်း)
**DSA အပတ်စဉ်(၅)**
## အသက် (၇၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ Times Link Condo၊ တိုက် (A1)၊ အခန်း - (၁၀၄) နေ (ဦးဘသန်း-ဒေါ်လှကြည်)တို့၏သားကြီး၊ ဒေါ်ညိုညိုသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဒေါ်သီရိမြင့်(ခေတ္တ-USA)၊ (ဦးဝဏ္ဏဝင်းအောင်)-ဒေါ်သီတာမြင့် (ညွှန်ကြားရေးမှူး-ငြိမ်း၊ ပြည်တွင်းအခွန်များဦးစီးဌာန)၊ ဦးဘသန်းလင်း၊ ဦးစိုင်းထွန်းမျိုးမြတ်-ဒေါ်ရွှေစင်မြင့် (UNOCHA)၊ ဦးအောင်ဇော်လင်း-ဒေါ်ဇာခြည်လွင်တို့၏ ချစ်လှစွာသောကျေးဇူးရှင် ဖခင်ကြီး၊ မရူပါမိုးမြတ်၊ မဧကရီမိုးမြတ်၊ မရွှေစင်လင်း၊ မမင်ဒီဇော်လင်း၊ မရှိုင်းဒေဝီမိုးမြတ်၊ မအမရာဇော်လင်းတို့၏ ချစ်လှစွာသောအဘိုးသည် ၂၈-၇-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ညနေ ၃:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## (၃)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်မြင့်စန်း (မော်လမြိုင်)
## (၁-၈-၂၀၁၈)--(၁-၈-၂၀၂၂)

ချစ်ဇနီး ဒေါ်မြင့်မြင့်စန်းသည် မိသားစုနှင့်ခွဲခွာသွားသည်မှာ (၃)နှစ်ပြည့်သွားပြီးဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ သတိရတမ်းတအောက်မေ့လျက်ပါ။ ဒေါ်မြင့်မြင့်စန်း၏ ဆန္ဒကို ဖြည့်တင်း၍ ဒေါ်မြင့်မြင့်စန်းကိုရည်စူးပြီး လှူဒါန်းထားသော အလှူဒါနများအားလည်းကောင်း၊ မိသားစု လစဉ်ပြုလုပ်သော အလှူဒါနများနှင့် (၃)နှစ်ပြည့်အလှူဒါနများအားလည်းကောင်း၊ ဒေါ်မြင့်မြင့်စန်းအား ကုသိုလ် အမျှ-အမျှ-အမျှ ပေးဝေပါ၏။

ဒေါ်မြင့်မြင့်စန်း မြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ခင်ပွန်း - ဦးသန်းလွင်**
**သား - ဦးတင်စိုးလွင်မိသားစု**
**သမီး - ဒေါ်ခင်သိင်္ဂီလွင် မိသားစု**

---

# မူးယစ်ကို
# ပစ်
# ပန်းတိုင်သစ်
# စိတ်သစ်
# လူသစ်
# ဘဝသစ်

---

## ဒေါ်မာလာလွင်
**B.Sc (Chem:)**
**ဦးစီးအရာရှိ (ပြည်တွင်းအခွန်)**
## အသက် (၆၀)

ရန်ကုန်မြို့နေ (ဦးထွန်းလွင်-ဒေါ်ချစ်ညွှန့်)တို့၏ သမီးထွေး၊ ဒေါ်သန်းသန်းညွှန့်၊ ဒေါ်အေးအေးလွင်၊ ဒေါ်ညွှန့်ညွှန့်သင်၊ ဒေါ်အေးအေးနွဲ့၊ ဦးဇော်လွင်၊ ဦးဘဦး၊ ဒေါ်သိန်းသိန်းလွင်၊ ဦးပေါ်ထွန်း၊ ဦးဇော်ဝင်း၊ ဦးဘမော်၊ (ဒေါ်ဆွေဆွေလွင်)၊ ဒေါ်သန်းသန်းလွင်၊ (ဦးချိုကြီး)တို့၏ ချစ်လှစွာသောညီမထွေးလေး ဒေါ်မာလာလွင်သည် ၂၉-၇-၂၀၂၂ (ကြာသပတေးနေ့) ည ၁၁:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၂၂ရက် နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဘောဘီမြင့်
## ဒေဝကိန္နရီအလှပြုပြင်ရေး
## အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၂၅)လမ်း (အောက်လမ်း)၊ အမှတ်(၆၃)၊ မြေညီထပ်နေ (ဗိုလ်မှူးခင်မောင်မြင့်-ဒေါ်ကျင်အင်း)တို့၏သမီး၊ ဦးသက်တင်-ဒေါ်မူမူသင်းတို့၏ အစ်မ၊ မောင်ထူးမြတ်ဗိုလ်၊ မောင်ဘုန်းမြတ်ဗိုလ်တို့၏ ကြီးကြီး ဒေါ်ဘောဘီမြင့်(ဒေဝကိန္နရီ အလှပြုပြင်ရေးဆိုင်)သည် ၃၀-၇-၂၀၂၂ရက် နံနက် ၂:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော်ကြီး ဘဒ္ဒန္တဇာဂရ(သက်န်းတော)
## သိက္ခာတော်(၆၉)ဝါ၊ သက်တော်(၈၉)နှစ်
**(သာသနဓဇဓမ္မာစရိယ၊ ဂန္ထဝါစကပဏ္ဍိတ)**
**မြို့နယ်သံဃနာယက ဥက္ကဋ္ဌ(ငြိမ်း)၊ ဟင်္သာတမြို့**

ရေဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ရတနာဗိမာန်စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဘဒ္ဒန္တဇာဂရ ဆရာတော်ကြီးသည် (၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်) ၃၁-၇-၂၀၂၂(စနေနေ့) နံနက် ၃ နာရီတွင် ရတနာဗိမာန်ကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ယင်းနေ့ ညနေ ၄ နာရီတွင် ဟင်္သာတမြို့ရှိ သင်္ဂြိုဟ်စက်၌ အန္တိမအဂ္ဂိစျာပန ပြုလုပ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြား သံဝေဂပွားစေအပ်ပါသည်။

သူစောလို့ ငါနောက်ကျ။ တစ်နေ့ကျ တူမှာက မရဏ။ အပ္ပမာဒ သံဝေဂ ရယူကြ။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

---

## ဦးသိန်းဝင်း (ခ) အရှင်လက္ခဏ(သာသနဓဇဓမ္မာစရိယ)
**သာသနာရေးဦးစီးအရာရှိ(ငြိမ်း)**
## အသက်(၇၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၉၁/၁၀၅)နေ ဒေါ်မီမီလှိုင်၏ခင်ပွန်း၊ မောင်ဘုန်းမြတ်ကျော်၏ ကျေးဇူးရှင်ဖခင်ကြီး ဦးသိန်းဝင်းသည် ၂၅-၇-၂၀၂၂ရက်၊ ည ၈:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း တပည့်၊ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်နုနုရီ(အထက-၁၊ ဒဂုံ)
**အလယ်တန်းပြဆရာမ(ငြိမ်း)**
## အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ်(၄၈၈)၊ အခန်း(၅၀၅)နေ (ဦးသန်းမောင်-ဒေါ်သန်း)တို့၏သမီး၊ (ဦးအောင်သူ)၏ ဇနီး၊ ဗိုလ်မှူးကြီးမျိုးခိုင်(ငြိမ်း)-ဒေါ်အိကေခိုင်၊ ဦးမြတ်မင်းမောင်-ဒေါ်ဖြူဖြူအောင်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး)တို့၏ မိခင်၊ မောင်သန့်စည်သူအောင်၊ မရည်မွန်အောင်၊ မမြတ်မွန်အောင်၊ မောင်မြတ်သူအောင်တို့၏ အဘွားသည် ၃၀-၇-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၁:၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ရဟန်း၊ သိမ် ဒါယကာကြီး
## ဦးသိမ်းဆွေ [B.E(Electrical)]
**အမှုဆောင်အင်ဂျင်နီယာ (MEPE)(ငြိမ်း)**
## အသက် (၇၆)နှစ်

ရန်ကုန်မြို့နေ (ဦးဘိုးသာ-ဒေါ်ရင်မြ)တို့၏ သား၊ (ဦးတိပ်စိန်-ဒေါ်ရွှေပို)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် (၁၂၆)၊ သန္တာနှင်းဆီလမ်း၊ ပင်လုံအိမ်ရာ (အပိုင်း-၃)၊ မြောက်ဒဂုံမြို့နယ်နေ [ဒေါ်သန်းသန်းနွယ်(ခ) ဒေါ်လီစိန်]၏ ခင်ပွန်း၊ (ဦးထွန်း-ဒေါ်သန်း)၊(ဦးစိုးလွင်-ဒေါ်ခင်ဝင်း)၊ (ဦးအုန်းမောင်-ဒေါ်ယဉ်ယဉ်)၊ ဦးခင်မောင်ဆွေ-(ဒေါ်သဇင်ညို)တို့၏ ညီ/မောင်၊ ဦးအေးငြိမ်းဆွေ-ဒေါ်မြတ်နှင်းဖြူတို့၏ ဖခင်၊ မောင်စောထက်ထူးဆွေ၊ မအိန္ဒြာငြိမ်းဆွေတို့၏ အဘိုးသည် ၂၈-၇-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ညနေ ၃:၁၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂၉-၇-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## Captain သိန်းဝင်း
**CDC 3630**
**Ex Eastwind**
## အသက် (၇၂)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးဖြတ်-ဒေါ်သိန်းမြ)တို့၏သား၊ [ဦးကျော်မောင်(အကောက်ခွန်)-ဒေါ်အေးခင်]တို့၏ သားသမက်၊ ဒေါ်ခင်ခင်ထား၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသက်ဇော် (2/0)-မနေရည်ဝင်းတို့၏ဖခင်၊ မောင်နေဇော်ထက် @ Edward ၏ ချစ်လှစွာသောအဘိုး Captain သိန်းဝင်းသည် ၃၁-၇-၂၀၂၂ရက် နံနက် ၁:၃၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း ဝမ်းနည်းစွာ အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမျိုးကြည်
## အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပြည်သာယာဘောက်ထော်၊ ဆေးရုံလမ်း၊ အမှတ်(၄၆/ဘီ)နေ (ဦးစိန်ဦး-ဒေါ်မြစိန်)တို့၏ တစ်ဦးတည်းသောသား၊ မိုးကုတ်မြို့နေ(ဦးဘသိန်း-ဒေါ်မူမူ)တို့၏ သားသမက်၊ ဦးအေးကြိုင်-ဒေါက်တာဒေါ်ခင်အေးဝင်း၊ ဒေါက်တာဦးကျော်စံဝင်း-ဒေါ်ခင်မာမာတို့၏ မောင်၊ ဦးသီဟန်သိန်း-ဒေါ်ခင်ခင်ရှိန်၊ ဒေါ်လှလှနွယ်တို့၏ အစ်ကို၊ တူ၊ တူမငါးယောက်တို့၏ဦးလေး၊ အမှတ်(၁၄၁/ဘီ)၊ ရန်နိုင်လမ်း၊ ရန်ကင်းမြို့နယ်နေ ဒေါ်မွန်မွန်သိန်း၏ ချစ်လှစွာသော ခင်ပွန်း၊ မယမင်းမျိုးသူ၏ မွေးသဖခင်ကျေးဇူးရှင်သည် ၂၇-၇-၂၀၂၂ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဦးသောဘဏ
## ဝါတော်(၆၂)ဝါ၊ သက်တော် (၈၃)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၇၈လမ်း၊ ၄၄လမ်းနှင့် ၄၅လမ်းကြား၊ မဟာမင်းထင်တိုက်၊ အောင်မြေပျော်ဘွယ်ကျောင်း ဆရာတော် ဦးသောဘဏသည် (၁၃၈၃ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်) ၃၀-၇-၂၀၂၂ (သောကြာနေ့) နံနက် ၈:၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို နံနက် ၁၁:၃၀ နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် အန္တိမစျာပနပြုလုပ်ပြီးဖြစ်၍ (၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်) ၁-၈-၂၀၂၂ (တနင်္လာနေ့) နံနက် ၈နာရီတွင် ရက်လည်ဆွမ်း၊ သင်္ကန်း၊ ပစ္စည်း(၄)ပါး၊ နဝကမ္မလှူဒါန်းပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာ/ဒါယိကာမများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအသိပေးအပ်ပါသည်။

**တပည့်များ**
**အောင်မြေပျော်ဘွယ်ကျောင်း**

---

### ဘုရား၊ ရဟန်း ဒါယကာကြီး
## ဦးအေးသန်း(ခ) ဦးပီတာ
## အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၂၅၃)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ (ဦးချွန်-ဒေါ်ယိမ်)တို့၏သားကြီး၊ (ဦးနိုင်ချီ-ဒေါ်ခင်ငြိမ်း)တို့၏ သားသမက်၊ ဒေါက်တာဌေးဌေးရီ၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်နွယ်နွယ်ဝင်း(Canada)၊ ဒေါ်လှလှသိန်းတို့၏ မောင်၊ ဒေါ်လှပွင့်-ဦးဌေးဝင်း၊ ဦးမောင်မောင်ကြီး-ဒေါ်လျူတင်ကျိန်း၊ ဒေါ်လှလှဝင်း-ဦးမြင့်လွင်တို့၏ အစ်ကို၊ ဒေါက်တာဝင်းလဲ့ရည်မွန်-ဒေါက်တာကျော်နိုင်ဝင်း၊ ဒေါက်တာနှင်းသက်စုမွန်တို့၏ ချစ်လှစွာသောဖခင်၊ မြေး နှစ်ယောက်တို့၏ အဘိုး ဦးအေးသန်း(ခ) ဦးပီတာသည် ၃၁-၇-၂၀၂၂ (စနေနေ့) နံနက်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ထိန်ပင်သုသာန်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၆-၈-၂၀၂၂(သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### အလွှာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီဦးအောင်ကြည် (ခ)ဂျော့မူလာ(ခ)ဂိုလန်မိုဟာမက်
**B.A,B.L (English) ရန်ကုန်ပညာရေးတက္ကသိုလ်(ငြိမ်း) LL.B**
**စိန်ပေါလ်ကျောင်းသားဟောင်း**
## အသက် (၇၂)နှစ်
**သည်ကရောင်းပုံနှိပ်တိုက်**

ရန်ကုန်မြို့၊ အမှတ် (၁၀၉/၁၁၁)၊ (၃၂)လမ်း(အလယ်)၊ (၁၀)ရပ်ကွက်နေ (A.H မူလာ-ဒေါ်တီတီ) တို့၏ စတုတ္ထမြောက်သား၊ ဒေါ်နီနီ၊ (ဒေါ်လှမြင့်)၊ (ဦးအောင်ညွန့်)တို့၏မောင်/ညီ၊ (ဒေါ်ချိုချို)၊ ဒေါ်ကြူကြူခင်၊ ဦးအောင်မြင့်၊ ဦးစိုးမြင့်၊ ဦးမင်းလွင်တို့၏အစ်ကိုကြီး၊ ဦးဘိုဘိုညွန့်၊ ဒေါ်ခင်သန္တာညွန့်၊ ဒေါ်ခင်ရတနာညွန့်၊ ဦးကျော်စွာညွန့်၊ ဦးနေမင်းညွန့်၊ ဦးနေလင်း၊ မောင်စိုးစိုးနေနိုင်၊ မမီမီမင်းလွင်တို့၏ဦးလေး၊ မြေးရှစ်ယောက်တို့၏အဘိုး ဦးအောင်ကြည်သည် ၃၀-၇-၂၀၂၂(သောကြာနေ့) နံနက်၄နာရီတွင် အလွှာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့အဆွရ်နမာစ်အပြီးတွင် ရေဝေးစွန္နီကာဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမင်းသွင်
**ခရိုင်ဥပဒေအရာရှိ(ငြိမ်း)**
**ဗဟိုတရားရုံးရှေ့နေ**
## အသက် (၇၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ၈-ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်းသွယ်(၂)၊ အမှတ်(၃/၃၃)နေ (ဗိုလ်မှူးလှမောင်-ဒေါ်တင်တင်)တို့၏သားသမက်၊ ယခင်တိုက်(၁၀)၊ အခန်း-၁၃၊ လမ်းသစ်ရိပ်သာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ (ဦးမောင်မောင်-ဒေါ်ခင်ရိမ်)တို့၏သားကြီး၊ ဦးမင်းဦး-ဒေါ်ဝင်းကြည်တို့၏ ညီ/မောင်၊ ဦးဝင်းမောင်-ဒေါ်ကြူကြူစန်း၊ ဦးဝင်းမော်-ဒေါ်လှလှရီ၊ ဦးကြီးဇော်-(ဒေါ်ဖြူဖြူဝင်း)၊ ဦးမောင်မောင်ဌေး-ဒေါ်ချိုချိုစန်း၊ ဒေါ်ကြည်ကြည်မော်တို့၏ အစ်ကိုကြီး၊(ဒေါ်ခင်ဆွေဝင်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဝင်းလွင်ဦး-မခင်စုလှိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မသီရိဝင်းလွင်၏ ချစ်လှစွာသော အဘိုးသည် ၃၀-၇-၂၀၂၂ (သောကြာနေ့) နံနက် ၈:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၂၂ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသိန်းအောင်
## အသက် (၆၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် (၂၀၃)နေ (ဦးရင်မောင်-ဒေါ်သန်းစိန်)တို့၏ ဒုတိယသား၊ ဦးသိန်းဝင်း-ဒေါ်ကျင်လှတို့၏ညီ၊ ဦးသိန်းကျော်-ဒေါ်သီသီဝင်း၊ ဒေါ်မူမူ၊ ဒေါ်ကြူကြူ၊ ဦးသိန်းလှိုင်၊ (ဦးသိန်းဇော်)-ဒေါက်တာ ဒေါ်တင်တင်ထွေး (ပါမောက္ခချုပ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊ ဦးကျော်နိုင် - ဒေါ်ခင်ခင်ထွေးတို့၏အစ်ကို၊ တူ၊တူမ ၁၀ ယောက်၊ မြေးခြောက်ယောက်တို့၏ အဘိုးဦးသိန်းအောင်သည် ၃၁-၇-၂၀၂၂(စနေနေ့) နံနက် ၆:၁၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဘဒ္ဒန္တဝါယာမ
## သိက္ခာတော်(၄၃)ဝါ၊ သက်တော်(၆၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ဗားကရာတိုက်၊ ရှမ်းကျောင်းကြီးကျောင်း၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝါယာမသည် (၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်)၂၉-၇-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ယင်းနေ့ ၁ နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိစျာပနသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။

တပည့် ဒါယကာ၊ ဒါယိကာမများ

---

## ဦးကျင်စိန်
## ကာတီယာစိန်တိုက်
## တိုင်းအောင်ပုံနှိပ်တိုက်(ပုသိမ်)
## အသက်(၉၆)နှစ်

ပုသိမ်မြို့၊ ကုန်သည်လမ်း၊ အမှတ်(၄၁)နှင့် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၄)လမ်း၊ အမှတ်(၉၃)နေ (ဒေါ်ရင်ရင်)၏ ခင်ပွန်း၊ ဦးကျော်မြင့်-ဒေါ်တင်တင်ဝင်း၊ ဒေါ်သင်းသင်းခိုင်-ဦးမျိုးလွင်၊ ဦးအောင်ဌေး(ကာတီယာစိန်တိုက်)၊ ဒေါ်ခင်မမ-ဦးဝင်းကြည်၊ ဦးအောင်ကိုကို-ဒေါ်စုစုအေးတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏ အဘိုး ဦးကျင်စိန်သည် ၃၀-၇-၂၀၂၂ (သောကြာနေ့) နံနက် ၅ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများကို ဝမ်းနည်းစွာဖြင့် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ဝင်း
## အသက်(၈၅)နှစ်
## လေ/၇၁၂၈၊ တပ်ကြပ်ကြီး(ငြိမ်း)
## (၅၀၂)လေတပ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်-၄၅ နေ ဒေါ်ခင်ခင်၏ တူသား၊ ဒေါ်တင်ရီ၏ခင်ပွန်း၊ ဦးခင်ကျော်-ဒေါ်ဝင့်မွန်ကျော်၊ ဦးလှမိုး (လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့မီးရထား)-ဒေါ်ဆွေဆွေဝင်း၊ ဒေါ်ဆွေဆွေဝင်း၊ ဒေါ်ညီညီထွေးတို့၏ ဖခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၃၁-၇-၂၀၂၂ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ရဟန်းဒါယကာကြီး ဦးအောင်မိုးဦး(မုဒုံ၊ ပေါင်/ကမ္မာအေး)
**B.Sc (Bot.) 93 Batch**
## အသက် (၅၂)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊အမှတ်(၅၄၃)၊ ရွာသစ်အရှေ့အောင်ဆန်းမြို့နေ ဦးထွန်းရှင်(မြို့နယ်ပညာရေးမှူး-ငြိမ်း)-(ဒေါ်မြကြည်) တို့၏ သားအငယ်ဆုံး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ရေကူးဘူတာရုံလမ်း၊ ခြံအမှတ်(၅၉)နေ (ဦးနီ)-ဒေါ်စန်းရီတို့၏ သားသမက်၊ ဒေါ်ခင်ခင်ဦး၏ ချစ်လှစွာသော ခင်ပွန်း၊ မအိမြတ်မိုးဦး၏ချစ်လှစွာသောဖခင်သည် ၃၀-၇-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

# မူးယစ်ကို
# ပစ်
# ပန်းတိုင်သစ်
# စိတ်သစ်
# လူသစ်
# ဘဝသစ်

## ဒုတိယဗိုလ်မှူးကြီးဘမြင့်(ငြိမ်း)၊ စတသ(၅)
### အသက် (၇၉)နှစ်

ချယ်ရီရိပ်ဖောင်ဒေးရှင်း၏နာယက ၊ စစ်တက္ကသိုလ် အင်္ဂလိပ်စာဌာန(ဌာနမှူး)(ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီး ဘမြင့်(ငြိမ်း)သည် ၂၈-၇-၂၀၂၁ရက်နေ့ မွန်းလွဲ ၃ နာရီခွဲ အချိန်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ချယ်ရီရိပ် ဖောင်ဒေးရှင်းနာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ချယ်ရီရိပ်ဖောင်ဒေးရှင်း

## ဦးအောင်ကြည်မြင့်
**B.Ag(68th Batch)**
**St.Paul ကျောင်းသားဟောင်း**
### အသက် (၇၈)နှစ်

(ဦးခင်မောင်-ဒေါ်ခင်စု)တို့၏သား၊ (ဦးမြင့်ဆွေ)-ဒေါ်မြတ်မြတ်သူတို့၏ညီ၊ (ဦးထွန်းမြင့်)-ဒေါ်သင်းသင်းအေး၊ (ဦးငြိမ်းမြင့်)တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက်အမှတ်(၂၀၆)၊ အခန်းအမှတ် (၁၆)နေ ဒေါ်ဖြူဝင်း၏ခင်ပွန်း၊ မနွယ်နီအောင်၊ မောင်မင်းသိမ်း-မရီရီထွေး၊ မအိအိအောင်တို့၏ မွေးသဖခင်၊ မယွန်းနဒီဦး၏အဘိုး ဦးအောင်ကြည်မြင့်သည် ၂၉-၇-၂၀၂၁ရက် နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟ များအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
## ဦးမောင်မောင်(သန်လျင်)
### အသက်(၇၃)နှစ်
**Ex Radio Officer**
**CDC-18856**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အမှတ်(၈၆)၊ မြတ်ရတနာ(၁)လမ်း၊ အောင်ချမ်းသာရပ်ကွက်နေ (ဦးထွန်းလင်း-ဒေါ်အေးကြည်)တို့၏သားကြီး၊ (ဦးစံသိန်း-ဒေါ်ထားထား)တို့၏သားသမက်၊ ဒေါ်အေးမိ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသူရဝမ်းမောင်-(ဒေါ်သိန်းသိန်းအေး)၊ ဦးငွေအောင်-(ဒေါ်လှလှငွေး)၊ (ဦးခင်မောင်အေး-ဒေါ်စိန်ရင်)၊ (ဦးလှမျိုး)-ဒေါ်အုံးချို၊ ဦးခင်မောင်ထွေး-ဒေါ်တင်တင်စန်း၊ ဦးကျော်ထင်အောင်-(ဒေါ်နီနီဝင်း)၊ ဦးစောဂျော့ရှုဝါ-ဒေါ်နွယ်နွယ်ဝင်းတို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ ဦးဇေယျာ-ဒေါ်ဖြိုးမမျိုး၊ ဦးလှဘုန်း(Mr. Larry chu)-ဒေါ်ဇာခြည်(Nicole chu)၊ ဦးအာကာ-ဒေါ်မီမီကိုကိုလွင်၊ ဦးဖုန်းနိုင်မြင့်-ဒေါ်ဥမ္မာဝင့်တို့၏ ချစ်လှစွာသောဖခင်၊ တူ/တူမ ၁၀ ယောက်တို့၏ ချစ်လှစွာသောဘဘ၊ မြေး ခြောက်ယောက်တို့၏ ချစ်လှစွာသောအဘိုး ဦးမောင်မောင်သည် ၃၀-၇-၂၀၂၁ (သောကြာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမြင့်သိန်းထွန်း
**ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး**
### အသက်(၆၀)

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်ရိပ်သာလမ်းနေ (ဦးထွန်းမောင်-ဒေါ်သန်းကြည်)တို့၏ သား၊ ကိုထက်အောင်(၁)(ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ မိတ္ထီလာမြို့)-မထက်ဝတ်ရည်ထွန်း၊ မောင်ထွန်းပြည့်စုံ၊ မောင်ထက်ဝေယံအောင်တို့၏ ဖခင်၊ မြေး နှစ်ယောက်တို့၏ အဘိုး၊ ဒေါ်သန်းသန်းဝင်း(ခ)အဲဖုန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သိန်းထွန်း (ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ ထားဝယ်မြို့)သည် ၃၀-၇-၂၀၂၁ ရက် မွန်းလွဲ ၁:၅၀ နာရီတွင် ထားဝယ်မြို့၊ ပြည်သူ့ဆေးရုံကြီး၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဆွမ်း ဒါယိကာမ**
## ဒေါ်ခင်ဥမ္မာထွေး(မင်းမနိုင်၊ အလုံ)
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာနေ(ဗိုလ်မှူးခင်မောင်ထွေး)-(ဒေါ်စိန်စိန်ရီ(ခ) ဒေါ်ခင်မမ)တို့၏ သမီးကြီး၊ ဦးဝဏ္ဏထွေး-ဒေါ်ခင်သီတာဌေး၊ ဦးမျိုးမင်းသန့်-ဒေါ်ခင်သဇင်ထွေး၊ ဦးသိန်းလွင်-ဒေါ်ခင်စန္ဒီထွေး(ခ)ဒေါ်ခင်စန္ဒာဝင်းတို့၏ အစ်မကြီး၊ မောင်ရဲသူရမျိုးသန့်၊ မောင်အောင်မော်ဟိန်း၊ မောင်သက်ထက်အောင်မျိုးသန့်၊ မဟန်နွေအိကို၊ မရွှန်းလဲ့မေလွင်၊ မနှင်းဆောင်းဟေကို၊ မောင်ဇေလင်းထက် တို့၏အဒေါ် ဒေါ်ခင်ဥမ္မာထွေးသည် ၃၁-၇-၂၀၂၁ ရက် (စနေနေ့)နံနက် ၈:၃၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သင့် သွေး ဖြင့် အ သက် ကယ် ပါ**

## ဗိုလ်ကြီးထွန်းတင်(ငြိမ်း)
### အသက်(၉၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဘုရားကြီးကွင်းကျေးရွာအုပ်စု၊ စစ်မှုထမ်းဟောင်းရပ်ကွက်နေ(ဒေါ်ချစ်တင်)၏ ခင်ပွန်းဖြစ်သူ ဗိုလ်ကြီးထွန်းတင်(ငြိမ်း)သည် ၃၁-၇- ၂၀၂၁ ရက်(စနေနေ့) ညနေ ၅ နာရီ ၅၅ မိနစ်တွင် ၉၆ ပါးသော ရောဂါဖြင့်ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စန်းနွယ်(သန်လျင်)
**လက်/ညွှန်(ငြိမ်း)**
**အကြီးစားစက်မှုလုပ်ငန်း**
### အသက်(၇၂)နှစ်

သန်လျင်မြို့၊ ထန်းပင်ကုန်းရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၂၉)နေ (ဦးကိုကိုကြီး-ဒေါ်ခင်ညွန့်)တို့၏သမီး၊ (ဒေါ်အမာတင်)၊ (ဦးဖြူဝင်း)-ဒေါ်ငြိမ်းခင်၊ (ဦးအောင်သန်းစိုး-ဒေါ်ကြင်သိန်း)တို့၏ညီမ၊ ဦးမြသိန်း-ဒေါ်ခင်အေးသွယ်၊ ဦးရန်ကင်းမောင်-ဒေါ်ခင်နွယ်တို့၏အစ်မ၊ မမေစန်းဝင်း၊ ကိုနေမျိုးအောင်၊ ကိုဇော်လင်းအောင်၊ ကိုအောင်သူ၊ ကိုနေလင်းမောင်၊ ကိုမြင့်သက်မောင်၊ ကိုပြည့်ဖြိုးမောင်တို့၏အဒေါ်သည် ၂၉-၇-၂၀၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် အမိုးနီသုသာန်၌ ကောင်းမွန်စွာ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါက်တာမြင့်ဦး(ဂျီပီ)
**Adjunct Professor at Tuft University U.S.A**
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၇၀)၊ ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးထွန်းခင်- ဒေါ်သန်းညွန့်)တို့၏သား၊ (ဦးကြည်)-ဒေါ်ခင်လှလှတို့၏ သားသမက်၊ ဒေါ်ပြုံးပြုံးကြည် (SAT-ငြိမ်း၊ အထက-၂၊ အလုံ)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်နိုင်ဝင်း(C.H.C)-မပွင့်ဦးမွန်(Indonesian International School Yangon)၊ ကိုဇော်လင်းနိုင် (Future Genesis Co.,Ltd)-ဒေါက်တာအိမွန်ဦး(ကထိကခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်တောင်ကြီး)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မရွှေရုပ်လွှာ၊ မောင်ရွှေဥက္ကာမောင်၊ မဝေရတ်လင်းတို့၏ ချစ်လှစွာသော အဘိုးသည် ၃၀-၇-၂၀၂၁ (သောကြာနေ့) နံနက် ၇:၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး အထွေထွေရောဂါကု ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါက်တာမြင့်ဦး(ဂျီပီ)
**Adjunct Professor at Tuft University U.S.A**
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄၄)၊ ဆဒ္ဒန်လမ်း၊ အလုံမြို့နယ်နေ(ဦးကြည်)-ဒေါ်ခင်လှလှတို့၏သားသမက်၊ ဒေါ်ပြုံးပြုံးကြည် (SAT-ငြိမ်း၊ အထက-၂၊ အလုံ)၏ ချစ်လှစွာသောခင်ပွန်း၊ [ဦးကျော်ကျော်အောင် (တိုင်းဥပဒေ အရာရှိ(ငြိမ်း)]-ဒေါ်ဖြူဖြူကြည်၊ ဦးသက်ဦးကြည်-ဒေါ်စံပယ်ဦး၊ (ဦးမျိုးအောင်ကြည်)-ဒေါ်သန်းသန်းဝင်း၊ ဦးသက်တင်ညွန့်(ဒုတိယအထွေထွေ မန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါက်တာမူမူကြည်(ဝင်းမိသားစု၊ သွားနှင့်ခံတွင်း ဆေးကုခန်း)၊ (ဦးအောင်အောင်ကြည် -G.M ကြယ်စင်သီဟဆောက်လုပ်ရေး) - ဒေါ်စိုးစိမ့်အိ (လက်ထောက်အတွင်းဝန်၊ စက်မှုဝန်ကြီးဌာန)၊ ဦးရဲထွေးကြည်-ဒေါ်နီလာတို့၏ အစ်ကိုကြီး၊ ဦးခင်အောင်ကြည်-ဒေါ်ထက်ထက်ဦး၊ ဦးဖြိုးအောင်ကြည်(မြို့နယ်အုပ်ချုပ်ရေးမှူး၊-မှော်ဘီ)-ဒေါ်အေးမြတ်မြတ်သူ၊ ဒေါ်မီမီဦး၊ ဒေါ်ထူးတင်ဇာဝင်း၊ ဒေါ်ရွှေရည်ထွေး၊ ဒေါ်ဆွိစန္ဒာအောင်၊ ဦးရဲမြတ်ဦးတို့၏ ဘကြီးသည် ၃၀-၇-၂၀၂၁ (သောကြာနေ့) နံနက် ၇:၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး အထွေထွေရောဂါကု ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာမြင့်ဦး(ဂျီပီ)
**Adjunct Professor at Tuft University U.S.A**
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၂)၊ ဆင်ရေကန်လမ်း၊ အလုံမြို့နယ်နေ(ဦးထွန်းခင်-ဒေါ်သန်းညွန့်)တို့၏သား၊ ဒေါ်ပြုံးပြုံးကြည် (SAT-ငြိမ်း၊ အထက-၂၊ အလုံ)၏ ချစ်လှစွာသောခင်ပွန်း၊ (ဒုတိယဗိုလ်မှူးကြီးတင်ထွဋ်)- ဒေါ်ချယ်ရီ၊ (ဦးစိန်မင်း-ဒေါ်ပြုံးကြည်)၊ (ဒေါ်အုံးအုံး)၊ (ဦးမြင့်သန်း)-ဒေါ်သီတာအောင်(ရွှေစင်စတိုး)တို့၏ ညီ/မောင်၊ ဦးသန်းဦး၊ ဦးဟန်ညွန့် (ဟံသာဦးစတိုး)-(ဒေါ်သွယ်သွယ်ဦး)၊ (ဒေါက်တာရဲထွဋ်)-ဒေါ်ကလျာ၊ ဦးဇော်မြတ်မင်းတို့၏အစ်ကို၊ ဗိုလ်ကြီးခင်ဇော်မြင့်-ဒေါ်ဝေဝေထွဋ်၊ ဦးကိုကိုနိုင်-ဒေါ်မိုးသီတာထွဋ်၊ ဦးကိုကိုနိုင်ထွဋ်-မမိမိမော်၊ ဦးဗိုလ်အေးမြင့်-ဒေါ်ခင်ထားမင်း(မြင့်သရဖူရတနာရွှေဆိုင်)၊ ကိုကျော်ထူးမင်း၊ ကိုသက်နိုင်မင်း၊ ကိုနေအောင်-မဖြိုးဆုမင်း၊ ဒေါက်တာအေးချမ်းမြေ့၊ ကိုခန့်ကျော်ဦး-မဆုမွန်၊ ကိုနေအောင်-မသီဂီ၊ ကိုဟိန်းထက်အောင်၊ ကိုသန်းထွဋ်အောင်တို့၏ ဘကြီးသည် ၃၀-၇-၂၀၂၁ ရက် နံနက် ၇:၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး အထွေထွေရောဂါကု ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးခင်အောင်ကျော်
### အသက်(၆၇)နှစ်
**အကောက်ခွန်မှူး(ငြိမ်း)**

ရန်ကုန်မြို့၊ အမှတ် (၄၄၅/၄၄၇)၊ ခုနစ်လွှာ (B)၊ အောက်ပုဇွန်တောင်လမ်းနေ [ဦးကျော်မောင်(အကောက်ခွန်)-ဒေါ်အေးခင်] တို့၏သား၊ ဒေါ်အေးအေးမြတ်၏ခင်ပွန်း၊ မောင်စံသီဟန်၊ မောင်ထွန်းအောင်ကျော်၊ မခင်လင်းလက်အောင်တို့၏ ချစ်လှစွာသော ဖခင်၊ ဗိုလ်မှူးခင်မောင်ဆွေ-ဒေါ်ခင်နွဲ့နွဲ့၊ ဦးကျော်ဟိန်း(အကောက်ခွန်)-ဒေါ်ခင်စောညွန့်၊ (ဗိုလ်ကြီးလှမြင့်-ဒေါ်အေးအေးခိုင်)တို့၏ညီ၊ Capt. ဦးသိန်းဝင်း-ဒေါ်ခင်ခင်ထားတို့၏အစ်ကို ဦးခင်အောင်ကျော်သည် ၂၇-၇-၂၀၂၁ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၂၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးသူ
**အလယ်တန်းပြဆရာမ(ငြိမ်း)**
**အ.ထ.က(၃) မင်္ဂလာတောင်ညွန့်**
### အသက်(၇၈)နှစ်

(ဦးချစ်ထွန်း-ဒေါ်ခင်စိန်)တို့၏ သမီးကြီး၊ (ဒေါက်တာမောင်မောင်ဦး)၏ ချစ်လှစွာသောဇနီး၊ မအေးသန္တာဦး၊ ကိုမျိုးမင်းဦး-မမေဦးလွင်(USA)တို့၏မိခင်၊ မအင်ကြင်းခိုင်၏ အဘွား၊ ဦးမောင်မောင်မြင့်-ဒေါ်ကြူကြူအေး(USA)၊ (ဦးသန်းစိုး)-ဒေါ်စန်းစန်းမူတို့၏ အစ်မ၊ ကိုလင်းထွဋ်မြင့်-ဒေါက်တာ မတင်ဟန်ထွေး(USA)၊ မယဉ်ယဉ်ဦး၊ (ကိုဝေဖြိုးအောင်)-မခင်သက်ထားမူ၊ ဒေါက်တာမျိုးသွင်မြင့်(USA)၊ ကိုထင်လင်းအောင်-မအေးအေးအောင်၊ ကိုတင်ထွဋ်မြင့်-မမျိုးမွန်သွယ်(USA)တို့၏ ကြီးတော်သည် ၂၈-၇-၂၀၂၁ ရက် နံနက် ၁၁:၄၅ နာရီတွင် မြောက်ဥက္ကလာပ၊ ဝေဘာဂီဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း**
## ဟာဂျီမ ဝလီမာဘီ (ခ) ဒေါ်ချိုချို
**B.Sc (Maths) စိန့်မေရီကျောင်းသူဟောင်း**
### အသက် (၆၅)နှစ်
**သည်ကရောင်းပုံနှိပ်တိုက်**

ရန်ကုန်မြို့၊ အမှတ် (၁၀၉/၁၁၁)၊ (၃၂)လမ်း (အလယ်)၊ (၁၀)ရပ်ကွက်နေ (A.H မူလာ-ဒေါ်တီတီ)တို့၏ ဆဋ္ဌမမြောက်သမီး၊ ဒေါ်နီနီ၊ (ဒေါ်လှမြင့်)၊ (ဦးအောင်ညွန့်)၊ ဦးအောင်ကြည်၊ ဦးအောင်ဝင်းတို့၏ ညီမ၊ ဒေါ်ကြူကြူခင်၊ ဦးအောင်မြင့်၊ ဦးစိုးမြင့်၊ ဦးမင်းလွင် တို့၏အစ်မ၊ ဦးဘိုဘိုညွန့်၊ ဒေါ်ခင်သန္တာညွန့်၊ ဒေါ်ခင်ရတနာညွန့်၊ ဦးကျော်စွာညွန့်၊ ဦးနေမင်းညွန့်၊ မောင်နေလင်း၊ မောင်စိုးစိုးနေနိုင်၊ မမီမီမင်းလွင် တို့၏ အဒေါ်၊ မြေးရှစ်ယောက်တို့၏အဘွား ဒေါ်ချိုချိုသည် ၂၅-၇-၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွရ်နမာစ်အပြီးတွင် ရေဝေး စန္နီကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါက်တာ ကျော်ငြိမ်းအေး
### အသက် (၅၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၂)ရပ်ကွက်၊ ရွှေပြည်သာလမ်း၊ အမှတ်(၆၂၄)နေ (ဦးကျော်စိန်ဝင်း)-ဒေါ်တင်ရီတို့၏ သား၊ (ဦးဘမြင့်-ဒေါ်ခင်နွဲ့)တို့၏သားသမက်၊ ဒေါက်တာမျိုးငြိမ်းအေး(ဒု-ညွှန်ချုပ်၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန)၊ ဒေါ်သီတာရှိန်တို့၏ အစ်ကို၊ ဒေါ်အေးမြမြ၏ခင်ပွန်း၊ မအမရာငြိမ်းအေး(ဆေး-၁၊ ရန်ကုန်) ၏ ချစ်လှစွာသောဖခင်၊ ဒေါက်တာကျော်ငြိမ်းအေး(ဒေ့ပါမောက္ခ ၊ ဓာတုအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)သည် ၃၁-၇-၂၀၂၁ (စနေနေ့) နံနက် ၆:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ပြောင်းရွှေ့သွားပါသဖြင့် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမြင့်ဝင်း(ခ) ဦးဘိုနီ
### အသက်(၅၉)နှစ်

အမှတ်(၃၆)၊ သရက်တောလမ်း၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ[(ဦးသိန်းမောင်-ဒေါ်ကြည်အေး(ခ) ဒေါ်ကျင်အေး)]တို့၏သား၊ (ဦးတင်ထွန်း)၊ ဦးမြင့်ထွန်း၊ ဦးမြင့်လွင်-(MPT-ငြိမ်း)တို့၏ညီ၊ ဦးမြင့်စိုး၊ ဒေါ်ဒီဒီမြင့်(Y.C.D.C)၊ ဒေါ်မြင့်မြင့်ခိုင်(Y.C.D.C)တို့၏အစ်ကိုသည် ၂၉-၇-၂၀၂၁(ကြာသပတေးနေ့) နံနက် ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း**
## အလ်ဟာဂျ်မောင်လာနာဟာဖိစ်ဇ်အိုစာမဟ် (ခ)
## ဦးသိန်းထွန်း
### အသက် (၄၃) နှစ်
**Managing Director (Foswa Co.,Ltd)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာအလယ်လမ်းနေ [အလ်ဟာဂျ် မောင်လာနာမိုဟမ္မဒ်ယူစွပ်ဖ်(ခ)ဦးသိန်းမြင့်]-ဟာဂျီမ ရာဘီယာဘီဘီ(ခ)ဒေါ်ချိုချိုတို့၏သားလတ်၊ အလ်ဟာဂျ်မောင်လာနာ မုဟမ္မဒ် အစ္စမာအီးလ်(ခ)ဦးသိန်းဦး (Shaheen Co.,Ltd တောင်ဒဂုံစက်မှုဇုန်)၏ညီ၊ အလ်ဟာဂျ်မောင်လာနာဟာဖိစ်ဇ်မွဖ်သီအိုဘာဒဟ် (ခ)ဦးသိန်းချို (Shaheen Co.,Ltd)၊ အလ်ဟာဂျ် မောင်လာနာဟာဖိစ်ဇ်အိုမာရဟ် (ခ)ဦးသိန်းဇော်ထွန်း (Shaheen စော်ဘွားကြီးကုန်း)၊ ဟာဂျီမိုဟမ္မဒ်အိုမရ်(ခ) ဦးသိန်းထွေးတို့၏ ချစ်လှစွာသောအစ်ကို၊ Hajima Dr.Fatima(ခ)ဟာဂျီမဒေါက်တာ အေးသန္တာထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ Haji Hafiz Fahim Akthel (ခ) မောင်သိန်းထိုက်ထွန်း၊ Hakim Akthel (ခ) မောင်သိန်း ခန့်ထွန်းတို့၏ ချစ်လှစွာသောဖခင်သည် (၁၄၄၂ ခုနှစ်၊ ဇွလ်ဟဂျ် လ ၉ရက်) ၂၉-၇-၂၀၂၁ (တနင်္လာနေ့) ည ၇:၃၀ နာရီတွင် အလ္လာဟ် အသျှင်မြတ်အမိန့်တော်ခံယူသွားပါသည်။ မဂ်ဖွေရသ်အတွက် အထူးဒိုအာပြုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကာကွယ်ဆေးထိုးလုပ်ငန်းများကို နေပြည်တော်ရှိ မြို့နယ်အားလုံးတွင် ဆောင်ရွက်မည်

နေပြည်တော် ဇူလိုင် ၃၁
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဩဂုတ် ၁ ရက်မှ ၆ ရက်အထိ ထိုးနှံပေးသွားမည်ဖြစ်သည်။ နေပြည်တော်အတွင်းရှိ မြို့နယ်အားလုံးတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိတစ်ကြိမ် နေ့စဉ်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆေးထိုးစုရပ်များ**

ဦးစားပေးအုပ်စု(၆)ခုတွင် ပါဝင်သည့် အသက် ၆၅ နှစ်နှင့်အထက် မိဘပြည်သူများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများတွင် ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေကြသည့် ကာကွယ်ဆေးမထိုးရသေးသော ကျန်းမာရေးဝန်ထမ်းများနှင့် ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင်ဆောင်ရွက်နေသော ကာကွယ်ဆေးမထိုးရသေးသည့် စေတနာ့ဝန်ထမ်းများ၊ ဘိုးဘွားရိပ်သာများရှိ ဘိုးဘွားမိဘပြည်သူများ၊ သာသနာ့ဝန်ထမ်းများ၊ ဘုန်းတော်ကြီးများနှင့် သီလရှင်များ၊ ကာကွယ်ဆေးမထိုးရသေးသည့် နိုင်ငံ့ဝန်ထမ်းများ ထိုးနှံနိုင်ပြီး ဆေးထိုးစုရပ်များအဖြစ် ဥတ္တရခရိုင်အတွင်း

**စာမျက်နှာ ၂၂ ကော်လံ ၁ သို့** ❖



ဇူလိုင် ၃၀ ရက်ကထိုးသတ်သည့်ပွဲတွင် အောင်လအန်ဆန် ပွဲသိမ်းလက်သီး ပစ်သွင်းလိုက်စဉ်။

## အောင်လအန်ဆန် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို စိန်ခေါ်ခွင့်ရဖွယ်ရှိ

နေပြည်တော် ဇူလိုင် ၃၁
မြန်မာ MMA ကစားသမား အောင်လအန်ဆန်သည် ဇူလိုင် ၃၀ ရက်က ထိုးသတ်သည့်ပွဲတွင် လီအန်ဒရိုကို အနိုင်ရပြီးနောက် ONE မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို စိန်ခေါ်ခွင့်ရဖွယ်ရှိနေသည်။

**စာမျက်နှာ ၂၄ ကော်လံ ၁ သို့** ✳



ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား ပြန်လည်ကြိုဆိုလက်ခံရေး ပြင်ဆင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

## ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား တစ်ရက် လူ ၂၀၀ နှုန်းဖြင့် တစ်ရက်ခြား ပြန်လည်လက်ခံသွားမည်

မြဝတီ ဇူလိုင် ၃၁
ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်း လုပ်သားများအား မြဝတီမြို့ရှိ မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ကြိုဆိုလက်ခံခြင်းအား ရပ်နားထားရာ ဩဂုတ် ၁ ရက်မှစ၍ ပြန်လည်ကြိုဆို လက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ပြန်လည်လက်ခံရာတွင် နံနက် ၈ နာရီမှစတင်လက်ခံသွားမည်ဖြစ်ကာ တစ်ရက်လျှင် လူဦးရေ ၂၀၀ နှုန်းဖြင့် တစ်ရက်ခြားသာ ပြန်လည်လက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၂၂ ကော်လံ ၁ သို့** ○

## အထူးကဏ္ဍအချပ်ပို ၈ မျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်း အထူးကဏ္ဍ အချပ်ပို ၄ မျက်နှာနှင့် လေ့လာစရာ အင်္ဂလိပ်စာ အထူးကဏ္ဍ အချပ်ပို ၄ မျက်နှာ စုစုပေါင်း အချပ်ပို ၈ မျက်နှာ ဖော်ပြပါရှိပါသည်။

## ကြေးမုံ ယနေ့ ဖတ်စရာ

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လေးသောင်းဝန်းကျင် ထပ်မံထိုးနှံပေးပြီးဖြစ်**
စာမျက်နှာ » ၄

- - - - - - - - - - - - - - - - -

**ရန်ကုန်မြို့တွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သော PDF အဖွဲ့ဝင်များနှင့် လမ်းမတော် ရွှေနန်းတော်ရွှေဆိုင် ဖောက်ခွဲလုယက်မှုတွင် ပါဝင်သူများ ဖော်ထုတ်ဖမ်းဆီးရရှိ**
စာမျက်နှာ » ၁၈

# မျိုးဆက်သစ်ပျိုးခင်း

ဝတ္ထုတို

## လင်းယုန်ဇော်



(၁)

ပူပြင်းတဲ့နေရောင်အောက်တွင် ဈေးလေးသည် သက်ဝင်လှုပ်ရှားနေသည်။ ဆိုက်ကားသမားတို့သည်လည်း ဈေးအပေါက်အဝမှ သူ့ထက်ငါ အလုအယက်ခေါ်ငင်နေကြသည်။

ဖောက်သည်ရှိသူများကတော့ ဖောက်သည်ကို စောင့်ပြီး အသင့်ခေါ်ယုံပင်။ ဖောက်သည်မရှိသူများကတော့ ကြုံတဲ့သူကိုခေါ်နေကြလေသည်။

ပျံကျဈေးလေးရှိ ဆိုက်ကားဂိတ်လေးသည် တစ်စီးဝင်တစ်စီးထွက်ဖြင့် နေရောင်အောက်တွင် အလိုက်သင့်စီးမျောနေသည်။

(၂)

သူဈေးနှင့် မလှမ်းမကမ်းရှိ သစ်ပင်အောက်တွင် အရိပ်ခိုဝင်ရင်း ဆိုက်ကားဂိတ်လေးကို ငေးကြည့်နေမိသည်။

တစ်ညလုံးမအိပ်ခဲ့ရလို့ထင်သည် မျက်လုံးတွေက ကျိန်းစပ်နေသည်။ ကလိမ်ကကျစ်နည်းမျိုးစုံဖြင့် သူများအိပ်ထဲက ပိုက်ဆံကိုရအောင် ယူရသူမို့ ကိုယ့်ရှေ့ရှိ ပိုက်ဆံတွေကလည်း မျက်စိတင်ိုက်အတွင်းမှာ ပျောက်ကွယ်သွားနိုင်သည်မဟုတ်လား...။

ညက အချဉ်ဝိုင်းတစ်ဝိုင်းတွင် သူ မင်းသားကြီးဖြစ်ခဲ့သည်။ ရှိသမျှ တတ်သမျှ ဉာဏ်နီဉာဏ်နက်များကိုသုံးရင်း တစ်ဝိုင်းလုံးက ပိုက်ဆံတွေ မောင်ပိုင်စီးခွင့်သူရခဲ့သည်။

ငွေတွေလက်ထဲရှိတော့ ယောကျ်ားတစ်ယောက်ရဲ့ တောင့်တမှုတွေက ပြည့်စုံနေတတ်ပြန်သည်လေ..။

သူ ရောက်တတ်ရာရာတွေးနေစဉ် သူစီးနေကျ ဆိုက်ကားသမားလေးက ဂိတ်ထဲဝင်လာတာ တွေ့လိုက်ရသည်။ ခေါ်မည်ပြုစဉ် ကိုရင်ငယ်တစ်ပါးကို ခေါ်တင်သွားတာ တွေ့လိုက်ရသည်။

ကျိန်းစပ်နေသော မျက်လုံးကိုဖြဲထားရင်း သစ်ပင်ခြေရင်းမှာ ခဏထိုင်စောင့်နေလိုက်သည်။ မှေးခနဲဖြစ်သွားစဉ် ဘဲလ်တီးသံဖြင့် အနားရောက်လာသော ဆိုက်ကားကြောင့် လန့်နိုးသွားသည်။ သူစီးနေကျ ဆိုက်ကားသမားကောင်လေးဖြစ်သည်။

"အားနာလိုက်တာ အစ်ကိုရယ် ..စောင့်နေတာကြာပြီလား"

"ရပါတယ်ကွာ..ငါ နည်းနည်းငိုက်သွားတယ်"

"ကျွန်တော်တွေ့တယ် အစ်ကို့ကို ဒါပေမဲ့ ကျွန်တော့်ရဲ့ကျေးဇူးရှင် ကိုရင်လေးမို့ ဆွမ်းစားမီ လိုက်ပို့ပေးလိုက်လို့ပါ အစ်ကို" တောင်းပန်စကားဆိုနေတော့ သူအားနာသွားသည်။

"ရပါတယ်ညီရယ် ငါမင်းကိုပဲ စောင့်စီးမှာပါ" ဆိုတော့ ကောင်လေးက အပြုံးလေးဖြင့်

"ရပါတယ်အစ်ကိုရယ်..ကျေးဇူးပါဗျာ" သူတို့နှစ်ယောက် စကားပြောရင်း သစ်ပင်အရိပ်မှ ထွက်ခွာလာကြတော့သည်။

(၃)

ရာသီဥတုပူပြင်းမှုဒဏ်ကို ဆိုက်ကားစီးရင်း သူ ခံစားနေမိသည်။

"ရာသီဥတုတွေက အရင်လိုမဟုတ်တော့ဘူးကွ နော်.. မိုးရယ်.. ဆောင်းရယ်.. မဟုတ်တော့ဘူး တော်တော်ပူတယ်ကွ.." သူ့စကားကြောင့် ဆိုက်ကားကို နေပူထဲမှာ ချွေးထွက်အောင်းနင်းနေတဲ့ ကောင်လေးက ပြုံးသည်။

"ဟုတ်တယ် အစ်ကိုရေ သစ်ပင်သစ်တောက လည်း နည်းပါးပြုန်းတီးလာတော့ ရာသီဥတုတွေက လည်း ဖောက်ပြန်နေပြီလေ"

ဟိုက်ရှားဘား.. ဒီကောင် ဒါတွေတောင် ပြောတတ်ပါလားဟု သူ အတွေးရောက်သည်။ ဒီကောင်လေး စာတွေဖတ်တယ်ထင်ပါရဲ့ ဗဟုသုတလည်းရှိပုံပဲဟု တွေးမိသည်။

ငါသိငါတတ် ငါတကောကောတတ်သော သူ့ကိုယ်သူ အထင်ကြီးတတ်သောစိတ်က ဆိုက်ကားဆရာလေးကို အထင်သေးခဲ့မိတာ အမှန်ရယ်လေ။

စကားပြောကြည့်ရင်းနဲ့မှ ကောင်လေးရဲ့ ဗဟုသုတရှိပုံကို လေးစားမိသည်။ ဒါကြောင့်လည်း ဒီကောင်လေး လူမှုဆက်ဆံရေးကောင်းတာကိုးဟု သူ့ဘာသာအသိမှတ်ပြုမိသည်။

"ဒါနဲ့..စကားမစပ် မင်းစောစောကပြောတဲ့ အထဲမှာ ကျေးဇူးရှင် ကိုရင်လေးဆိုလား..ကြားလိုက်သလားလို့" သူစကားစလိုက်တော့ ကောင်လေး ထုံးစံအတိုင်း ပြုံးလျက်နှင့်

"ဟုတ်တယ်အစ်ကိုရ သူများတွေအတွက်တော့ ကိုရင်တစ်ပါးဆိုပေမယ့် ကျွန်တော့်အတွက်တော့ ကျေးဇူးရှင်လမ်းပြကြယ်လေးဆို မမှားပါဘူး.." ကောင်လေးစကားကြောင့် သူစိတ်ဝင်စားသွားသည်။

"လုပ်စမ်းပါဦးဟ မင်းနဲ့ကိုရင်လေး အကြောင်းလေး"ဟု သူစကားထောက်ပေးလိုက်သည်။

"ဒီလိုအစ်ကိုရ..."ကောင်လေးရဲ့မျက်ဝန်းတွေ ဟိုးအတိတ်ရက်တွေဆီကို ပျံသန်းသွားကြတော့သည်။

"ကျွန်တော်နဲ့ ကိုရင်က ဆိုက်ကားငှားစီးရင်းနဲ့ ဇာတ်လမ်းစတာ အစ်ကို.... အဲနေ့က ကိုရင်လေးက တခြားဆိုက်ကားကို ငှားနေတာ ဈေးမတည့်ဘူး ဖြစ်နေတယ်။ ပုံမှန် ငါးရာခရီးကို သုံးရာနဲ့စစ်တော့ ဆိုက်ကားသမားကလည်း ဂိတ်ဦးဆိုတော့ ကိုရင်ပေးတဲ့ဈေးနဲ့မလိုက်နိုင်ဘူးလေ။ ဒါနဲ့ကျွန်တော်က ကြားကနေပြီး မနေနိုင်တာနဲ့ ကိုရင်ကို ဆိုက်ကားပေါ် တင်ခေါ်လိုက်တယ်...။

ကျောင်းရောက်တော့ ကိုရင်က သဘောကောင်းလို့ဆိုပြီး ငါးရာထုတ်ပေးရှာတယ်။ ဒါပေမယ့် ကျွန်တော်မယူပါဘူး။ ကိုရင်ကို အလကားလိုက်ပို့တာလို့ဆိုတော့ ကိုရင်က လိုချင်တာရတဲ့ ကလေးတစ်ယောက်လိုပြုံးပြတယ်။ ပြီးတော့ အတင်းပေးတယ်။ မယူပါရစေနဲ့ ကိုရင်ကို တပည့်တော် အလကားလိုက်ပို့တာပါဆိုတော့ ခလေးပီပီ ပျော်သွားရှာတယ်။ ဆုတွေပေးသွားတာလည်း အများကြီးပဲ ကျွန်တော့်နာမည်တွေ မေးတယ်။ ကျွန်တော့်ကို မှတ်ထားပုံရတယ် နောက်ပိုင်း ကျွန်တော့်ဆိုက်ကားပဲ စီးတော့တယ်ဆိုပါတော့ဗျာ။

ဒါပေမဲ့ သူစီးတိုင်း ကျွန်တော် ပိုက်ဆံမယူပါဘူး။ ဒီလိုနဲ့ပဲ ကိုရင်နဲ့ ကျွန်တော်ဟာ မိတ်ဆွေသူငယ်ချင်းတွေ ဖြစ်သွားကြတယ်။ ပုံမှန်ဖောက်သည်လို ကျွန်တော်ကလည်း သဘောထားပါတယ်။ လေးလေးစားစား အမြဲတမ်းလိုက်ပို့တယ်။ လိုက်ပို့တိုင်းလည်း ကိုရင်က ပိုက်ဆံထုတ်ပေးတယ်။ ကျွန်တော်မယူဘူး။

တစ်ရက်တော့ ကိုရင်ကပြောတယ်ဗျ၊ ဒကာကြီး အကူညီလိုရင် တစ်ရက်တော့ ကိုရင် ကူညီပါရစေဆိုပြီး။ ကျွန်တော်လည်း ကိုရင်လေးစကားဆိုတော့ မေ့မေ့ပျောက်ပျောက်ပေ့ါဗျာ...။

ကောင်လေး စကားပြောလိုက် နင်းလိုက်နဲ့မို့ မောလာဟန်တူပါသည်။ စကားကိုဖြတ်ရင်း လေကို တစ်ဝရှူသွင်းနေတာ တွေ့လိုက်ရသည်။ သူလည်း ဘာမှမပြောဘဲ ဆက်နားထောင်နေလိုက်သည်။

"တကယ်တော့ အစ်ကိုရယ်.. ဆိုက်ကားသမားဆိုတာ အပေါင်းသင်းစုံတယ်မဟုတ်လား .. ကျွန်တော် လောင်းကစားဖက်မိတယ် အစ်ကိုရယ်.. ဒီလိုနဲ့ လောင်းကစားကြွေးတွေတင်ရင်း အုံနာကြွေးတောင် မှန်မှန်မပေးနိုင်တဲ့အခြေအနေ ဖြစ်လာတယ်။ တစ်ရက်တော့စိတ်ညစ်ပြီး ရပ်ကွက်ထဲက ရေကန်ဘေးမှာ ဆိုက်ကားထိုးပြီး အိပ်နေမိတယ်။ အိပ်ပျော်မယ်ကြံကာရှိသေးတယ် ကိုရင်လေးအသံကြားလို့ လန့်နိုးလာရတယ်။

ဒါနဲ့ပဲ ကိုရင် ဘယ်ကြွမလို့လဲ တပည့်တော် လိုက်ပို့ပေးမယ်ဆိုတော့ မသွားပါဘူး။ ဒကာကြီး စိတ်ညစ်ရင် ဒီမှာလာအိပ်နေတယ်ကြားလို့ လိုက်လာတာတဲ့ ဆိုပြီးတော့ သူ့လက်ကလေးနဲ့ ပိုက်ဆံတွေ ထုတ်ပေးရှာတယ်။ ကျွန်တော်လည်း ကိုရင်ကို ဘယ်ကပိုက်ဆံတွေလည်းဆိုပြီး ဆူမိတယ်။

ကိုရင်က သူစုထားတဲ့ငွေတွေတဲ့ ဒကာကြီး အတွက် တစ်နေ့ ငွေသုံးရာ စုထားတယ်တဲ့လေ။ အခုလည်း ဒကာကြီးငွေလိုနေတယ်ကြားလို့ စုထားတာတွေလာပေးတာတဲ့ အစ်ကိုရယ် ကျွန်တော် ရှက်လည်းရှက်သွားတယ် ဝမ်းနည်းမိသွားတယ်ဗျာ။

ကလေးအရွယ် ကိုရင်လေးတစ်ပါးရဲ့ သိတတ်လိမ်မာမှုတွေ၊ ငွေကိုတန်ဖိုးထားပြီး စုတတ်တာတွေ အိုအစ်ကိုရယ် ကျွန်တော်တွေးရင်း ရှက်လာမိတယ်လေ။

ဒါနဲ့ပဲ ကိုရင်လေးကို ဆိုက်ကားပေါ်တင် ဦးသုံးကြိမ်ချပြီး ကျောင်းလိုက်ပို့လိုက်တယ်။ အဲနေ့ကစပြီး ကျွန်တော့်ဘဝကို ပြောင်းလဲပစ်လိုက်တယ် အစ်ကိုရေ..... အရင်က အကျင့်စရိုက်တွေကို ဘာမှမလုပ်တော့ဘဲ ကြိုးစားပြီးရှာဖွေတယ် တတ်နိုင်သမျှရအောင်စုတယ်ဗျာ....။

ဒီလိုနဲ့ ကြိုးစားလာလိုက်တာ အခုတော့ ကိုယ်ပိုင်ဆိုက်ကားသုံးစီးကို တခြားလူတွေကို အငှားပေးထားနိုင်တယ် အစ်ကို။ ကျွန်တော်တို့ဘဝတွေက သူများလို အများကြီးမချမ်းသာလာပေမယ့် ဘဝတစ်ခုကိုတော့ ကောင်းကောင်းတည်ဆောက်နိုင်ခဲ့တယ် အစ်ကိုရယ်။ အခုဆို ကိုရင်လေးရဲ့ ရဟန်းတကာအဖြစ်လည်း ကျောင်းမှာ လျှောက်ထားနိုင်ပြီ အစ်ကို။ တကယ်တော့ ကိုရင်လေးဟာ ကျွန်တော့်ရင်ဘတ်ထဲကို ဆူးတစ်ချောင်း စိုက်ပေးလိုက်တာပါအစ်ကို အဲဒီဆူးကြောင့်ပဲ ကျွန်တော့်ဘဝ ပြောင်းလဲခဲ့ရတာပါ အစ်ကိုတဲ့"။

(၄)

ဆိုက်ကားသမားလေးရဲ့ စကားအဆုံးမှာ သူ ထိုဆိုက်ကားသမားကောင်လေးကိုမော့ကြည့်လိုက်မိသည်။

သူ့အကြည့်တွေတွင် လေးစားခြင်း၊ အားကျခြင်း၊ ဂုဏ်ယူခြင်းတွေ ပါဝင်နေသည်ကို သူသာအသိဆုံးဖြစ်လိမ့်မည်။

ထုံးစံအတိုင်း တစ်ထောင်တန်ပေးပြီး ပြန်မအမ်းတော့နဲ့ဟု ပြောလိုက်သော်လည်း စိတ်ထဲမှာ မလုံသလို ခံစားမိသည်။

ချွေးတွေရွှဲဆိုနေသော်လည်း အမှန်တရားတွေနှင့် ဖြူစင်နေသူအရှေ့တွင် အရောင်များစွာနဲ့ သူ ခေါင်းငုံ့ပြီး ဆင်းလာသည်ကိုပင် မတွေးသိမြင်နိုင်တော့....။

ခြံထဲကိုလှမ်းဝင်လိုက်တော့ မပြုပြင်ဘဲထားသော ခြံစည်းရိုးတံခါးကို အသာအယာဖွင့်လိုက်မိသည်ဆိုရင်ပဲ ဆစ်ခနဲ လက်ညှိုးထိပ်မှ ဖြစ်သွားသည်။ မပြုပြင်ဘဲထားသော ခြံတံခါးမှ နွယ်တက်နေသော ဆူးပင်များမှ ဆူး စူးသွားမှန်း သူသိလိုက်သည်။ မပြုပြင်ဘဲထားပါက တချို့သောအရာများသည် တစ်ချိန်တွင် ပြန်လည်ဒုက္ခပေးတတ်ပါသလားဟု အတွေးဝင်၏။

ဆိုက်ကားဆရာလေး၏ စကားသံတချို့ကို သူပြန်ကြားယောင်နေမိသည်။

ထို့အတူ သူ့ခန္ဓာကိုယ်ထဲရှိသော သွေးဆိုးသွေးညစ်တွေလည်း ထိုဆူးတစ်ချောင်း၏ ဒဏ်ရာဖြင့် အလုံးစုံ ဖောက်ထုတ်စီးဆင်းသွားစေချင်တော့သည်။ ။

**ခြံထဲကိုလှမ်းဝင်လိုက်တော့ မပြုပြင်ဘဲထားသော ခြံစည်းရိုးတံခါးကို အသာအယာဖွင့်လိုက်မိသည်ဆိုရင်ပဲ ဆစ်ခနဲ လက်ညှိုးထိပ်မှ ဖြစ်သွားသည်။ မပြုပြင်ဘဲထားသော ခြံတံခါးမှ နွယ်တက်နေသော ဆူးပင်များမှ ဆူး စူးသွားမှန်း သူသိလိုက်သည်။ မပြုပြင်ဘဲထားပါက တချို့သောအရာများသည် တစ်ချိန်တွင် ပြန်လည်ဒုက္ခပေးတတ်ပါသလားဟု အတွေးဝင်၏**

## ဦးညွှတ်လေးစား ပရဟိတလူငယ်များ

**တတိယလှိုင်း ကိုရိုနာ**
**ကူးစက်နှုန်းမြန်လာ။**
**သတိပြုကာ နေထိုင်မှ**
**စိတ်ချရမည်ပ။**
**ပရဟိတ မောင်မယ်တွေ**
**စိတ်ထားမွန်မြတ်ပေ။**
**ကြိုးစားလို့နေ ကူညီထား**
**နေ့ညသူမအား။**
**ပြည်သူများရဲ့ စံနမူ**
**လေးစားလို့ဂုဏ်ယူ။**
**လက်တွဲကာကူ ပေးဆပ်ခြင်း**
**အသက်ကိုအပ်နှင်း။**
**မာနသန့်ရှင်း စိတ်ထားဖြူ**
**မေတ္တာကြီးမားသူ။**
**ဘာသာကိုမူ မခွဲဘဲ**
**ကူညီကာလက်တွဲ။**
**နှလုံးသားထဲ မမေ့နိုင်**
**ပြည်သူ့ရဲ့မဏ္ဍိုင်။**
**နှလုံးသည်းစိုင် ချစ်ကြည်မှု**
**ဦးညွှတ်အလေးပြု။** ။

မောင်ကြည်လင်(ရွှေကြိုးကြာ)

## သံဝေဂတရား အမြဲပွား

**တဖြည်းဖြည်းနဲ့ နီးကပ်လာ**
**သတိမရကြပါ၊**
**လူများစွာမှာ အမှုမထား**
**နေ့ရက်တွေကုန်သွား။**
**ဘဝနာပွား တရားခင်**
**လောဘစိတ်ကင်းစင်၊**
**ဒေါသတွေဝင် ဖယ်ကာထုတ်**
**မေတ္တာရှိအောင်လုပ်။**
**မကောင်းစိတ်ယုတ် မရှိစေ**
**အပြစ်ကင်းအောင်နေ၊**
**မာန်မာနတွေ ခဝါချ**
**လက်ငင်းချမ်းသာရ၊**
**တရားဓမ္မ စွမ်းအားကို**
**သိမြင်ကြဖို့လို၊**
**ဉာဏ်ပညာကို မြှင့်တင်လို့**
**အားထုတ်ကြပါစို့။** ။

မောင်လှစိုး

ဆောင်းပါး

# နတ်ပြည်မှာ နေတာလား

■ စောသိန်း(ပေါက်တောရွှေမြေ)

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေဟာ သာယာချမ်းမြေ့ပြီး ပျော်ရွှင်စရာကောင်းတဲ့ နေရာလေးတွေကို တွေ့မြင်ရရင် နတ်ပြည်ဆိုတာ ဒါမျိုးနေမှာပဲလို့ တွေးတတ်ကြတယ်။ အဲသည်လိုပဲ စိတ်မချမ်းမြေ့စရာ ဆူညံပွက်လောရိုက်သံတွေနဲ့ အမုန်းပွားနေကြတဲ့ နေရာလေးတွေကို တွေ့ပြန်တော့လည်း ငရဲပြည်ဆိုတာ ဒါမျိုးကို ပြောတာနေမှာပဲလို့ တွေးတတ်ကြတယ်။ ကိုယ်တစ်ခါမှ မမြင်ဖူး မတွေ့ဖူးတဲ့ နတ်ပြည်နဲ့ ငရဲပြည်အကြောင်းကို ကိုယ်ကြိုက်သလို တွေးတောကြည့်ကြတယ်။ လူကြီးသူမတွေကို မေးကြည့်၊ စာတွေပေတွေထဲ ရှာဖတ်၊ ဘယ်မှာလည်း နတ်ပြည်၊ ဘယ်မှာလည်း ငရဲပြည်ပေါ့။

ဒီနေရာမှာ တစ်ခါက သူငယ်ချင်းတစ်ယောက် ပြောပြဖူးတဲ့ ပုံပြင်လေးတစ်ပုဒ်ကို ပြန်လည်မျှဝေပေးချင်ပါတယ်။ နတ်ပြည်နဲ့ ငရဲပြည် အကြောင်းပါ။ သူပြောတာက “သူငယ်ချင်းရယ် ဒီလိုကွ၊ နတ်ပြည်နဲ့ ငရဲပြည်ကို သိချင်တဲ့ လူတစ်ယောက် သူတို့ကိုးကွယ်နေတဲ့ နတ်မင်းကြီးဆီကို သွားပြီးတော့ မေးကြည့်တယ်တဲ့။ အဲဒီလူကို နတ်မင်းကြီးက ခေါ်သွားပြီး အခန်းတစ်ခန်းကို ဖွင့်ပြတယ်။ အခန်းရှေ့မှာ နတ်ပြည်လို့ ရေးထားတယ်တဲ့ အခန်းထဲမှာ တွေ့ရတာက လူလေးငါးဆယ်လောက်ရယ်၊ ဆန်ပြုတ်အိုးကြီးရယ်၊ အရိုးရှည်တပ်ထားတဲ့ မှုတ်တွေရယ် ဒါပဲရှိတယ်။ နောက်တစ်ခါ ငရဲပြည်လို့ရေးထားတဲ့ အခန်းတစ်ခန်းကိုဖွင့်ပြတယ်။ အဲဒီအခန်းမှာလည်း လူလေးငါးဆယ်ရယ်၊ ဆန်ပြုတ်အိုးကြီးရယ်၊ အရိုးရှည်တပ်ထားတဲ့ မှုတ်တွေရယ်။

ဒီတော့ အဲသည်လူက နတ်မင်းကြီးကို ပြန်မေးတယ်တဲ့။ နတ်ပြည်နဲ့ ငရဲပြည်က ဘာထူးလို့တုန်းဆိုတော့ နတ်မင်းကြီးက “မင်း သေသေချာချာကြည့်ရဲ့လား” လို့ ပြန်ပြောတယ်။ “နောက်တစ်ခေါက်လောက် ထပ်ကြည့်ပါဦး”လို့ ဆက်ပြောတယ်။ ဒါနဲ့ အဲဒီလူလည်း အခန်းတွေကို ထပ်ပြီးတော့ ကြည့်ရပြန်တာပေါ့။ အခန်းနှစ်ခန်းကို သေချာကြည့်လိုက်တော့ ရှိတဲ့လူအရေအတွက်ရယ်၊ ရှိတဲ့ပစ္စည်းရယ်က အတူတူပေမယ့် လှုပ်ရှားပုံ မတူညီတာကို သွားတွေ့သတဲ့။

ငရဲပြည်အခန်းမှာ ရှိတဲ့လူတွေက ဆန်ပြုတ်အိုးထဲကနေ ဆန်ပြုတ်တွေခပ်ပြီး သောက်နေကြတယ်။ မှုတ်ရိုးကရှည်တော့ ပါးစပ်နဲ့ဝေးပြီး သောက်လို့မရဘဲဖြစ်နေတယ်။ နတ်ပြည်အခန်းက လူတွေကျတော့ အဲဒီလို မဟုတ်ဘူး။ ဆန်ပြုတ်ကို မှုတ်နဲ့ကော်ပြီးတော့ ကိုယ်တိုင်မသောက်ဘဲနဲ့ တစ်ဖက်လူကို တိုက်တယ်။ တစ်ဖက်လူကလည်း ဆန်ပြုတ်ကို ကော်ပြီးတော့ ပြန်တိုက်တယ်။ သူတို့ကျတော့ ဆန်ပြုတ်သောက်လို့ရနေပြန်ရောတဲ့။ ပြီးတော့ ကိုယ့်အတွက်သာ သိတဲ့သူတွေနေတဲ့နေရာက ငရဲပြည်၊ သူများအတွက် သိတဲ့လူတွေနေတဲ့နေရာက နတ်ပြည်တဲ့။ အထက်ပါပုံပြင်လေးကို ပြောပြီး ကျွန်တော့်သူငယ်ချင်းက သူဖတ်လက်စစာအုပ်ကို ဆက်ဖတ်နေပါတယ်။ ကျွန်တော်ကလည်း သူ့ရှေ့က ကုလားထိုင်မှာ ထိုင်ပြီး ကိုယ့်စိတ်ကူးအတွေးတွေကို ဆက်ဖတ်နေမိတယ်။

ငရဲပြည်အခန်းထဲမှာ ရှိတဲ့လူတွေက ဆန်ပြုတ်ကို ဘာလို့ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် မတိုက်ကြတာလဲ။ နတ်ပြည်အခန်းထဲမှာ ရှိတဲ့လူတွေကရော ဆန်ပြုတ်ကို ဘာလို့တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် တိုက်နေကြတာလဲ။ သူတို့မှာ သူတို့အကြောင်းပြချက်တွေတော့ရှိရင် ရှိနေမှာပေါ့လေ။ ဒါပေမယ့် ကျွန်တော့်စိတ်မှာ ငရဲပြည်အခန်းကလူတွေနဲ့ နတ်ပြည်အခန်းကလူတွေလို လူစားမျိုးတွေ အပြင်လောကမှာ အများကြီးရှိနေနိုင်တယ်လို့ မြင်မိပါတယ်။

တကယ်ဆိုရင် ငရဲပြည်အခန်းကလူတွေဟာ သူတို့ဘာကြောင့် မှုတ်ရှည်ရှည်နဲ့ ဆန်ပြုတ်ကို ကော်ယူလို့ မရတာလဲ၊ သူတို့ ဘယ်လိုလုပ်ရင် ဒီမှုတ်ရှည်ရှည်နဲ့ ဒီဆန်ပြုတ်ကို သောက်လို့ရမှာလဲဆိုတာ မသိတာလား၊ သိလျက်နဲ့ တစ်ကိုယ်ကောင်းဆန်နေကြတာလား။ ဒါမှမဟုတ် ငရဲပြည်အခန်းက လူတွေဟာ ကိုယ့်အတွက်ပဲ ကြည့်တတ်တဲ့လူတွေချည်း စုစည်းထားတဲ့ အခန်းလား။ ဘာပဲဖြစ်ဖြစ် စိတ်ထဲမှာတော့ သိပ်ဘဝင်မကျလှပါဘူး။ အဲဒီလို စိတ်ဓာတ်မျိုးတွေနဲ့ နေထိုင်ရတဲ့လောကဟာ သိပ်အကျည်းတန်နေမှာပဲ။ သိပ်ကိုအန္တရာယ်များတဲ့ လောကကြီး ဖြစ်နေတော့မှာပဲ။

ဥပမာပြောရရင် အခြေခံပညာအလယ်တန်းကျောင်းတစ်ကျောင်းမှာ ကျောင်းအုပ်ကြီး၊ အလယ်တန်းပြ၊ မူလတန်းပြဆိုပြီး ရှိကြရတယ်။ အလယ်တန်းပြဟာ လိုအပ်ရင် မူလတန်းအဆင့်ထိ ဆင်းပြရတယ်။ မူလတန်းပြဟာလည်း လိုအပ်ရင် အလယ်တန်းအထိ တက်ပြရတယ်။ ကျောင်းအုပ်ကြီးဟာလည်း ကျောင်းအခြေအနေအရ လိုအပ်ရင် လိုအပ်သလို ဘာသာရပ်တွေကို ကူသင်ပေးရတယ်။

အဲဒီလိုမဟုတ်ဘဲ ငါက အလယ်တန်းပြ အလယ်တန်းတာဝန်ကိုပဲ ယူမယ်၊ မူလတန်းတာဝန်ကို မူလတန်းပြတွေကပဲ တာဝန်ယူလိမ့်မယ်ဆိုပြီးနေမယ်၊ မူလတန်းပြကလည်း ငါက မူလတန်းပြပဲ အလယ်တန်းအထိ တက်ပြနေစရာမလိုဆိုပြီး ကိုယ့်တာဝန်နဲ့ကိုယ်နေနေမယ်၊ ကျောင်းအုပ်ကြီးကလည်း ငါကျောင်းအုပ်ကြီးပဲ သင်ကြားရေးပိုင်းဟာ ဘာသာရပ်ပြ ဆရာ ဆရာမတွေရဲ့ တာဝန်ပဲဆိုပြီး အသာလေး နေနေမယ်ဆိုရင် အဲဒီကျောင်းရဲ့ ပညာရေးအခြေအနေဟာ တဖြည်းဖြည်းနိမ့်ကျလာမှာပဲ။ ကျောင်းတစ်ကျောင်းလို့ ဆိုလိုက်ကတည်းက စည်းလုံးမှုအားနဲ့ ညီညီညွတ်ညွတ်လုပ်ဆောင်ကြရ၊ ရှေ့ဆက်ကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ အောင်မြင်တဲ့၊ သာယာချမ်းမြေ့ပြီး ပျော်ရွှင်စရာကောင်းတဲ့ ကျောင်းတစ်ကျောင်း ဖြစ်လာမှာပါ။

တကယ်တော့ ငရဲပြည်ဆိုတာ ကိုယ့်အတွက်သာ သိတဲ့လူတွေ၊ အတ္တကို ဆုပ်ကိုင်ပြီးတော့ တစ်ကိုယ်ကောင်းဆန်တဲ့လူတွေ စတဲ့ပုဂ္ဂိုလ်တွေနေတဲ့ နေရာကို ဆိုလိုတာပါ။ အဲဒီလိုပါပဲ။ နတ်ပြည်ဆိုတာလည်း သူများအတွက် သိတဲ့လူတွေ၊ သူ့ဘက်ကိုယ့်ဘက် မျှတအောင် တွေးတောစဉ်းစားတတ်တဲ့လူတွေ စတဲ့ပုဂ္ဂိုလ်တွေ နေတဲ့နေရာကို ဆိုလိုတာဖြစ်ပါတယ်။

နတ်ပြည်နဲ့ငရဲပြည်ဟာ တမလွန်ဘဝနဲ့ အကျုံးဝင်သလို ပစ္စုပ္ပန်ဘဝနဲ့လည်း သက်ဆိုင်ပါတယ်။ အများအကျိုးကို ဆောင်ရွက်မှုကြောင့် ဒီဘဝမှာ ကျေနပ်ကြည်နူးရတဲ့ ပီတိဟာ ပစ္စုပ္ပန်နတ်ပြည်ဖြစ်ပြီး နောက်ဘဝကောင်းစားရတဲ့ အခြေအနေဟာ တမလွန်ဘဝ နတ်ပြည်ဖြစ်ပါတယ်။ ကိုယ့်အတွက်သာသိတဲ့ အတ္တတွေ၊ တစ်ကိုယ်ကောင်းဆန်စိတ်ဓာတ်တွေကြောင့် ဒီဘဝမှာ ပူပန်ဆင်းရဲရတဲ့ နောင်တဟာ ပစ္စုပ္ပန်ငရဲဖြစ်ပြီး နောင်ဘဝတွေ့ကြုံရမယ့် ဆိုးရွားလှတဲ့ အခြေအနေဟာ တမလွန်ဘဝ ငရဲဖြစ်ပါတယ်။

တကယ်တော့ ကျွန်တော်တို့ တစ်ခါမှ မမြင်ဖူး မတွေ့ဖူးတဲ့ နတ်ပြည်နဲ့ ငရဲပြည်အကြောင်းကို ကိုယ်ကြိုက်သလို တွေးတောကြည့်၊ လူကြီးသူမတွေကို မေးကြည့်၊ စာတွေပေတွေထဲ ရှာဖတ်၊ ဘယ်မှာလဲ နတ်ပြည်၊ ဘယ်မှာလဲ ငရဲပြည်လို့ ဗျာများနေစရာ မလိုပါဘူး။ ကျွန်တော်တို့အားလုံး နတ်ပြည်မှာ နေနေတာလား၊ ငရဲပြည်မှာ နေနေတာလားဆိုတာကိုတော့ ကျွန်တော်တို့ အသိဆုံးဖြစ်မှာပါ။ ဘာလို့ဆို ကျွန်တော့်သူငယ်ချင်း ပြောပြတဲ့ ပုံပြင်ထဲကလိုသူများအတွက် သိတဲ့လူတွေနေတဲ့နေရာက နတ်ပြည်ပဲပေါ့။ ။


## နှလုံးသားနီးစေ ကိုယ်ချင်းစာစေ

**သာယာလှပ မြေကမ္ဘာ**
**ကိုဗစ်ဆိုးညစ်လာ။**
**ကိုယ်ချင်းစာစွာ ဆက်ဆံကြ**
**နှလုံးသားချင်းလှ။**
**ကူညီဖေးမ ပျော်ရွှင်စွာ**
**အိမ်မှာနေထိုင်ပါ။**
**စည်းကမ်းလိုက်နာ ကာကွယ်ကြ**
**တစ်ယောက်ချင်းစီက။**
**နေ့စဉ်ဘဝ လမ်းထွက်ရင်**
**မက်စ်ကိုတပ်စေချင်။**
**ခြောက်ပေကွာတွင် ပြောဆိုလို့**
**လူစုဝေးရှောင်စို့။**
**လက်တွေသန့်ဖို့ ရေဆေးပါ**
**စက္ကန့်နှစ်ဆယ်ကြာ။**
**လှုပ်ရှားကျန်းမာ စားသောက်မှု**
**အိပ်ရေးဝအောင်ပြု။**
**အစဉ်ရှေးရှု ညှိသည်လာ**
**ခပ်ဝေးဝေးရှောင်ခွာ။**
**နေထိုင်သွားလာ သတိချပ်**
**ကျန်းမာရေးစိတ်ဓာတ်။**
**တို့အနာဂတ် လှစေချင်**
**ဖေးမအတူယှဉ်။**
**လက်တွဲအစဉ် ကာကွယ်ပေး**
**ကပ်ဆိုး ကင်းစင်ရေး။** ။

အောင်ကျော်လှိုင်(ပင်လည်ဘူး)

## ဝတ္ထုတို

### နွေဦးလှိုင်း(မင်းအို)




(၁)

"သား..... ဘယ်သွားမလို့လဲ"

နွယ်အတွက် လိုအပ်တဲ့ပစ္စည်းတွေ ကားပေါ်ကိုတင်နေစဉ်မှာ နောက်က ခေါ်သံကြားလို့ လှည့်ကြည့်လိုက်မိသည်။

"ဟင်....အဖေ"

"ဟုတ်တယ်...အဖေသားကို တွေ့ချင်လို့ သားဆီလာခဲ့တာပါ"

ကျွန်တော် အဖေနဲ့မတွေ့ဖြစ်တာ အချိန်ကြာနေပြီဖြစ်သည်။ နွယ်နဲ့ အိမ်ထောင်ကျပြီး နွယ့်မိဘအိမ်ကို လိုက်နေပြီးနောက်ပိုင်း အဖေနဲ့သိပ်ပြီး မတွေ့ဖြစ်တော့ပေ။ ပွဲရုံလုပ်ငန်းကို နွယ့်မိဘတွေက ကျွန်တော့်ကိုလွှဲပြီးတဲ့နောက်မှာ အလုပ်ကိစ္စနဲ့ နယ်တွေဘက်ဆင်းရနဲ့ အချိန်ကုန်နေရတာကြောင့် အဖေဆီကိုလည်း မရောက်ဖြစ်တော့ပေ။

"အဖေ...နောက်ဆိုရင် ကျွန်တော့်ဆီမလာပါနဲ့ဗျာ၊ ကျွန်တော်ပဲ အဖေ့ကို လာတွေ့ပါ့မယ်"

"သားရယ်... အဖေအခုလာတာ သားကို အရမ်းတွေ့ချင်လို့ပါ။ သားကျန်းမာရေးမှကောင်းရဲ့လား၊ အလုပ်တွေမှ အဆင်ပြေရဲ့လားလို့ စိတ်ပူလို့လည်း ပါတာပေါ့သားရယ်"

"အင်းပါ အဖေရာ၊ ကျွန်တော် အဆင်ပြေပါတယ်။ အခု အဖေပြန်တော့နော်၊ ကျွန်တော် အခုဆေးရုံသွားရမှာ ကျွန်တော့်မိန်းမနွယ်က မီးဖွားဖို့အတွက် ဆေးရုံပို့ထားရတာ။ အခုကျွန်တော် အလုပ်ရှုပ်နေလို့ အဖေ့ကို စကားမပြောနိုင်သေးလို့ပါ။ နောက်မှပဲ အဖေ့ကို လာတွေ့ပါ့မယ်"

"အေးပါ သားရယ်၊ ဒါဆို အဖေ ပြန်တော့မယ်နော်"

အဖေကျွန်တော့်ကို နှုတ်ဆက်ပြီး ပြန်သွားလေသည်။ ကျွန်တော်လည်း နွယ်မီးဖွားမှာမို့ အလုပ်ရှုပ်နေတာကြောင့် အဖေ့ကို ကောင်းကောင်းစကားမပြောနိုင်။ ဆေးရုံသွားဖို့အတွက်သာ စိတ်ဆန္ဒစောနေသည်။ ပစ္စည်းတွေလည်း စုံနေပြီမို့ ကားကိုဆေးရုံဆီကိုသာ မောင်းထွက်ခဲ့လေတော့သည်။

(၂)

ကျွန်တော် ဆေးရုံရောက်တော့ ကားပေါ်က လိုအပ်တဲ့ပစ္စည်းအချို့ကိုသာ ယူခဲ့ပြီး နွယ်အခန်းရှိရာ ဆေးရုံအပေါ်ထပ်ကို တက်လာခဲ့သည်။ နွယ်အခန်းရှေ့ရောက်တော့ ဆရာမတစ်ယောက် ထွက်လာတာ တွေ့တာနဲ့.......

"ဆရာမ...နွယ် မီးဖွားပြီးပြီလားဗျ"

"ရှင်က မနွယ်နွယ်ခိုင်ရဲ့ ဆွေမျိုးလား"

"ကျွန်တော် နွယ်နွယ်ခိုင်ရဲ့အမျိုးသားပါဗျ၊ ကျွန်တော့်နာမည် မျိုးသူရပါ"

"အော်.....ဟုတ်ကဲ့၊ မနွယ်နွယ်ခိုင် အစောပိုင်းကပဲ မီးဖွားပြီးပါပြီ"

"ဗျာ...ဟုတ်လား၊ ဆရာမ...ဘာလေး ဖွားလဲမသိဘူး"

နွယ်မီးဖွားပြီးသွားပြီဆိုတဲ့ ဆရာမရဲ့ စကားကြောင့် ကျွန်တော့်ရင်ထဲမှာ အပျော်တွေရော နွယ်နဲ့ ကလေးအတွက် စိတ်ပူတာတွေပါ ရောသွားသည်။

"ယောကျ်ားလေးပါရှင့်၊ ကလေးရော မိခင်ပါ ကျန်းမာကြပါတယ်"

"ဝမ်းသာလိုက်တာ ဆရာမရယ်၊ ဒါဆို ကျွန်တော် ဝင်ကြည့်လို့ရပြီလားဗျာ"

"ရပါတယ်၊ ကျွန်မလည်း ဆရာဝန်ကြီးဆီ မှတ်တမ်းသွားပို့ရမှာမို့ ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ပါ ဆရာမ"

ဆရာမလည်း ကျွန်တော့်ကိုနှုတ်ဆက်ပြီး အောက်ထပ်ကို ဆင်းသွားလေသည်။ ကျွန်တော် နွယ်အခန်းထဲ ဝင်လိုက်တော့ ကုတင်ပေါ်မှာ နွယ်နဲ့ သားလေးကို တွေ့လိုက်ရသည်။ နွယ်ကျွန်တော့်ကို မြင်တော့ နှမ်းလျစွာပြုံးပြလေသည်။ သားလေးကတော့ နွယ်ဘေးမှာ အိပ်ပျော်လို့နေသည်။

"နွယ်....နေလို့ကောင်းရဲ့လား"

"နွယ် နေကောင်းပါတယ်၊ သားလေး မျက်နှာမြင်လိုက်ရတော့ နွယ်အားအင်တွေ အလိုလိုပြည့်လာသလို ခံစားရတယ်ကိုရယ်"

ကျွန်တော် သားလေးမျက်နှာကို ကြည့်ပြီး ရင်ထဲမှာ ဖခင်တစ်ယောက်ရဲ့ မေတ္တာတရားတွေက အလိုလိုဝင်ရောက်လို့လာသည်။ သားလေးကို ပွေ့ချီချင်ပေမယ့် သားလေးနိုးသွားမှာ စိုးတာနဲ့ အသာအယာပဲ ငုံ့ပြီးနမ်းလိုက်သည်။ လူ့လောကထဲမှာ အခုမှဝင်ရောက်လာတဲ့ သားလေးကိုကြည့်ပြီး ဖခင်တစ်ယောက် အနေနဲ့ သားအပေါ်မှာ လုပ်ပေးရမယ့် ဝတ္တရားတွေအတွက် တာဝန်ကျေပွန်အောင် လုပ်ရတော့မှာပါလားဆိုတဲ့ အသိစိတ်က ဝင်ရောက်လာခဲ့သည်။ တစ်ဆက်တည်းပင် အဖေ့ကို သတိရမိသွားသည်။ အဖေလည်း ငါ့ကို ဒီလိုမျိုး ချစ်ရှာပါလားဆိုတဲ့ အသိစိတ်နဲ့အတူ အဖေ့ရဲ့ မေတ္တာတရားကိုပါ နားလည်လာခဲ့တော့သည်။

ဆေးရုံက ပြန်ဆင်းခဲ့ရပြီဆိုရင်တော့ အဖေ့ကိုသွားတွေ့ဖို့ ဆုံးဖြတ်ထားလိုက်သည်။ ကိုယ်တိုင် ဖခင်တစ်ယောက်နေရာရောက်မှ အဖေ့ရဲ့မေတ္တာတရားတွေကို နားလည်ခဲ့သည်။ အဖေနဲ့တွေ့ရင်တော့ အဖေ့ကိုပစ်ထားမိခဲ့တဲ့အမှားတွေအတွက် ဝန်ချကန်တော့ တောင်းပန်ရတော့မှာပဲလို့ တွေးထားလိုက်တော့သည်။

(၃)

"အဖေ......၊ အဖေ..."

အဖေကိုလည်း မတွေ့ပါလား၊ ဘယ်တွေများ သွားနေတာပါလိမ့်။ အိမ်တံခါးကြီးကိုလည်း ပိတ်ထားလေသည်။

"မျိုးသူရ ပါလား"

မိမိနာမည်ခေါ်သံကြားလို့လှည့်ကြည့်လိုက်တော့....

"အော်....ဦးလေးညို"

ဦးလေးညိုဆိုတာက အဖေ့ရဲ့ သူငယ်ချင်း၊ တစ်ရပ်ကွက်တည်း အတူနေကြသလို လူချင်းလည်းအရမ်းရင်းနှီးကြတာကြောင့် ဆွေမျိုးလိုဖြစ်နေသည်။

"ဦးလေးညို၊ အဖေ့ကိုလည်း မတွေ့ပါလားဗျာ။ အိမ်တံခါးကိုလည်း ပိတ်ထားတယ်၊ အဖေဘယ်သွားနေတာလဲ မသိဘူး"

"လူလေးရဲ့ အဖေက ဒီအချိန်ဆို အိမ်မှာမရှိဘူးကွဲ့၊ ဆရာတော် ကျောင်းမှာပဲ နေတာ။ ဆရာတော်က သူ့ကျောင်းမှာ လာနေဖို့ ခေါ်ထားတာ၊ မိုးချုပ်ခါနီးမှပဲ သူကအိမ်ကို ပြန်လာတာ"

"အော်...ဒါဆို ကျွန်တော် ဆရာတော့်ကျောင်းကို လိုက်သွားမယ် ဦးလေး"

"အေးအေး၊ ဒါနဲ့လူလေးကို ဦးလေး တစ်ခုတော့ ပြောချင်တယ်ကွယ်။ လူလေး အဖေကိုတော့ ပစ်မထားပါနဲ့ကွာ၊ သူ့ခမျာ ဦးလေးနဲ့တွေ့တိုင်း လူလေးအကြောင်းကို အမြဲပြောတယ်။ လူလေးကို အမြဲသတိရတဲ့အကြောင်း၊ လူလေးနေလို့မှ ကောင်းရဲ့လား၊ အလုပ်တွေအဆင်မှ ပြေရဲ့လား ဆိုပြီး အမြဲပြောနေတာကွယ်"

ဦးလေးညိုရဲ့ စကားတွေကြားရတော့ ကျွန်တော်အဖေ့ကိုပစ်ထားမိခဲ့တဲ့အတွက် နောင်တရမဆုံးဖြစ်မိသည်။ ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်မိသည်။

"ဟုတ်ကဲ့ပါ ဦးလေးညို၊ ကျွန်တော် အဖေ့ကို အခုလာတွေ့ပြီး ကျွန်တော် အမှားတွေအတွက် တောင်းပန်မလို့ပါ"

"ကောင်းပါတယ်ကွယ်၊ ဦးလေး ဝမ်းသာပါတယ်"

"ကျွန်တော် ဆရာတော့်ကျောင်းကို သွားလိုက်ဦးမယ် ဦးလေး"

"အေးအေး....လူလေး"

ကျွန်တော် ဦးလေးညိုကို နှုတ်ဆက်ပြီး အဖေရှိရာ ဆရာတော်ကျောင်းကို ထွက်လာခဲ့လိုက်သည်။ ကျောင်းဝင်းထဲက ခရေပင်အောက်မှာ ကားကိုရပ်ထားခဲ့ပြီး ဆရာတော်ကျောင်းပေါ် တက်လာခဲ့လိုက်သည်။ ကျောင်းပေါ်မှာ ဆရာတော့်ကို အဆင်သင့်တွေ့တာနဲ့ ဦးချကန်တော့လိုက်သည်။

"ဒကာလေး မျိုးသူရပါလား"

"တင်ပါ့ဘုရား၊ တပည့်တော် အဖေ့ကို လာတွေ့တာပါ ဘုရား"

"ဒကာလေးရဲ့အဖေ ပြောပြလို့ ဘုန်းကြီးလည်း ဒကာလေးတို့အကြောင်းကို သိသင့်သလောက်တော့ သိပါတယ်။ ဘုန်းကြီးအနေနဲ့ကတော့ လောကီကိစ္စတွေမှာ မပါဝင်ချင်ပါဘူး။ ဒါပေမယ့် မိဘမေတ္တာတရားကိုတော့ ဒကာလေး နားလည်စေချင်တယ်။ မိဘကျေးဇူး ဘယ်လောက်ကြီးမားတယ်ဆိုတာလည်း ဒကာလေးသိမှာပါ။ တစ်ခုပဲ ဘုန်းကြီးမိန့်မှာချင်တယ်ကွယ်။ မိဘကိုတော့ အသက်ရှင်စဉ်ချိန်မှာ လုပ်ကျွေးပြုစုပါ၊ အတတ်နိုင်ဆုံး မိဘကျေးဇူးကို ဆပ်ပါကွယ်"

"တင်ပါ့ဘုရား၊ တပည့်တော် မိဘကျေးဇူးကို အတတ်နိုင်ဆုံး ဆပ်ပါ့မယ်ဘုရား၊ တပည့်တော် အဖေကိုလည်း လုပ်ကျွေးပြုစုသွားပါ့မယ်ဘုရား"

"သာဓု သာဓု သာဓုပါကွယ်။ ဒကာလေးရဲ့ အဖေ ကျောင်းမြောက်ဘက်က ဓမ္မာရုံထဲမှာ ရှိတယ်၊ သွားတွေ့လိုက်ပါ"

ကျွန်တော် ဆရာတော့်ကို ဦးချကန်တော့ပြီး အဖေရှိရာ ဓမ္မာရုံဆီကို လာခဲ့လိုက်သည်။ ဓမ္မာရုံထဲရောက်တော့ အဖေ တရားထိုင်နေတာတွေ့တာနဲ့ အသာအယာပဲ အဖေ့နားမှာ ထိုင်နေလိုက်သည်။ အဖေ့ပခုံးထက်မှာ တဘက်နွမ်းလေးကိုတင်ထားသည်။ အဖေ့ကို သေချာကြည့်မိတော့ အဖေပါးရေတွေ တွန့်လိပ်စပြုနေပေပြီ။ အဖေအသက်အရွယ်ကြီးရင့်နေပါရော့လား။ ငါဘာလို့အဖေ့ကို သတိမထားမိတာလဲ။ အဖေ့ကိုပစ်ထားမိခဲ့ပါလား။ ငါသိပ်ကို မိုက်မဲမိပါလားကွာ၊ အဖေ့ကိုကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လို့ မဆုံးမိပေ။

အဖေ တရားထိုင်လို့ ပြီးသွားကာ ဘုရားကို ဦးချကန်တော့လိုက်သည်။ ကျွန်တော့်ဘက် အလှည့်မှာတော့.....

"ဟင်.....သားပါလား"

"ဟုတ်တယ် အဖေ၊ ကျွန်တော် အဖေ့ကို လာတွေ့တာပါ။ လာတွေ့တာထက် အဖေ့ကို လာခေါ်တာပါ"

အဖေကျွန်တော့်ကို သေချာစွာကြည့်နေသည်။ အဖေ့မျက်ဝန်းတွေက တည်ငြိမ်အေးချမ်းပြီး ကျွန်တော့်စိတ်ကို သိနေသလိုမျိုး ခံစားရသည်။

"သား....အဖေသားနဲ့ မလိုက်တော့ပါဘူးကွယ်"

"ဗျာ.....အဖေရယ် သားနဲ့ပြန်လိုက်ခဲ့ပါနော်၊သားအဖေ့ကိုပစ်ထားမိတဲ့အတွက် သားအဖေ့ကို ဝန်ချတောင်းပန်ပါတယ်ဗျာ"

"သား....အဖေသားအပေါ်မှာ ဘာမှအပြစ်မမြင်သလို သားအပေါ်ထားရှိတဲ့ အဖေ့ရဲ့ မေတ္တာတရားကလည်း ဘယ်တော့မှ မပျက်သွားပါဘူးကွယ်။ အဖေ ဆရာတော်ရဲ့အဆုံးအမအောက်မှာ အဖေနေသားကျနေပါပြီ။ တရားဘဝနာကို နှလုံးသွင်းနိုင်အောင် ကြိုးစားရင်း အေးချမ်းတဲ့ ဘုရားတရားအရိပ်အောက်မှာပဲ အဖေနေသွားတော့မယ်ကွယ်"

အဖေ့ရဲ့ဆုံးဖြတ်ချက်က တကယ်ခိုင်မာသွားပြီးမို့ ကျွန်တော်မပြောသာတော့ပေ။ အဖေ့အတွက် ကောင်းတဲ့လမ်းမို့လည်း ကျွန်တော်မတားရက်ပါ။ အဖေ့အတွက် လိုအပ်တာတွေကိုတော့ အကောင်းဆုံး ကြိုးစားဖြည့်ဆည်းဖို့သာ ဆုံးဖြတ်လိုက်သည်။

"အဖေ...... ကျွန်တော့်အပြစ်တွေအတွက် ခွင့်လွှတ်ပေးပါနော်"

"အဖေ သားကိုခွင့်လွှတ်ပါတယ်ကွယ်၊ ဘယ်မိဘကမှ သားသမီးကို အပြစ်ယူတယ်ဆိုတာ မရှိပါဘူး။ သား.... အဖေတစ်ခုတော့ မှာချင်တယ်ကွယ်၊ ရတနာသုံးပါးကို ဘယ်တော့မှမမေ့ပါနဲ့။ သားရဲ့ဘဝကို အကောင်းဆုံးကြိုးစားပြီး သားမိသားစုအတွက် အကောင်းဆုံးဖြစ်အောင် တည်ဆောက်သွားပါကွယ်"

"စိတ်ချပါအဖေ၊ သား အဖေပြောတဲ့အတိုင်း ကျွန်တော်နဲ့ ကျွန်တော့်မိသားစုဘဝကို အကောင်းဆုံးတည်ဆောက်သွားပါမယ်လို့ အဖေ့ကိုကတိပေးပါတယ်ဗျာ"

"ကဲကဲ...သားလည်း ပြန်တော့ကွယ်၊ အဖေလည်း လမ်းခဏလျှောက်ပြီး တရားအလုပ်ပြန်လုပ်ဦးမယ်"

ကျွန်တော်အဖေ့ကို ပြစ်မှားမိသမျှတွေ တောင်းပန်ပြီး ကန်တော့လိုက်ပါသည်။ အဖေ့အတွက် တတ်နိုင်တဲ့ဘက်ကနေ ဖြည့်ဆည်းပေးနိုင်ဖို့ ကြိုးစားမယ်လို့ ဆုံးဖြတ်ထားရင်း အဖေ့ကို နှုတ်ဆက်ကာ ပြန်ခဲ့လိုက်တော့သည်။

အပြန်လမ်းမှာတော့ မိဘတစ်ယောက်ရဲ့ သားသမီးအပေါ်မှာ ထားရှိတဲ့မေတ္တာတရားတွေဟာ အရမ်းကြီးမားပါလားဆိုတဲ့ အသိနဲ့အတူ လောကမှာ သားသမီးတွေရဲ့ အမေ့ခံ၊ အပယ်ခံမိဘတွေ ဘယ်လောက်များ ရှိနေကြမလဲဆိုတဲ့ အတွေးမျိုးကို တွေးမိရင်း ရင်မောခြင်းနဲ့အတူ သက်ပြင်းကိုသာ အကြိမ်ကြိမ်ချမိနေပါတော့သည်။

ဆောင်းပါး

# စာအုပ်စာပေ လူ့မိတ်ဆွေ

■ ဇင်မင်းစိုး (ဗိုလ်ကလေး)

ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာမြေကြီးတွင် လူဦးရေ သန်း ၇၀၀၀ ကျော် မှီတင်းနေထိုင်ကြသည်ဟု စာအုပ်စာပေများမှတစ်ဆင့် သိရှိမှတ်သားရပါသည်။ တည်နေရာအနေအထားနှင့် ဖွံ့စည်းဖြစ်ပေါ်လာမှုကို အခြေခံ၍ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ ဓလေ့ထုံးတမ်းနှင့် တိုင်းရင်းသားလူမျိုးစု အသီးသီးတို့၏ ယဉ်ကျေးမှုတို့သည် ကွဲပြားခြားနားကြလေသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် တည်ရှိပြီး လူဦးရေ ၅၅ သန်းကျော် မှီတင်းနေထိုင်လျက်ရှိသည်။ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးရှိပြီး ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများ အသီးသီးရှိကြသည်။ ကိုးကွယ်ရာဘာသာများ ကွဲပြားခြားနားကြသလို ဝတ်စားဆင်ယင်မှုနှင့် တိုင်းရင်းသားဘာသာစကား ပြောဆိုမှုများသည်လည်း ကွဲပြားခြားနားမှု ရှိကြသည်။

သို့ရာတွင် ကျွန်တော်တို့၏ ဘုံစာပေနှင့် စကားဖြစ်သော မြန်မာစာပေနှင့် မြန်မာစကားတို့သည်ကား အတူတူပင်ဖြစ်၍ အားလုံးသိရှိနားလည်ကြလေသည်။ စာပေက ဆက်နွှယ်ပေးသော အသိတရား ယဉ်ကျေးမှုအမွေတစ်ခုပင်ဖြစ်သည်။

အသက် ခြောက်နှစ်ပြည့်မှစ၍ မြန်မာစာပေကို စတင်သင်ကြားကြရပြီး မူလတန်းအဆင့်တွင်ပင် ကောင်းစွာ ရေးတတ်၊ ဖတ်တတ်၊ ပြောတတ်၊ ဆိုတတ်နေပြီး ဖြစ်သည်။

**ကျရှုံးနေသူများအတွက် ဘဝအောင်မြင်ခြင်း စာပေများကို ဖတ်ရှုပြီး ကြိုးစားနိုင်သလို ပူပန်သောကကြောင့် စိတ်ညစ်နေသူများအဖို့ ပျော်ရွှင်ရယ်မြူးဖွယ်စာအုပ်များကို ဖတ်ရှုပြီး စိတ်ဓာတ်တက်ကြွလန်းဆန်းနိုင်**

ထို့နောက် ပုံပြင်၊ ဇာတ်လမ်း၊ ဇာတ်နိပါတ်၊ ဝတ္ထု၊ ရုပ်ပြများနှင့် စတင်ရင်းနှီးဖတ်ရှုကြပြီး အသိအမြင်ဗဟုသုတများနှင့် ကျင့်ဝတ်စည်းကမ်းများကို စာပေများမှတစ်ဆင့် သိနားလည်ကြသည်။ လူလားမြောက်၍ အရွယ်ရောက်လာကြချိန်တွင် မိမိနေထိုင်ရာ ပတ်ဝန်းကျင်နှင့် သဘာဝတရားကြီး၏ ဖြစ်တည်ပြောင်းလဲမှုအတိုင်း လိုက်လျောညီထွေ နေကြရသည်မှာ လူသားတိုင်း၏ နိယာမတရားပင်ဖြစ်သည်။

ကမ္ဘာလောကကြီးသည် အစဉ်အမြဲ ပြောင်းလဲလျက်ရှိရာ အားလုံးနှင့် ရင်ပေါင်တန်းနိုင်ဖို့၊ အသိပညာ၊ အတတ်ပညာနှင့် အတွေးအခေါ်များ တိုးပွားနိုင်စေဖို့ရာ ထာဝစဉ်လေ့လာသင်ယူနေကြရပြီး ထိုသို့ လေ့လာသင်ယူနိုင်စေဖို့ရာ တစ်ခုတည်းသောနည်းလမ်းမှာ စာဖတ်ခြင်းပင် ဖြစ်သည်။ စာဖတ်ခြင်းမှ စဉ်းစားတွေးခေါ်မှုနှင့် အမှားအမှန် ဆင်ခြင်ခွဲခြားနိုင်မှုတို့ကိုရရှိစေပြီး အတွေ့အကြုံနှင့် အသိဉာဏ်ပညာတို့ကို တိုးပွားရရှိနိုင်လေသည်။

“ခေတ်မီသော လူတိုင်းသည် စာဖတ်ကြသလို စာဖတ်သော လူတိုင်းသည် ခေတ်မီကြသည်”၊ “စာအုပ်စာပေ လူ့မိတ်ဆွေ”၊ “ပညာဘဏ်သိုက် စာကြည့်တိုက်”၊ “အလိမ္မာ စာမှာရှိ”စသည့် ဆိုရိုးစကား၊ ဆုံးမစကားများသည် စာဖတ်ခြင်းကို အားပေးသည့် ဆိုရိုးဆုံးမစကားများ ဖြစ်ကြသည်။ မိမိတို့ တိုင်းပြည်၊ မိမိတို့ လူမျိုးတို့၏ အနာဂတ်ဘဝ အောင်မြင်ရန် လူငယ်လူရွယ်များကို စာဖတ်ကြရန် တိုက်တွန်းနှိုးဆော်သင့်ပေသည်။

ယခုခေတ်သည် ပညာခေတ်ဖြစ်ပေရာ ပညာရှာဖွေရာတွင် နည်းလမ်းမျိုးစုံမှ သင်ယူရရှိနိုင်သည့် အခွင့်အလမ်းများ ပေါ်ထွန်းနေပြီဖြစ်သည်။ ခေတ်မီဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သော လူမှုကွန်ရက်များပေါ်မှ ရှာဖွေဖတ်ရှုနိုင်သလို အသိပညာတို့စုဝေးရာ စာကြည့်တိုက်သို့ သွားရောက်၍လည်း လေ့လာသင်ယူဖတ်ရှုနိုင်သည်။

စဉ်ဆက်မပြတ် သင်ယူခြင်းနှင့် ဆင်ခြင်တုံတရားထားကာ အမှားအမှန်ခွဲခြားနိုင်ပြီး လမ်းမှန်သို့ လျှောက်လှမ်းနိုင်ရန်မှာ မိမိကိုယ်တိုင် ဆောင်ရွက်ရမည့် စာဖတ်ခြင်းအလေ့အထကောင်းပင် ဖြစ်သည်။

နိုင်ငံခြားတိုင်းပြည်များရှိ ဗဟိုစာကြည့်တိုက်ကြီးများတွင် နေ့ရောညပါ စာဖတ်နေကြသည့် လူငယ်လူရွယ်များကို လေးစားဖွယ် တွေ့မြင်ရသည်။ အထပ်ပေါင်း မြောက်မြားစွာဖြင့် ဖွဲ့စည်းထားပြီး စာအုပ်အမျိုးအစား စုံလင်လှပေသည်။ ၎င်းနိုင်ငံများမှ လူငယ်လူရွယ်များသည် စာအုပ်စာပေများမှသာ အများဆုံးသင်ယူလေ့လာကြသည်ဟု မှတ်သားရပါသည်။ မိမိကိုယ်တိုင် ကြိုးစားရှာဖွေရခြင်း ဖြစ်သည်။ မိမိနှစ်သက်ရာ စာအုပ်အမျိုးအစားကို စာအုပ်အညွှန်းတွင် ကြည့်ရှုရှာဖွေရပြီး အချို့နေရာများတွင် လှေကားထောင်၍ပင် တက်ယူကာ ဖတ်ရှုလေ့လာနေကြသည်ကို အံ့ဖွယ်ဘနန်း တွေ့မြင်ရသည်။

မိမိတို့ ရည်သန်ရာ လုပ်ငန်းနယ်ပယ်များတွင် စတင်အခြေချရပ်တည်နိုင်ရန် ဦးစွာ စာပေများမှ တစ်ဆင့်သင်ယူနေကြပြီး လုပ်ငန်းခွင်ရောက်ပါကလည်း သိရှိနားလည် သဘောပေါက်ကြရန် စာဖတ်ကြခြင်းဖြစ်သည်။ မသိ၍ မေးမြန်းခြင်း မရှိရလေအောင် စာပေဖတ်၍ သိနားလည်အောင် ကြိုးစားသင်ယူနေကြခြင်းဖြစ်သည်။

တစ်ဦး၏ ဗဟုသုတနှင့် အခြားသူများ၏ အသိအမြင် အတွေ့အကြုံတို့ကို ဆွေးနွေးတိုင်ပင်ညှိနှိုင်း၍ အောင်မြင်မှုမရမချင်း ကြိမ်ဖန်များစွာ ကြိုးစားကြသည့် ဖွဲ့စိတ်ဓာတ်နှင့် လုံ့လဝီရိယတို့ကို ချီးကျူးအားကျဖွယ် အတုယူတွေ့မြင်ရသည်။

ယခုအခါ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် မြို့ရွာ တောပါမကျန် စာကြည့်တိုက်များ၊ စာဖတ်ဝိုင်းများ၊ စာအုပ်စင်များ တိုးချဲ့ဖွဲ့စည်း တည်ထောင်နေကြရာ အားကျဂုဏ်ယူဖွယ်ကောင်းသည်။ ကားဂိတ်၊ သင်္ဘောဆိပ်၊ ဘူတာနှင့် ကားပေါ်၊ သင်္ဘောပေါ်၊ ရထားပေါ်များတွင် စာအုပ်စင်များ ထားရှိကြရာ ကလေး၊ လူကြီးမကျန် ခရီးသွားရင်း စာဖတ်နိုင်ကြပြီဖြစ်သည်။

အချို့နေရာများတွင် ခရီးသွားများ အနားယူသည့် လမ်းဆုံလမ်းခွဇရပ်များ၊ အရိပ်အာဝါသကောင်းသည့် အပင်ကြီးများအောက်တွင် စာပေရေချမ်းစင်ကဲ့သို့ စာအုပ်စာစောင်များထားရှိရာ စာပေနှင့်အလှမ်းမဝေးတော့သည့် ကျေးလက်တောရွာများ ဖြစ်နေကြသည်။

မိမိမသိရှိသည့် အကြောင်းအရာနှင့် မရောက်ဖူးသော နေရာဒေသများ၏ ဓလေ့ထုံးတမ်းများ၊ ဆောင်ရန်ရှောင်ရန် နည်းလမ်းများကို စာအုပ်စာပေများမှတစ်ဆင့် သိမှတ်သားရသည်။

ပြေးကြည့်စရာမလိုဘဲ စာဖတ်ခြင်းဖြင့် သိနိုင်သလို တွေးကြည့်စရာမလိုဘဲ ရုပ်ပုံ၊ ဓာတ်ပုံမှတ်တမ်းများ ကြည့်ရှုခြင်းဖြင့် သိမြင်နိုင်သည်။ အချိန်နှင့်တစ်ပြေးညီ ဖြစ်ပေါ်ပြောင်းလဲနေသော နိုင်ငံရေးသတင်း၊ စီးပွားရေး၊ ပညာရေး၊ မိုးလေဝသသတင်းများကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများအပြင် လူမှုကွန်ရက် စာမျက်နှာများပေါ်တွင်လည်း အလွယ်တကူ ဖတ်ရှုနိုင်သည့်ခေတ်ကြီး ဖြစ်ပါသည်။ ကောလာဟလသတင်းများ၊ ချဲ့ကားသတင်းများကိုလည်း စာဖတ်ခြင်းဖြင့် မှန်၊ မမှန် အတည်ပြုနိုင်သည်။

ဖတ်ရှုပြီးပါကလည်း တစ်ဦးနှင့်တစ်ဦး သတင်းဖလှယ်နိုင်သည်။ စာဖတ်ခြင်းသည် အသိပညာဗဟုသုတများကို ပေးစွမ်းရုံမျှမက သုတ၊ ရသ ခံစားမှုများကိုလည်း ပေးစွမ်းနိုင်သည်။

ကျရှုံးနေသူများအတွက် ဘဝအောင်မြင်ခြင်း စာပေများကိုဖတ်ရှုပြီး ကြိုးစားနိုင်သလို ပူပန်သောကကြောင့် စိတ်ညစ်နေသူများအဖို့ ပျော်ရွှင်ရယ်မြူးဖွယ် စာအုပ်များကို ဖတ်ရှုပြီး စိတ်ဓာတ်တက်ကြွလန်းဆန်းနိုင်သည်။ လမ်းပျောက်နေသူများအတွက် တက်ကျမ်းစာအုပ်များ ဖတ်ရှုနိုင်သလို ရိုးရိုးကျင့် မြင့်မြင့်ကြံလိုသူများအတွက်လည်း နည်းပြလမ်းပြ စာကောင်းပေမွန်များ၊ ခွန်အားရှိသော စာပေများကို ရွေးချယ်ဖတ်ရှုနိုင်သည်။

“ကျမ်းစာသိမြင်၊ တတ်အောင်သင်လော့ ပေါ်လွင်မပြု ကောင်းရာတုလျက် ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌ တည်စေမင်း”ဟူသော ရခိုင်သူမြတ်၏ ဆုံးမစာအရ ကျမ်းစာပေစာများကို ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပြီး စာအုပ်စာပေများမှ ရရှိသော အသိပညာဗဟုသုတများကို အရင်းတည်၍ ကောင်းမွန်သော အလေ့အကျင့်များကို ချစ်ခင်မြတ်နိုးကာ မိမိကိုယ်ကို ကောင်းအောင် ကြိုးစားတည်ဆောက်ရမည်ဟု ညွှန်ပြဆုံးမထားခြင်းဖြစ်ပါသည်။

စာအုပ်စာပေများကို လေ့လာဖတ်ရှုခြင်းဖြင့် နေ့စဉ်နေ့တိုင်း ပြောဆိုပြုမူ ကျင့်ကြံခြင်းတို့တွင် ယဉ်ကျေးလိမ္မာစွာ 'အလိမ္မာ စာမှာရှိ' ဆိုဘိသကဲ့သို့ သင်ယူပြောဆို နေထိုင်ကြရပေမည်။

“တစ်ယောက်စကား၊ တစ်ယောက်နားမှာ မခါးရအောင်၊ သတိဆောင်၍ မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ”ဟူသော ဆုံးမစာအတိုင်း လိုက်နာနေထိုင်သင့်ပေသည်။ ချိုသာစွာ ပြောဆိုလျှင် 'နှုတ်ချိုလျှိုတစ်ပါး'ကဲ့သို့ မိမိအလိုရှိတိုင်း ဆွဲဆောင်ရယူနိုင်ကြောင်း ဆုံးမထားခြင်း ဖြစ်သည်။

ထို့အပြင် အသိပညာ ပြည့်ဝသူသည် အမျက်ဒေါသ နည်းပါးကြောင်းကိုလည်း 'ပညာရှိအမျက် အပြင်မထွက်'ဟု ရှေးလူကြီးသူမများက ဆိုရိုးပြုဆုံးမထားခဲ့သည်။ အသိပညာပြည့်ဝရန်မှာ စာအုပ်စာပေများစွာ ဖတ်ရှုထားရပေမည်။ သို့မှသာ ခန္တီစသည်းခံခြင်းတရား ထားရှိနိုင်ပေလိမ့်မည်။

ထို့အတူ အသိပညာဗဟုသုတများ မရှိပါက ပျက်စီးနိုင်ကြောင်းကို ဆာတုံဆရာတော်၏ ကုဋေရှစ်ဆယ်သူဌေးသား ပုံပြင်ဟောင်းတွင် တွေ့မြင်နိုင်လေသည်။ အသိဉာဏ်ပညာ ရှိခြင်းမရှိခြင်း၏ အကျိုးအပြစ်များကား ကြီးမားလှလေသည်။ ထို့ကြောင့် စာအုပ်စာပေကောင်းများကို ပိုမိုဖတ်ရှုလေ့လာသင်ယူရန် လိုအပ်ကြောင်း သတိချပ်မိလေသည်။

“ပညာမြင့်မှ လူမျိုးတင့်မည်”ဟူသော ဆောင်ပုဒ်အရ အသိပညာမြင့်မားပါက တိုင်းပြည်နှင့် လူမျိုးပါ ကမ္ဘာ့အလယ်တွင် တင့်တယ်နိုင်ကြောင်း သိရှိရရာ လူငယ်လူရွယ်များအနေဖြင့် ဂိမ်း အလွန်အကျွံကစားခြင်း၊ အပျော်အပါး လိုက်စားခြင်းများမှ ရှောင်ကြဉ်၍ မိမိနိုင်ငံ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်စေရန် ရည်သန်အားထုတ်စေရေး စာကြည့်တိုက်များသို့သွား၍ စာအုပ်စာပေများ ဖတ်ရှုခြင်းဖြင့် အသိဉာဏ်ပညာများ တိုးပွားရရှိစေရန် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

## သင်ပါ ဖတ်ပါ မြတ်သည့်စာ

သုံးဆယ့်တစ်ဘုံ ဝဲနေစုံ၌
ဖြစ်တုံခဏ လူ့ဘဝဟု
အစပြုလာ ငါတို့မှာကား
ပညာအသိ စွမ်းစရှိအောင်
သုတိစာပေ သင်မှတ်လေမှ
မြဲစေဉာဏ်ထက် ဂုဏ်လင်းလက်မည်။
လူ့ဘုံမှလွဲ ကျန်ဘုံထဲတွင်
လွန်မွဲပါဘိ စာမရှိ၍
အသိပညာ မြတ်သည့်စာကို
ဖွေရှာခက်လှ ဖတ်မရတည်း။
နတ်ဘုံဘဝ ဖြစ်ပြန်ကလည်း
နလှစာပြု မရှိမှုကြောင့်
ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးစာကို
သင်ကာမှတ်ရန် လွန်ဝေးပြန်၏။
ဆင်းရဲလွန်ပြင်း ငရဲမင်းမှာ
ဉာဏ်ရင်းစိုက်မြုပ် ဂျာနယ်လုပ်ရန်
သရုပ်အမြင် မစုံလင်၍
စာပြင်ထုတ်ရေး လွန်ပင်ဝေး၏။
မပျင်းနဲ့ကွယ် သုတကြွယ်သည့်
အံ့ဖွယ်လူ့ရွာ ရောက်ခိုက်မှာသာ
လူ့စာသင်လိုက် လုံ့လစိုက်ပြီး
နှုတ်တိုက်ဆောင်ထား ဖတ်မှတ်သွားမှ
အများရှေ့ဆောင် ကြံတိုင်းအောင်မည်။
ကာယစိတ္တ နှစ်ဌာန၌
သိပ္ပဝိဇ္ဇာ တိုးဝေဖြာရန်
သင်ပါဖတ်ပါ မြတ်သည့်စာကို။ ။

စိုးမင်းဦး(မုနိမြေ)

# လေ့လာစရာ အင်္ဂလိပ်စာ

ကြေးမုံ
ဩဂုတ် ၁၊ ၂၀၂၂ (တနင်္ဂနွေနေ့)

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြု လေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် စာမျက်နှာအချပ်ပို လေးမျက်နှာဖြင့် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6 (စနစ်သစ်)

အရင်အပတ်က Unit 2: Lesson 4: Daily routine အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Unit 3: Lesson 1: Talking about your city အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### Unit 3 Lesson 1: Talking about your city (နေထိုင်ရာ မြို့အကြောင်းပြောခြင်း)

- Places in a city (မြို့အတွင်းရှိ နေရာများ)
- asking and answering questions (အမေး၊ အဖြေပြုလုပ်ခြင်း)

### Vocabulary

(1) Look at the pictures and write down what they are and what you can see or do there. (ပုံများကိုကြည့်ပြီး ဘယ်နေရာလဲဆိုတာ ရေးချပါ။ ပြီးတော့ အဲဒီနေရာမှာ ဘာတွေမြင်နိုင်သလဲနဲ့ ဘာတွေလုပ်နိုင်သလဲဆိုတာ ချရေးပါ။)

| | | | |
|---|---|---|---|
| playground | | airport | bank |
| park | | museum | restaurant |
| hotel | library | gym | supermarket |

(1) We can play there.
(2) We can do physical exercises there.
(3) We can buy food, drinks, household items, etc. there.
(4) We can stay and have meals there.
(5) We can see planes arrive and leave there.
(6) We can save or borrow money there.
(7) We can walk, play and relax there.
(8) We can buy and eat a meal there.
(9) We can see objects of artistic, cultural or historical interest there.
(10) We can borrow books and read there.


1.  Airport
We can see planes arrive and leave there.

2. 

_________
_________

3.  _________
_________

4.  _________
_________

5.  _________
_________

6.  _________
_________


7.  _________
_________

8.  _________

9.  _________
_________
_________

10.  _________
_________

(2) Look at the picture. What do you see in the picture?




(3) အထက်ပါပုံကိုကြည့်ပြီး Student A နဲ့ Student B အမေး၊ အဖြေ လေ့ကျင့်ပါ။

A: Where is the bank? B: It's next to the police station.
A: Where is the _____? B: It's _____.
A: Where is the _____? B: It's _____.
A: Where is the _____? B: It's _____.

(လာမည့်အပတ်တွင် Unit 3 Lesson 2 : At the market အကြောင်းကို ဖော်ပြပါမည်)

## Grade 7 (စနစ်သစ်)

အရင်အပတ်က Unit 2 Lesson 2: Getting rid of bad habits အကြောင်းကို ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ ဒီအပတ်မှာတော့ Unit 2 Lesson 3 : What an annoying habit! (ဆိုးလိုက်တဲ့အကျင့်) အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### Unit 2 Lesson 3 : What an annoying habit! (ဆိုးလိုက်တဲ့အကျင့်)

- Present Simple & Present Continuous tense
- Adverbs of frequency
- always with Present Continuous tense

### Present Simple (V1)

ပုံမှန်ဖြစ်ရပ်နှင့် ယေဘုယျအမှန်တရားတို့ကို ဖော်ပြပြောဆိုရာတွင် Present Simple ကို သုံးရသည်။

We use the simple present

- to describe a regular event (ပုံမှန်ဖြစ်ရပ်)
  e.g Ni Ni **walks** to school every day.
- to express a general truth (ယေဘုယျအမှန်တရား)
  e.g It doesn't **rain** much in upper Myanmar.

### Forms

**Positive form** – I/ We/ You/ They play games every day.
He/ She/ It plays games every day.
**Negative form** – I/We/ You/ They do not play games every day.
He/ She/ It does not play games every day.
**Question form** – Do I/we/you/they play games every day?
Does he/ she/ it play games every day?
(do not= don't/ does not = doesn't)

လေ့ကျင့်ခန်းများ ဖြေဆိုပါ။

(1) Use the Present Simple form of the verb in brackets.

1. (drive) He ___ to work every day.
2. (not/ walk) She ___ to school.
3. (take) We often ___ the bus.
4. (speak) Do you ___ English?
5. (catch) She ___ a cold every winter.
6. (dance) Does she often ___ ?
7. (read) Do you ___ the newspaper?
8. (not / think) I ___ you are right.
9. (watch) Do you ____ a lot of TV?
10. (write) They ___ e-mails every day.

(2) Translate the following into English. အောက်ပါတို့ကို အင်္ဂလိပ်လိုရေးပြပါ။

၁။ မင်းမင်း နေ့တိုင်း ကော်ဖီ သောက်သည်။ (drink coffee)
၂။ ဘိုဘို အခြားသူတွေကို ကူညီသည်။ (help others)
၃။ ဆရာကြီး နေ့တိုင်း အိမ်စာပေးသည်။ (give homework)
၄။ ဒေါ်လေး နံနက်တိုင်း ဘုရားရှိခိုးသည်။ (pay homage to the Buddha)
၅။ ကိုလေး နေ့တိုင်း ဘောလုံးကစားသည်။ (play football)
၆။ ကိုကို နေ့တိုင်း အိမ်စာလုပ်သည်။ (do homework)
၇။ မေမေ နေ့တိုင်း ဈေးသွားသည်။ (go shopping)
၈။ ဦးလေး နံနက်စောစော အိပ်ရာထသည်။ (get up early)
၉။ ကျွန်တော်တို့ နွေရာသီတိုင်း ကမ်းခြေသွားကြသည်။ (go to beach)
၁၀။ ဦးမောင် ကားပြင်သည်။ (fix cars)

### Present Continuous Tense (am, is, are + Ving)

လက်ရှိဖြစ်ပျက်နေတဲ့ကိစ္စရပ်နှင့် ယာယီအခိုက်အတန့်ဖြစ်ရပ်များကို ဖော်ပြပြောဆိုရာတွင် Present Continuous Tense ကို သုံးရသည်။

We use present continuous tense

* to describe something that is happening at the moment (လက်ရှိဖြစ်ပျက်နေဆဲ)
e.g Kay Kay is watching TV now.
* to talk about temporary situations (ယာယီအခိုက်အတန့်ဖြစ်ရပ်)
e.g They are working hard today.

### Forms

**Positive form** – I/We/You/They are playing football.
He/ She/ It is playing football.
**Negative form** – I/We/You/They are not playing football.
He/ She/ It is not playing football.
**Question form** – Are we/you/they playing football?
Is he/she/it playing football?
Am I playing football?
(are not= aren't, is not= isn't)

(1) Use the present continuous form of the verb in brackets.

1. You ___ (use) my mobile phone!
2. My dad ___ (wash) his car.
3. It ___ (not rain) today.
4. We ___ (sit) on the train.
5. The children ___ (have) their lunch in the canteen.
6. My sister ___ (talk) on the phone right now.
7. My brother ___ (do) his homework at the moment.
8. My wife ___ (not cook) today.
9. U Moe ___ (help) me at present.
10. We ___ (not listen) to the radio at present.

(2) Translate the following into English.

1. မောင်မောင် ကားမောင်းနေသည်။ (drive a car)
2. ဖော်ဖော် စာကျက်နေသည်။ (study lessons)
3. ညီမလေး သီချင်းဆိုနေသည်။ (sing a song)
4. ဦးမိုး ငါတို့ကို ကူညီနေသည်။ (help us)
5. ဒေါ်လေး အဝတ်လျှော်နေသည်။ (wash the clothes)
6. မေမေ ငါးဟင်း ချက်နေသည်။ (cook fish curry)
7. ဖေဖေ ကော်ဖီသောက်နေသည်။ (drink coffee)
8. ဆရာကြီး ငါတို့ကို စာသင်ကြားနေသည်။ (teach us)
9. မမ အင်္ဂလိပ်ဘာသာစကား သင်ယူနေသည်။ (learn English)
10. ကျွန်တော် သီချင်းနားထောင်နေသည်။ (listen to music)

(ဆက်လက်ဖော်ပြပါမည်)

## Grade 8 (စနစ်ဟောင်း)

အရင်အပတ်က Wh မေးခွန်းဖြေဆိုနည်းတွေထဲက Who, Whom, Whose, What, Which တို့နဲ့မေးထားတဲ့ မေးခွန်းတွေကို ဘယ်လိုပြန်ဖြေရမလဲ ဆိုတာ ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ ဒီအပတ်မှာတော့ Where, When, မေးခွန်းတွေကို ရှင်းပြသွားမှာဖြစ်ပါတယ်။

### Wh … မေးခွန်းများ ဖြေဆိုနည်း

#### (6) where မေးခွန်းကို ဖြေဆိုတဲ့အခါ

နေရာကို မေးတဲ့မေးခွန်းဖြစ်တဲ့အတွက် နေရာပြဝိဘတ် (Prepositions of place) တွေကို သုံးပြီး ဖြေဆိုရပါတယ်။

ဥပမာ။ Where are you playing football?

We are playing football **in the playground**. (in တစ်လုံးတည်းဆိုရင် Preposition of place နေရာပြဝိဘတ်ဖြစ်ပါတယ်။ in the playground ဆိုရင်တော့ Prepositional phrase နေရာပြပုဒ်စု ဖြစ်သွားပါတယ်။)

ဥပမာ။ Where is your school?

Our school is on Bo Min Yaung Street. It is **near** the Fire Brigade. (ကျွန်တော်တို့ကျောင်းက ဘိုမင်းရောင်လမ်းပေါ်မှာရှိပါတယ်။ မီးသတ်ဌာနအနီးမှာပါ။)

ဥပမာ။ Where is the bank?

The bank is **between** the Kyaw Supermarket and Linn Clinic. (ဘဏ်က ကျော်စူပါမားကက်နဲ့ လင်းဆေးခန်းကြားမှာရှိပါတယ်။)

ဥပမာ။ Where is the post-office?

The post-office is **opposite** the police station. (စာတိုက်ရုံးက ရဲစခန်းနဲ့ မျက်နှာချင်းဆိုင်မှာရှိပါတယ်။)

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

1. Where are you? (in the study room)

   ___________________.

2. Where are they talking? (in the park)

   ___________________.

3. Where did you see U Moe? (on the bus)

   ___________________.

4. Where is father reading the newspaper? (in the living room)

   ___________________.

5. Where are the boys swimming? (in the pool)

   ___________________.

#### (7) When မေးခွန်းကို ဖြေဆိုတဲ့အခါ

အချိန်ကိုဖြေဆိုရမှာဖြစ်တဲ့အတွက် အချိန်ပြဝိဘတ် (Prepositions of time)တွေကို လေ့လာထားဖို့လိုပါတယ်။ အချိန်ကို ဖြေဆိုရာမှာ တိကျတဲ့အချိန်ဆိုရင် အချိန်ပြဝိဘတ်တွေနဲ့ ဖြေရပါတယ်။ မတိကျတဲ့အချိန်ဆိုရင် Conjunctions စကားဆက်တွေကို သုံးပြီးဖြေဆိုရပါတယ်။

**တိကျတဲ့အဖြေဆိုရင်** – last, ago, from … to…, during, in, on, at နဲ့ဖြေရပါတယ်။

last – လွန်ခဲ့သော (last week, last night, …etc.)

ago – အကြာက (two years ago, five minutes ago, … etc.)

from … to… မှ .. အထိ.. (From 7 to 9 a.m. ..etc)

during – အတောအတွင်း (during two hours နှစ်နာရီအတွင်း)

in – ခုနှစ် (in 1990, in the year 2000)
- လ (in December, in January, in June)
- ရာသီ (in the hot season, in the summer, in the rainy season, ..etc.)
- နေ့တစ်နေ့၏ အစိတ်အပိုင်း (in the morning, in the afternoon, in the evening..etc.)

on – နေ့၊ ရက် (on Thursday, on Friday, on weekdays, on my birthday, on 12th December, … etc.)

at – စားချိန်၊ သောက်ချိန်၊ တိကျတဲ့နာရီအချိန် ( at breakfast, at dinner, at lunch, at 4 a.m.…etc.)

**မတိကျတဲ့အဖြေဆိုရင်**

after Ving/ Subject Verb, (ပြီးနောက်)
While Ving/ Subject Verb, (စဉ်တွင်)
When Subject Verb, (သောအခါ)
Before Ving, Subject Verb, (မတိုင်မီ)
As soon as Subject Verb, (ဖြစ်လျှင်ဖြစ်ချင်း) တို့နဲ့ဖြေဆိုရပါတယ်။

ဥပမာ။ e.g. **When** do you get up every morning?

I get up **at about 6 o'clock** every morning. (တိကျတဲ့အချိန်ဖြစ်တဲ့အတွက် at နဲ့ဖြေရပါတယ်။)

ဥပမာ။ **When** were you born?

I was born on 14th September, 1990. (ခုနှစ်၊ လ၊ ရက် သုံးခုစလုံးဖြေဆိုတဲ့အခါမှာ ရက်ပါတဲ့အတွက် on နဲ့ဖြေရပါတယ်။ ရက်မပါရင်တော့ ခုနှစ်နဲ့လဖြစ်တဲ့အတွက် in နဲ့ဖြေရမှာပါ။)

ဥပမာ။ **When** did mother go to market?

Mother went to market **as soon as I got up**. (ကျွန်တော် အိပ်ရာထလျှင်ထချင်းပဲ မေမေ ဈေးသွားခဲ့တယ်။)

ဥပမာ။ **When** did U Moe come to you?

U Moe came to us **while we were having dinner**. (ကျွန်တော်တို့ ညစာစားနေစဉ်မှာ ဦးမိုးငါတို့ဆီလာခဲ့တယ်။)

**လေ့ကျင့်ခန်းများ ဖြေဆိုပါ။**

1. When do you study your lessons? (at 7 a.m.)

   ___________________.

2. When does your sister make coffee for us? (after lunch)

   ___________________.

3. When did your teacher give homework to you? (before we left school for home)

   ___________________.

4. When will we meet each other tomorrow? (at 6 p.m.)

   ___________________.

5. When did the strong wind blow? (last night)

   ___________________.

(ဆက်လက်ဖော်ပြပါမည်)

## Grade 9 (စနစ်ဟောင်း)

အရင်အပတ်တွင် Simple Past Tense နဲ့ Past Continuous Tense အကြောင်းကို ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ ဒီအပတ်မှာတော့ Past Perfect Tense အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### Past Perfect Tense (had+ V3)

အတိတ်ကာလတွင် ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်နှစ်ခုအနက် အရင်ဆုံးဖြစ်ပျက်သည့် ဖြစ်ရပ်ကို Past Perfect Tense (had + V3) ဖြင့် ဖော်ပြရပြီး နောက်မှဖြစ်သည့်ဖြစ်ရပ်ကို Simple Past Tense (V2) ကို သုံးရသည်။ **"ခဲ့ပြီးပြီ"** လို့ ဘာသာပြန်ရသည်။

(**When, After, before** တို့ဖြင့် တွဲရေးလေ့ရှိသည်။)

e.g. (When Sub **had V3**, Sub **V2**.)

When I **had bought** a present, I **gave** it to her.

(ကျွန်တော်လက်ဆောင်တစ်ခုဝယ်ခဲ့ပြီးတဲ့နောက်မှာ သူ့ကို ပေးခဲ့တယ်။)

e.g. (Sub **had V3** when Sub **V2**.)

The plane **had left** when we **arrived** at the airport.

(ကျွန်တော်တို့လေဆိပ်ကိုရောက်ခဲ့တဲ့အချိန်မှာ လေယာဉ်ထွက်ခွာသွားခဲ့ပြီ။)

e.g. (After Sub **had V3**, Sub **V2**.)

After mother **had made** breakfast for us, she **went** to market.

(မေမေ နံနက်စာချက်ခဲ့ပြီးနောက် ဈေးသွားခဲ့တယ်။)

e.g. (Before Sub **V2**, Sub **had V3**.)

Before I **went** to school, I **had done** homework.

(ကျွန်တော် ကျောင်းမသွားမီ အိမ်စာတွေလုပ်ခဲ့ပြီးပြီ။ **သို့မဟုတ်** အိမ်စာတွေလုပ်ခဲ့ပြီးနောက် ကျောင်းသွားခဲ့တယ်။)

e.g. When Ko Ko **had eaten** some bread, he **drank** a glass of milk.

(ကိုကို ပေါင်မုန့်စားခဲ့ပြီးတဲ့နောက်မှာ နွားနို့တစ်ခွက်သောက်ခဲ့တယ်။)

e.g. After Zin Zin **had passed** the matriculation examination, she **applied** for the job.

(ဇင်ဇင် တက္ကသိုလ်စာမေးပွဲ အောင်မြင်ခဲ့ပြီးတဲ့နောက်မှာ သူအလုပ်လျှောက်ခဲ့တယ်။)

e.g. The dinner **had been** ready when we **arrived** home.

(ကျွန်တော်တို့ အိမ်ပြန်ရောက်တဲ့အခါ ညစာ အဆင်သင့်ဖြစ်နေခဲ့ပြီ။)

e.g. The train **had left** when I **got** the station.

(ကျွန်တော်ဘူတာရုံကို ရောက်တဲ့အခါ ရထားထွက်သွားပြီ။)

**Forms**

| | |
|---|---|
| **Positive form** – | I/We/You/They had done homework.<br>He/She/It had done homework. |
| **Negative form** – | I/We/You/ They had not/ hadn't done homework.<br>He/ She/ It had not/ hadn't done homework. |
| **Question form** – | Had Subject (နည်းများ) V3? |

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

(1) Fill in the blanks with the **Past Perfect tense** of the verbs in brackets.

1. After she _____ (hear) the news, she rushed home.
2. After he _____ (do) the job, he went for a holiday.
3. The ceremony _____ already _____ (begin) when we got there.
4. When I _____ (switch) off the light, I went to bed.
5. When they came to us, I _____ (eat) my lunch.
6. After the game _____ (end), the players left the field.
7. After I _____ (go) out, my friend Ko Lin came to my house.
8. She reached school after the bell _____ (ring).
9. After my parents _____ (reach) home, it started to rain.
10. Before he went to PyinOoLwin, he _____ never _____ (see) beautiful flower-beds.

**(2) Put the verbs into the correct tense (simple past or past perfect tense).**

1. When he ____ (wake up), his mother ____ (already/ prepare) breakfast.
2. We ___ (go) to London because the Queen ___ (invite) us for tea.
3. He ___ (hear) the news, ___ (go) to the telephone and ___ (call) a friend.
4. When she ___ (start) to learn English, she ___ (already/ learn) Chinese.
5. Mi Mi ___ (already/ type) ten pages when her computer ___ (crash).
6. By the time he ___ (arrive) at the restaurant, they ___ (run) out of foods.
7. They ___ (not/ know) where to meet because nobody ___ (tell) them.
8. It ___ (be) cloudy for days before it finally ___ (begin) to rain.
9. When I ___ (leave) home, the rain ___ (stop).
10. They ___ (leave) before I ___ (say) good-bye.

**(3) Translate the following into English.**

1. ဥယျာဉ်မှူးက သစ်ရွက်ခြောက်တွေကို တံမြက်စည်းနဲ့ လှည်းခဲ့ပြီးနောက် မီးရှို့ခဲ့တယ်။ (sweep up/ burn)

   ________________________________________.

2. ကျွန်တော်အိပ်ရာကနိုးတော့ မိုးတိတ်နေပြီ။ (stop/ get up)

   ________________________________________.

3. သူတို့ ကျွန်တော့်ဆီကိုလာတော့ ကျွန်တော် အဝတ်အစားလဲပြီးပြီ။ (come to me/ get dressed)

   ________________________________________.

4. ဖေဖေ သတင်းစာဖတ်ခဲ့ပြီးနောက် နံနက်စာစားခဲ့တယ်။ (read the newspaper/ have breakfast)

   ________________________________________.

5. ဦးလေးရေချိုးခဲ့ပြီးနောက် အဝတ်အစားလဲခဲ့တယ်။ (have a shower/ get dressed)

   ________________________________________.

6. မမ သူ့ကားအဟောင်းကြီးကို ရောင်းခဲ့ပြီးနောက် ကားအသစ်တစ်စီးဝယ်ခဲ့တယ်။ (sell her old car/ buy a new one)

   ________________________________________.

7. ကျွန်တော် အဆင်သင့်မဖြစ်သေးမီ သူတို့အိမ်ကို ရောက်နှင့်ခဲ့တယ်။ (arrive my house/ ready)

   ________________________________________.

8. နှုတ်ဆက်စကားပြောခဲ့ပြီးနောက် သူထွက်သွားခဲ့တယ်။ (say goodbye/ leave)

   ________________________________________.

9. ကိုကို ဘုရားရှိခိုးခဲ့ပြီးနောက် အိပ်ရာဝင်ခဲ့တယ်။ (pay homage to the Buddha/ go to bed)

   ________________________________________.

10. မီးပျက်သွားခဲ့တဲ့အခါမှာ ကျွန်တော်အိမ်စာတွေ လုပ်ခဲ့ပြီးပြီ။ (the light went out/ do homework)

   ________________________________________.

(လာမည့်အပတ်တွင် Future Tenses များအကြောင်းကို ဖော်ပြပါမည်)

## Grade 10 (စနစ်သစ်)

အရင်အပတ်က Unit 3 : Zero သင်ခန်းစာမှာပါတဲ့ Subject ကတ္တားနဲ့ Predicate ဝါစကအကြောင်း၊ Either…or နဲ့ Neither …nor အကြောင်း ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာ Unit 3: Zero အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### Unit 3 : Zero (သုည)

သုညကို ဘယ်နေရာတွေမှာ တွေ့ရသလဲ။ သုညက နေ့စဉ်ဘဝမှာ ဘယ်လောက်အသုံးဝင်သလဲ။ သုညသာမရှိတော့ရင် နေ့စဉ်ဘဝမှာ ဘယ်လို အခက်အခဲတွေရှိနိုင်မလဲ စတဲ့မေးခွန်းတွေကို အရင်ဆုံးတွေးပြီး ဖြေဆိုကြည့်ပါ။ ဆရာတို့ နေ့စဉ်ဘဝမှာ သုညကို နေရာတော်တော်များများမှာ သုံးကြတယ်။ သုညက အလွန်အသုံးဝင်ပါတယ်။ သုညမရှိရင် ဆရာတို့တွေ အခက်အခဲ အများကြီး ရှိလိမ့်မယ်။ ဘာလို့လဲဆိုတာ သုညရဲ့အသုံးဝင်ပုံတွေကို ဆက်လေ့လာကြည့်ပါ။

အင်္ဂလိပ်စကားလုံးတစ်လုံးရေးတဲ့အခါ A ကနေ Z အထိရှိတဲ့ အက္ခရာ ၂၆ လုံးကို သုံးရတယ်။ ဒီလိုပဲ ကိန်းဂဏန်းတစ်ခုကို ရေးမယ်ဆိုရင် Arabic numerals အာရဗီဂဏန်း(သင်္ချာ)ကိန်းဂဏန်းတွေဖြစ်တဲ့ 0, 1, 2, 3, 4, 5, 6, 7, 8, 9 ကို သုံးရတယ်။ အာရဗီဂဏန်းတွေရဲ့ ပထမဆုံးကိန်းဂဏန်းက 0 (Zero) ဖြစ်ပါတယ်။ Zero ရဲ့အဓိပ္ပာယ်က ဘာမှမရှိဘူးဆိုတဲ့သဘောပါ။ ဒါပေမယ့် ကိန်းဂဏန်းတွေ ရေတွက်၊ တွက်ချက်တဲ့အခါမှာ သုညက တန်ဖိုးရှိပါတယ်။

သင်္ချာကိန်းဂဏန်း 0 ရှိတဲ့အတွက်ကြောင့်မို့ တစ်ဆယ်ကိုရေးတဲ့အခါမှာ အထူးတလည် စဉ်းစားစရာမလိုတော့ဘူး။ တစ်ဆယ်ဆိုရင် 10 ဆိုပြီး ရေးလိုက်ရုံပဲ။ တစ်ရာဆိုရင် 100 ဆိုပြီး နောက်ထပ် 0 တစ်လုံးထပ်ထည့်ရေးလိုက်ရုံပဲ။ တစ်ထောင်ဆိုရင် 1000 နောက်ထပ် 0 တစ်လုံးထပ်တိုးရေးလိုက်ရုံပဲ။ ဒါကြောင့် အလွန်လွယ်ကူတယ်။ 0 ကလည်း အသုံးဝင်တယ်။ ဒီနေရာမှာ 0 က ကိန်းဂဏန်းတစ်ခုရဲ့ ဆယ်ဆဖြစ်ပါတယ်။ 10 ဆိုတာ ဂဏန်း 1 ရဲ့ ဆယ်ဆ၊ 20 ဆိုတာ 2 ရဲ့ ဆယ်ဆ၊ 100 ဆိုတာ 10 ရဲ့ ဆယ်ဆဖြစ်ပြီးတော့ 1000 ဆိုတာ 100 ရဲ့ ဆယ်ဆဖြစ်ပါတယ်။ ကဲဒါဆို 0 ရဲ့အသုံးဝင်ပုံကို သိလောက်ပါပြီ။

ဒီတစ်ကြိမ်မှာတော့ ရောမဂဏန်း Roman numerals တွေကို လေ့လာကြည့်မယ်။ ရောမကိန်းဂဏန်းတွေမှာ 1, 5, 10, 50, 100, 500, 1000 တို့ကို ရေးမယ်ဆိုရင် I, V, X, L, C, D, M ဆိုပြီးရေးရပါတယ်။ Zero (သုည) ကို လုံးဝမသုံးပါဘူး။ ဒါကြောင့် 10 ဆိုရင် X လို့ရေးရတယ်။ 20 ဆိုရင် XX၊ 30 ဆိုရင် XXX၊ 40 ဆိုရင် XXXX or XL (၅၀ ထက် ၁၀ လျော့နည်းတဲ့သင်္ကေတ) ကို သုံးပြီးရေးရပါတယ်။ သင်္ချာကိန်းဂဏန်းမှာဆိုရင် 100 + 27 = 127 ဆိုပြီး ရေးရတယ်။ ရောမကိန်းဂဏန်းမှာဆိုရင် C+ XXVII = CXXVII ဆိုပြီးဖြစ်သွားတယ်။ ကိန်းဂဏန်းကြီးလေလေ ရေးရတာ ခက်ခဲလေလေပဲ တပည့်တို့ရေ။ ဒါကြောင့် Zero (သုည)ဟာ ဘယ်လောက်အရေးကြီးသလဲဆိုတာ တွေ့မြင်ပြီပေါ့နော်။

သုညရဲ့ နောက်ထပ်အသုံးဝင်မှုကတော့ ကိန်းယောင်မဟုတ်တဲ့ ကိန်းစစ်စနစ်မှာဆိုရင် သုညဟာ အပေါင်းလည်းမဟုတ်ဘူး။ အနုတ်လည်း မဟုတ်ဘူး။ အပေါင်းနဲ့အနုတ်ကြားက နယ်နိမိတ်တစ်ခုပါပဲ။ ဥပမာအနေနဲ့ အပူချိန်တိုင်းကိရိယာမှာဆိုရင် ရေခဲမှတ် 0˚ C ရဲ့အထက်ဆိုရင် အပေါင်း၊ အောက်ဆိုရင် အနုတ်ဆိုပြီး သတ်မှတ်တယ်။ သုညက ကြားခံနယ်တစ်ခုအဖြစ် အဓိပ္ပာယ်ရတယ်။

နောက်ထပ်အသုံးဝင်မှုကတော့ သုညကို အားကစားပြိုင်ပွဲတွေမှာ အမှတ်ရေတွက်တဲ့အခါမှာလည်း အသုံးပြုပါတယ်။ ဥပမာ ကြက်တောင်ပြိုင်ပွဲအစမှာ ဒိုင်လူကြီးက Zero-zero (သုည-သုည) ဆိုပြီး ပြောရပါတယ်။ အဓိပ္ပာယ်ကတော့ ဘယ်ကစားသမားကမျှ အမှတ်မရသေးဘူးလို့ ဆိုလိုတာပါ။ တင်းနစ်ကစားနည်းမှာဆိုရင် zero အစား love ကို သုံးပါတယ်။ love က အင်္ဂလိပ်စကားလုံး love မဟုတ်ပါဘူး။ ပြင်သစ်ဘာသာစကားမှာ love က egg ဆိုတဲ့အဓိပ္ပာယ်ပါ။ ဒါကြောင့် egg ဆိုတာလည်း သုည သဘောပဲဖြစ်ပါတယ်။

သုညကို ဘယ်သူက ဘယ်နေရာမှာ ဘယ်အချိန်တုန်းက စတင်တွေ့ရှိခဲ့တာလဲဆိုတာ ဘယ်သူမှမသိပါဘူး။ ဒါပေမယ့် အိန္ဒိယနိုင်ငံက ဟိန္ဒူသင်္ချာပညာရှင်တွေက ခြောက်ရာစုနှစ်အတွင်းမှာ သုညကို ရှာတွေ့ခဲ့တာလို့ အားလုံးက လက်ခံထားခဲ့တယ်။ ဟိန္ဒူဘာသာမှာ သုညကို sunya လို့ခေါ်တယ်။ ဘာမျှမရှိတဲ့အဓိပ္ပာယ်ပါ။ အာရေဗီဘာသာစကားက သုညကို ဟိန္ဒူတွေဆီကနေ ငှားသုံးတာလို့ အားလုံးက ယုံကြည်ထားကြတယ်။ သုညကို Sifr (ဆစ်ဖ်)လို့ခေါ်တယ်။ ဒီစကားလုံး ဆစ်ဖ်ကနေပြီးတော့ cipher နဲ့ zero ဆိုပြီး ဖြစ်လာခဲ့ပါတယ်။

### Comprehension exercises

**I. Complete each sentence below with a word or phrase from the reading passage.**

1. He has a p_____ attitude to his work.
2. If you don't stop borrowing money, you will get into t_____.
3. The fence marks the b_____ between my land and hers. (fence ခြံစည်းရိုး)
4. There are 26 letters in the English a_____.
5. Crying is a s_____ of depression. (depression စိတ်ဓာတ်ကျဆင်းမှု)

*Ans: 1. positive; 2. trouble; 3. boundary; 4. alphabet; 5. sign;*

**II. Supply the correct form of the word given in brackets.**

1. (different) The twin brothers are ________ in their manners.
2. (different) Do you notice the ________ between the twins?
3. (measure) This room ________ 10 metres across.
4. (measure) Accurate ________ is very important in science.
5. (represent) Phonetic symbols ________sounds.

*Ans: 1. different; 2. difference; 3. measures;*
*4. measurement; 5. represent;*

**III.Supply the correct form of the verb given in brackets.**

1. (represent) Our school was well ________ at the meeting.
2. (discover) Columbus ________ America.
3. (mean) What does the sentence ________?
4. (borrow) I ________50000 K from Ko Moe this morning.
5. (become) They ________ close friends finally.

*Ans: 1. represented; 2. discovered; 3. mean; 4. borrowed; 5. became;*

**IV.Answer the questions.**

1. What do we use to write an English word?
2. What do we use to write a number?
3. What does the word "zero" mean?
4. What is essential when we count and calculate something?
5. What does the word "egg" mean in French?
6. How do we write for the number 1, 5, 10, 50, 100, 500, and 1000 in Roman numerals?
7. What is the same as "0" in tennis?
8. What does "zero–zero" mean in badminton?

*Ans:*
1. *We use the 26 letters (A to Z) of the English alphabet as required to write an English word.*
2. *We use the Arabic numerals: 0, 1, 2, 3, 4, 5, 6, 7, 8 and 9 as required.*
3. *The word "zero" means nothing and in a sense, it means 10 times of a number.*
4. *Zero is essential when we count and calculate something.*
5. *The word "egg" means "zero" in French.*
6. *We write I, V, X, L, C, D, and M for the number 1, 5, 10, 50, 100, 500, and 1000 in Roman numerals.*
7. *"love" is the same as "0" in tennis.*
8. *In badminton, "zero–zero" means that neither of the players has scored a point.*

**(လာမည့်အပတ်တွင် Unit 4 : PAINTING သင်ခန်းစာပါ အကြောင်းအရာများကို ဖော်ပြသွားပါမည်)**

## Grade 11 (စနစ်ဟောင်း)

ဒီအပတ်မှာ Unit 2 : Too Much Knowledge Maketh Fools အကြောင်းကို ဆက်လက်ဖော်ပြသွားပါမည်။

### Unit 2 : Too Much Knowledge Maketh Fools

**(ယခင်အပတ်မှ အဆက်)**

ထမင်းချက်တာဝန်ယူရတဲ့ သဘင်ပညာရှင် သူငယ်ချင်းရှိတဲ့ဆီကို ရောက်တဲ့အခါမှာ သူတို့နှစ်ဦး အလွန်အံ့သြသွားခဲ့တယ်။ ထမင်းလုံးတွေ ပြန့်ကျဲနေတဲ့ ထမင်းအိုးကွဲဘေးနားမှာ မှိုင်တွေပြီးတော့ ထိုင်နေတဲ့ သူတို့ သူငယ်ချင်းကို တွေ့လိုက်တဲ့အခါမှာတော့ သူတို့နှစ်ဦး ထိတ်လန့်သွားခဲ့တယ်။ သဘင်ပညာရှင် သူငယ်ချင်းက မင်းတို့ထွက်သွားပြီးမကြာမီမှာပဲ ငါမီးမွှေးတယ်။ ဆန်ဆေးတယ်။ ထမင်းအိုးတည်တယ်။ ခဏလောက်နေတော့ ထမင်းအိုးက ဆူစပြုလာတယ်။ တဖြည်းဖြည်းနဲ့ ပွက်လာတယ်။ ငါလည်း ကြည့်နေရင်းနဲ့ ထမင်းအိုးပွက်တဲ့အသံကို ဗုံတစ်လုံးကလာတဲ့ စည်းချက်ညီတဲ့ သီချင်းသံအထင်နဲ့ လိုက်ပြီးတော့ ကခဲ့တယ်။ ငါ့ရဲ့ ညာဘက်ခြေဖနောင့်နဲ့ ထမင်းအိုးကိုထိမိပြီး ထမင်းအိုးကွဲသွားခဲ့တယ်။ နောက်ဆုံးတော့ မင်းတို့ မြင်တဲ့အတိုင်းပါပဲကွာဆိုပြီး သဘင်ပညာရှင်သူငယ်ချင်းက သူ့ရဲ့အဖြစ်အပျက်တွေကို ပြန်ပြောခဲ့တယ်။

- They found their friend looking as disconsolate as ever, moping beside a broken pot with the rice strewn all over the fire–place.
- The cook built the fire, rinsed the rice, put it in the pot, added the required amount of water, and placed the pot on the fire.
- After some time, the pot began to simmer, and then it started to boil.
- The cook could not help but hear the bubbling noise of the boiling rice.
- To his ears, it sounded so much like the rhythmic beats of music coming from a drum that he started dancing to it.
- One backward kick of his right heel caught the pot.

ဒီအချိန်မှာတော့ လက်ဗလာချည်းပဲ ပြန်လာခဲ့တဲ့ သူငယ်ချင်း နှစ်ယောက်က သူတို့ရဲ့ တာဝန်တွေ မအောင်မြင်ခဲ့ရတဲ့အကြောင်းကို ဝန်ခံဖို့အတွက် လွယ်ကူသွားပြီဆိုတာ သိရှိခဲ့တယ်။ ရုတ်တရက်ဆိုသလိုပဲ ဟင်းသီးဟင်းရွက်သွားခူးနေတဲ့ သူတို့ရဲ့ သူငယ်ချင်း ဗေဒင်ဆရာကို သတိရသွားတယ်။ သူငယ်ချင်းကို ရှာဖို့ တောအုပ်ထဲဝင်သွားခဲ့ကြတယ်။ တောထဲက တစ်နေရာမှာတော့ ဥသျှစ်ပင်ထိပ်မှာ ခွလျက်သားထိုင်နေတဲ့ သူတို့ရဲ့သူငယ်ချင်း ဗေဒင်ဆရာကို တွေ့သွားခဲ့တယ်။

- The two friends, who had come back empty–handed, now found it quite easy to admit to the cook that they had failed to accomplish what they had set out to do.
- Suddenly, they remembered their astrologer friend, who was to get some vegetables.
- They went off to look for the astrologer in the forest.
- They found him atop a tall bael tree in the forest, sitting tight.

သူတို့ ဘာမှမပြောခင်မှာဘဲ ဗေဒင်ဆရာက သူတို့ကို လှမ်းခေါ်လိုက်တယ်။ သူငယ်ချင်းတို့ . . . ဒီမှာ ထမင်းနဲ့အတူ စားလို့ကောင်းတဲ့ ဥသျှစ်ရွက်နုနုလေးတွေ ငါခူးထားတယ်ကွ။ ဒီမှာကြည့်ကြစမ်းဆိုပြီး သူခူးထားတဲ့ ဥသျှစ်ရွက်တွေကို ကိုင်ပြီးမြှောက်ပြလိုက်တယ်။ အဲဒီအချိန်မှာ သူငယ်ချင်းသုံးယောက်စလုံးက မင်းဘာလို့ အဲဒီမှာ ထိုင်နေတာလဲ ဆိုပြီး မေးလိုက်တော့ ဗေဒင်ဆရာက ငါသစ်ပင်တက်တုန်းက နက္ခတ်တာရာတွေက နေရာမှန်မှာရှိနေတယ်(အတက်နက္ခတ်လွှမ်းမိုးမှုအောက်ရောက်နေတယ်) အခုဆင်းမယ့်အချိန်မှာတော့ သူတို့က နေရာမှန်မှာ မရှိဘူး။ ဒါကြောင့် အဆင်းနက္ခတ်ရဲ့ လွှမ်းမိုးမှုအောက်ရောက်မယ့်အချိန်ကို ငါစောင့်နေတာကွလို့ ပြန်ပြောလိုက်တယ်။

- The astrologer called out to them before they could say anything.
- He had all the tender bael leaves that should go well with their meal.
- He held up the leaves he had plucked to them.
- The climbing up was easy because at that moment I was under the influence of an ascending constellation.
- He was waiting for the moment when he would be under the influence of a descending constellation.

အဲဒီအချိန်မှာ သူတို့ရဲ့အလုပ်တွေ မအောင်မြင်ခဲ့လို့ စိတ်ကလည်းညစ် ဗိုက်ကလည်းဆာနေတဲ့ သူငယ်ချင်းသုံးယောက်ဟာ မင်းရဲ့နက္ခတ်တာရာတွေ သွားစမ်းပါကွာ။ မင်း အခုချက်ချင်းဆင်းခဲ့တော့ဆိုပြီး သံပြိုင်ပြောလိုက်တယ်။ အဲဒီအချိန်မှာ သနားစရာကောင်းတဲ့ ဗေဒင်ဆရာဟာ လိပ်ပြာထွက်မတတ်ကြောက်လန့်သွားခဲ့တယ်။ တုန်တုန်ယင်ယင်နဲ့ သစ်ပင်အောက်ကို ဆင်းလာခဲ့တယ်။ ဒါပေမယ့် သူက ကြောက်လွန်းပြီး တုန်ယင်နေတာကြောင့် တစ်ဝက်ချော်ကျပြီး တစ်ဝက်ပြုတ်ကျခဲ့တယ်။ မြေပြင်ပေါ်မှာ ပုံလျက်သားလေးပေါ့။ သူ့သူငယ်ချင်းတွေက သူ့ကို ထူပေးလိုက်တယ်။ အခုအချိန်မှာ သူ့မှာရှိတာဆိုလို့ ထိခိုက်ပွန်းပဲ့ဒဏ်ရာတွေပဲ ရှိတော့တယ်။ သူလည်း သူ့အလုပ်ကို ကျရှုံးသွားခဲ့ပြီ။

- The poor astrologer was frightened out of his wits.
- He started to climb down_ slowly, shakily.
- He was trembling so much that he half–slipped and half–fell.
- He lay in a stunned heap on the ground.
- All he had were bruises and cuts.

အခုအချိန်မှာ စားစရာဆိုလို့ ဘာထမင်း၊ ဟင်းမှလည်း မရှိတော့ဘူး။ အဲဒီအချိန်ရောက်မှ သူတို့အလုပ်တွေ ဘာကြောင့် ဘယ်လိုကျရှုံးသွားခဲ့သလဲဆိုတာကို နားလည်သွားတော့တယ်။ **တည်နေရာတစ်ခုရဲ့ အခြေအနေနဲ့ အချိန်အခါကို လိုက်လျောညီထွေစွာ မပြုမူတတ်ဘူးဆိုရင် ထမင်းငတ် (ဒုက္ခရောက်) လိမ့်မယ်ကွ**ဆိုတဲ့ ခွဲခွာလက်ဆောင်အဖြစ် သူတို့ ဆရာကြီး ပေးလိုက်တဲ့ ဩဝါဒစကားကို သူတို့ နားလည်သဘောပေါက်သွားခဲ့ကြတယ်။

- There was no meal in sight.
- Each began to realize how and why he had failed in carrying out his lot.
- The wisdom of the parting advice given to them by their great teacher dawned upon them.

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ အချပ်ပိုစာမျက်နှာများတွင် ဖော်ပြထားသည့် ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် အချပ်ပိုစာမျက်နှာများကို ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

## အင်္ဂလိပ်စာဖတ်စွမ်းရည်မြှင့်တင်ရေးကဏ္ဍ

အင်္ဂလိပ်စာလေ့လာသူများ စာဖတ်စွမ်းရည် တိုးတက်စေရန် ရည်ရွယ်ပြီး စာဖတ်စွမ်းရည်မြှင့်တင်ရေးကဏ္ဍကို ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။ စာဖတ်ခြင်းဖြင့် ဗဟုသုတလည်း ရရှိနိုင်သလို အင်္ဂလိပ်စာဝေါဟာရများ၊ သဒ္ဒါအသုံးအနှုန်းများ၊ စာရေးနည်းပုံစံများကို လေ့လာနိုင်မည်ဖြစ်ပါသည်။ စာဖတ်အားနည်းသူများပါ လေ့လာသိရှိနိုင်ရန် အင်္ဂလိပ်-မြန်မာ ဘာသာနှစ်မျိုးဖြင့် ဖော်ပြထားပါသည်။ စာပိုဒ်များကို ရွေးချယ်ရာတွင်လည်း စာဖတ်သူများ စိတ်ဝင်စားဖွယ်ရှိသော အကြောင်းအရာများကို ဦးစားပေး ရွေးချယ်ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသည်။

ယခုအချပ်ပိုစာမျက်နှာတွင် စာဖတ်စွမ်းရည်မြှင့်တင်ရေးကဏ္ဍအတွက် **Natural disasters** အကြောင်းကို ဖော်ပြထားပါသည်။ စာပိုဒ်ဖတ်ပြီးပါက နားလည်နိုင်စွမ်းမည်မျှရှိသလဲဆိုသည်ကို သိရှိနိုင်ရန် လေ့ကျင့်ခန်းများကို ဖြေဆိုနိုင်ပါသည်။

### Natural disasters

A disaster is something that usually causes major problems. It would be a disaster if a bridge suddenly fell because it was not built properly. Disasters are negative but can be manmade. However, when speaking about natural disasters you can combine the two terms and define them as catastrophes that occur in nature or by natural processes. They are not manmade. A natural disaster takes place in populated areas of the world when lives may be lost, the property is severely damaged, and the economy is negatively affected. Natural disasters may include an asteroid collision with Earth, avalanche, landslide, blizzard, thunderstorm, earthquake, flood, gamma-ray burst (from space), volcano, heat wave, hurricane, drought, tornado, tsunami, hail, and wildfire.

It is not a natural disaster if it occurs in an unpopulated area and there is no loss of life or property damage. For example, if a tsunami took place on an uninhabited island, it would not be a disaster. Disasters cause a loss. There are many things that can happen during a natural disaster. Sometimes, more than one disaster occurs at the same time. Landslides may occur during severe flooding and thunderstorms. The most common types of natural disasters in the world are floods and storms.

Natural disasters occur throughout the world, and often people know when they are coming and can prepare for them and be safe. Other disasters may occur without warning. Most people die during a natural disaster when there is no time to prepare for it. Though natural disasters cause many problems, injuries, and sometimes death, they are not to be feared, but being aware of them and properly preparing for them is extremely important.



### သဘာဝဘေးအန္တရာယ်များ

ဘေးအန္တရာယ်ဆိုသည်မှာ လူသားများအတွက် အဓိကပြဿနာများကို ဖြစ်စေတတ်သည့် အရာတစ်ခုပင်ဖြစ်သည်။ တံတားတစ်စင်းကို ကောင်းမွန်စွာ တည်ဆောက်ထားခြင်းမရှိသည့်အတွက် ရုတ်တရက် ကျိုးကျခြင်းသည်လည်း ဘေးအန္တရာယ်တစ်ခုပင်ဖြစ်သည်။ ဘေးအန္တရာယ်များသည် လူသားတို့အတွက် ဆိုးကျိုးများစွာပေးသော်လည်း ယင်းဘေးအန္တရာယ်များသည် လူသားတို့ကြောင့်လည်း ဖြစ်ပွားနိုင်သည်။ သဘာဝဘေးအန္တရာယ်များကို သဘာဝဖြစ်စဉ်များ (သို့မဟုတ်) သဘာဝဖြစ်စဉ်များကြောင့်ဖြစ်သော ဘေးအန္တရာယ်များအဖြစ် နှစ်မျိုး သတ်မှတ်နိုင်သည်။ ယင်းကဲ့သို့သော ဘေးအန္တရာယ်များသည် လူသားတို့ပြုလုပ်ခြင်းကြောင့် ဖြစ်ပွားခြင်းမဟုတ်ပေ။ သဘာဝဘေးအန္တရာယ်တစ်ခုသည် လူနေမှုသိပ်သည်းသည့် နေရာဒေသများတွင် ဖြစ်ပွားသည့်အခါတွင် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးပြီး ပိုင်ဆိုင်မှုများလည်း ပျက်စီးရသည့်အပြင် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထိခိုက်စေသည်။

သဘာဝဘေးအန္တရာယ်များမှာ ကမ္ဘာနှင့် ဂြိုဟ်သိမ်ဂြိုဟ်မွှားတိုက်မိခြင်း၊ နှင်းခဲထုပြိုကျဆင်းခြင်း၊ မြေပြိုခြင်း၊ နှင်းမုန်တိုင်း၊ မိုးသက်မုန်တိုင်း၊ ငလျင်၊ ရေကြီးရေလျှံခြင်း၊ ရေဒီယိုသတ္တိကြွပစ္စည်းများမှ ထုတ်လွှတ်သော ဓာတ်ရောင်ခြည်ကျဆင်းမှု၊ မီးတောင်ပေါက်ကွဲခြင်း၊ အပူလှိုင်းကျရောက်ခြင်း၊ ဟာရီကိန်းမုန်တိုင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ လေဆင်နှာမောင်း၊ ဆူနာမီရေလှိုင်းဖြစ်ပေါ်ခြင်း၊ မိုးသီးကြွေကျခြင်းနှင့် တောမီးလောင်ကျွမ်းခြင်းတို့ဖြစ်သည်။

သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပွားသော်လည်း အသက်ဆုံးရှုံးမှုမရှိ သို့မဟုတ် ပစ္စည်းဥစ္စာဆုံးရှုံးပျက်စီးမှုမရှိပါက ၎င်းကို ဘေးအန္တရာယ်ဟု ခေါ်ဆို၍မရနိုင်ပေ။ ဥပမာ ဆူနာမီရေလှိုင်းကြီးများသည် လူနေထိုင်ခြင်းမရှိသည့် ကျွန်းတစ်ကျွန်းပေါ်တွင်ဖြစ်ပွားပါက ၎င်းကို ဘေးအန္တရာယ်ဟု မခေါ်ဆိုနိုင်ပေ။ ပျက်စီးဆုံးရှုံးမှုများကိုဖြစ်ပေါ်မှသာ ဘေးအန္တရာယ်ဟု ခေါ်ဆိုနိုင်သည်။ သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပွားနေစဉ် ဖြစ်ပျက်နိုင်သည့်အကြောင်းအရာများစွာရှိသည်။ တစ်ခါတစ်ရံ တစ်ပြိုင်နက်တည်းမှာပင် ဘေးအန္တရာယ်တစ်ခုထက်မက ပိုမိုဖြစ်ပွားနိုင်သည်။ ရေကြီးရေလျှံပြီး မိုးသက်မုန်တိုင်းများ ကျရောက်နေစဉ် မြေပြိုမှုများလည်း ဖြစ်ပွားနိုင်သည်။ ကမ္ဘာ့နိုင်ငံများ၌ ရေကြီးမှုနှင့် မုန်တိုင်းတိုက်ခတ်မှုများသည် အဖြစ်များသော သဘာဝဘေးအန္တရာယ်များဖြစ်သည်။

သဘာဝဘေးအန္တရာယ်များသည် ကမ္ဘာတစ်ဝန်း၌ ဖြစ်ပွားလျက်ရှိသည်။ ဘေးအန္တရာယ်များ ကျရောက်တော့မည်ကို လူသားတို့သည် ရံဖန်ရံခါ သိရှိနိုင်ပြီး ကြိုတင်ပြင်ဆင်မှုများကိုလည်း ပြုလုပ်ထားနိုင်သည်။ သို့သော် အချို့သော ဘေးအန္တရာယ်များကိုတော့ ကြိုတင်သိရှိနိုင်ခြင်းမရှိပေ။ ကြိုတင်ပြင်ဆင်ခြင်းမရှိဘဲ ဘေးအန္တရာယ်တစ်ခု ကျရောက်လာပါက လူအများအပြား သေဆုံးကြရသည်။ သဘာဝဘေးအန္တရာယ်များကြောင့် အခက်အခဲများ၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ တစ်ခါတစ်ရံ သေဆုံးမှုများ ဖြစ်ပွားသော်လည်းပဲ ၎င်းတို့ကို ကြောက်ရွံ့ရန် မလိုအပ်ပေ။ ဘေးအန္တရာယ်မကျရောက်မီ သတိပေးချက်ထုတ်ပြန်ထားသည့်အတိုင်း ကြိုတင်ပြင်ဆင်ထားခြင်းသည် အလွန်အရေးကြီးလှသည်။

**1. All the following statements are true EXCEPT:**

A: Disasters can include those made by man.

B: It is not a natural disaster if there is no loss of life.

C: A tsunami taking place on a deserted island is a natural disaster.

D: An asteroid collision with Earth would be a natural disaster.

**2. A catastrophe that occurs in nature or by natural processes and causes loss of life is:**

A: A manmade disaster

B: A global disaster

C: A natural disaster

D: An unnatural disaster

**3. All the following may be natural disasters EXCEPT:**

A: Oil spill

B: Landslide

C: Avalanche

D: Volcano

**4. Which of the following natural disasters are most likely to occur simultaneously?**

A: Heatwave and droughts

B: Thunderstorms and volcanos

C: Earthquakes and blizzards

D: Wildfires and floods

**5. Which of the following may occur during severe flooding and thunderstorms?**

A: Earthquakes

B: Landslides

C: Solar flares

D: Wildfires

Ans: 1. C 2. C 3. A 4. A 5. B

## အင်္ဂလိပ်စာစွမ်းရည်တိုးတက်ရေးကဏ္ဍ

အရင်အပတ်က Prepositions of place (နေရာပြဝိဘတ်) in, at အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ on နဲ့ အခြားသော နေရာပြဝိဘတ်များကို ဖော်ပြသွားမှာဖြစ်ပါတယ်။ Prepositions of place နေရာပြဝိဘတ်တွေရဲ့ အသုံးတွေကို နားလည်ထားမှသာ တည်နေရာပြဝါကျတွေကို လွယ်ကူစွာရေးသားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် နေရာပြဝိဘတ်များကို သေချာလေ့လာပါ။

**(ယခင်အပတ်မှအဆက်)**

**Prepositions of place (နေရာပြဝိဘတ်)**

**on အပေါ်မှာ (မျက်နှာပြင်ထိ)**

| | | |
|---|---|---|
| on a shelf | = | စာအုပ်စင်ပေါ်တွင် |
| on a plate | = | ပန်းကန်ပြားပေါ်တွင် |
| on a balcony | = | လသာဆောင်ပေါ်တွင် |
| on the floor | = | ကြမ်းပြင်ပေါ်မှာ |
| on a wall | = | နံရံပေါ်မှာ |
| on the ceiling | = | မျက်နှာကြက်ပေါ်မှာ |
| on a door | = | တံခါးပေါ်မှာ |
| on the grass | = | မြက်ခင်းပေါ်မှာ |
| on the tree | = | သစ်ပင်ပေါ်မှာ |
| on the envelope | = | စာအိတ်ပေါ်မှာ |
| on a horse | = | မြင်းပေါ်မှာ |
| on a bicycle | = | စက်ဘီးပေါ်မှာ |
| on a motorcycle | = | မော်တော်ဆိုင်ကယ်ပေါ်မှာ |
| on a bus | = | ဘတ်စ်ကားပေါ်မှာ |
| on a train | = | မီးရထားပေါ်မှာ |
| on a plane | = | လေယာဉ်ပျံပေါ်မှာ |
| on a boat | = | သင်္ဘောပေါ်မှာ |
| on the first floor | = | ပထမထပ်မှာ |
| on a street | = | လမ်းပေါ်မှာ |
| on the way (to…) | = | လမ်းခုလပ်မှာ |
| on the way home | = | အိမ်ပြန်လမ်းမှာ |
| on the left | = | ဘယ်ဘက်မှာ |
| on the right | = | ညာဘက်မှာ |

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

**Write in / at/ on.**

1. There are four cushions ___ the sofa.
2. Don't sit ___ the table. Sit ___ the chair.
3. Unfortunately, Ko Kyaw is ___ hospital.
4. There was a spider ___ the ceiling.
5. When I called Phyu Phyu, she was ___ the bus.
6. I stayed ___ home all weekend.
7. There is nothing ___ TV tonight.
8. Mother is ___ the garden.
9. She hung a picture ___ the wall.
10. I will meet you ___ the cinema.

**အသုံးများသော နေရာပြဝိဘတ်များကိုအသုံးပြုပြီး နမူနာဝါကျများ ဖော်ပြပါမည်။**

**in အထဲမှာ**

e.g. I watch the TV <u>in</u> the living room.

e.g. She looks at herself <u>in</u> the mirror.

e.g. He is <u>in</u> the car.

e.g. Look at her <u>in</u> the picture.

**at …နေရာမှာ (တိကျမှုရှိ)**

e.g. I met her <u>at</u> the entrance of the building.

e.g. She sat <u>at</u> the table.

e.g. I saw them <u>at</u> the party.

**on အပေါ်မှာ (မျက်နှာပြင်ထိ)**

e.g. Look at the picture <u>on</u> the wall.

e.g. The book is <u>on</u> the desk.

e.g. My apartment is <u>on</u> the second floor.

**above အထက်မှာ (မျက်နှာပြင် မထိ)**

e.g. Our friends in the apartment <u>above</u> us are really noisy.

e.g. There is a path <u>above</u> the lake.

e.g. The picture hangs <u>above</u> my bed.

**after တစ်ခုပြီးနောက်တစ်ခု (ရှေ့နောက်ထက်ကြပ်မကွာ)**

e.g. The cat ran <u>after</u> the dog.

e.g. <u>After</u> you.

**across တစ်ဖက်ခြမ်းမှ အခြားတစ်ဖက်သို့ ဖြတ်လျက်**

e.g. You mustn't go <u>across</u> this road.

e.g. There isn't a bridge <u>across</u> the river.

**against မှီလျက်၊ ဆန့်ကျင်လျက်**

e.g. He is standing up <u>against</u> the wall.

**along တစ်လျှောက်**

e.g. They are walking <u>along</u> the beach.

**among အများကြားမှာ (အုပ်စုအတွင်းမှာ)**

e.g. Shwe Hmon Yati is <u>among</u> the audience. (ပရိသတ်).

**around ဝိုင်းပတ်လျက်**

e.g. We are sitting <u>around</u> the campfire.

**behind အနောက်မှာ**

e.g. Our house is <u>behind</u> the supermarket.

(ဆက်လက်ဖော်ပြပါမည်)